

# Okuribito (Departures)

**Momose Shinobu**

# ပို့ဆောင်ပေးသူရယ်

မြန်မာပြန်

**ရဲမြလွင်**

**MMCP PDF Creater Group**
မှတင်ဆက်သည်။

စာစီစာရိုက်သူ – ဦးအဗျား (abya)

**PDF by suuchit**

မြန်မာအီးဘုတ်ခ်အဖြစ်
ပထမအကြိမ်
၀၇ ဒီဇင်ဘာ ၂၀၁၂

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၆၆၀၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၃၀၀၄၁၀

ပုံနှိပ်ခြင်း ၂၀၁၀၊ မေလ

အုပ်ရေ ၅၀၀

တန်ဖိုး ၂၃၀၀

အတွင်းဖလင် ကိုဦးနှင့်ညီများ ၀၉-၅၀၇၀၆၆၃

ထုတ်ဝေသူ ဦးဥက္ကာအေး (ယာယီ-၁၁၄၀) အလင်္ကာဝတ်ရည်

မျက်နှာဖုံးအတွင်းပုံနှိပ် အလင်္ကာဝတ်ရည်ပုံနှိပ်တိုက် ၁၂၉၊
မြဝတ်ရည်လမ်း၊ ၂၉ရပ်ကွက် သုဝဏ္ဏ၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ကိုသန်းဌေး

ဖြန့်ချိရေး အလင်္ကာဝတ်ရည်စာပေ၊ ဖုန်း ၃၉၂၅၇၀။
ထွန်းဦးစာပေ မန္တလေး

ဖုန်း ၀၂-၃၉၈၉၁၊ ၇၃၅၀၂

နဂါးစာပေ ဖုန်း ၀၂-၃၉၈၆၉

ကွန်ပြူတာစာစီ လူလူအောင်(MMAL)

မျက်နှာဖုံးဒီဇိုင်း မမွေး

စီစဉ်သူ ဝင်းဝေနောင်

## ဘာသာပြန်သူ၏ အမှာစာ

ဤဝတ္ထုအား ၂၀၀၉ခုနှစ် ဇွန်လ ၂၉ရက်နေ့တွင် ဘာသာပြန်၍ ပြီးစီးပါသည်။ ထိုနေ့သည် ကျွန်တော်၏ အသက်(၆၀)နှစ်မြောက် မွေးနေ့လည်း ဖြစ်ပါသည်။ မွေးနေ့ရောက်သည်နှင့် ကျွန်တော်သည် ဘုတလင် သင်္ချိုင်းတွင် ဆရာကြီး သိန်းဖေမြင့်၏ အုတ်ဂူ၌ ရေးထားသောစာတစ်ကြောင်းကို ပြန်လည်အမှတ်ရမိလာပါတော့သည်။

"ကျွန်တော် အသက်(၅၀)ပြည့်ခဲ့ပြီ။ သေမည်ဆိုလျှင်လည်း သေပျော်သည်။ နေမည်ဆိုလျှင်လည်း နေပျော်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် ဘဝတွင် ကျေကျေနပ်နပ်ကြီး နေခဲ့သောကြောင့်ပင်" ဟူသည့် စာကြောင်းလေး ဖြစ်ပါသည်။ ဆရာကြီး၏စာကြောင်းကိုတော့ ကျွန်တော် သိပ်သဘောမကျလှပါ။ ဆရာကြီးသိန်းဖေမြင့်က သူ့တစ်သက်တာတွင် သူလုပ်ချင်ရာတွေ လုပ်သွားနိုင်ခဲ့ပြီး စာကောင်းပေကောင်းတွေ အများကြီး ချန်ထားနိုင်ခဲ့သည်။ ကျွန်တော်ကတော့ ဖြစ်နိုင်လျှင် ကြာနိုင်သမျှ ကြာအောင် အသက်ရှင်နေချင်သေးသည်။ စာတွေအများကြီး ဆက်ရေးချင်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော် အသက်(၆၀)ပြည့်ကာနီး တစ်လလောက် အလိုတွင် ကျွန်တော့်လက်ထဲသို့ သေခြင်းတရားကို အဓိပ္ပာယ်ဖော်ဆောင်ထားသော ဂျပန်ဝတ္ထုစာအုပ်ကလေး တစ်အုပ်ရောက်လာခဲ့သည်။ စာရေးဆရာ မိုမိုဆဲရှိနိုးဘု ရေးထားသော ဂျပန်လို (အိုခုရိဘီတို) အင်္ဂလိပ်လို (Departures) ဟု အမည်

ပေးထားသည့် စာအုပ်ကလေးဖြစ်သည်။ ကျွန်တော်က (ပို့ဆောင်ပေးသူရယ်) ဟု ခေါင်းစဉ်တပ်ပြီး ကျွန်တော့် မွေးနေ့အမီ ဘာသာပြန်မည်ဟု ဆုံးဖြတ်ကာ ဘာသာပြန်ခဲ့ခြင်း ဖြစ်သည်။ ထိုဝတ္ထုအား ရုပ်ရှင်ရိုက်ထားပြီး ထိုရုပ်ရှင်မှာ လည်း အော်စကာဆုကြီးကိုပင် ဆွတ်ခူးနိုင်ခဲ့ ပါသည်။

ဇာတ်လမ်းအကျဉ်းမှာ ဒိုင်ဂိုသည် ကလေးဘဝမှပင် စယ်လို တယောတီးပညာကို လိုက်စားခဲ့ပြီး ကြီးလာသော အခါတွင်လည်း ထိုပညာနှင့်ပင် အသက်မွေးသွားရန် ဆုံးဖြတ် ထားခဲ့ပါသည်။ သို့ပါသော်လည်း သူမျှော်မှန်းသလို ဖြစ်မလာခဲ့ဘဲ သူတို့တီးဝိုင်းကလေးမှာ စောစီးစွာပင် ပျက်သွားခဲ့ရ လေတော့သည်။ သို့နှင့် သူတို့လင်မယားမှာ ဇာတိမြို့ကလေးသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ဇာတိမြို့ ရောက်တော့ အလုပ်အမျိုးမျိုးကို လိုက်ရှာသည်။ တချို့ကျတော့ အသက်လွန်သွား၍၊ တချို့ကျတော့ အတွေ့အကြုံ မရှိသောကြောင့်၊ ကွန်ပြူတာ အောင်လက်မှတ် မရှိသောကြောင့် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ အငြင်းပယ် ခံခဲ့ရလေသည်။ တစ်နေ့တွင် သတင်းစာ တစ်စောင်တွင် NK Agent ခရီးသွား ဝန်ဆောင်လုပ်ငန်း ဟူသော လုပ်ငန်းတစ်ခုက ဝန်ထမ်း ခေါ်စာကို ဖတ်လိုက်ရသည်။ ထိုလုပ်ငန်းက အသက် ကန့်သတ်မထား၊ ကွန်ပြူတာလက်မှတ်လည်း မလိုအပ်သကဲ့သို့ အလုပ်ချိန်လည်း နည်းပြီး လစာကောင်းကောင်း ရမည်ဟု ဆိုထားပြန်သည်။

ဒိုင်ဂိုလည်း မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ထိုအေးဂျင့်သို့ သွားကာ အင်တာဗျူးထိုင်ကြည့်လိုက်သည်။

ဟိုရောက်တော့ သတင်းစာထဲမှာပါသကဲ့သို့ ခရီးသွား ဝန်ဆောင်လုပ်ငန်း မဟုတ်ဘဲ သေဆုံးသူအလောင်းကို အလှပြင်ကာ ခေါင်းထဲသို့ ထည့်ပေးရသောအလုပ် ဖြစ်နေလေသည်။ မန်နေဂျာကြီးက သံသရာ ခရီးသွားများ အတွက် သက်တောင့်သက်သာဖြစ်ရန် အလှပြင် ဝန်ဆောင်ပေးရသော လုပ်ငန်းဟု ရှင်းပြလေသည်။ ပထမဆုံးနေ့တွင် သူလုပ်ရသောအလုပ်မှာ ခေါင်းပြင် လုပ်ငန်းအတွက် လူသေအဖြစ် သရုပ်ဆောင်ကာ ဒီဗီဒီ အရိုက်ခံရခြင်းပင် ဖြစ်လေသည်။ နောက်တော့ ပုတ်ပွနေသော အလောင်းများ၊ မိန်းမလျာနှင့် ကလေးများ၏ အလောင်းများ၊ အဖိုးအို အဖွားအိုတို့၏ အလောင်းများကို ပြင်ဆင်နေခဲ့ရလေသည်။

တစ်နေ့တွင် ဒိုင်ဂိုအလုပ်သွားနေစဉ် သူ့ဇနီး မိကာက သူတစ်ခါကရိုက်ခဲ့သော ဒီဗီဒီကို တွေ့သွားပြီး သူ၏ အလုပ်မှန်ကို သိသွားသဖြင့် အိမ်ပေါ်မှ ဆင်းသွားခဲ့လေသည်။ သူ့သူငယ်ချင်းကလည်း မဆက်ဆံဘဲ ဝိုင်းပယ်ခဲ့ပြန်သည်။ နောက်တော့ သူ့ဇနီးကိုယ်ဝန်ရှိလာသဖြင့် အိမ်ပြန်ရောက် လာသည်။ ထိုစဉ်မှာပင် သူတို့၏အရင်းနှီးဆုံးမိတ်ဆွေ အဒေါ်ကြီး ရုတ်တရက်ဆုံးသွားသောကြောင့် မိကာပါ လိုက်ပါကာ အလောင်းပြင်ပေးခဲ့ရသည်။ နောက်ဆုံးတွင် လွန်ခဲ့သော အနှစ်(၃၀)က ခွဲခွာသွားခဲ့သော ဖခင်ကြီး

ဆုံးသွားကြောင်း ကြေးနန်းရောက်လာသဖြင့် သွားခဲ့ကြသည်။ အလောင်းကို ပြင်နေစဉ် သူငယ်ငယ်က ပေးခဲ့သော ကျောက်တုံးကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်ကို တွေ့လိုက်ရသဖြင့် ဖခင်၏မေတ္တာတရားကို နားလည်ကာ ကြူကြူပါအောင်ငိုပါလေတော့သည်။

ထိုဇာတ်ကားထဲတွင် သင်္ချိုင်းစောင့် အဘိုးကြီး ပြောသော စကားကို မြန်မာလူမျိုးတို့ ဖတ်မိပါက သဘောကျကြမည်မှာ သေချာလှသည်။ "သေဆုံးသွားတယ်ဆိုတာ တစ်ခါတည်း အပြီးအပိုင် နိဂုံးချုပ်သွားတာ မဟုတ်ဘူး။ သေခြင်းတရား ကို ဖြတ်သန်းပြီး နောက်ဘဝကို ဦးတည်လျှောက်လှမ်းကြရပြန်တယ်။ ဒါကြောင့်မို့ ကျုပ်က သေခြင်းတရား ကို ဂိတ်တံခါးလို့ ဆိုရတာပေါ့။ ကျုပ်က ဂိတ်ပေါက်စောင့်လေ မဟုတ်ဘူးလား"

ကျွန်တော်တို့သည် မိမိကိုးကွယ်ရာ ဘာသာတရားကို အခြေခံပြီး သေခြင်းတရားအား အမျိုးမျိုးယူဆကြပါသည်။

တချို့ကကတော့ ခရစ်တော်၌ အိပ်ပျော်သည်။

တချို့ကျတော့ အလာဟ်သျှင်မြတ်၏ အမိန့်တော်ကို ခံယူသည် စသည်ဖြင့် အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုမိသည်မှာ ဆန်းနေသည်လားတော့ မပြောတတ်ပေ။

ဟိုး လွန်ခဲ့သည့် ငါးနှစ်လောက်က ကျွန်တော့် တူမလေးတစ်ယောက် ငယ်ငယ်ရွယ်ရွယ်နှင့် အူမကြီး ကင်ဆာဖြင့် ဆုံးသွားခဲ့သည်။ ရေဝေးသုသာန်တွင် ညနေ

၄နာရီ လောက်တွင် သင်္ဂြိုဟ်ခဲ့ကြသည်။ မိဘ ဆွေမျိုး မောင်နှမများက လှပစွာပြင်ဆင်ထားသော တူမလေး၏ အလောင်းဘေးတွင် ဝိုင်းအုံ ငိုကြွေးခဲ့ကြသည်။

အခေါင်းကို မီးသင်္ဂြိုဟ်စက်ထဲသို့ ထည့်လိုက်သည်နှင့် ပိုပြီး ကျယ်လောင်စွာငိုကြွေးကြပြန်သည်။ ထို့နောက် အသီးသီး အသက အသက ကားများပေါ် သို့ ပြေးတက် သွားကြသည်။ ကျွန်တော်ကတော့ မီးသင်္ဂြိုဟ်စက် အပြင်ထွက်ပြီး ခေါင်းတိုင်မှ မိုးပေါ် သို့ ထောင်တက်သွားသော မီးခိုးလုံးကြီးကို မော့ကြည့်ရင်း ကျန်နေခဲ့သည်။

ကျန်နေခဲ့သူ နောက်တစ်ယောက်မှာ မျက်ရည်များ ခန်းခြောက်သွားပြီ ဖြစ်သည့် တူမလေး၏ မိခင်ကြီးပင် ဖြစ်လေသည်။ သင်္ချိုင်းစောင့်လုပ်သားကြီးက လူများ ရှင်းသွားပြီ ဖြစ်သည့်အတွက် (**မသင်းနုဆွေ၊ အသက် ၂၄ နှစ်**) ဆိုသော ဆိုင်းဘုတ်စာရွက်အား ဆွဲဆုတ်ပစ်လိုက်စဉ် မိခင်ကြီးက ရုတ်တရက် ညဉ်းညူလိုက်လေသည်။

"ငါ့သမီးလေး မရှိတော့ဘူး"

သူ့စကားကို ကျွန်တော် အရမ်း လက်ခံလိုက်မိသည်။ ဟုတ်ပါသည်။ ဆုံးသွားခြင်းသည် မရှိတော့ခြင်း ပင် ဖြစ်ပါသည်။

(ရဲမြလွင်)



OSCAR
Meilleur Film Étranger
10 PRIX DE L'ACADÉMIE CINÉMATOGRAPHIQUE JAPONAISE
Meilleur Film
Meilleur Acteur
Meilleur Réalisateur
Meilleur Scénario
おくりびと
DEPARTURES

# အခန်း (၁)

ကလေးဘဝတုန်းက ဆောင်းသည် ယခုကြုံတွေ့နေရသော ဆောင်းလောက် ချမ်းသည်ဟု မထင်ခဲ့ရပေ။ မော်တော်ကား စတီယာရင်ဘီးကိုဆုပ်ကိုင်ရင်း ဒိုင်ဂိုသည် သက်ပြင်းသဲ့သဲ့ချလိုက်မိသည်။

ကားထဲတွင် အနွေးပေးစက် တပ်ဆင်ထားသော်လည်း ကားက ဟောင်းနွမ်းခဲ့ပြီဖြစ်သောကြောင့် တော်တော်နှင့် နွေးမလာခဲ့။ ချမ်းအေးလွန်းသောကြောင့် အသက်ရှူထုတ်လိုက်တိုင်း အဖြူရောင် အငွေ့များက ဖွားကနဲ ထွက်လာကြလေသည်။

ဗင်ကားကလေးသည် နှင်းများဖွေးနေအောင် စုပြုံကျနေသော တောင်ကြားလမ်းကလေးကို ဖြေးဖြေးမှန်မှန် မောင်းနှင်ကာ ရွာကလေးတစ်ရွာသို့ ဦးတည်ပြေးလွှားလျက်ရှိနေလေသည်။

ကားရှေ့မှန်၏တစ်ဖက်တွင် ခြောက်သယောင်းနေသော ဆောင်း၏ရှုခင်းက ပြန့်ကျဲလျက် ရှိနေလေသည်။ မြင်ကွင်းကျယ် ဓာတ်ပုံကြီးကို ကြည့်နေရသကဲ့သို့ပင် ဖြစ်လေ သည်။

ဒိုင်ဂိုအဖို့ ရှေးဟောင်း ပုံပြင်ထဲတွင်ပါသော ကမ္ဘာဟောင်း သို့ ရောက်နေသည်လားဟု ခံစားလာမိလေသည်။ အမှန်တော့ မိမိလက်ရှိရောက်နေသော ကမ္ဘာသည်

သာမန်တွေ့နေကျကမ္ဘာနှင့် အတော်ကြီး ခြားနားလျက်ရှိနေပေတော့သည်။

နှင်းများ စုပုံကျရောက်နေသော လမ်းပေါ်တွင် ကားမောင်းနေရသည့်အတွက် လက်ကိုင်ဘီးကို သတိကြီးစွာကိုင်တွယ်ရင်း မောင်းနေရသည်။ အကယ်၍ သတိတစ်ချက်လစ်ဟင်းသွားသည်နှင့် မော်တော်ကားက လမ်းဘေးသို့လျောကျ သွားနိုင်သည်။ နှင်းများ ဖွေးဖွေးလှုပ်အောင်ဖုံးလွှမ်းနေသည့် လယ်ကွင်းပြင်များ၊ နှင်းတွေတင်နေကျအိမ်ခေါင်မိုးများ၊ တောင်ကုန်းတောင်တန်းကြီးများ စသည်ဖြင့်မြင်မြင်သမျှ အဖြူရောက်ကသာ ကြီးစိုးနေတော့သည်။ မိမိရှေ့တွင် မြင်နေရသော မြင်ကွင်းတစ်ခုလုံးက စိန်မှုံကလေးများ ဖြန့်ကျဲထားသကဲ့သို့ လင်းလက်တောက်ပလျက်ရှိနေကြသည်။ ဒိုင်ဂိုအဖို့ မိမိလက်ရှိအရပ်သို့ရောက်နေရခြင်းမှာ အိပ်မက်လေလား၊ တကယ်လေလားဟုတွေဝေနေစဉ် မော်တော်ကားက လမ်းဘေးသို့ လျှောကျမလိုဖြစ်သွားသည့်အတွက် မော်တော်ကားလက်ကိုင်ဘီးအားသတိဖြင့် ဖမ်းကိုင်ကာ လှည့်လိုက်ရလေသည်။

"အား"

သို့နှင့် မြွေလိမ်မြွေကောက်လမ်းပေါ် တွင်ခက်ခဲပင်ပမ်းစွာ မောင်းလာခဲ့ရလေတော့သည်။

"ရှေ့နားမှာထင်တယ်နော်"

ဘေးဘက်ထိုင်ခုံတွင်လိုက်ပါလာသော ဆာဇာကီးအား မေးကြည့်လိုက်သော်လည်း မည်သည့်ပြန်ဖြေသံမျှ ထွက်မလာခဲ့။ စီးကရက်ကိုခဲရင်း အိပ်ပျော်နေပုံရသည်။ မျက်လုံးများကို စုံမှိတ်ထားလေသည်။ ပြတင်းပေါက်မှ မြင်နေရသော ရှုခင်းကို နောက်ခံထားပြီး ဆာဇာကီးအား အကဲခတ်ကြည့်လိုက်မိသည်။ သူ့နားထင်ပေါ်တွင် နက်ရှိုင်းလှသော အရေး အတွန့်များကို ထင်ထင်ရှားရှားကြီး တွေ့နေရသည်။ ဆာဇာကီးဆိုသော ပုဂ္ဂိုလ်ကြီးက နားအလည်ရအတော်ခက်သည်။ သူဘာတွေ တွေးနေသည် ကိုလည်း အမှန်းဆရခက်သည်။ သူဘာမှမတွေးဘဲ ငေးငိုင်နေသည်လည်း ဖြစ်နိုင်သည်။ အတော့်ကို ထူးဆန်းလှသူဟု ဒိုင်ဂိုတွေးလိုက်မိသည်။

ဒိုင်ဂိုက ဝမ်းနည်းခြင်းအထိမ်းအမှတ် ဆိုင်းဘုတ် ကလေး ထောင်ထားသော အိမ်ရှေ့သို့ရောက်သည်နှင့် ဗင်ကားကလေး၏ ဘရိတ်ကို ဖော့နင်းလိုက်ရင်း အိမ်ခြံဝင်း အတွင်းသို့ ကွေ့ဝင်လိုက်သည်။ တိုကျိုမြို့နှင့်မတူဘဲ ဤအနီးတစ်ဝိုက်မှအိမ်တိုင်းတွင် ခြံကျယ်ကြီးများနှင့် ကားရပ်ရန်နေရာကိုလည်း အတိအကျသတ်မှတ်ထားပေသည်။

ဘရိတ်ကိုနင်း၍ ကားကိုရပ်တန့်လိုက်သည်နှင့် ဆာဇာကီးသည် စီးကရက်မီးကိုငြိမ်းလိုက်ကာ ခါးကို ဆန့်ထုတ် လိုက်သည်။ ထို့နောက် ပုခုံးကိုအထက်အောက် တွန့်လိုက်ရင်း တွန့်ကျေနေသောအပေါ် အင်္ကျီအား

သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြန်ပြင်လိုက်ကာ ကားပေါ်မှ ခပ်သွက်သွက်ကလေး ခုန်ဆင်းလိုက်လေသည်။ စောစော တုန်းက အထိ ပျင်းတိပျင်းတွဲနိုင်လှသော အနေအထားမှ ဆောင်းလေအေး တိုက်သကဲ့သို့ သွက်သွက်လက်လက် အနေအထား သို့ ရုတ်ချည်းပြောင်းလဲလာခဲ့လေသည်။

ဆာဇာကီး၏ နောက်မှ အသာ ကပ်လိုက်မိခဲ့ရာ ဆင်ဝင် တံခါးဝ သို့ ရောက်သည့်အခါ ကျန်ရစ်သူမိသားစု၏ ပူဆွေး ငိုကြွေးနေကြသော အသံများကို ကြားလာရသည်။ ထိုသို့ ငိုကြွေးနေသော မိသားစု၏ နောက်ဆုံးတွင်ထိုင်နေသော ယောကျ်ားကြီးက ဒိုင်ဂိုတို့ဝင်လာသည်ကို တွေ့လိုက်သည်နှင့် နောက်သို့လှည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် ခရီးဦးကြို ပြုလာခဲ့လေသည်။

“အခုလို ဝမ်းနည်းဖို့ကောင်းတဲ့ သတင်းကြားရတာ စိတ်မကောင်း ပါဘူး”

ဆာဇာကီးသင်ထားသည့်အတိုင်း ဒိုင်ဂိုက အသံ ကလေးကို နှိမ့်ကာ နှုတ်ခွန်းဆက်စကားကို သူ့ဆရာ ပြောပြီး သည့်နောက် ဆက်ပြောလိုက်သည်။ စူးယာခေါ် မိသားစု ဝိုင်းပြီး ပူဆွေးကြသည့် အခမ်းအနားကို ဘုရားခန်းတွင် ပြင်ထားကြသည်။ သေဆုံးသူ၏ ကိုယ်တစ်ပိုင်း ဓာတ်ပုံနှင့် ဝတ်ပြုစင်များကိုလည်း အသင့်ပြင်ထားပြီးဖြစ်လေသည်။ ဘုရားစင်ရှေ့ရှိ မွေ့ရာထက်တွင်မူ သေဆုံးသူ၏အလောင်းက ငြိမ်သက်စွာ လဲလျောင်းလျက် ရှိနေပေသည်။ မွေ့ရာကိုမူ

အသုဘ ကုမ္ပဏီက ရှေးထုံးစံအတိုင်း ပြောင်းပြန် ခင်းပေးထားလေသည်။

"ခေါင်းသွင်းပြင်ဆင်ပေးဖို့ ကျွန်တော်တို့ ရောက်လာကြတာပါ။ ကျွန်တော်တို့ကို အမွှေးတိုင် ထွန်းညှိခွင့်ပေးပါခင်ဗျာ"

ဆာဇာကီးက ထိုကဲ့သို့ပြောသည့်အခါ အိမ်ရှင်ဖြစ်ပုံရသော အမျိုးသားကြီးက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ဒိုင်ဂိုသည် ဆာဇာကီးနှင့်အတူ အလောင်း၏ခေါင်းရင်းတွင် ချထားသော အိုးထဲသို့ အမွှေးတိုင်များကို ထွန်းညှိ၍ ထိုးစိုက်လိုက်လေသည်။ ဒိုင်ဂိုသည် အရိုအသေပေးသည့်သဘောဖြင့် လေးလေးစားစား ခေါင်းကိုငုံ့နေရင်းမှ ဟိုတွေးသည်တွေး တွေးမိနေပြန်သည်။

တိုကျိုမြို့မှနေ၍ မိမိ၏မွေးရပ်မြေ ယာမဂတသို့ ပြန်ရောက်လာခဲ့သည်မှာ နှစ်လတင်းတင်း ပြည့်ခဲ့လေပြီ။ အဘယ့်ကြောင့်များ မိမိက ဤနေရာမျိုးသို့ ရောက်နေရပါသနည်း။ အလောင်း၏ မျက်နှာကို ဖုံးအုပ်ထားသော ပိတ်ပါးလွှာ ဖြူဖြူကလေးအား မကြည့်လိုက်သည့်အခါ သေဆုံးသူမှာ မိန်းမချောလေးတစ်ယောက် ဖြစ်နေသည်ကို တအံ့တဩ တွေ့လိုက်ရလေသည်။ သွယ်လှ ပျော့ပြောင်းလှသော ဆံကေသာရှည်နှင့် ထူထဲလှသောမျက်ခုံးများ၊ အသားအရေက ဖြူဖွေးနေပြီး နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပါးပါး

ဖြင့် လှချင်တိုင်းလှနေပေရာ အိပ်ပျော်နေသည့် ပုံစံမျိုးပင် ဖြစ်လေသည်။

"အသက်ရှင်နေသေးတဲ့ပုံမျိုးပဲနော်"

ဒိုင်ဂိုက ဂွမ်းစများကိုကိုက်ဖြတ်နေသော ဆာဇာကီ၏ အနီးသို့ ကပ်ကာ တိုးတိုးလေးပြောလိုက်သည်။

"မဟုတ်မှလွဲရော မီးသွေး အဆိပ်သောက်ပြီးသေတာပဲ ဖြစ်ရမယ်"

ဘေးချင်းကပ်အခန်းမှ ကျန်ရစ်သူမိသားစုမကြားရန် ဆာဇာကီက အသံကိုနှိမ့်၍ ဖြေလိုက်သည်။

"ဆရာကဘာဖြစ်လို့ အဲ့သည်လိုထင်ရတာလဲ"

"ကိုယ်ပေါ်မှာ ဒဏ်ရာအနာတရတို့ အညိုကွက် အမည်းကွက် တို့ကိုလည်း မတွေ့ရဘူး။ ချမ်းအေးလှတဲ့ညမှာ ကားထဲမှာအဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကို သတ်သေနေတာကို တစ်ယောက်ယောက်က ခပ်စောစောတွေ့ခဲ့တဲ့ပုံပဲ"

"ဒီလောက်ချောရဲ့သားနဲ့ နှမြောစရာကြီးဆရာရယ်"

ထိုကဲ့သို့ ညည်းညူပြောဆိုလိုက်သော ဒိုင်ဂိုအား ဆာဇာကီက မေးလိုက်သည်။

"မောင်ရင်ကိုယ်တိုင် ပြင်ကြည့်မလား"

ဒိုင်ဂိုကခေါင်းညိတ်ပြလိုက်သည်။ မိမိသည် ယခု ခေါင်းသွင်းပြင်ဆင်သည့် လုပ်ငန်းကို စတင်လုပ်ကိုင်သည့်

အချိန်မှစပြီး မိမိတစ်ယောက်တည်း မည်သည့်အလောင်းကိုမျှ ဆေးကြောပြင်ဆင်ပေးခြင်း မရှိခဲ့ဖူးပေ။ ဆာဇာကီလုပ်သမျှကို ဘေးမှထိုင်ကြည့်ရင်း ကူညီရုံသာရှိခဲ့လေသည်။ အခြေအနေဆိုးရွားသည့်အလောင်းများကို ပြင်ဆင်ကြရသည့်အခါ ရင်ထဲမှအော်ဂလီဆန်ပြီး အော့အန်သည်အထိ ဖြစ်ခဲ့ဖူးလေသည်။ သို့ပါသော်လည်း ဤမိန်းကလေးအလောင်းလောက်ဆိုလျှင် ဖြစ်နိုင်လိမ့်မည်ဟု ယူဆသည့်အတွက် "လုပ်ပါ့မယ်ဆရာ" ဟုလည်း နှုတ်မှပြန်ဖြေလိုက်သည်။

ထို့နောက် ဆာဇာကီက ကျန်ရစ်သူ မိသားစုများ စုဝေးနေသော ဘေးချင်းကပ်အခန်းသို့လှည့်ကာ ကျွန်တော်တို့ကို ခုအချိန်ကစပြီး အလောင်းပြင်ဆင်ခွင့် ပေးစေလိုပါတယ်ဟု ခွင့်တောင်းပန်ရင်း အရိုအသေပေးလိုက်သည်။ မိသားစုကလည်း ကျေးဇူးတင်သည့်သဘောဖြင့် ပြန်လည် အရိုအသေပေးလိုက်ကြသည်။ ဆာဇာကီက အသက်ကို ပြင်းပြင်းရှူလိုက်ရင်း အလောင်းဘက်သို့ မျက်နှာမူလိုက်ပြန်သည်။

"အခုအချိန်ကစပြီး ကွယ်လွန်သူအတွက် တမလွန်ခရီးကို စတင်ပါတော့မယ်။ ပထမဆုံး အလောင်းကို ခေါင်းထဲသွင်းဖို့ ပြင်ဆင်တဲ့အပိုင်းကို စတင်မှာဖြစ်တဲ့အတွက် ဆွေမျိုးသားချင်းတို့က အနီးကပ်ပြီး လာကြည့်နိုင်ကြပါတယ်"

သို့ဖြင့် ဒိုင်ဂိုသည် ဂွမ်းစများတွင် အရက်ပျံကိုဆွတ်ရင်း ပိတ်ဖြူစကို မကာ အထဲသို့ သွတ်သွင်းလိုက်သည်။ မိသားစု

ကလည်း ဒိုင်ဂို၏ တစ်ဆင့်ပြီးတစ်ဆင့် ကျွမ်းကျင်စွာ လှုပ်ရှားလုပ်ကိုင်နေသည်ကို ငြိမ်ပြီးစိုက်ကြည့်နေကြလေသည်။

ထို့နောက် ဒိုင်ဂိုက ရှပ်အင်္ကျီလက်ကိုပင့်ကာ ရေနွေးဇလုံထဲမှ ရေနွေးဖြင့် ပိတ်စကိုဆွတ်ကာ အလောင်း၏ ခန္ဓာကိုယ်အား ပွတ်သပ်ပေးလျက် ရှိနေလေသည်။ ရှေးက ဆိုလျှင် အိမ်နီးနားချင်း ဆွေမျိုးသားချင်းများက အလောင်းအား ရေနွေးဖြင့် သန့်စင်ပွတ်တိုက်ပေးခဲ့ကြသည့် ဓလေ့ထုံးစံ ရှိခဲ့သော်လည်း ယခုအခါမူ ခေါင်းသွင်းပြင်ဆင်သည့် ကုမ္ပဏီက ဆွေမျိုးများကိုယ်စား လုပ်ကိုင်ကြရလေသည်။

အလောင်းပြင်ဆင်ပေးသူအနေဖြင့် ယခုဘဝတွင် ကြုံတွေ့ခဲ့ရသော မကောင်းမှုအကုသိုလ်များ ကင်းစင်ပျောက်ကွယ်ပါစေ၊ နောက်ဘဝတွင် ကောင်းမှုကုသိုလ်များ ရရှိပါစေဟု ဆုတောင်းရင်း ဂရုတစိုက်သုတ်ပေးရလေသည်။ ဆေးရုံတွင် ဆုံးသွားသူများအတွက်ကိုမူ သူနာပြုဆရာမများက ဆေးကြော သုတ်သင်ပေးကြရသည်။

မျက်နှာ၊ လည်ပင်း၊ ရင်ဘတ်မှတစ်ဆင့် အောက်ပိုင်းသို့ ဆက်ပြီးဆေးကြောပွတ်တိုက်လာခဲ့လေသည်။ ရင်ဘတ်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းတို့တွင် အသားအဆီက နည်းပါးလှသည့်အတွက် အလောင်းမှာ ပိန်ပိန်သွယ်သွယ်ပင် ဖြစ်လေသည်။ သို့ဖြင့် လက်ကို အောက်ဖက်သို့ ဆက်တိုးပြီးပွတ်သပ်ရာမှ “ဟင်” ဟု ယောင်ယမ်းပြီး လန့်အော်ကာ လက်ကိုရုပ်တန့်လိုက်လေသည်။

“ဘာဖြစ်တာလဲ”

ဆာဇာကီက ဒိုင်ဂို၏အနားသို့ကပ်ပြီး တိုးတိုးလေး မေးလိုက်သည်။

"ဟိုဟာကြီးပေါက်နေတယ်"

ဒိုင်ဂိုက ပိတ်ပါးအောက်မှလက်ကိုဆွဲထုတ်ရင်း ပြန်ဖြေလိုက်သည်။

"ဘာကြီးလဲကွ"

"ဟိုဟာကြီး"

"အဲဒီဟိုဟာကြီးဆိုတာက ဘာလဲ"

ဆာဇာကီက မိသားစုအား ဦးညွှတ်ကာ ခွင့်တောင်းလိုက်ပြီးနောက် ဒိုင်ဂို၏နေရာကို ဝင်ယူလိုက်သည်။ ထို့နောက် ပိတ်ဖြူ၏အောက်သို့လက်နှိုက်ကာ စမ်းကြည့်လိုက်ပြီး နောက် မိသားစုဘက်သို့ လှည့်ကြည့်လိုက်သည်။

"ကျွန်တော်နည်းနည်းလောက် မေတ္တာရပ်ခံချင်ပါတယ်"

ထို့နောက် မိသားစုထိုင်နေကြသော နေရာသို့ ကပ်သွားလေသည်။ စောစောကတည်းကငိုကြွေးနေသော အဘွားအိုက စမေးလာသည်။

"ဘာများပါလိမ့်"

စောစောပိုင်းက မိမိတို့အိမ်ထဲသို့ဝင်လာစဉ် ခရီးဦးကြို ပြုခဲ့သောလူကြီးကလည်း မိမိတို့အနားသို့ ကပ်လာသည်။

"အဲ အဲ ဘယ်လိုပြောရမယ်တောင် မသိတော့ဘူး။ သေဆုံးသူကို ဆေးကြောပြီးအဝတ်အစားလဲပေးဖို့နဲ့ မိတ်ကပ် လိမ်းပေးဖို့လည်း ရှိနေပါသေးတယ်။ ကျွန်တော်တို့က သူ့ကို ယောကျ်ားသုံး မိတ်ကပ်ကိုပဲသုံးရမလား မိန်းမသုံးမိတ်ကပ်ကိုပဲ သုံးရမလားဆိုတာ ဝေခွဲရခက်နေလို့ပါ"

ဆာဇာကီပြောလိုသောစကား၏ အဓိပ္ပာယ်ကို သဘောပေါက် သွားသည့် အလား ထိုလူကြီးက

"ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်သွားပါပြီ။ မိသားစုနဲ့ တိုင်ပင်လိုက်ပါဦးမယ်" ဟုပြောကာ မိခင် ဖြစ်ဟန်တူသော ငိုကြွေးနေသည့် အမျိုးသမီးကြီးထံသို့ လှမ်းမေးလိုက်လေသည်။ အစ်မဟု လှမ်းခေါ် လိုက်သဖြင့် ထိုလူကြီးမှာ သေဆုံးသူ၏ ဦးလေးတော်စပ်သူ ဖြစ်ပုံရ လေသည်။

"တိုမဲ့အိုးကို မိတ်ကပ်ကို ဘာလူးပေးရမလဲတဲ့။ ယောကျ်ားသုံးလား၊ မိန်းမသုံးလား"

အမေးခံလိုက်ရသည့် မိခင်ဖြစ်သူအမျိုးသမီးကြီးမှာ ပါးစပ်ကို ပွစိပွစိ လှုပ်ရှားနေသည့်တိုင် အသံက ထွက်မလာခဲ့ပေ။

"ကဲ ပြောလေဗျာ။ ဘာကိုသုံးပေးရမလဲ"

ထို့နောက် မိခင်ဖြစ်သူက အသံကိုထိန်းပြီး ယခုကဲ့သို့ ပြောလာလေတော့သည်။

"အင်း အစကတည်းက ဒီကလေးကို မိန်းကလေး အဖြစ်မွေးလာခဲ့ရင် အကောင်းသား။ ဒါဆိုရင်ခုလို ပြဿနာတက်မှာမဟုတ်ဘူး"

"ဒါဆို မိန်းကလေးပုံစံအတိုင်းပြင်ပေးဖို့ ပြောလိုက် ရမလား"

ယောကျ်ားကြီးက စိတ်မရှည်တော့သည့်ပုံးစံမျိုးဖြင့် အသံမာမာဖြင့် ပြောလိုက်လေသည်။

"ဟုတ်ပါတယ် အဲဒီအတိုင်းပဲ လုပ်တာကောင်းပါတယ်"

မိခင်ဖြစ်သူက ငိုသံပါကြီးနှင့်ပြောရင်း ခေါင်းညိတ်ပြ လိုက်သည့် အတွက် အဆိုပါယောကျ်ားကြီးက ဆာဇာကီဘက်သို့လှည့်ကာ

"မိန်းကလေးပုံစံမျိုးနဲ့ပြင်ပေးဖို့ မေတ္တာရပ်ခံပါတယ်" ဟုပြောလိုက် လေသည်။

"ဘာဖြစ်လို့လဲဆိုတော့ သူကလေးက သေသွားတဲ့အချိန် အထိ မိန်းကလေးလိုပဲ နေသွားလို့ပါ"

"ဖြစ်မှဖြစ်ရလေ တိုမဲအိုးရယ်"

ဖခင်ဖြစ်သူ ယောကျ်ားကြီးက သားဖြစ်သူ၏ နာမည်ကို တိုးတိုးကလေး ရွတ်ဆိုရင်း ညည်းညူလိုက်သည်။

"သဘောပေါက်ပါပြီ"

ဆာဇာကီက နောက်တစ်ကြိမ်ခေါင်းညိတ်ပြလိုက်ပြီးနောက် သူ၏လုပ်ငန်းကို ဆက်လက်ပြီးလုပ်လေတော့သည်။

ရှေးဦးစွာ အလောင်းအား ရေနွေးဖြင့်သန့်စင်ပေးပြီးနောက် သံသရာခရီးထွက်ဝတ်စုံကို ဝတ်ဆင်ပေးသည်။ ယောကျ်ားလေးစစ်စစ် ဆိုလျှင်နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတို့ကို ရိတ်ပေးရန် ရှိသော်လည်း ယခုပြင်ဆင်ပေးရမည့် သူ၏ မျက်နှာတွင် မည်သည့်အမွေးမျှ ပေါက်ရောက်ခြင်း မရှိဘဲ ပြောင်ချောနေသည့်အတွက် မိတ်ကပ်ကိုသာ လိမ်းပေးရသည်။ ထို့နောက် နားနှင့်နှာခေါင်းတို့တွင် ဂွမ်းများဖြင့် ဆို့ပေးပြီးနောက် မိသားစုဝင်များအား နောက်ဆုံးအကြိမ်အဖြစ် လူသေရေနွေးဖြင့် ပွတ်သပ်စေကာ လူအချို့၏အကူအညီဖြင့် အလောင်းကို ခေါင်းထဲသို့ ထည့်လိုက်လေသည်။ ခေါင်းထဲတွင် အလောင်းအား နေသားကျအောင် ပြင်ဆင်ပြီးနောက် အခေါင်းကို အဖုံးဖြင့် ပိတ်လိုက်လေသည်။

"ကဲ ကဲ ကွယ်လွန်သွားသူအတွက် နောက်ဆုံးပိတ်နှုတ်ဆက်ရင်း ဆုတောင်းကြပါစို့လား"

ထို့နောက် အားလုံးက လက်အုပ်ချီလိုက်ကြသည်။

"အတော်လေး နေသာထိုင်သာရှိသွားပြီနော်"

"တိုမဲအိုးတစ်ယောက် ကောင်းရာ သုဂတိ လားပါစေကွယ်"

ဟနေသော ခေါင်းအဖုံးမှနေပြီး တိုမဲအိုး၏မျက်နှာကို ချောင်းကြည့်ပြီးနောက် ဆွေမျိုးသားချင်းများက တစ်ယောက်ပြီး တစ်ယောက် ပြောဆိုသွားကြလေသည်။

လူ့ဘဝထဲသို့ ရောက်လာသည့်တိုင် မိမိကိုယ်မိမိ အထီးမှန်း အမမှန်း မခွဲခြားနိုင်ဘဲ ဘဝတစ်လျှောက်လုံး အသေကျပ် နေကျပ်ဖြစ်ခဲ့ရသူ။ သူအဘယ့်ကြောင့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ရသည်ကိုလည်း မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေကြရသည်။ အခက်အခဲ အကျပ်အတည်းများနှင့် မွန်းကြပ်နေခဲ့ရသဖြင့် သေသွား ပြီးသည့် တိုင်အောင် မဲ့မဲ့ကလေးဖြစ်နေရှာသော တိုမဲအိုး၏ မျက်နှာကလေးကိုကြည့်ကာ ဆွေမျိုးများက "အတော်ကလေး နေသာထိုင်သာရှိသွားပြီနော်" ဟု မှတ်ချက် ချသွားကြလေသည်။ မိခင်ဖြစ်သူမှာတော့ ဘာတစ်ခွန်းမျှ ထုတ်မပြောနိုင်ဘဲ တငိုတည်းသာ ငိုနေရှာလေသည်။

"အခုဆိုရင် ကျွန်တော်တို့ရဲ့ အလောင်းပြင်ဆင် ခေါင်းသွင်းတဲ့ တာဝန်ပြီးဆုံးသွားခဲ့ပါပြီ"

အခေါင်းကို အပြီးသတ်ပိတ်လိုက်ပြီးနောက် ဆာဇာကီက ထိုကဲ့သို့ ကြေညာလိုက်လေသည်။ ထိုကဲ့သို့ ကျန်ရစ်သူ ဆွေမျိုးများနှင့် အခေါင်းပြင်ဆင်မှုလုပ်ငန်းကို

အချိန်ကိုက်ပြီးစီးသွားအောင် ပြုလုပ်နိုင်ခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲပင် ဖြစ်လေသည်။

အထက်တန်းကျောင်းသားဘဝတုန်းက ရိုက်ထားသည့် ဓာတ်ပုံလေလား မပြောတတ်။ ကျောင်းဝတ်စုံကို ခန့်ခန့်ညားညား ဝတ်ဆင်ပြီး ခေါင်းတုံးဆန်တောက်ဖြင့် တိုမဲ့အိုးက ပြုံးပြနေလေသည်။ ဓာတ်ပုံထဲတွင် ပြုံးပြုံးကြီး လုပ်နေသော သူ။ ခေါင်းထဲတွင် ငြိမ်သက်စွာ လဲလျောင်း နေသောသူမ။ သေဆုံးသွားသောသူမှာ မည်သူ ဖြစ်ပါ သနည်း။

နှစ်ယောက်စလုံးပင် သေဆုံးသူဖြစ်နေခဲ့ပြီလား။ သို့တည်းမဟုတ် နှစ်ယောက်စလုံးပင် သေဆုံးသွားသူ မဖြစ်နိုင်တော့ပြီလား။

ဒိုင်ဂိုက အလောင်းကို ငေးကြည့်ရင်း အတွေးခေါင်လျက် ရှိနေလေသည်။ ပြီးတော့ အဘယ့်ကြောင့်များ မိမိက ဤနေရာမျိုးသို့ ရောက်နေရပါသနည်း ဟုလည်း တွေးတောနေမိလေသည်။

× × × × × × × × × × × × × × × × × × × × × ×

## အခန်း(၂)

"မောင် လမ်းမှာသတိထားသွားနော်"

ခြံဝအထိလိုက်ပို့ပြီး နှုတ်ဆက်ရှာသော ချစ်ဇနီးချော ကလေး မိကာ၏အပြုံးကိုကျောခိုင်းကာ စယ်လို တယောအိပ်ကြီး ကို ပိုက်လျက် ဒိုင်ဂိုသည် မိမိတို့နေထိုင်သော ကွန်ဒိုမီနီယမ် တိုက်ကြီးမှ ထွက်လာခဲ့သည်။

"ဟူး ဟူး ချမ်းလိုက်တာ"

ပါးပြင်ထက်ပေါ် သို့ ဖြတ်သန်းတိုက်ခတ်လာသော ဆောင်းလေအေးတို့ကြောင့် ဒိုင်ဂိုက တစ်ယောက်တည်း ညည်းညူလိုက်သည်။ စောစောပိုင်းကအထိ နွေးနေခဲ့သော ရာသီဥတုက ရုတ်ခြည်းပြောင်းလဲကာ ချမ်းအေးလာခဲ့သည်။ ဒိုင်ဂိုသည် ပခုံးကလေးကိုကျုံ့ကာ ကုတ်အင်္ကျီကော်လံကို ထောင်လိုက်ပြီးနောက် ဘူတာရုံ လမ်းအတိုင်း ခပ်သွက်သွက် ကလေး လျှောက်လှမ်းလာခဲ့သည်။

ဆောင်းဦးကာလကုန်ဆုံးကာ ဆောင်းတွင်းဘက်သို့ တဖြည်းဖြည်း ချဉ်းကပ်လာသည့် အချိန်တွင် ဒိုင်ဂို၏ မျက်စိထဲတွင် အတိတ်အရပ်ဆီမှ ရင်နင့်ဖွယ်မြင်ကွင်းများကို ပြန်လည် မြင်ယောင်လာစမြဲပင် ဖြစ်ပါသည်။ ကြာတော့ကြာခဲ့ပါပြီ။ ဟိုး လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်က ရုတ်တရက် ဖခင်ဖြစ်သူ အိမ်ပေါ် မှဆင်းသွားသည့် ဆောင်းကာလ၏ တနင်္ဂနွေတစ်နေ့ဖြစ်လေသည်။ ဖခင်က

သူဦးစီး လုပ်ကိုင်နေသော လဖက်ရည်ဆိုင်ကလေးကို ပိတ်သွားသည်။ မိခင်ဖြစ်သူကတော့ နံနက်ကတည်းက တစ်နေ့လုံး ထိုင်ငိုနေခဲ့သည်။ မိခင်ဖြစ်သူ၏ ပူဆွေးသောက ရောက်နေသည့် မျက်နှာကိုမကြည့်ရက်သောကြောင့် ဒိုင်ဂိုသည် နှင်းတွေထူပိန်းအောင် ကျနေသော အိမ်အပြင်ဘက်သို့ အနွေးထည် မပါဘဲ ပြေးထွက်လာခဲ့လေသည်။ ဖြူဖွေးနေသော ကောင်းကင်ပြင်၊ ဖြူဖွေးနေသော တောင်တန်းကြီးနှင့် ဖြူဖွေးနေသော နှင်းမှုန်များစသည်ဖြင့် မြင်မြင်သမျှ အရာအားလုံးသည် ဖွေးဖွေးလှုပ်အောင် ဖြူနေကြလေတော့သည်။

ဒိုင်ဂိုသည် ပြေးထွက်လာရာမှ မြစ်ကမ်းပါးသို့ ရောက်သည့်အခါ ကျောက်ခဲများကိုကောက်ပြီး မြစ်ပြင်ဆီသို့ တစ်လုံးပြီးတစ်လုံး ဆက်တိုက်ပစ်ပေါက်နေလေတော့သည်။ လေအေးတို့ကြောင့် ပါးပြင်တစ်ခုလုံး စူးရှနာကျင်လာကာ လက်ဖြင့် ကိုင်မရအောင် အေးနေခဲ့သော ကျောက်ခဲများကို တစ်လုံးပြီး တစ်လုံး ဆက်တိုက်ပစ်ပေါက်နေခဲ့မိလေသည်။

စင်စစ်ဖြူဖွေးနေသောနောက်ခံတွင် အမည်းရောင် အဆိုးခံထား ရသည်မှာ ဒိုင်ဂို၏နှလုံးသားပင်ဖြစ်ပေသည်။

ထိုနေရာသို့ ရောက်သည်နှင့် ဒိုင်ဂို၏အတွေးများသည် ရုတ်တရက် ဆိုသလို ပြတ်တောက်သွားမြဲ ဖြစ်လေသည်။ မြစ်ကမ်းပါးတွင် မိမိတစ်ယောက်တည်း ညမိုးချုပ်သည်အထိ ထိုင်ငိုနေ ခဲ့သည်လား၊ မိခင်ဖြစ်သူက လာကြိုပြီး လက်ကို

ဆွဲခေါ်သွားခဲ့လေသည်လား လုံး၀ စဉ်းစား၍မရအောင် မေ့ပျောက် သွားခဲ့ပေပြီ။

ယခုအခါ မိခင်ကြီးလည်း ဆုံးပါးသွားခဲ့ပြီ ဖြစ်သောကြောင့် မိမိ မည်သို့မည်ပုံ အိမ်ပြန်ရောက် လာသည် ကိုလည်း စုံစမ်း၍ မရနိုင်အောင်ဖြစ်နေရလေသည်။ ဒိုင်ဂိုက ထိုကဲ့သို့ ဧေးငိုင်တွေးတောနေရင်းမှပင် ဂီတဖျော်ဖြေပွဲ ကျင်းပရာ ခန်းမကြီးထဲသို့ ရောက်ရှိလာခဲ့လေသည်။

ဂီတဖျော်ဖြေပွဲက ပြီးဆုံးသွားခဲ့လေပြီ။ လက်ခုပ်သံ ကျဲကျဲ စဲသွားသည်နှင့် ဒိုင်ဂိုတို့ ဂီတပညာရှင်များသည် တူရိယာ ပစ္စည်းများကိုကိုင်ဆောင်ကာ မိမိတို့အခန်းဆီသို့ လေးကန်သော ခြေလှမ်းများဖြင့် ပြန်၀င်လာခဲ့ကြရတော့သည်။ ဟုတ်သည်လေ။ မည်သူကမျှ မေတ္တာလက်ဆောင်အဖြစ် ထပ်မံ ဖျော်ဖြေပေးရန် မတောင်းဆိုခဲ့ကြသဖြင့် စင်ပေါ်သို့ နောက်တစ်ခါက်ပြန်တက်ရန် မလိုအပ်တော့သောကြောင့် ဖြစ်လေသည်။

"ပရိသတ်ကဒီနေ့လည်း အတော်နည်းတာပဲနော်"

ဒိုင်ဂိုကတီးဝိုင်းခေါင်းဆောင်အား လှမ်းပြောလိုက်သည်။

"အင်း"

တီးဝိုင်းခေါင်းဆောင်က စိတ်မပါ့တပါဖြင့် ပြန်ဖြေရှာ သည်။ လာရောက်နားထောင်သူများမှာ ရုံတစ်ဝက်ပင် မပြည့်ချင်ပေ။ မိမိတို့တီးဝိုင်းမှာ ကြီးမားလှခြင်း မရှိသော

ကြောင့် နဂိုကတည်းက ရုံပြည့်ရုံလျှံ ဖြစ်အောင် အားပေးခြင်း မခံခဲ့ရဖူးပေ။ သို့တိုင်အောင် လတ်တလော လက်မှတ်များက သိသိသာသာကြီး ကျဆင်းလျက်ရှိပေသည်။

"ကျွန်တော်တို့ တီးဝိုင်းကို လူသိများလာအောင် ဒီထက်ပိုပြီး ကြော်ငြာမှဖြစ်မယ်"

ဒိုင်ဂိုက စိတ်အားထက်သန်စွာ ပြောနေသည့်တိုင် တီးဝိုင်း ခေါင်းဆောင် ကမူ မတုန်မလှုပ် ကျောက်ရုပ်ကြီးကဲ့သို့ ဖြစ်နေလေသည်။

"ဟုတ်ပြီ။ ကျွန်တော်တို့တီးဝိုင်းရဲ့ Website ကို ရေးကြရအောင်။ အိမ်က အမျိုးသမီးမက WEB ကုမ္ပဏီက ဒီဇိုင်နာဆိုတော့ ပိုက်ဆံပေးစရာမလိုဘူးလေ"

ဒိုင်ဂိုက ရှေ့ရေးကို မျှော်လင့်ချက်ကြီးစွာဖြင့် အကြံပြုလိုက်သည်။ ဒိုင်ဂို၏ဇနီးဖြစ်သူမှာ ကွန်ပြူတာ ကျွမ်းကျင်သူဖြစ်ပြီး WEB ကုမ္ပဏီအတွက် ဒီဇိုင်းများကို ပြုလုပ်ပေးနေသူ ဖြစ်လေသည်။ ယခင်ကဆိုလျှင် တီးဝိုင်း အဖွဲ့ဝင်များသည် ဂီတအကြောင်းကိုသာ စဉ်းစားနေရုံဖြင့် လုံလောက်ခဲ့သော်လည်း ယခုခေတ်သို့ရောက်လာသည့်အခါ ဆက်လက်ရှင်သန်ရေးအတွက် စီမံခန့်ခွဲမှုနှင့် ကြော်ငြာ လုပ်ငန်းများကလည်း မရှိမဖြစ်လိုအပ်လာခဲ့ပြီ မဟုတ်ပါလား။

မိမိ အသက်မွေးဝမ်းကြောင်းလုပ်ငန်းက တီးဝိုင်းပညာရှင်။ မိမိတစ်သက်လုံး အမြတ်တနိုးလုပ်ကိုင်နေသည့် အလုပ်ကိုတော့ လက်လွှတ်မခံချင်လှပေ။

"ဒါတွေ အသာထားပါဦး။ မောင်ရင် အဆင်ပြေမှ ပြေပါ့မလား ဒိုင်ဂိုခွန်"

တီးဝိုင်းခေါင်းဆောင်က စိုးရိမ်ပူပန်သည့် မျက်နှာထားနှင့် ဒိုင်ဂိုအား စိုက်ကြည့်လိုက်သည်။

"ဘာကိုဆိုလိုတာလဲ အာစရိရဲ့"

ဒိုင်ဂိုက သိချင်ဇောဖြင့် ပြန်မေးလိုက်သည်။

"နောက်ဖြစ်လာမှာလေကွာ၊ နောက်ပိုင်းဖြစ်လာမှာ"

ဒိုင်ဂိုက ပိုပြီး မခံချိမခံသာဖြစ်လာလေသည်။ တီးဝိုင်းခေါင်းဆောင်က ထိုကဲ့သို့ပြောလိုက်ပြီးနောက် ဒိုင်ဂို၏ စယ်လိုတယောကြီးအား ငေးစိုက်ကြည့်နေလေသည်။ ထိုတယောကြီးအား သူ့ဇနီးမသိအောင် ဘဏ်မှ ငွေမြောက်များစွာ ချေးယူပြီး ဝယ်ထားခဲ့ခြင်း ဖြစ်လေသည်။ အလုပ်အကိုင်မရှိတော့လျှင် ချေးယူထားသောငွေအတွက် သူမည်သို့ ပြန်ဆပ်မည်နည်း။ ဒိုင်ဂိုလည်း ငိုင်ကျသွားလေတော့သည်။ ထိုသို့ စကားပြောကောင်းနေကြစဉ် အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသော ပရိဂျုဆာကြီးက ဂီတခန်းထဲသို့ ပေါက်ချလာခဲ့သည်။

"ဒီနေ့လည်းမောင်ရင်တို့ အတော်ပင်ပမ်းသွားကြပြီနော်"

လေးတွဲ့စွာပြောလာသော ပရိဂျူဆာကြီး၏စကားကို ကြားလိုက်ရသည်နှင့် အားလုံးက ခေါင်းငုံ့ကာ အရိုအသေ ပေးလိုက်ကြသည်။ စောစောက တစ်ယောက်တစ်ပေါက် ပြောနေကြရာမှ ချက်ချင်းငြိမ်ကျသွားလေသည်။ ဖျော်ဖြေပွဲ ပြီးစ ကတည်းက တီးဝိုင်းခေါင်းဆောင်အပါအဝင် အခြား အဖွဲ့သားအားလုံး၏ မျက်နှာအနေအထားများ ထူးခြားနေသည်ကို ဒိုင်ဂိုက စတင်သတိထားလိုက်မိလေသည်။

"ပရိသတ်နည်းတာကလွဲလို့ မောင်ရင်တို့ တီးခတ်သွားတဲ့ တေးတွေက သိပ်ကောင်းပါတယ်"

ထိုကဲ့သို့ပြောပြီးနောက် ပရိဂျူဆာကြီးမှာ ငြိမ်ကျ သွားပြန်သည်။ ပြောစရာစကား ရှာမရအောင် ဖြစ်နေပုံ ရလေသည်။

"အမှန်အတိုင်းပြောရရင် တီးဝိုင်းပိုင်ရှင်ဖြစ်တဲ့ ဆိုနဲဆာကီစံက အဖွဲ့သားအားလုံးကို ပြောစရာရှိပါတယ်။ အားလုံး သေသေချာချာ နားထောင်ကြပါ"

ပရိဂျူဆာ၏ရှေ့တွင် ပိုင်ရှင်အဘိုးအို ဆိုနဲဆာကီစံက ရပ်လျက်ရှိသည်။ ခါတိုင်းဆိုလျှင် ဖျော်ဖြေပွဲတိုင်းတွင် ဆိုနဲဆာကီစံသည် ပရိသတ်အလယ်တွင်ဝင်ထိုင်ကာ စိတ်ဝင်တစား နားထောင်လေ့ရှိပေသည်။ စီးပွားရေးသမား ဖြစ်သည့်တိုင် ဆိုနဲဆာကီစံက ရိုးရာတေးသီချင်းများကို အလွန်ခုံမင် မြတ်နိုးသူဖြစ်လေသည်။ ထို့ကြောင့် အဖွဲ့သား အားလုံးက သူ့အားလွန်စွာ လေးစား ချစ်ခင်ကြလေသည်။

သို့ပါသော်လည်း အစဉ်အမြဲဆိုသလို ဖော်ဖော်ရွေရွေရှိလှသော ဆိုနဲဆာကီစံ၏မျက်နှာမှာ သုန်မှုန်လျက်ရှိနေလေသည်။ ထို့အပြင် ဖြူဖပ်ဖြူရော်ဖြစ်နေရုံမက အနည်းငယ် တုန်ရီလျက်ရှိနေပြန်သည်။ ထို့နောက် အဖွဲ့သားတစ်ဦးချင်း၏ မျက်နှာကို စိုက်ကြည့်ရင်း မျက်လုံးကိုစုံမှိတ်ကာ အသက်ကို ပြင်းပြင်းရှုလိုက်သည်။ ထို့နောက်

"တီးဝိုင်းကို ဒီနေ့ကစပြီးဖျက်သိမ်းလိုက်ပြီ" ဟု ပြောချလိုက်လေတော့သည်။ ထို့နောက် စိတ်မကောင်းဖြစ်ကာ နှုတ်ခမ်းကြီးကိုကိုက်ထားလိုက်ပြန်သည်။

"အယ်"

ထိုကဲ့သို့ တအံ့တသြ ထအော်လိုက်သူမှာ ဒိုင်ဂို တစ်ယောက်တည်းသာ ဖြစ်လေသည်။ အခြားအဖွဲ့သား အားလုံးမှာ နဂိုကတည်းက ကြိုတင်သိထားသည့်အလား မိမိတို့၏ တူရိယာများကို ကိုင်ဆောင်ကာ အခန်းအတွင်းမှ လေးကန်စွာ ထွက်ခွာသွား ကြလေသည်။ ဒိုင်ဂိုအတွက်မူ ကောင်းကင်ကြီး ကြည်လင်နေရာမှ ရုတ်တရက် မိုးကြိုးပစ်ခြင်း ခံလိုက်ရသလို စိတ်ဓာတ်အကြီးအကျယ် ကျဆင်းသွား ရလေတော့သည်။ မိမိဘဝတစ်ခုလုံးပုံအပ်ကာ တစ်သက်လုံး ကြိုးစားသွားမည်ဟူသော တီးဝိုင်းအလုပ်သည် နောက်ဆုံးတွင် ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရပေပြီ။ ထိုအလုပ်သည် ရုတ်ချည်းပင် အတိတ်တွင် ကျန်ရစ်ခဲ့သည့်အလား ခံစား လိုက်ရလေတော့သည်။

ဒိုင်ဂိုသည် လေးလံသောခြေလှမ်းများဖြင့် မိမိနေထိုင်ရာ ကွန်ဒိုမီနီယမ်သို့ ပြန်ချလာခဲ့လေသည်။ ယခုမိမိနေထိုင်သည့် အခန်းအတွက် အကြွေးကျေရန် နောက်ထပ် (၁၀)နှစ်လောက် ဆပ်ရပေဦးမည်။ မိမိပိုင်ဆိုင်သည့် အရာအားလုံးတွင် ကြွေးများဖြင့်သာ ဝိုင်းရံလျက်ရှိနေလေတော့သည်။ ဒိုင်ဂိုသည် ဆိုဖာပေါ် တွင်ဒူးကိုလက်ဖြင့်ပိုက်ကာ စိတ်ပျက်လက်ပျက် ထိုင်ရင်း ရှေ့တွင်ရှိသော စယ်လို တယောကြီးအား ငေးငိုင်ကြည့်ရှုနေရာမှ သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်လေသည်။

အမှန်စင်စစ် ဤစယ်လိုတယောကြီးတွင် မည်သည့် အပြစ်မှမရှိပေ။ မိမိကဲ့သို့ ကံခေလှသူက ဝယ်ပြီးစမှာပင် အလုပ်က ပြုတ်သွားခဲ့ချေပြီ။ အမျိုးမျိုးသော အဓိပ္ပာယ်အရ ဆိုပါလျှင် ဤစယ်လိုတယောကြီးသည် မိမိအတွက် လေးလံလွန်း လှသည်။

အမှတ်မထင်အချိန်အတွင်းမှာပင် ပြင်ပကမ္ဘာကြီးက မဲမှောင် လာခဲ့တော့သည်။ လျှပ်စစ်မီးမဖွင့်ဘဲ မှောင်ကြီး မည်းမည်းတွင် တစ်ယောက်တည်း စိတ်ပျက်လက်ပျက် ထိုင်နေစဉ်မှာပင် အပြင်တံခါးဖွင့်သံကို ကြားလာရလေသည်။

"ကျေးဇူးအများကြီးတင်ပါတယ်ရှင်။ ခွင့်ပြုပါဦး"

အခန်းအပြင်ဘက်တွင် မိမိ၏ဇနီး မိကာက တစ်ယောက်ယောက်နှင့် နှုတ်ဆက်နေသည့် စကားသံကို ကြားလာရသဖြင့် ဒိုင်ဂိုမှာ သတိပြန်ဝင်လာခဲ့လေတော့သည်။

"ဟယ် မောင်ပြန်ရောက်နေပြီ။ ခုတလောကားမှာ အိမ်နီးနားချင်းနဲ့တွေ့လို့ ဘဝဲတစ်ကောင် လက်ဆောင်ရလာသေးတယ်။ သူမနက်က မျှားလို့ရလာတာတဲ့"

ညနေခင်းလေညှင်းနှင့်အတူ မိကာက ဧည့်ခန်းထဲသို့ ရောက်လာခဲ့သည်။

"ဟယ် မောင်ဘာဖြစ်နေတာလဲ"

လေးလံထိုင်းမှိုင်းစွာ ခြေပစ်လက်ပစ်ထိုင်နေသော ဒိုင်ဂိုကိုကြည့်ရင်း မိကာက ကြင်နာစွာမေးလိုက်လေသည်။

"ပျက်သွားပြီ"

"ဘာကပျက်သွားတာလဲ"

တည်ငြိမ်အေးဆေးသောလေသံဖြင့် မိကာက မေးလိုက်သည်။

"ကိုယ်တို့တီးဝိုင်းလေ"

"ဟုတ်လား"

မိကာက ဘာမှမခံစားရသောလေသံဖြင့် ရွှင်လန်းစွာပင် ပြောလိုက်ပြီး

"နောက်ထပ် တီးဝိုင်းအသစ်တစ်ခု ရှာကြတာပေါ့ မောင်ရယ်" ဟု ပြောကာ ပြုံးပြလိုက်လေသည်။

"နောက်ထပ်တီးဝိုင်းလည်း ရှာလို့ရမယ် မထင်တော့ပါဘူးကွာ" ဒိုင်ဂိုက စိတ်ဓာတ်ကျသည့် လေသံမျိုးဖြင့် ပြောလိုက်သည်။

"ကိုယ့်လက်စွမ်းနဲ့ငှားမယ့်လူရှိမှာမဟုတ်ဘူး။ ပြီးတော့ ဒီတယောဖိုးအကြွေးကလည်းရှိသေးတယ်"

"ဟယ် အကြွေးတင်နေတယ်။ ဘယ်လောက်လဲ"

မိကာ၏မေးခွန်းအား ဒိုင်ဂိုက လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

"ရပါတယ်။ သောင်းတစ်ရာလောက်တော့ ကျွန်မရဲ့ WEB ကွန်ပြူတာဒီဇိုင်းအလုပ်နဲ့ ပြန်ဆပ်နိုင်ပါတယ်"

မိကာက ပြုံးပြီးပြန်ပြောလိုက်သည်။ ဒိုင်ဂိုက ခေါင်းရမ်းပြသည်။

"သောင်းထောင့်ရှစ်ရာ"

သူက မရဲတရဲပြောလိုက်သည်။

"ဟယ် သောင်းထောင့်ရှစ်ရာကြီးများတောင်"

တည်ငြိမ်အေးဆေးလှသော မိကာပင်လျှင် မျက်လုံး အဝိုင်းသား ဖြစ်သွားရလေတော့သည်။

"ပညာရှင်တစ်ယောက်အနေနဲ့ ဒီလောက်တော့ ဝယ်ကိုင် ရတာပေါ့။ ဒါတောင် အလယ်အလတ်တန်းစားပဲ ရှိသေး တယ်"

"ရှင် အတော်မိုက်မဲတာပဲ"

သာမန်အားဖြင့် ဤကဲ့သို့ခက်ထန်စွာ မပြောခဲ့ဖူးသော်လည်း မိကာသည် အထိတ်တလန့်ဖြစ်ကာ ယောင်ထွက်သွားခြင်း ဖြစ်လေသည်။

"ကိုယ်တောင်းပန်ပါတယ်ကွာ"

"အဲဒီ တယောဝယ်တာကို ဘာဖြစ်လို့ ကျွန်မ မသိအောင် ဖုံးကွယ်ထားရတာလဲ"

"မင်းသိရင် တားနေမှာစိုးလို့ပါကွာ"

"ဟုတ်တော့ ဟုတ်တာပေါ့။ ဒါပေမယ့် ဒီလောက်တောင် ကြေးကြီးတဲ့ ပစ္စည်းဝယ်မယ်ဆိုရင်တော့ မိန်းမနဲ့ တိုင်ပင်သင့်တာပေါ့ရှင်"

ဒိုင်ဂိုထံမှ မည်သည့်စကားကိုမှ ပြန်မကြားရတော့။ နောက်ထပ်တဖန် စယ်လိုတယောကြီးအား ငေးမော ကြည့်ရှုနေပြန်သည်။ ကမ္ဘာပေါ်ရှိ ထိပ်တန်း တယောထိုးဆရာ အကျော်အမော်များသည် သန်းရာပေါင်းများစွာ တန်ဖိုးရှိသော စယ်လို တယောမျိုးကို ကိုင်ဆောင်နိုင်ကြပေသည်။ မိမိလည်း သူတို့ကဲ့သို့ ကြေးကြီးသည့် တယောမျိုးကို မကိုင်နိုင်သည့်တိုင် အတော်အသင့်တန်ဖိုးကြီးသော စယ်လိုတယောကို ကိုင်တွယ်တီးခတ်လိုသည်မှာ သဘာဝပင်ဖြစ်ပါသည်။ သို့ပါသော်လည်း ယခုတော့ ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ရလေပြီ။

"ကဲ ကဲ ကျွန်မထမင်းသွားချက်ဦးမယ်"

မိကာက ထိုကဲ့သို့ပြောပြီးနောက် မီးဖိုထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားလေတော့သည်။ မည်ကဲ့သို့ဆိုစေကာမူ မိမိအား အပြစ်ဖို့ကာ ဆူပူမသွားသည်ကိုပင် ကြံဖန်ကျေးဇူးတင်ရဦးတော့မလို ဖြစ်နေပေသည်။ သို့ပါသော်လည်း မိကာက သဘောကောင်းတိုင်း မိမိကလိုက်ပြီး နွှဲ့ဆိုး ဆိုးနေ၍ မသင့်ပြန်ပေ။ ယခုအချိန်ကစပြီး မိမိ ဘာဆက် လုပ်ရမည်နည်း။ ထိုကဲ့သို့ ထွေရာလေးပါး လျှောက်စဉ်းစား နေစဉ်အတွင်း မီးဖိုချောင်အတွင်းမှ မိကာ၏ လန့်အော်လိုက်သည့်အသံကို ကြားလာရလေသည်။

"အမယ်လေး"

ဒိုင်ဂိုက မီးဖိုတွင်းသို့ အမြန်ပြေးကြည့်လိုက်သည့်အခါ ကြမ်းပြင်ပေါ် တွင်ကျနေသော ပလတ်စတစ်အိပ်ကြီးမှာ လှုပ်ခါနေသည်ကို တွေ့ရလေသည်။

"ကြောက်လိုက်တာမောင်ရယ် ဘဝဲကောင်ကြီးက မသေသေးဘူး"

မျက်နှာအကြီးအကျယ်ပျက်ကာ ကြောက်ဒူးတုန်နေသော မိကာ၏အဖြစ်ကိုကြည့်ပြီး ဒိုင်ဂိုက သဘောကျသွားသဖြင့် တဟားဟား ရယ်ချလိုက်လေသည်။ အမှန်တော့ ပြောရလောက်အောင် ရယ်စရာကောင်းလှသည် မဟုတ်သော်လည်း သူက အူတက်မတတ်ရယ်နေမိလေသည်။

ကားပေါ် သို့ရောက်သည့်တိုင် ရယ်ချင်စိတ်က မကုန်သေးသည့်အတွက် ဒိုင်ဂိုက လက်ကိုင်ဘီးကို အာရုံစိုက်ကိုင်ရင်း မျက်နှာကို ပြန်တည်ပစ်ရသည်။

"မောင် တကယ်ပြောတာလား ဟင်"

ဘေးခုံတွင်ထိုင်ရင်းလိုက်ပါလာသော မိကာက မေးလိုက်သည်။

"မင်းပဲ ဒီနေ့ ထမင်းချက်စားချင်တဲ့ စိတ်ကုန်သွားပြီလို့ ပြောခဲ့တာပဲ မဟုတ်လား"

"ဟုတ်တယ်လေ။ ဘဝဲအရှင်ကြီးကိုတွေ့ကတည်းက ဘာမှ မလုပ်ချင်တော့ဘူး"

ထိုသို့ပြောပြီးနောက် မိကာက နောက်ထိုင်ခုံဘက်သို့ လှည့်ကြည့်လိုက်သည်။ နောက်ထိုင်ခုံပေါ် တွင်ဘဝဲကောင် ထည့်ထားသော အိတ်ကြီးကို တင်လာခဲ့ပေသည်။

မော်တော်ကားကလေးသည် ညခင်းကတ္တရာ လမ်းမကြီး ပေါ်တွင်ငြိမ့်ညောင်းစွာ ပြေးလွှားလျှက် ရှိနေပေသည်။ လမ်းချိုးလမ်းကွေ့အတော်များများကို ဖြတ်သန်းခဲ့ပြီးနောက် ဥမင်လိုဏ်ခေါင်းများကို ကျော်ဖြတ်လာပြီးသည့်အခါ ရိန်းဘိုး ဘရစ်ဂျ်တံတားကို ဖြတ်လာမိသည့်အခါ အိုဒိုင်းဘသို့ ဆိုက်ရောက်လာခဲ့ကြတော့သည်။

"ကြည့်စမ်း။ ဒီလောက်နီးနေတာတောင် အိုဒိုင်းဘကို တော်တော်နဲ့ မရောက်ဖြစ်ဘူး။ အရင်တုန်းကလည်း

အပျော်စီးကားနဲ့ အိုဒိုင်းဘာဘက်သွားလည်ရအောင်ဆိုတော့ မောင်က မြင့်တဲ့နေရာတွေကို သွားရမှာကြောက်တယ်ဆိုတာနဲ့”

မိကာက အပျော်စီးကားကြီးများမှ ထွက်လာသော မီးရောင် အမျိုးမျိုးကိုကြည့်ကာ ရေးဖြစ်ဟောင်းများကို အောက်မေ့တသနေမိလေသည်။

“အင်း ဒီနေ့တော့ ကားတော်တော်ကြီး မောင်းဖြစ် တယ်နော်”

“ဟုတ်ပါရဲ့နော်”

ရိန်းဘိုးဘရစ်ဂျ်ခေါ် သက်တန့်တံတားကိုဖြတ်ကျော် နေစဉ် နှစ်ယောက်သားမှာ စကားမပြောဘဲ ငြိမ်နေခဲ့ကြသည်။ အိုဒိုင်းဘာ၏ ဆုံစည်းရာနေရာတစ်ဝိုက်တွင် လူများစည်ကား လျက်ရှိသည်။ ဒိုင်ဂိုက လူနည်းရာနေရာတစ်ခုတွင် ကားကို ထိုးရပ်လိုက်ပြီး ဘဝဲထုပ်ကြီးကိုဆွဲကာ ပင်လယ်ဘက်သို့ လျှောက်လာခဲ့သည်။

“သေလုဆဲဆဲမှာ အသက်ကယ် ခံလိုက်ရပြီ။ မောင်ရင်ဟာ ကမ္ဘာပေါ် မှာကံအကောင်းဆုံးရေဘဝဲပါကွာ”

မင်းကံကောင်းသလို ငါတို့ကိုလည်း ကံကောင်းအောင် ဆုတောင်းပေးပါကွာဟု ဒိုင်ဂိုကစိတ်ထဲမှ ပြောဆိုရင်း ကျောက်ဆောင်ကြီးတစ်ခုပေါ် တွင်သွားရပ်လိုက်သည်။

“နောက်တစ်ခါအဖမ်းမခံရစေနဲ့ကွာ”

ဒိုင်ဂိုက တတွတ်တွတ်ပန်ကြားလျက်ရှိသည်။ သူ့အဖြစ် ကို ကြည့်ရင်း မိကာက သဘောကျလွန်းသောကြောင့် တခစ်ခစ် ရယ်မောလျက်ရှိသည်။

"ဘာကိုရယ်နေတာလဲ"

"မောင့်ကိုသဘောကျလို့ပါကွယ်"

"ဘာကိုသဘောကျတာလဲ"

"မောင့်ရဲ့အကြင်နာစိတ်ထားကိုပါ"

"ဟင်"

ရေဘဝဲကို မကြည့်လိုက်သောအခါ ပါးဟက်က လုံးဝ မလှုပ်ရှားတော့။ ဒိုင်ဂိုကဘဝဲကြီးကို ကိုင်မကာ ပင်လယ်ထဲသို့ ပစ်ချလိုက်သည်။ သေဆုံးနေသော ဘဝဲကောင်ကြီးသည် ပင်လယ်ရေ မျက်နှာပြင်ထက်တွင် ပေါလောပေါ်ကာ မျောပါသွားလေတော့သည်။

"သေသွားပြီလား မပြောတတ်ဘူးနော်"

မိကာက ဂျက်တီတံတားပေါ်အထိလိုက်လာပြီး ပင်လယ်ရေပြင်ထက်တွင် ပေါလောမျောနေသော ဘဝဲကောင်ကြီးအား ငေးကြည့်နေလေသည်။ ထိုဘဝဲကောင်ကြီး သေသွားလေပြီလား၊ ရှင်နေသေးသလား မည်သူမျှအတတ် မပြောနိုင်သော်လည်း ညစ်ညမ်းလှသော တိုကျို ပင်လယ်ထဲတွင် မြောပါ

သွားသည်ကို မြင်နေရခြင်းအားဖြင့် ရင်ထဲတွင် ပိုပြီးနာကျင်စွာ ခံစားလာရလေသည်။

ဘဝဲကောင်ကြီးအား ရေထဲသို့လွှင့်ပစ်လိုက်သည့်ညတွင် ဒိုင်ဂို၏ရင်ထဲ၌ ထူးဆန်းလှသောအတွေးတစ်မျိုးက ဝင်ရောက်လာခဲ့လေသည်။

"တိုကျိုနဲ့ခွဲရတော့မယ်ထင်တယ်"

ထိုခွဲခွာမှုသည် လက်ရှိကာလတွင် မိမိအား ဝန်းရံလျက်ရှိသော အရာအားလုံးနှင့် ခွာခြင်းမျိုးဖြစ်လေသည်။ ထို့နောက် အတိတ်ကာလတွင် မွေးရပ်မြေ၌ သူငယ်ချင်းများနှင့် ဖက်လဲတကင်း ဆော့ကစားနေကြပုံများကို ပြန်လည်မြင်ယောင်လာပြန်သည်။ ထို့နောက် ဘေးတွင်ချထားသော စယ်လိုတယောအိပ်ကြီးအား ထပ်မံငေးမောကြည့်ရှု နေပြန်လေသည်။

မိမိ အမျိုးသမီး၏အရပ်နှင့် သိပ်မကွာလှသော သားရေအိပ်ကြီး ထဲတွင် လဲလျောင်းအိပ်ပျော်နေသော စယ်လိုတယောကြီးမှာ ဒိုင်ဂိုအတွက် မိန်းမကဲ့သို့ပင် အရေးပါလှသော ဘဝအဖော်မွန်ဖြစ်လေသည်။

"ကမ္ဘာပေါ် မှာရှိတဲ့မြို့သစ်တိုင်းဟာ ကိုယ်တို့ နေရမယ့်နေရာလို့ မှတ်လိုက်ပေါ့ကွယ်။ ကိုယ်တို့တစ်တွေ တစ်သက်လုံး ခရီးတွေထွက်ပြီး ဂီတဖျော်ဖြေပွဲတွေ ကျင်းပ သွားကြတာပေါ့"

ဒိုင်ဂိုက ဓာတ်ပုံဘောင်ထဲတွင်ရှိသော မိမိတို့ မင်္ဂလာဦးပျားရည်ဆမ်းခရီးထွက်ခဲ့စဉ်က ရိုက်ခဲ့သောဓာတ်ပုံကြည့်ရင်း

မိကာအား ချစ်ရေးဆိုခဲ့စဉ်က ပြောခဲ့သော စကားများကို ပြန်လည် ကြားယောင်မိလာခဲ့သည်။ ထိုမျှသာမက အခြားသော စကားလုံးလှလှကလေးများကိုလည်း အပိုဆောင်း၍ ပြောနေခဲ့မိလေသည်။ ဓာတ်ပုံထဲတွင် တွေ့နေရသော ဒိုင်ဂို၏ မျက်ဝန်းများသည် မျှော်လင့်ချက် အိပ်မက်များနှင့် ဝင်းလက်တောက်ပနေလေတော့သည်။ သို့ပါသော်လည်း ယခုအချိန်တွင် ထိုမျှော်လင့်ချက်များ မေးမှိန်ပျောက်ကွယ်သွားခဲ့ရလေပြီ။

ပျားရည်ဆမ်းခရီးထွက်ခဲ့စဉ်က ရိုက်ခဲ့သော ဓာတ်ပုံ မှန်ဘောင်၏ ဘေးတွင် တက္ကသိုလ် ကျောင်း တက်စဉ်ကနှင့် နိုင်ငံခြားသို့ခရီးထွက်စဉ် အမှတ်တမဲ့ ရိုက်ကူးခဲ့သော ဓာတ်ပုံများကို ချိတ်ထားလေသည်။ ထိုဓာတ်ပုံများကို ငေးကြည့်နေစဉ် ဒိုင်ဂိုသည် မှန်ထဲတွင်ပေါ် နေသော မိမိ၏ ပုံရိပ်အား သတိထားကြည့်မိလိုက်သည်။ ဓာတ်ပုံထဲက လူသားနှင့် မိမိတို့မှာ တခြားစီဖြစ်နေခဲ့ပေပြီ။ မှန်ထဲတွင် တွေ့ရသောပုံရိပ်မှာ မျက်တွင်းဟောက်ပက်နှင့် ညှိုးငယ်လျက် ရှိသည်။ ပျားရည်ဆမ်းခရီးထွက်ခဲ့သည်မှာ တစ်နှစ်မျှပင် မရှိသေးသော်လည်း အဘယ့်ကြောင့်များ ဤမျှခြားနားသွားခဲ့သည်ကို နားမလည်နိုင်အောင် ဖြစ်ရလေတော့သည်။

မိမိဂီတတက္ကသိုလ်တက်ခဲ့စဉ်က ဂုဏ်ထူးတွေ တစ်သီကြီး ရခဲ့ပေသည်။ ဘွဲ့ရပြီးကာစ မိမိသည် တီးဝိုင်းထဲတွင် ဝင်ရောက်တီးခတ်ခြင်းထက် တစ်ကိုယ်တော်

ဖျော်ဖြေရန် စိတ်အားထက်သန်ခဲ့ပေသည်။ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားများ၊ အပျော်စီးသင်္ဘောနှင့် အိမ်များတွင် တစ်ကိုယ်တော် ဖျော်ဖြေမှုများဖြင့် မအားရအောင်ရှိနေခဲ့သည်။

ငွေကြေးစုဆောင်းမိသောအခါ ဥရောပသို့ပင် ပညာတော်သင် သွားနိုင်ခဲ့သည်။ ဂျပန်သို့ပြန်ရောက်လာသော အခါ တီးဝိုင်းတစ်ခုတွင် ပါဝင်တီးခတ်စဉ်ကလည်း အတော့်ကို အဆင်ပြေခဲ့သည်။ ဂီတဖြင့် အသက်မွေးခဲ့ရသောကြောင့်လား မသိ၊ လူပျိုဘဝဖြင့် အကြာကြီး နေခဲ့ရသည်။ မိကာနှင့် တွေ့ပြီး အိမ်ထောင်ကျသည့်အခါတွင်လည်း ထိုကဲ့သို့ တစ်ကိုယ်တည်း ဘဝဖြင့် အကြာကြီးနေခဲ့ရခြင်းအတွက် အကျေနပ်ကြီး ကျေနပ်ခဲ့ပေသည်။

ဘဝကြင်ဖော်ရလာသည့်အတွက် တယောတီးသမား တစ်ယောက်၏ အနာဂတ်မှာ ပိုမိုတောက်ပလာခဲ့ရလေသည်။ မိမိ၏ဘေးတွင် မိကာရှိနေပြီး ဤအတိုင်းသာ တယောတီး နေရလျှင် ဘဝမှာလောကနိဗ္ဗာန်ကြီးကဲ့သို့ ပျော်စရာ ကောင်းလှပေတော့သည်။ သို့ဆိုသည့်တိုင် အဘယ့်ကြောင့်များ မိမိ၏ဘဝစက်ဝန်းတွင် ခွေးသွားစိတ်တစ်ခုက ကြားညှပ်သွား ရပါသနည်း။

မိမိ၏ကျောင်းနေဖက်အားလုံးမှာ ဂီတဖြင့်ဆက်လက် အသက်မွေး နေကြပုံရလေသည်။ အချို့ကလည်း ပြည်တွင်း တွင် သာမက ပြည်ပတွင်ပါ နာမည်ကြီးဂီတသမားများ ဖြစ်နေကြသည်။ တချို့ကလည်း တစ်ကိုယ်တော် ဖျော်ဖြေမှု

ဖြင့် အောင်မြင်ကာ ချမ်းသာကြီးပွားလျက် လူ့မလိုင်များ ဖြစ်လာ ကြသည်။ တချို့လည်း တီးဝိုင်း ခေါင်းဆောင်များ၊ အချို့ကလည်း ဂီတဆရာကြီးများအဖြစ်သို့ တက်လှမ်းလာခဲ့ ကြပေပြီ။ ဂန္ထဝင်တေးများကို ခေတ်မီတူရိယာများဖြင့် တီထွင် တီးခတ်ကာ အောင်မြင် ကျော်ကြားသူများလည်း ရှိကြသည်။

ဂီတဖြင့် ထမင်းစားရန်ခက်ခဲသည်မှန်သော်လည်း မိမိ၏ အပေါင်းအသင်း များသည် မိမိတို့ဝါသနာပါရာ လမ်းကြောင်း ပေါ်တွင် ဖြောင့်ဖြောင့်တန်းတန်းကြီး လျှောက်လှမ်း နေကြပြီ။ ဒိုင်ဂိုသည်လည်း ဂီတလောကအား စွန့်ခွာသွားရန် မည်သည့် အခါကမျှ စိတ်မကူးခဲ့ဖူးပေ။

သို့ပါသော်လည်း လက်တွေ့ဘဝက ကြမ်းတမ်း ခက်ထန် လွန်းလှသည်။ မည်သို့ပင်ဖြစ်စေကာမူ မိမိ၏ ပကတိ ပညာပိုင်း အခြေအနေမှန်အား စောစီးစွာ သိရှိနားလည် ထားသည် က ပို၍ကောင်းပေလိမ့်မည်။

ထိုအခြေအနေအတိုင်း ခဏတစ်ဖြုတ်ဆိုသလို အခန်း တွင်းတွင် လှည့်လည်ကြည့်ရှုနေပြီးနောက် ပွင့်ဟနေသော တံခါး၏ အခြားတစ်ဖက်ဆီသို့ လှမ်းကြည့် လိုက်မိ လေသည်။ ဧည့်ခန်း၏အလယ်တွင်ရှိသော ဆက်တီ စားပွဲပေါ်တွင် မိကာ နှင့် မိမိတို့စားခဲ့သော ခေါက်ဆွဲခြောက်ဘူးကလေး နှစ်ဘူးက တန်းစီ နေကြသည်။ အိမ်ထောင်ကျကာစ ကမူ မိကာလည်း အချက်အပြုတ်သင်တန်းကို တက်ခဲ့သေးသည်။ သို့ပါသော် လည်း ဒိုင်ဂို တစ်ယောက်တည်း၏ ဝင်ငွေဖြင့် မစားလောက်

သည့်အတွက် တစ်ဖက်တစ်လမ်းမှ မိကာပါ အလုပ် ဝင်လုပ် ရသောအခါ ထိုသင်တန်းသို့ ဆက်မတက်နိုင်တော့ပေ။ ခုတော့ မိမိမှာလည်း အလုပ်လက်မဲ့ဖြစ်ကာ ဇနီးသည် တစ်ယောက် တည်း၏ ဝင်ငွေတစ်ခုတည်းအပေါ်တွင်သာ အားထားနေရ ပေပြီ။ မည်သို့ပင်ဖြစ်စေကာမူ သည်ထက်ပိုပြီး မိကာ အပေါ် တွင် ဒုက္ခပေးရန် မသင့်လျော်တော့ပေ။

ထို့ကြောင့် မိမိတို့၏ရေ့ရေးကို မိကာအား အတိအလင်း အသိပေးရပေတော့မည်။ ထို့ကြောင့်ဒိုင်ဂိုက ထရပ်လိုက် သည်။ သူ့အဖို့ နဂိုကတည်းက စကားနည်းလှသည့်အပြင် လူတစ်ဖက်သားအား ပြောစရာရှိသည့်တိုင် တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်ကာ တော်တော်နှင့် ပြောမထွက်နိုင်အောင် ဖြစ်နေတတ်ပေ သည်။ ဇနီးဖြစ်သူမိကာကပင် စောစောကတည်းက ပွင့်ပွင့်လင်းလင်း ပြောခဲ့ရင် အကောင်းသားဟူ၍ မကြာခဏ ဆိုသလို သတိပေး နေခဲ့ရလေသည်။ အလုပ်ခန်းတွင် ကွန်ပျူတာကို မျက်နှာမူ၍ အလုပ်လုပ်နေသော မိကာ၏ နောက်သို့ သွားရပ်လိုက် လေသည်။

မိမိ ဘယ်လိုဆက်ပြီး လုပ်ရပါမည်နည်း။ မိမိနှုတ်မှ ဖွင့်ဟပြောလိုက်မည်အပြုတွင် စောစောပိုင်းက ပင်လယ်ထဲ ပေါလောမျောနေသော ဘဝဲကောင်ကြီးအား ပြန်လည် မြင်ယောင် လာခဲ့လေတော့သည်။ အသက်ကင်းမဲ့နေပြီ ဖြစ်သော ဘဝဲကောင်ကြီးအား မိမိပင်လယ်ထဲသို့ တမင် စွန့်ပစ်ခဲ့ခြင်းသာ ဖြစ်လေသည်။ အမှန်အတိုင်းပြောရလျှင်

ရှုံးသွပ်ခဲ့ခြင်းသာဖြစ်လေသည်။ မီးဖိုချောင်ထဲတွင် ချက်စားခဲ့လျှင် မည်မျှအရသာရှိလိုက်မည်နည်းဟု တွေးကာ နှောင်တ ရနေမိပြန်သည်။ သူ့အဖို့ မည်သည့်အခါတွင်မဆို ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခြင်းမရှိဘဲ တွေဝေနေခဲ့ရပေသည်။

"ရပ်ပစ်လိုက်ရင် ကောင်းမလားပဲ"

မိမိနှုတ်ဖျားမှ ယောင်ယမ်းကာထွက်လာသော စကားလုံးများ ဖြစ်လေသည်။ ပြောလိုက်ပြီးမှ ထိတ်ခနဲ ခံစားလိုက်ရပြန်သည်။

သို့သော်လည်း ထိုစကားလုံးများသည် အကြာကြီး စဉ်းစားပြီးမှ ထွက်လာကြခြင်းဖြစ်လေသည်။

"ဘာကိုရပ်ပစ်လိုက်ရမှာလဲ မောင်"

မိကာက နောက်သို့လှည့်ကြည့်ရင်း မေးလိုက်သည်။

"စယ်လိုတယောထိုးတဲ့အလုပ်ကိုလေ"

"အဲသည်အလုပ်ကိုရပ်ပြီး ဘာဆက်လုပ်မှာလဲ"

"ရွာကိုပြန်မယ်။ ယာမဂတကိုလေ"

ဒိုင်ဂိုက အမှန်အတိုင်း ဖွင့်ဟပြောကြား လိုက်လေတော့သည်။

"တိုကျိုမှာ သည်အတိုင်းဆက်နေလို့ကတော့ ဘာမှ ထူးခြားလာမှာ မဟုတ်ဘူး။ ကိုယ် ဒီအကြောင်းကို စဉ်းစားနေတာ ရက်တွေတောင် အတော်ကြာခဲ့ပြီ"

စကားပြောနေစဉ်မှာပင် ထိုကဲ့သို့ဆုံးဖြတ်မိခဲ့ခြင်းမှာ အကောင်းဆုံး ဟု တွေးလိုက်မိလေသည်။ သည့်ထက်ပိုပြီး တိုကျိုတွင် ဆက်နေလို့ကလည်း အဓိပ္ပာယ်ရှိလှသည် မဟုတ်တော့။ မိမိ၏မျက်မှောက်တွင် လမ်းကပိတ်လျက် ရှိနေပေပြီ။ လိုဏ်ဂူကြီးအတွင်းကျကျဘက်သို့ ရောက်နေသော မိမိသည် ထွက်ပေါက်ရှာမရအောင် ဖြစ်နေခဲ့ရပေပြီ။ ရောင်ခြည်ကလေး တစ်စက်မျှ လင်းလက်လာသည်ကို မတွေ့ရတော့ပေ။

ထိုကဲ့သို့ ဒိုင်ဂိုကအကျိုးအကြောင်းရှင်းပြနေစဉ်

"မောင်က အိမ်ပြောင်းချင်တယ်ဆိုပါတော့"

မိကာက ပွင့်ပွင့်လင်းလင်းပင် မေးချလိုက်လေတော့သည်။ ဒိုင်ဂိုကလည်း ထိထိရောက်ရောက် ရှင်းမပြတတ်သောကြောင့် ပြောလိုက်တိုင်း စကားကြောက ရှည်ရှည် သွားတတ်သည်မဟုတ်ပါလား။ စကား ပြောလိုက်တိုင်း တော်တော်နှင့် နိဂုံးချုပ်ဆုံးဖြတ်ချက်ကို မချနိုင်သည့် အတွက် မိကာက ဆိုလိုရင်းကို တည့်တိုးတောင်းဆိုလိုက်ခြင်း ဖြစ်လေသည်။

"ဒါကြောင့် ယာမဂတကို ပြောင်းမယ်ဆိုပါတော့"

"ယာမဂတ"

"အမေ့အိမ်ကိုလေ"

"အမေဆုံးပြီးကတည်းက အဲဒီအိမ်ကြီးကို ပစ်ထားတာကြာပြီမဟုတ်လား"

ပြီးခဲ့သောနှစ်က ဒိုင်ဂိုဥရောပသို့ ခရီးထွက်လာခဲ့စဉ် မိခင်ကြီး အသည်းအသန်ဖြစ်ကြောင်း ဆွေမျိုးသားချင်းများမှ ဖုန်းဆက်အကြောင်းကြားလာခဲ့လေသည်။ ချက်ချင်းပင် လေကြောင်းခရီးဖြင့် ပြန်လာခဲ့သော်လည်း ရွာကိုရောက်တော့ မိခင်ကြီး၏အလောင်းကို မမီတော့ဘဲ အရိုးအိုးကလေးကိုသာ တွေ့ရလေတော့သည်။

"ပြီးခဲ့တဲ့ နှစ်ဆန်းပိုင်းလောက်ကဆိုတော့ သိပ်လည်းကြာလှသေးတာ မဟုတ်ပါဘူးလေ"

မွေးရပ်မြေနှင့်ပတ်သက်ပြီး အထင်ကရအမှတ်ရစရာဆို၍ များများစားစားမရှိခဲ့ပေ။ မူလတန်းကျောင်း မနေခင်ကပင် ဖခင်ကြီးက မိမိအား တယောထိုးသင်ခိုင်းခြင်းကြောင့် ကျောင်းသားကြီးများက မိမိအားဝိုင်းပြီး စကြ နောက်ခဲ့ကြသည်ကိုတော့ ကောင်းကောင်းကြီး မှတ်မိနေသေးသည်။ ဖခင်ကြီးက မိမိအကောင်အထည် မဖော်နိုင်ခဲ့သော အိပ်မက်အား မိမိကိုဖက်ပြီး အကောင်အထည် ဖော်ခိုင်းခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။ ရွာတွင် မိမိနှင့်ရင်းနှီးသော ငယ်သူငယ်ချင်းလည်း သိပ်မရှိခဲ့ပေ။ ရွာအကြောင်း

ပြန်စဉ်းစားလိုက်လေတိုင်း နှင်းများဖြင့် ဖြူဖွေးနေသော ကွင်းပြင်ကြီးကိုသာ ပြန်လည် မြင်ယောင် လာမိလေသည်။ မိမိမှာ ရွာအပေါ်တွင် သံယောဇဉ် ကြီးကြီးမားမား မရှိသည့်တိုင် ယခုအချိန်တွင် ရွာကိုပြန်ဖို့ စဉ်းစား လာခဲ့ရလေပြီ။

"အိမ်ကိုနည်းနည်းပါးပါးပြန်ပြင်လိုက်ရုံနဲ့ အသင့်နေလို့ ရမှာပါကွာ"

လေးလေးနက်နက်မတွေးဘဲ အကောင်းမြင် စိတ်သက်သက်ဖြင့် ဆက်လက်ရှင်းပြနေသော ဒိုင်ဂိုအား မိကာက တည့်တိုးပြောချလိုက်လေသည်။

"ကန့်ကွက်ရန်အကြောင်းမရှိပါရှင်"

မိကာက ပြုံးပြုံးကြီးလုပ်ကာ လက်ကိုမြှောက်ပြရင်း သဘောတူကြောင်းအချက်ပြလိုက်လေသည်။

"ဟာ တကယ်လားဟင်"

အလိုက်သင့် အရန်သင့်ပင် ဖြစ်လာခဲ့တော့သည်။ မိမိ၏ အစီအစဉ်ပေါ်တွင် အမျိုးမျိုးအကြောင်းပြကာ ငြင်းဆန်လိမ့်မည်ဟု နဂိုကထင်ထားခဲ့သော်လည်း မိကာက အလွယ်တကူပင် သဘောတူလက်ခံလိုက်သည့်အတွက် ဒိုင်ဂိုအဖို့ ပျော်မဆုံးအောင် ဖြစ်ရလေတော့သည်။ မိကာ ကလည်း သူနှင့်အတူလိုက်ပြီး ရယ်မောနေခဲ့လေသည်။

"အမေထားခဲ့တဲ့ အိမ်မှာနေရမှာဆိုတော့ ကျွန်မတို့လည်း အိမ်လခပေးစရာ မလိုတော့ဘူးပေါ့"

"ဒါတော့ ဒါပေါ့ကွယ်"

"မောင်စီစဉ်တာကို လက်ခံလိုက်တာပဲ။ ဝမ်းမသာဘူးလား"

အမှန်တော့ မိကာက အကြောင်းအမျိုးမျိုးပြကာ ငြင်းဆန်နေလိမ့်မည်ဟုလည်း တွေးနေမိခဲ့သောကြောင့် ဖြစ်လေသည်။

"ကျွန်မရဲ့နှလုံးသားထဲက အဖြေထွက်နေပြီးသားပါ မောင်ရယ်။ မောင်လည်း စဉ်းစားရင် အဖြေက ထွက်နေပြီးသားမို့ အခုလိုထုတ်ပြောတာပဲ မဟုတ်လား"

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

ဒိုင်ဂိုအဖို့ ယခုလိုယာမဂတသို့ ပြောင်းရွှေ့ရန်အရေးကို မိကာက အလွယ်တကူလက်ခံလိုက်သည့်အတွက် သံသယ ဝင်နေမိလေသည်။

"မောင့်ရဲ့စိတ်ထဲမှာ ရွာပြန်ဖို့ပဲ အမြဲတွေးနေတာပဲ မဟုတ်လား။ ဘယ်တတ်နိုင်ပါ့မလဲ မောင်ရယ်"

မိကာက အမှန်အတိုင်းတည့်တိုးပြောချလိုက်သည်။ စယ်လို တယောတီး၍ အောင်မြင်မှုကိုရှာဖို့လမ်းကို စွန့်လွှတ်လိုက်ပြီ ဆိုမှတော့ ပတ်ဝန်းကျင်အသစ်တွင်

ဆက်လက် ကြိုးစားရုံသာ ရှိတော့သည်ဟု တွေးမိလျက် သောကြောင့် ထိုကဲ့သို့ပြောလိုက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

"ကဲ ကဲ ထားလိုက်ပါတော့လေ။ ပြောင်းဖို့ကိစ္စအဝဝကို မောင်ပဲစီစဉ်တော့"

ထိုသို့ပြောလိုက်ပြီးသည့်နောက် မိကာက သူ့အလုပ်ကို သူဆက်လုပ်နေလေသည်။

"ဩော် ဩော် ကောင်းပြီလေ"

ဒိုင်ဂိုက ခဏတစ်ဖြုတ်ရပ်ပြီးစဉ်းစားနေသော်လည်း မိကာကမူ နောက်သို့လှည့်မကြည့်ဘဲ သူ့အလုပ်ကို သူ ဆက်လုပ်နေလေသည်။

"မိကာက တကယ်ပြောနေတာလားဟင်"

ဒိုင်ဂိုက ဖြူဖွေးနူးညံ့လှသော သူမ၏ကျောပြင်ကို ကြည့်ပြီး မေးလိုက်သည်။

"အင်း တကယ်ပါ"

မိကာက ပြုံးပြုံးကြီးလုပ်ကာ နောက်သို့ လှည့်ကြည့်လိုက်သည်။

ဒိုင်ဂိုအဖို့ ပထမဆုံးလုပ်ရမည့်အလုပ်မှာ သူ့စယ်လို တယောကြီးအား ပြန်ရောင်းပစ်ရန်ဖြစ်လေသည်။ ထို့ကြောင့် တယောကြီးကို ကိုင်ဆောင်ကာ ဂီတပစ္စည်းရောင်းဝယ်ရေး ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်လာခဲ့လေသည်။

ဆိုင်ရှင်က တယောဧ၏အတွင်းခေါင်းထဲသို့ ချောင်းကြည့်လိုက်၊ တယောကို ထောင်ပြီး ပတ်ချာလှည့် ကြည့်လိုက်၊ နှာခေါင်းဖြင့်နမ်းကြည့်လိုက်ဖြင့် အမျိုးမျိုး စမ်းသပ်ကာ တန်ဖိုးဖြတ်ဖို့ကြံစည်လျက်ရှိသည်။

"ပြေစာကောယူခဲ့ရဲ့လား"

"ဟုတ်ကဲ့၊ ပါပါတယ်"

ဒိုင်ဂိုကလက်ဆွဲအိပ်ထဲမှ ပြေစာစာရွက်ကိုထုတ်ကာ ဆိုင်ရှင်ကြီးအားကမ်းလိုက်သည်။ ထို့နောက် ဆိုင်ပိုင်ရှင်သည် အတွင်းခန်းဘက်ရှိ မန်နေဂျာဆီသို့သွားကာ နှစ်ယောက်သား တိုးတိုးတိတ်တိတ် တိုင်ပင်နေကြပြန်သည်။ ဒိုင်ဂိုက အပြင်ဘက်တွင် ငိုင်ပြီး စောင့်နေရှာသည်။ သို့နှင့် မိမိတစ်သက်လုံးမက်ခဲ့သောအိပ်မက်နှင့် လက်တွေ့ဘဝတို့မှာ တဖြည်းဖြည်း ကွာခြားလာပြီဖြစ်ကြောင်း သတိထားမိလာလေတော့သည်။ လက်တွေ့ဘဝနယ်ပယ်သစ်တွင် ခြေချရတော့မှာ ပါလားဟု တွေးတောနေစဉ်မှာပင် ဆိုင်ရှင်ကြီးက အခန်းထဲမှထွက်လာပြီး မိမိတို့ဆိုင်မှ တယော အတွက် တန်ဘိုးဖြတ်သည့် စာရွက်ကို ကမ်းလာခဲ့လေသည်။

"ဟုတ်ကဲ့၊ ရပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်"

ကံကောင်းသည်ဟု ဆိုရမလားမပြောတတ်တော့ပေ။ မိမိအဖို့ တီးဝိုင်းတွင် တစ်ကြိမ်မျှသာ သုံးရသေးသဖြင့် အသစ်နီးပါး ဖြစ်သဖြင့် ဈေးကြီးကြီးနှင့် ပြန်ရောင်းနိုင်

ခဲ့လေသည်။ လူ့ဘဝ၏ကြီးမားသောအလှည့်အပြောင်းအတွက် ခြေချလိုက်သည်ဟု ဆိုရမည်ဖြစ်သော်လည်း စယ်လို တယောကြီးအား ရောင်းလိုက်နိုင်သည့်အတွက် ဒိုင်ဂို၏ ရင်ထဲတွင် အတော်ကြီး ပေါ့သွားလေတော့သည်။ ဆန်းတော့ အတော် ထူးဆန်းသည်။ ယခုအချိန်အထိ မိမိအား ချည်နှောင်ထားသော သံယောဇဉ်ကြိုးတစ်ချောင်းမှ လွတ်မြောက် လာသည်ဟုလည်း ခံစားလိုက်ရသည်။ အမှန်စင်စစ် မိမိကြာမြင့်စွာ ရည်မှန်းနေခဲ့သောအိပ်မက်မှာ အိပ်မက်အစစ်မဟုတ်ဘဲ စိတ်ကူးယဉ်ရူးသွပ်မှုသာဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်လာခဲ့ရလေသည်။

× × × × × × × × × × × × × × × × × × × × × ×

## အခန်း (၃)

ထိုအချိန်ကစပြီး နှစ်ပတ်ခန့်ကြာသွားသောအခါ ဒိုင်ဂို နှင့် မိကာတို့သည် ဆောင်းဦးကာလညနေချမ်းအချိန်တွင် တောလမ်းတစ်ခုပေါ် ၌ တက္ကစီကားကလေး၏ ထိုင်ခုံပေါ် တွင် ယိမ်းထိုးကာ လိုက်ပါလာခဲ့ကြလေသည်။ ကောက်ရိတ် သိမ်းပြီးစ လယ်ကွင်းထဲတွင် ဘဲငန်းများ ဆော့ကစား နေသည် ကို မိကာက ကားပြတင်းပေါက်မှ တအံ့တသြ ငေးမောကြည့်ရှု နေလေသည်။ ရွာနိုင်းအရပ်တွင် ဆောင်းဦး ကုန်လုကာ ဆောင်းရာသီဘက်သို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ပြီ ဖြစ်လေသည်။

"ဟုတ်ပြီ ဟုတ်ပြီ ဒီနေရာမှာရပ်မယ်"

ကျော်သွားခါနီးလေးတွင် ဒိုင်ဂိုကအလျင်စလို ကားဒရိုင်ဘာကြီး ကို လှမ်းသတိပေးလိုက်သည်။

အိမ်ရှေ့ဝါးတန်းပေါ် တွင် တည်သီးခြောက်များကို ချိတ်ဆွဲကာ လှမ်းထားကြပြီး အိမ်ပုံစံများမှာ ခပ်ဆင်ဆင် တူနေကြသည့် အတွက် သတိထားမကြည့်လျှင် ကျော်သွား နိုင်သည်။

"ဒီအိမ်ပဲကွဲ့"

"အယ်"

မြစ်ကမ်းပေါ်တွင် တည်ထားသည့် နှစ်ထပ်အိမ် ကလေးမှာ ဒိုင်ဂိုအတွက် သူ့မိခင်ကြီး ချန်ထားခဲ့သော

တစ်ခုတည်းသော အမွေဖြစ်သည့်အတွက် နှစ်ယောက်သား မော့ကာ အတန်ကြာ ငေးမောကြည့်ရှုနေကြလေသည်။

"ဆောက်ထားတာ အတော်သပ်ရပ်တာပဲ။ လေဝင်လေထွက် လဲ ကောင်းမယ့်ပုံပဲ"

မိကာက မရဲတရဲဖြင့် တံခါးကိုတွန်းဖွင့်လိုက်သည်။

"ဟယ်"

အလွန်ပျော်သွားသည့်ပုံစံမျိုးဖြင့် အော်လိုက်လေသည်။ ဖခင်ဖြစ်သူက အိမ်၏အောက်ထပ်ကို လက်ဖက်ရည်ဆိုင်ပုံစံမျိုးဖြင့် ပြင်ဆင်ထားခဲ့ခြင်း ဖြစ်လေသည်။ အခန်းတွင် ပရိဘောဂ များမှာလည်း ကျွန်းသစ်များဖြင့် တောက်ပြောင်နေကြပြီး JBL စပီကာကြီးနှစ်လုံးအပြင် ဂန္ဓဝင် တေးခွေတ်ပြား များ ကိုလည်း တောင်ပုံရာပုံ တွေ့လိုက် ကြရလေသည်။ ဖခင်ဖြစ်သူက နောက်မိန်းမခေါ်ပြီးအိမ်မှ ထွက်သွားချိန်တွင်မှ မိခင်ဖြစ်သူက ကူဖော်လောင်ဘက် မိန်းကလေးတစ်ဦးနှင့်အတူ စားသောက်ဆိုင်ကလေးတစ်ဆိုင်ကို ဖွင့်လှစ်ကာ ဒိုင်ဂိုအားပြုစုပျိုးထောင်ပေးလာခဲ့ရရှာပေသည်။

ဒိုင်ဂိုအဖို့ ဤဆိုင်က လက်ဖက်ရည်ဆိုင် အကြီးကြီးအဖြစ် ဖွင့်လှစ်ခဲ့စဉ်က အကြောင်းများကို လုံးဝ မမှတ်မိတော့ပေ။ မိမိအဖို့ မှတ်မိနေသည်မှာ ညအချိန်တွင် လာရောက်ကြသော ဧည့်သည်များနှင့်စကားပြောလိုက် သားချော့သီချင်းများ ဆိုလိုက်နှင့် အလုပ်များနေသော မိခင်ကြီး၏

ပုံရိပ်များသာဖြစ်လေသည်။ အောက်ထပ်တွင် မီးဖိုချောင်နှင့် ကောင်တာစားပွဲတို့ ရှိသည့်အတွက် ထမင်းစားခန်း အဖြစ် သုံးလျှင် သင့်တော်မည်ဟု တွေးလိုက်ကြသည်။ အပေါ်ထပ်တွင် ဂျပန်စတိုင် အခန်းသုံးခန်း ရှိရာ အကျယ်ဆုံး အခန်းကို အိပ်ခန်းအဖြစ်သုံးရန် ဒိုင်ဂိုက စဉ်းစားလိုက် လေသည်။

"ဟယ် လှလိုက်တာ။ မောင်ဒီအခန်းမှာ ဘယ်အရွယ် အထိ နေခဲ့တာလဲ ဟင်"

မိကာကမေးလိုက်သည်။

"အလယ်တန်းကျောင်း အောင်ပြီးတဲ့အထိဆိုပါတော့"

ပြန်စဉ်းစားကြည့်လိုက်ပါက လွန်ခဲ့သော အနှစ်(၂၀) ကျော် လောက်က အကြောင်းများဖြစ်လေသည်။ အိမ်ပြောင်း လာပြီး သည့်အချိန်မှစပြီး ဒိုင်ဂိုတစ်ယောက် လက်မလည် နိုင်အောင် အလုပ်များနေခဲ့ရပေသည်။ အိမ်အနီးရှိ ပရိဘောဂ ဆိုင်သို့သွားကာ မိမိတို့၏အခန်းများကို ပြန်လည် ပြင်ဆင်ရေးအတွက် တိုင်ပင်ဆွေးနွေးရလေသည်။ ဆိုင်ပိုင်ရှင်မှာ မိမိနှင့်သက်တူရွယ်တူ သူငယ်ချင်း ဖြစ်နေသည့်အတွက် အဆင်ပြေလှသည်။

"ကိုယ့်မွေးရပ်မြေက တိုကျိုနဲ့စာရင် ဘယ်ကပိုပြီး ပျော်ဖို့ကောင်းလဲ"

ဒိုင်ဂိုက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ပြုံးရုံပဲပြုံးပြ လိုက်သည်။ ထို့နောက် သူငယ်ချင်းဖြစ်သူကိုယ်တိုင် ဦးဆောင်ကာ အခန်းများကို လာပြင်ပေး ကြသည်။

"တိုကျိုက တိုက်ခန်းနဲ့ ဒီအခန်း၊ ဘယ်အခန်းက ပိုကောင်းလဲ ဟင်"

"တိုကျိုက တိုက်ခန်း"

အခန်းထဲက ဗီရိုအံဆွဲများကိုလိုက်ဖွင့်နေသော မိကာက နောက်သို့လှည့်မကြည့်ဘဲ ချက်ချင်းပြန်ဖြေလိုက်သည်။

"အယ်"

"အလကား လိမ်ပြောတာပါ မောင်ရယ်"

မိကာက ပြုံးပြုံးကြီးလုပ်ရင် ဒိုင်ဂိုဘက်သို့ လှည့်ကြည့်လိုက်သည်။ ဒိုင်ဂိုကလည်းအလိုက်သင့် ပြန်ပြုံးပြလိုက်သည်။ ဤကဲ့သို့ ဝမ်းသာအားရပြုံးပြသော မိကာ၏ အပြုံးမျိုးကို မမြင်ရသည်မှာ ကြာခဲ့ပေပြီ။ အခန်းထဲတွင် ဟိုစပ်စပ် သည်စပ်စပ် လိုက်လံကြည့်ရှုနေသော မိကာကို ကြည့်ရင်း ဒိုင်ဂိုသည် မိမိတို့ရွာပြန်နေသည်က ပိုကောင်းသည်ဟုလည်း တွေးနေမိပြန်သည်။

နဂိုကကျယ်လွန်းသည်ဟု ထင်ထားခဲ့သော မိမိတို့ အိပ်ခန်းသည်ပင် ထမင်းစား စားပွဲ၊ တီဗီစင်၊ ဗီရို အစရှိသည့် ပရိဘောဂများကို ထည့်လိုက်သည့်အခါ နေပျော်ဖွယ်ကောင်းသော သပ်ရပ်လှပသည့်အခန်းလေးတစ်ခု ဖြစ်လာခဲ့

ပေသည်။ ဤကဲ့သို့ ငွေကြေးများများ မကုန်ကျဘဲ အခန်း လှလှလေး ဖြစ်လာခဲ့သည့်အတွက် မိကာလည်း အကျေနပ်ကြီး ကျေနပ်လျက် ရှိနေပုံရလေသည်။

ယခင်တုန်းကဆိုလျှင် ဒိုင်ဂိုသည် လက်သုတ်ပုဝါ၊ ရေချိုးကရား၊ ရေချိုးခန်းသုံးရေမွှေးပြင်အစရှိသည့် နေ့စဉ်သုံး ပစ္စည်းများကို လွန်စွာရွံမုန်းလှသူဖြစ်လေသည်။ မိမိ လူပျို ဘဝက အခန်းထဲတွင် နေ့စဉ်သုံး ပစ္စည်းများ၏ အနံ့အသက် ကိုပင် လက်ခံခဲ့သူမဟုတ်ပေ။ အနုပညာရှင် တစ်ဦး ဖြစ်သည်နှင့် အညီ ကိုယ်ရောစိတ်ပါ လွတ်လွတ်လပ်လပ်ကြီး နေလိုခဲ့သူဖြစ်လေသည်။ သို့ပါသော်လည်း မိကာနှင့် အိမ်ထောင် ကျပြီး သည့်အချိန်တွင်မူ မိသားစု ဘဝကို ခင်မင် တွယ်တာ လာခဲ့လေသည်။ သို့ဖြင့် တီဗီစင်၊ ကုလားထိုင်၊ ဗီရို အစရှိသည့် အိမ်ထောင်သုံးပစ္စည်းများအပေါ်တွင် အာရုံစိုက် လာတတ်ခဲ့ပေသည်။

မိကာကလည်း ရွာမှာနေရသည်ကို ပျော်ပိုက်စ ပြုလာခဲ့ ပုံရလေသည်။ ဧည့်ခန်းထဲရှိစားပွဲပေါ်တွင် ပန်းခြံထဲမှ ပန်းကလေးများကိုခူးကာ ပန်းအိုးလှလှကလေးများကို ပြင်ထား တတ်ပေသည်။ အိမ်နီးနားချင်းများနှင့်လည်း ခင်ခင်မင်မင် ဆက်ဆံလာခဲ့သည်။ တိုကျိုမြို့ကြီးတွင် သွားသုတ်သုတ်၊ လာသုတ်သုတ်နှင့် အချိန်ကိုမီအောင် ပျာယာခတ် နေခဲ့ရာမှ သူ၏မျက်နှာကလေးမှာ အေးချမ်း လန်းဆန်း၍ လာခဲ့ပေပြီ။

ဒိုင်ဂိုကမူ နေ့စဉ်နေ့တိုင်း သတင်းစာ ဂျာနယ်များကို လှန်လှော ဖတ်ရှုကာ အလုပ်အကိုင် အခွင့်အလမ်းများကို ရှာဖွေ နေခဲ့လေသည်။ ထိုမျှသာမက အလုပ်အကိုင်ရရှိနိုင်မည့် နေရာ အသီးသီးသို့ ဖုန်းဆက်ပြီး စုံစမ်းသည့်အခါလည်း ရှိပေသည်။ သို့တိုင်အောင် မိမိနှင့်သင့်တော်မည့် အလုပ်ကို တော်တော် နှင့် ရှာမတွေ့နိုင်အောင် ဖြစ်နေရလေသည်။

အိမ်နီးနားချင်းများအား လိုက်လံနှုတ်ဆက်စဉ်က အသိ တစ်ယောက်က ဒေသဆိုင်ရာ သတင်းစာ အရောင်း ကိုယ်စားလှယ် အလုပ်တစ်ခုရှိကြောင်း၊ လျှောက်လွှာပိတ်ရက် နီးနေပြီဖြစ်သောကြောင့် အမြန်သွားလျှောက်စေလိုကြောင်း အကြံပြုလာလေသည်။

သို့ပါသော်လည်း နဂိုကတည်းက နှုတ်နည်းလှသည့် အပြင် ထုံအအနိုင်လှသော ဒိုင်ဂိုနှင့် မသင့်တော်သဖြင့် မိကာ ကပင် အလျှင်စလို ဟန့်တားခဲ့လေသည်။ တစ်ခါကလည်း သူတို့ လင်မယားနှစ်ယောက် လမ်းလျှောက်ထွက်နေစဉ် စက်ရုံ တစ်ခု၏ အုတ်နံရံတစ်ခုတွင် ကြော်ငြာတစ်ခုကပ်ထားသဖြင့် သွားကြည့်လိုက်ရာ အသက်(၂၈)နှစ်ထက် မကြီးစေရဟု ပါနေလေသည်။ မိမိမှာ ယခု အသက်(၃၈)နှစ်ပင် ကျော် နေပေပြီ။ အပြင်ပန်းအားဖြင့် ငယ်ရွယ်သေးသည်ဟု ထင်ရသည့်တိုင် ၁၀နှစ်လုံးလုံး ကျော်လွန်ခဲ့ပြီ ဖြစ်လေသော ကြောင့် ထိုအလုပ်ကိုလည်း လက်လျှော့လိုက်ရလေသည်။

တစ်ခါကလည်း မဂ္ဂဇင်းတစ်စောင်တွင် အယ်ဒီတာ အလိုရှိသည်ဟု ကြော်ငြာပါလာခဲ့သဖြင့် တယ်လီဖုန်းဆက်ပြီး စုံစမ်းကြည့်ခဲ့ဖူးသည်။ စာရေးသည့်အတွေ့အကြုံမရှိပါက လုံးဝ လက်မခံနိုင်ဟု ယတိပြတ်ပြောကာ တစ်ဖက်မှ စကားပြောခွက်ကို ဂွပ်ခနဲ အလျင်ချပစ်ခဲ့ပြန်သည်။ တစ်သက်လုံး ဂီတအနုပညာအလုပ်ကိုလုပ်လာခဲ့ရသော ဒိုင်ဂိုအတွက် မော်တော်ကားလိုင်စင်မှလွဲပြီး အခြားပြစရာ မည်သည့် အထောက်အထား စာရွက်စာတမ်းမျှ မရှိရှာပေ။

"ထမင်းကျက်ပြီ မောင်ရေ စားကြစို့လား"

မိကာက လှမ်းခေါ် လိုက်သည့်အတွက် ဒိုင်ဂိုက သတင်းစာကို ကိုင်လျက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ကောင်တာ စားပွဲပေါ်တွင် မိဆိုးရှုရှုခေါ် ပဲဖတ်ချဉ်ရေ၊ ကြက်ဥကြော်၊ ပဲပိစပ်သုတ်၊ မုန်လာဥချဉ်ဖတ်စ သည်ဖြင့် ဟင်းပန်းကန်များကို စုံလင်စွာတင်ထားပြီး ဟင်းရနံ့များ မွှေးကြိုင် ကာ စားချင့်စဖွယ်ဖြစ်နေလေသည်။ မိမိတို့ ဤအရပ် သို့ ပြောင်းလာပြီးကတည်းက အိမ်နီးနားချင်းများက ဟင်းသီးဟင်းရွက် နှင့် ကြက်ဥလတ်လတ်ဆတ်ဆတ်များကို လာပေးကြသည့်အတွက် ဟင်းချက်ရန် လွန်စွာ အဆင်ပြေခဲ့ကြလေသည်။

"တောမှာနေရတာကို မုန်းများမုန်းနေမလားလို့ ထင်ခဲ့ မိတာ"

ဒိုင်ဂိုက မိကာဘေးတွင် ဝင်ထိုင်ရင်းပြောလိုက်သည်။

"ဘယ်ကလာပြီး မုန်းရမှာလဲမောင်ရယ်၊ ဟင်းသီးဟင်းရွက်နဲ့ သားငါးတွေလည်း လတ်လတ်ဆတ်ဆတ် စားရတယ်။ ထမင်းတောင်မှ မြို့က ထမင်းနဲ့မတူဘူး။ အရသာပိုရှိတယ်။ ရေကြောင့်ထင်ပါရဲ့။ မြို့မှာလို ရေသန့်ဘူးတို့ ရေသန့်စက်တို့မှမလိုဘဲ သဘာဝရေကို သောက်ရတယ်။ ဒီမှာနေရတာ ပိုက်ဆံအကုန်တောင် ပိုသက်သာသေးတယ်"

"ဟုတ်လား"

"ဟုတ်တယ်လေ။ အခုမောင်စားနေတဲ့ ကြက်ဥကို စောစော ကလေး ကတင် အိမ်ဘေးက ဖူဂျီအိစံက လာပြီး လက်ဆောင်ပေးသွားတာ။ စောစောကလေးတင် ဥတာလို့ ပြောသွားတယ်။ အမှန်က ကြော်စားတာထက် အစိမ်းလိုက် ဖောက်စားတာက ပိုပြီးအရသာရှိလိမ့်မယ် ထင်တယ်။ အစိမ်းလိုက် စားချင်တယ်ဆိုရင် နှစ်လုံး သုံးလုံး ကျန်သေးတယ်။ စားပွဲပေါ်မှာတင်ထားမယ်နော်"

"ဩော် ဟုတ်သားပဲ။ အခုမှသတိရတယ်။ ဒီအောက်ထပ်မှာ စားသောက်ဆိုင်လေး တစ်ဆိုင်လောက် ဖွင့်ရရင် ဟန်ကျမှာပဲနော်"

"မောင်ကလည်း ထမင်းစားနေတုန်း သတင်းစာကြီးကို ဖတ်နေတာ မကောင်းပါဘူး။ ပေးစမ်းပါ"

မိကာက သတင်းစာကို လှမ်းယူမည်လုပ်လိုက်ရာ ဒိုင်ဂိုက အလန့်တကြား ထအော်လိုက်လေသည်။

"ဟော၊ တွေ့ပြီ။ ဒီမှာ ဒီမှာ"

"ဘယ်မှာ ဘာတွေ့လို့လဲ"

"ဒီမှာလေ၊ ဒီမှာကြည့်လေ"

ဒိုင်ဂိုက သတင်းစာထဲတွင်ပါသော အလုပ်ခေါ်သည့် ကြော်ငြာ တစ်ခုကို ထောက်ပြလိုက်သည်။

"ဟန်ကျလိုက်လေကွာ။ အသက်အရွယ် မကန့်သတ်ထားတဲ့အပြင် လစာလည်း တော်တော် ကောင်းတယ်"

"နောက်ပြီး အလုပ်ချိန်က သိပ်မများဘူးဆိုပဲ"

"ဟုတ်မှ ဟုတ်ရဲ့လားမောင်ရယ်။ သတင်းစာထဲမှာ ရွှန်းရွှန်းဝေအောင် ရေးထားပေမယ့် တကယ်တမ်း သွားလျှောက်ကြည့်တဲ့အခါ ကျတော့ လျှောက်လွှာကြေးက ဘယ်လောက်၊ အာမခံကြေးက ဘယ်လောက်ဆိုပြီး အမျိုးမျိုးတောင်းမှာ သေချာတယ်။ ပြီးတော့ အလုပ်သင်ဘဝမှာ လစာမရဘူးလို့ ပြောချင်လည်း ပြောနိုင်တယ်။ လိမ်စဉ်ကြီးထင်ပါရဲ့ မောင်ရယ်"

ပဲချဉ်ဖတ်ရေကို သောက်ရင်း မိကာက မည်ကဲ့သို့သော ကုမ္ပဏီ ဖြစ်သည်ကို မေးလိုက်ပြန်သည်။

"NK Agent "

ဒိုင်ဂိုက ကြော်ငြာ၏ အောက်ဆုံးတွင် ရေးထားသော ကုမ္ပဏီ၏ အမည်ကို ဖတ်ပြလိုက်သည်။

"ဘာလုပ်တဲ့ ကုမ္ပဏီတဲ့လည်းမောင်ရဲ့"

"အလုပ်ကတော့ ခရီးသွား ဝန်ဆောင်လုပ်ငန်းလို့ ရေးထားတာပဲ။ ခရီးသွား အေဂျင်စီများလား မပြောတတ်ဘူး"

"ဧည့်လမ်းညွှန် အလုပ်မျိုးလား မပြောတတ်ဘူးနော်"

"မဖြစ်နိုင်ဘူးကွ။ အတွေ့အကြုံရှိစရာ မလိုလို့ ရေးထားတယ်"

"ဘယ်လို အလုပ်မျိုးပါလိမ့်နော်"

"အင်း သွားပြီး စုံစမ်းကြည့်မှ သိရမှာပဲ"

ထို့နောက် ဒိုင်ဂိုက တူနှစ်ချောင်းကိုကိုင်ကာ ထမင်းကို သပ်သပ်ရပ်ရပ် ဆက်စားနေလေတော့သည်။

"အင်း ကြက်ဥကြော်က ကောင်းလိုက်တာကွာ။ ဘယ်လို ကြော်ထားတာလဲ"

မိကာကတော့ ဘာမှပြန်မပြောဘဲ ပလုပ်ပလောင်း စားနေသော လင်တော်မောင်ကို ပြုံးပြုံးကြီး စိုက်ကြည့်နေခဲ့လေသည်။

"ဒီလိုဆိုတော့ မောင်က ခန့်ချောကြီးပဲနော်"

မိကာက အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော ဒိုင်ဂိုအားစိုက်ကြည့်ရင်း ပြောလိုက်သည်။

ဒိုင်ဂိုအား ဤကဲ့သို့ အနောက်တိုင်းဝတ်စုံနှင့် သားသားနားနား ဝတ်စားထားသည်ကို တွေ့ရခဲပေသည်။ ခါတိုင်း တီးဝိုင်းများတွင်မူ ဂျာကင် ဝတ်သည့်အခါ ဝတ်သကဲ့သို့ တီရှပ်ကို ပြီးစလွယ်ဝတ်သွားသည့်အခါလည်း ရှိပေသည်။ မှတ်မှတ်ရရ မိမိတို့အိမ်သို့ စေ့စပ်ရန် လာရောက်ခဲ့စဉ်က ထိုကဲ့သို့တစ်ကြိမ် ဝတ်လာခဲ့ဖူးပေသည်။

"ဝတ်လို့ရရဲ့လား။ တွန့်ကြေမနေလို့"

စိုးရိမ်မည်ဆိုလည်း စိုးရိမ်လောက်သည်။ ထိုဝတ်စုံကို မဝတ်ဘဲ ဗီရိုထဲတွင် ခေါက်သိမ်းထားသည်မှာ ကြာခဲ့ပေပြီ။

"ရပါတယ်ကွာ။ ဘာမှမဖြစ်ပါဘူး"

ဒိုင်ဂိုက မှန်ထဲတွင်ကြည့်ရင်းဖြေလိုက်သည်။

"အတော်ပဲနော်။ မောင်က ဝမှဝမလာဘဲ"

မိကာက မှန်ထဲသို့လှမ်းကြည့်လိုက်သောအခါ မျက်လုံးချင်း ဆုံမိသွားသဖြင့် ပြုံးရယ်ပြရင်း ပြောလိုက်သည်။

"ကဲ သွားကြည့်လိုက်ဦးမယ်"

ဒိုင်ဂိုက ဆင်ဝင်တွင် ဖိနပ်စီးရင်းထရပ်ပြီး တံခါးခလုတ်ဘုလုံးကို လှည့်လိုက်သည်။ သူ၏လှုပ်ရှားမှု ဟန်ပန်များသည် စနစ်ကျပြီး ယဉ်ကျေးသိမ်မွေ့လွန်းလှသည်။ သူနှင့်တွေ့စက ဆိုလျှင် ဂီတအနုပညာသည်မို့လား မပြောတတ်။ ဝတ်ပုံစားပုံ

က သပ်ရပ်ခန့်ညားလှပြီး အထက်တန်းစား မိသားစုက ပေါက်ပွားလာသည်ဟုပင် ထင်ခဲ့ရလေသည်။

"လမ်းမှာလည်း သတိထားသွားဦးနော်"

ဒိုင်ဂိုက ပြုံးပြုံးကြီးလုပ်ကာ လက်ရမ်းပြရင်း အိမ်မှ ထွက်လာခဲ့လေတော့သည်။

ဒိုင်ဂိုအဖို့ ဤမြို့ကလေး၏ လူစည်ကားရာအရပ်သို့ မရောက်ခဲ့သည်မှာ အတော်ကြီးကြာသွားခဲ့ပေပြီ။ ကလေးဘဝ တုန်းကမူ ဤရပ်ကွက်သို့ ရှီရှိမိုင်းအိခေါ် ခြသေ့်အက တန်းစီ လှည့်လည်ပွဲကို နှစ်တိုင်းလာကြည့်ခဲ့ဖူးပေသည်။ ကပွဲမှ အပြန်တွင် ဖခင်ကြီးက နာမည်ကြီးခေါက်ဆွဲဆိုင်သို့ခေါ်ကာ သွားစားခဲ့ကြဖူးပေသည်။ ထိုအဖြစ်အပျက်များအား ယခုအချိန်မှ ပြန်စဉ်းစားကြည့်သောအခါ ဖလင်ဟောင်းများကို ပြန်ကြည့်ရသကဲ့သို့ ပြတ်တောင်းပြတ်တောင်းဖြစ်ကာ ဘာဆိုဘာမှ တိတိကျကျ ပြန်လည်မှတ်မိနိုင်ခြင်း မရှိတော့ပေ။

သို့ပါသော်လည်း ယခုရောက်ရှိနေသောအရပ်မှာ သူ ငယ်ငယ်တုန်းက ရောက်ခဲ့သည့် အခြေအနေနှင့် လုံးဝ ခြားနား သွားခြင်း မရှိခဲ့ပေ။ စားသောက်ဆိုင်များ တန်းစီနေသော လမ်းအတိုင်း ဝင်လာသည့်အခါ လမ်းခုလတ်တွင် တောင်တက် လမ်းကြားလေး တစ်ခုကို တွေ့ရလေသည်။ ထောင့်တွင် ရှိသော နာရီဆိုင်ကလေးကို ချိုးဝင်လိုက်သည်နှင့် ကုန်စုံဆိုင် အမျိုးမျိုး တန်းစီနေကြသည်ကို တွေ့ရလေသည်။

"NK Agent "

"NK Agent "

တဖြည်းဖြည်းနှင့် လိပ်စာထဲတွင်ပါသော ရပ်ကွက်နှင့် နီးလာခဲ့ပေပြီ။ ဒိုင်ဂိုက သတင်းစာဖြတ်ပိုင်းကို လက်တစ်ဖက်တွင် ကိုင်ကာ အဆောက်အအုံတစ်ခုချင်းစီ၏ ဆိုင်းဘုတ်များကို လိုက်ဖတ်နေသည်။

"ဟယ်"

ကုန်စုံဆိုင်များ၏အကြားတွင် သုံးထပ်တိုက်ဟောင်းကြီး တစ်လုံးကို ရုတ်တရက်တွေ့လိုက်ရသည်။ သတင်းစာထဲတွင် ပါသည့်အတိုင်းဆိုလျှင် ထိုနေရာသည် သေချာပေါက် "NK Agent" ဖြစ်နိုင်ပေသည်။ ရှေးအခါက တည်းခိုဆောင်တစ်ခု ဖြစ်ဟန်တူပေသည်။

"ဝင်ခွင့်ပြုပါ ခင်ဗျာ"

ဒိုင်ဂိုက ရင်တထိတ်ထိတ်ဖြင့် တံခါးကိုတွန်းဖွင့်ရင်း အသံပြုလိုက်သည်။ မျက်နှာလောက်ကိုသာ အခန်းတွင်းသို့ ဝင်ပြီး လှည့်လည်ကြည့်ရှုလိုက်သော်လည်း တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ။ အခန်းကျယ်ကြီး၏ ထောင့်ကွေးတစ်နေရာတွင် စားပွဲနှစ်လုံး တန်းစီခင်းထားပြီး ဆက်တီတစ်စုံကို ချထားသည်။ အခန်းတစ်ခုလုံး ခြောက်သွေ့အေးစက်နေတော့သည်။

ထိုစဉ် လိုက်ကာအတွင်းဘက်ဆီမှ အမျိုးသမီး တစ်ယောက် ထွက်လာလေသည်။ အရွယ်လတ်ပိုင်းဖြစ်ပြီး ဖီးလိမ်း ပြင်ဆင်ထားခြင်း မရှိသော်လည်း ငယ်ငယ်က အတော် ချောခဲ့ပုံ ပေါက်သည်။ သူ့ကိုကြည့်ရသည်မှာ ပျင်းတိပျင်းတွဲ နိုင်လှသည်။ ဒိုင်ဂိုကို တွေ့နေရသည့်တိုင် ဘာမှပြန်မပြောဘဲ တံဏိုဘာဝေလုပ်နေသည်။

"ဒီအခန်းက NK Agent ဟုတ်ပါသလားခင်ဗျာ"

ထိုသို့မေးလိုက်မှ အမျိုးသမီးက စိတ်မပါ့တပါနှင့် ခေါင်းညိတ်ပြသည်။

"မနက်ပိုင်းက တယ်လီဖုန်းဆက်ထားတဲ့ ကိုဘာရှိဒိုင်ဂို ပါ"

"အော် အင်တာဗျူးထိုင်မယ့် ညွှန့်သည်ထင်တယ်။ မန်နေဂျာကြီး မကြာခင်ရောက်လာမှာပါ။ ဟိုမှာထိုင်ပါ"

အမျိုးသမီးက ဆက်တီကိုမညွှန်ပြဘဲ အပေါ်စား ကြိမ်ပိုက် ကုလားထိုင်ကို ညွှန်ပြလိုက်သည်။ ထို့ကြောင့် ဒိုင်ဂိုက အခန်းတွင်းသို့ဝင်ကာ အမျိုးသမီးညွှန်ပြသော ပိုက်ကုလားထိုင်တွင် သွားထိုင်လိုက်သည်။

အမျိုးသမီးမှာ အခန်းထဲတွင် ဒိုင်ဂိုရှိနေသည်ကို မေ့သွားသည့်အလား စားပွဲအံဆွဲထဲမှ မှန်နှင့်ဘီးကို ထုတ်ကာ ခေါင်းဖြီးနေလေသည်။

မည်သို့ပင်ဖြစ်စေကာမူ သူရောက်နေသောအခန်းမှာ အတော့်ကို ထူးဆန်းနေလေသည်။ တစ်ခန်းလုံး အလှကြည့် ရွက်လှပင်များ၊ အပွင့်ပွင့်နေသော ရှားစောင်းပင်များဖြင့် ပြည့်လျက် ရှိနေပြီး တောင်ပိုင်းဒေသ ရှုခင်းတစ်ခုကဲ့သို့ ဖြစ်နေသော်လည်း မီးရောင်မှာ မှုန်ပျပျ ဖြစ်နေသောကြောင့် အနောက်တိုင်း ဟိုတယ်ရှိ ထမင်းစားခန်းနှင့် တူနေပြန်သည်။ အထူးခြားဆုံးမှာ အခန်းထောင့်တွင် အမျိုးအစားမတူသော ခေါင်းသုံးလုံးကို တန်းစီထောင်ထားခြင်းပင် ဖြစ်လေသည်။ ညာဘက်ရှိ ခေါင်းမှာ သာမန်အပေါစားအခေါင်းဖြစ်ပြီး ကြားမှ အခေါင်းမှာ အလယ်အလတ်ဖြစ်ကာ ဘယ်ဘက်အစွန်ဆုံးမှ အခေါင်းမှာ အဖိုးတန်ဆုံး ဖြစ်ပေသည်။

သင်ပုန်းကြီးပေါ်တွင်မူ လုပ်ငန်းစဉ်ဇယားတစ်ခုကို ဆွဲထားပြီး ဆာဇာကီနှင့် အုအဲမူရ ဟူသော နာမည်နှစ်ခုကိုပါ ရေးထားလေသည်။ ဆာဇာကီဆိုသောနာမည်၏နောက်တွင် (ဖူနဘချော အရပ်သို့သွားရန်၊ ၅နာရီ ပြန်ရောက်မည်) ဟုလည်း ရေးထားပြန်လေသည်။ သို့ဆိုလျှင် အုအဲမူရ ဆိုသည်မှာ ဤအမျိုးသမီး၏ နာမည်ပင် ဖြစ်တန်ရာသည်။

"ကျွန်မက ယူရီကိုပါ။ အုအဲမူရ ယူရီကိုလို့ခေါ် ပါတယ်"

ဒိုင်ဂို၏အကြည့်ကို သတိပြုမိလိုက်သောကြောင့်လား မပြောတတ်။ အမျိုးသမီးက မိမိကိုယ်ကို မိတ်ဆက် လာပါသည်။ သူမ၏အသံမှာခြောက်ကပ်ကပ်နှင့် ပတ်ချွဲနှပ်ချွဲ

နိုင်လှပြီး မြူဆွယ်သည့်သဘောလည်း သက်ဝင်လျှက် ရှိနေပေသည်။

"အား၊ ဟုတ်ပါရဲ့။ ကျွန်တော့်နာမည်က ကိုဘာယာရှီ ဒိုင်ဂိုလို့ခေါ် ပါတယ်"

"ကျေးဇူးပြုပြီး ကျွန်မကို ဒီလက်ဖက်ခြောက်ဘူးလေး ဖွင့်ပေးပါလားရှင်"

ယူရီကိုဆိုသည့် အမျိုးသမီးက စားပွဲပေါ်တွင် လက်ဖက်ခြောက်ဘူးအား ဖွင့်ရန် ကြိုးစားနေရာမှ အကူအညီ တောင်းလိုက်သည်။ ဒိုင်ဂိုက အားစိုက်ပြီးဖွင့်လိုက်ရာ အဖုံးမှာ အပွင့်လွန်သွားပြီး လက်ဖက်ခြောက်များ စားပွဲပေါ်သို့ ပြန့်ကျဲသွား လေတော့သည်။

"ဟယ်"

စားပွဲပေါ်တွင် ဖုန်အလိမ်းလိမ်းကပ်နေသည့်တိုင် ယူရီကိုက လုံးဝဂရုမစိုက်ပဲ လက်ဖက်ခြောက်များကိုလက်ဖြင့် သိမ်းကောက်ပြီးနောက် ရေနွေးကရားထဲသို့ထည့်လိုက်သည်။

"အခု အလုပ်အတွက် မန်နေဂျာကြီးက သတင်းစာထဲမှာ ကြော်ငြာတာကို ကျွန်မလုံးလုံးသဘောမတူခဲ့ဘူး"

ထို့နောက် ယူရီကိုက ဓာတ်ဘူးထဲမှ ရေနွေးများကို ကရားထဲသို့ လောင်းထည့်လိုက်သည်။ ဒိုင်ဂိုက မျက်နှာလွှဲ လိုက်မိသည်။ ဧကန္တ ဖုန်အလိမ်းလိမ်းရောပါနေသော ထို လက်ဖက်ရည်ဖြင့် မိမိအား ဧည့်ခံမည်လား မပြောတတ်ပေ။

နဂိုကတည်းက ဒိုင်ဂိုသည် အစားအသောက်တွင် ဇီဇာကြောင်လှသူဖြစ်သည်။ ဖုန်များရောပါနေသော လက်ဖက်ရည်ကြမ်းကို သောက်ရတော့မှာပါလားဟု တွေးမိလိုက်သောကြောင့် ရင်ထဲမှ ပျို့တက်လာလေတော့သည်။

"ကျွန်မတို့ အလုပ်မျိုးဆိုတာက လူအရှာရ အတော်ခက်တာရှင့်"

ယူရီကိုက လက်ဖက်ရည်ချိုးများ ကပ်နေသော လက်ဖက်ရည်ခွက်ထဲသို့ ဖုန်များနှင့်ရောဖျော်ထားသော လက်ဖက်ရည်ကြမ်း ကို ကမ်းလာသည်။ ဒိုင်ဂိုက ကျေးဇူးတင်ပါတယ်ဟု ပြောပြီး လက်ခံလိုက်ရသော်လည်း သောက်ချင်စိတ်က လုံးဝမရှိပေ။

"ဒီကုမ္ပဏီက ဘယ်လိုလုပ်ငန်းမျိုးလုပ်တာပါလဲခင်ဗျာ"

"ဟယ် ရှင်ဘာမှမသိဘဲ ရောက်လာတယ်ဆိုပါတော့"

"သတင်းစာထဲမှာတော့ ခရီးသွားဝန်ဆောင်လုပ်ငန်းလို့ ရေးထားတာပဲ"

"ဟယ်၊ မန်နေဂျာကြီးက အဲဒီလိုပဲရေးထားခဲ့တာလား၊ ဟီဟိ"

ယူရီကိုက သဘောကျသွားသည့်အလား တခစ်ခစ် ရယ်မောနေ လေသည်။

"ဒါဆိုရင် မဟုတ်ဘူးလား"

"မန်နေဂျာကြီးလာတော့ မေးကြည့်ပေါ့ရှင်"

ယူရီကိုက အတည်ပြန်ပြောလိုက်ရင်း

"အားမနာပါနဲ့ရှင်၊ သောက်ပါ"

သူတည်ခင်းသောလက်ဖက်ရည်ကိုသောက်ဖို့ အတင်းတိုက်တွန်းနေပြန်သည်။ ဒိုင်ဂိုက အစပိုင်းတွင် ရယ်ကျဲကျဲလုပ်ရင်း ရှောင်လွှဲနိုင်ရန် ကြိုးစားကြည့်လိုက်သော်လည်း၊ ယူရီကိုကမိမိအား မျက်တောင်မခတ် စိုက်ကြည့်နေသည့်အတွက် မတတ်သာဘဲ ဖွတ်မိုတ်မျိုချလိုက်ရလေသည်။

ထိုစဉ်တံခါးကို အားနှင့် ဆွဲဖွင့်လိုက်သံကို ကြားလိုက်ရပြီး လူကြီးတစ်ယောက် အခန်းထဲသို့ တစ်ဒေါက်ဒေါက်နှင့်ဝင်ချလာလေသည်။ မျက်နှာတွင် အရေးအတွန့်များ ထင်းနေသောကြောင့် မိမိ၏ဖခင်ကြီးနှင့် ရွယ်တူဖြစ်လိမ့်မည်ဟု ခန့်မှန်းလိုက်မိသည်။

"ဟူး…သွားရလာရတာ အတော်ကျပ်တာပဲ။ အရေးထဲ မော်တော်ကားကလည်း ဘက်ထရီအားကုန်နေသေးတယ်။ အသစ်တစ်စီး ထပ်မဝယ်သရွေ့ကတော့ ဆောင်းတွင်းမှာ အလုပ်ဖြစ်မှာမဟုတ်ဘူး"

ထိုကဲ့သို့ တီးတိုးညည်းညူရင်း ကုတ်အင်္ကျီကို ချိတ်တွင် ချိတ်နေသော အဘိုးအိုသည် ဒိုင်ဂိုရောက်နေသည်ကို သတိထားမိဟန် မတူပေ။ ကုတ်အင်္ကျီပေါ်တွင် နှင်းအလိမ်းလိမ်း

ကပ်နေပြီး အပြင်ဘက်မှ အအေးဓာတ်များက ဖြန့်ကျက်လျက် ရှိပေသည်။

"မန်နေဂျာကြီး"

"ဘာလဲကွဲ့"

ယူရီကို၏အမေးကြောင့် မန်နေဂျာကြီးက ပြန်ထူး လိုက်သည်။

"အလုပ်အတွက် အင်တာဗျူးထိုင်မယ့် လူ ရောက်နေ ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်။ မနက်ပိုင်းက တယ်လီဖုန်း ဆက်ပြီးချိန်းထားတဲ့ ကိုဘယရှိပါ"

ဒိုင်ဂိုက မတ်တပ်ထရပ်ပြီး ခါးကိုင်းကာ အရိုအသေ ပေးလိုက်သည်။ ထိုအခါ မန်နေဂျာကြီးကလည်း ဆာဇာကီ ရျောအဲအိ လို့ ခေါ်ပါတယ်ဟု မိတ်ဆက်ရင်း ဆက်ပြော လာလေသည်။

"ဩော် မောင်ရင်ကိုး။ တယ်လီဖုန်းထဲမှာ ကြားရတဲ့ အသံထက် အပြင်မှာက ပိုပြီးတက်ကြွနေသလိုပဲ"

ဆာဇာကီက ဒိုင်ဂို၏မျက်နှာအား စိုက်ကြည့်ရင်း ကျေနပ်အားရသည့်ပုံစံဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေ လေသည်။

"အင်း တွေ့တယ်မဟုတ်လား။ ကျုပ်သတင်းစာထဲ ထည့်ပြီး ကြော်ငြာထားလို့သာပေါ့။ ကဲ ကဲ လက်ဖက်ရည် တစ်ခွက် ယူလာစမ်း"

ယူရီကိုက စောစောက ဖုန်များရောနေသော လက်ဖက် ရည် ကရားထဲသို့ ရေနွေးရောပြီး လက်ဖက်ရည် ပန်းကန်ထဲသို့ ငှဲ့လာပေးလေသည်။

"အားပါး တယ်အရသာရှိပါလား"

ဆာဇာကီက ဒိုင်ဂို၏ရှေ့တည့်တည့်တွင် ထိုင်ရင်း ယူရီကို ယူလာပေးသည့် ဖုန်ရောလက်ဖက်ရည်များကို မြိန်ရေ ရှက်ရေ သောက်နေလေသည်။

"လိုရမယ်ရ ကျွန်တော့်ကိုယ်ရေးရာဇဝင် အကျဉ်း စာရွက် ပါ ယူလာပါတယ်"

ဒိုင်ဂိုက ထိုသို့ပြောပြီးနောက် လက်ဆွဲအိပ်ထဲမှ ကိုယ်ရေး ရာဇဝင်ပါသော စာအိတ်တစ်အိတ်ကို ထုတ်ပေး လိုက်သည်။ ဆာဇာကီက ထိုစာအိတ်အား လှမ်းယူ လိုက်သော်လည်း ဖွင့်မကြည့်ဘဲ စားပွဲပေါ်သို့ အသာ တင်လိုက် ကာ လက်ရှိအနေအထားတွင် အခြားအလုပ် ရှိ မရှိ မေးလိုက်သည်။

"လောလောဆယ် မှာတော့ ဘာမှမရှိသေးပါဘူးခင်ဗျာ"

"ဒါဆိုရင် ကျုပ်တို့ဆီမှာ အကြာကြီး ဆက်လုပ်နိုင်တယ် ဆိုပါတော့"

"ဟုတ် ဟုတ်ကဲ့"

ဒိုင်ဂိုက ကိုယ်လေးကို ကျုံ့လျက် မရဲတရဲ ဖြေလိုက်သည်။

"ကားမောင်းလိုင်စင်ကောရှိလား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

ဆာဇာကီက ထိုကဲ့သို့ဖြေလိုက်သောဒိုင်ဂို၏မျက်နှာအား နောက်တစ်ကြိမ်စိုက်ကြည့်နေပြန်သည်။

"ဒါဆို မောင်ရင့်ကိုခန့်လိုက်ပြီ"

"အယ်"

စကားကိုလွယ်လွယ်ပြောလိုက်သည့်အတွက် ဒိုင်ဂိုလည်း အံ့အားသင့်ကာ ယောင်ထွက်သွားတော့သည်။

"နာမည်ကဘယ်လို"

"ကိုဘယရှိပါ၊ ကိုဘယရှိဒိုင်ဂိုလို့ ခေါ် ပါတယ်"

"သူ့ဆီကလိပ်စာကတ်ပြားလေးယူပြီးသိမ်းထားလိုက်ပါ"

"ခဏလောက်နေပါဦးဗျာ၊ လုပ်ခလစာအကြောင်းလည်း ဘာမှမပြောရသေးဘူးလေ"

"စစချင်းတော့ ဒီလောက်ရမယ်၊ ဘယ်လိုလဲ"

ဆာဇာကီက လက်ငါးချောင်း ထောင်ပြလိုက်သည်။

"ယန်း ငါးသောင်းလားခင်ဗျာ"

"ဘယ်ကလာ၊ သောင်းငါးဆယ်ကွ"

"သောင်းငါးဆယ်ရမယ်"

"နည်းလို့လား"

"မနည်းပါဘူးဗျာ၊ အဲဒီလောက်တောင် အများကြီး တကယ် ရမှာလား"

ဒိုင်ဂိုအဖို့ အံ့ညြလွန်းသဖြင့် မျက်လုံးအဝိုင်းသားနှင့် ဖြစ်နေရ လေသည်။

"လိုအပ်မယ် ဆိုရင် နေ့တိုင်းရှင်းပေးဆိုလည်း ရှင်းပေး မယ်"

"ဒါနဲ့ ကျွန်တော်က ဘယ်လိုအလုပ်မျိုး လုပ်ရမှာလဲ"

"ကျုပ်ရဲ့လက်ထောက်"

"ဘယ်လို အလုပ်မျိုးလဲ"

"အလောင်းပြင် ခေါင်းသွင်း"

"ဗျာ၊ အလောင်းပြင် ခေါင်းသွင်း"

ဒိုင်ဂို၏ခေါင်းထဲတွင် ထိုစကားကို တော်တော်နှင့် နားမလည် နိုင်အောင် ဖြစ်နေရလေသည်။

"အလောင်း ကို အလှပြင်ပြီး ခေါင်းထဲမှာ ကျကျနန ထည့်ပေးရမှာကွဲ့"

"အလောင်း ဆိုတာက လူသေကိုပြောတာလား ဆရာ"

"မောင်ရင့် မေးခွန်းက သိပ်ပြီးစိတ်ဝင်စားဖို့ ကောင်းပါလား ကွ။ ဟားဟား"

ဆာဇာကီက သဘောကျသွားသဖြင့် တဟားဟား ရယ်မောရင်း ရှေ့သို့ကိုင်းလာလေသည်။

"ကျွန်တော် ပြောတာကိုလည်း နားထောင်ပါဦးဗျာ။ သတင်းစာ ထဲမှာ ခရီးသွားဝန်ဆောင်လုပ်ငန်းလို့ရေးထားတော့ ဩော် ဒါဟာ ခရီးသွား အေဂျင်စီ တစ်ခုခုတော့ဖြစ်မှာပဲလို့ ထင်ထားခဲ့တာပေါ့"

လူသေအလောင်းဆိုသော စကားကို ကြားလိုက်ရကတည်း က ဒိုင်ဂိုအဖို့ အကြီးအကျယ် တုန်လှုပ် သွားခဲ့ရလေသည်။ လူသေအလောင်းကိုအလှပြင်သည့် အလုပ် ဆိုတာမျိုးကို မိမိတက္ကသိုလ်တက်နေစဉ်က မိမိကဲ့သို့ ငွေကြေးနွမ်းပါးသော မိဘများကမွေးဖွားလာသည့် သူငယ်ချင်းတစ်ယောက် က ဝင်ငွေအတော်ကောင်းသည့်အတွက် သွားလုပ်ရန် တိုင်ပင်ခဲ့ဖူးပေသည်။ သို့ပါသော်လည်း မည်သို့မျှမဖြစ်နိုင်သည့်အတွက် ထိုအလုပ်မျိုးအား မိမိကော မိမိသူငယ်ချင်းပါ ဝင်မလုပ်ဖြစ်ခဲ့ကြပေ။ ဒိုင်ဂိုသည် ငယ်ငယ်ကတည်းကပင် သွေးကိုမြင်လျှင် လန့်တတ်သည်။ မိမိလျှောက်သွားရာ လမ်းတွင် ခွေးသေကောင် တစ်ကောင်ကို မြင်လျှင်ပင် မျက်နှာကိုလွှဲပြီး လာလမ်းအတိုင်း ပြန်လျှောက်သွားတတ်ပေသည်။

"ကျုပ်တကယ်ပဲ ခရီးသွား ဝန်ဆောင်လုပ်ငန်းလို့ ကြော်ငြာ ခဲ့မိလို့လား"

ထို့ကြောင့်ဒိုင်ဂိုက မိမိဖြတ်လာခဲ့သော သတင်းစာ ဖြတ်ပိုင်းစ ကို ဆာဇာကီအားထုတ်ပြလိုက်သည်။

"ဒါဆိုရင် မောင်ရင် အဓိပ္ပာယ် ကောက်လွဲသွားပြီ"

ထိုကဲ့သို့ပြောလိုက်ပြီးနောက် ဆာဇာကီက 'ခရီးသွား' ဆိုသည့်စကားလုံး၏ရှေ့တွင် **'သံသရာ'** ဆိုသည့်စကားလုံးနှင့် နောက်တွင် **'လှပစွာပြင်ဆင်ပေးသည်'** ဆိုသောစကားလုံးကို ဘောပင်ဖြင့် ထပ်ဖြည့်ရင်း ပြောလိုက်သည်။

"သံသရာ ခရီးသွားများအား လှပစွာပြင်ဆင်ပေးသည့် ခရီးသွား ဝန်ဆောင်လုပ်ငန်း။ အဲဒါမှ ကျုပ်တို့ရဲ့ လုပ်ငန်း အမှန်ပဲ"

"ဒါဆိုရင် NK ဆိုတာကကော"

"NK ဆိုတာ 'နိုးကန်း' အလောင်းပြင်တာလေ"

တစ်လုံးပြီးတစ်လုံး ဆာဇာကီက ရှင်းပြလိုက်ပြီးသည့် နောက်ပိုင်းတွင် ဒိုင်ဂိုထံမှ စကားတစ်လုံးမျှ ထွက်မလာ ခဲ့တော့ပေ။ နိုးကန်းဆိုသည့် အလောင်းပြင်သည့် အလုပ်မျိုး ကိုတော့ ဒိုင်ဂိုအတွက် လုံးဝမဖြစ်နိုင်ပေ။ မိမိ ငြင်းကိုငြင်းရမည်ဟု ဒိုင်ဂို၏စိတ်ထဲတွင် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်မိလေသည်။

"ဒါကလည်း မောင်ရင်နဲ့ ကျုပ်တို့ ကံဆုံလို့ တွေ့ခဲ့ကြတယ် ဆိုပါတော့။ လုပ်တော့ လုပ်ကြည့်ပါဦးလေ။ မကြိုက်တော့လည်း ထွက်လို့ရပါတယ်"

ထိုကဲ့သို့ပြောလိုက်ပြီးနောက် ဆာဇာကီက ပိုက်ဆံအိတ်ထဲမှ ယန်းတစ်သောင်းတန် ငွေစက္ကူနှစ်ရွက်ကိုထုတ်ကာ ဒိုင်ဂိုအား ကမ်းလိုက်သည်။

"ဒီနေ့အတွက်လုပ်ခ"

"မလုပ်ပါနဲ့ဗျာ။ ဒါပေမယ့်"

သူ့ပိုက်ဆံကိုယူလိုက်မိပါက နောက်ပိုင်းတွင် ထွက်မရမှာကို စိုးရိမ်မိသည်။ သို့ပါသော်လည်း ထိုမျှများပြားသောငွေကိုလည်း ခုံမင်မိသည်မှာတော့ အမှန်ပင်။

"ယူပါကွ။ ဘာမှစိုးရိမ်စရာမလိုပါဘူး"

ဆာဇာကီက ပြုံးပြုံးကြီးလုပ်ကာ ဆက်ရှင်းပြသည်။

"ဒီနေ့ည တစ်ည အိမ်မှာပြန်ပြီး ကောင်းကောင်းကြီးစဉ်းစားလိုက်ဦး။ လုပ်ချင်တဲ့စိတ် ပေါက်လာရင်တော့ မနက်ဖန် ဆက်လာခဲ့ပေါ့။ မလုပ်ချင်ဘူးဆိုရင် မလာတော့လည်း ရပါတယ်"

မဲ့ပြုံး ပြုံးပြလိုက်သော ဆာဇာကီအား ဒိုင်ဂိုက ဟန်လုပ်ကာ ပြန်ပြုံးပြလိုက်လေတော့သည်။

× × × × × × × × × × × × × × × × × × × × × ×

# အခန်း(၄)

ချက်ချင်းအိမ်သို့ တိုက်ရိုက်ပြန်လိုစိတ်မရှိသဖြင့် ဒိုင်ဂို သည် မိုဂါဝါမြစ်ဘက်ဆီသို့ လမ်းလျှောက်ရင်း ထွက်လာခဲ့ လေသည်။ တောတန်းရှိ အနီရောင်မိုးမိဂျိအရွက်များလည်း တဖြည်းဖြည်း လျော့ပါးလာကြကာ ဆောင်းတွင်းဘက်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ပြီဖြစ်သည်။ မြင့်မားလှသော ကျောက်ဆောင်ကြီးများ၏ ကြားရှိ လျှိုမြောင်ထဲတွင် စမ်းရေများက တသွင်သွင်စီးဆင်းနေကြသည်။ ကြီးမား ကျယ်ပြောလှသော ဩကာသလောကကြီး၏ အောက်တွင် ယန်းတစ်သောင်းတန် ငွေစက္ကူနှစ်ရွက်ကိုကိုင်ရင်း ပုဝင်နေ လေသည်။ အချိန်နှင့်အမျှ တသွင်သွင် ပြောင်းလဲနေသော ရေစီးကြောင်းမှ မိမိတစ်ယောက်တည်းသာ ပန်းပုရုပ်ကြီး တစ်ရုပ်ကဲ့သို့ ပြောင်းလဲခြင်းမရှိဘဲ သွေဖီခြင်း ခံနေရသည်ကို တွေးမိလိုက်သောအခါ အလိုလိုနေရင်း ဝမ်းနည်းလာ မိလေတော့သည်။

"သိပ်မကြာခင်ရောက်လာတော့မယ်ထင်ပါရဲ့"

ရတ်တရက် တယောက်ယောက်က စကားပြောသည့် အသံကို ကြားလိုက်ရသည်။ ဒိုင်ဂိုကနောက်သို့ လှည့်ကြည့် လိုက်သည့်အခါ သစ်ကိုင်းခြောက်များကဲ့သို့ ပိန်လှီနေသော အဖိုးအိုကြီးတစ်ယောက် ပြုံးပြီးရပ်နေသည်ကို တွေ့လိုက်ရ လေသည်။

"မနှစ်ကဆိုရင်ဒီအချိန်မှာရောက်လာခဲ့ကြတာပဲ"

“အယ်”

ဒိုင်ဂိုက ခေါင်းကလေးစောင်းကာ ငိုင်ကျသွားသည်။ အဖိုးအိုဘာတွေပြောနေမှန်း နားမလည်သောကြောင့်ဖြစ်သည်။

“တစ်ခါတုန်းက နွေဦးရောက်လာတာတောင် ထမပျံသွားကြဘဲ ဒီနေရာမှာပဲအကြာကြီးနေခဲ့ကြဖူးတယ်။ စုံစမ်းကြည့်လိုက်တော့ သူတို့အုပ်စုထဲက ဘဲငန်းတစ်ကောင် ဒဏ်ရာရလို့ ဝိုင်းပြီး စောင့်ရှောက်ရင်းကျန်နေခဲ့ကြတာဆိုပဲ။ အင်း...ဘဲငန်းဆိုတဲ့ငှက်တွေဟာ အတော်ကြီးကိုသံယောဇဉ်ကြီးကြတာပဲနော်”

အဖိုးအို၏ စကားကို နားထောင်ရင်းမှ ဆောင်းခိုရင်းပြောင်းရွှေ့ ပျံသန်းလာတတ်ကြသော တောဘဲငန်းများအကြောင်း ပြောဆိုနေသည်ကို သဘောပေါက်ရလေသည်။

မိုဂါဝါသည် ဂျပန်ပြည်တစ်ပြည်လုံးတွင် တောဘဲငန်းအများဆုံး လာရောက်သည့် ဒေသတစ်ခုဖြစ်သည်။ နိုဝင်ဘာလ ကုန်သည်နှင့် တောဘဲငန်းများသည် ဆိုက်ဘေးရီးယားမှ တစ်ဆင့် မိုဂါဝါမြစ်ဝသို့ ပြန်ရောက်လာတတ်ကြပေသည်။ နံနက် ဝေလီဝေလင်း အချိန်တွင် ထိုဘဲငန်းများသည် လယ်ကွင်းများရှိရာသို့ အသံတစာစာအော်မြည်ရင်း ပျံသန်းထွက်ခွာသွားကြလေသည်။ ဒိုင်ဂိုကလေးဘဝက ဖခင်ကြီးနှင့်အတူ ဘဲငန်းများ ပျံသန်းနေသည့်မြင်ကွင်းကိုသွားကြည့်ရန် အိပ်ရာမှအစောကြီးထခဲ့ရဖူး လေသည်။ ညနေစောင်းသို့ရောက်သောအခါ ညိုမှောင်းသော တောင်တန်းကြီးများကိုနောက်ခံပြုကာ

အစာရှာရာမှ မိုဂါဝါမြစ်ကမ်းဆီသို့ အုပ်စုလိုက်အုပ်စုလိုက် ပြန်ရောက် လာကြပေသည်။ ထိုမြင်ကွင်းအား မြင်တွေ့နိုင်ရန် အတွက် ဒိုင်ဂိုကျောင်းကပြန်သည့်အချိန်မျိုးနှင့် စယ်လို တယောသင်တန်းမှ ပြန်သည့်အခါမျိုးတွင် ရပ်တန့်ပြီး စောင့်ကြည့်နေခဲ့ဖူးလေသည်။

"ကျွန်တော်လည်း ကြားဖူးတယ်ဦးရဲ့။ တောဘဲငန်း အဖိုနဲ့အမစုံတွဲတွေဟာ သေတဲ့အထိ မခွဲခွာဘဲနေသွားကြသတဲ့"

ဒိုင်ဂို တိုကျိုမြို့တွင်ရှိခဲ့စဉ်က တောဘဲငန်းများ အကြောင်းကို ရိုက်ကူးထားသော တီဗီအစီအစဉ်တစ်ခုကို ကြည့်ခဲ့ဖူးလေသည်။ ထိုအစီအစဉ်ထဲတွင် တောဘဲငန်းများ သည် အချင်းချင်းတပူးတွဲတွဲနေထိုင်ကြပြီး တစ်ကောင် ဒုက္ခရောက်လျှင် ကျီးကန်းများကဲ့သို့ပင် ဝိုင်းဝန်း ကယ်တင်ကြပုံ၊ မိခင်ဘဲငန်းမကြီးက ဘဲငန်းငယ် ကလေး များအား ရင်အုပ်မကွာစောင့်ရှောက်ကြပုံများကို မြင်တွေ့ခဲ့ရပြီး အဖိုးကြီး ပြောသည့်အတိုင်းပင် ဘဲငန်းတစ်ကောင်ကောင် ဒဏ်ရာရလျှင် အခြားအကောင်များက ထပ်မံမသွားပဲ စောင့်နေတတ်ကြောင်း ကြားဖူးခဲ့ပေသည်။

"လူသားတွေလည်း ဘဲငန်းတွေကို အတုယူဖို့ ကောင်းတာပေါ့ကွယ်"

အဖိုးအိုကမိမိကိုယ်ကို တစ်ယောက်တည်း ပြောနေသည့် ပုံစံဖြင့် ညည်းညူလိုက်သည်။ ဒိုင်ဂိုလည်း အဖိုးအိုအား နှုတ်ဆက်ကာ ထိုနေရာမှထွက်လာခဲ့သည်။ မိကာက

မိုဂါဝါမြစ်၏ ဆည်းဆာအလှကိုငေးမောရင်း လင်တော်မောင် ရုံးအပြန်ကိုစောင့်မျှော်လျှက်ရှိနေလေသည်။

ကုမ္ပဏီလုပ်ငန်းများတွင် စိတ်ဝင်စားခြင်းမရှိလှသော ဒိုင်ဂို တစ်ယောက် အောင်အောင်မြင်မြင် လုပ်မှ လုပ်နိုင်ပါ့မလား ဟု တွေးကာ မိခင်တစ်ယောက်ပမာ ရင်တမမနှင့် ဆုတောင်းလျက်ရှိနေခဲ့လေသည်။

"ဟယ် မင်းလာစောင့်နေတယ်"

ဒိုင်ဂိုက မြစ်ကမ်းအတိုင်းလျှောက်လာရင်း လှမ်းနှုတ်ဆက် လိုက်သည်။

"မောင်ပြန်လာပြီ"

မိကာက ဒိုင်ဂိုရှိရာသို့ သွက်သွက်ကလေး လျှောက်သွားရင်း ပြောလိုက်သည်။

"ရော့ ဒါပါလာတယ်"

ဒိုင်ဂိုက လေးလံသော အထုပ်ကြီးတစ်ထုပ်ကို မိကာလက်သို့ ကမ်းလိုက်သည်။

"ဟယ် ဒါကြီးက ဘာထုပ်ကြီးလဲ"

"ယာမဂတကို ပြောင်းလာပြီးကတည်းက မင်းပဲ ဆူကီယာကီ ဟင်းရွက်အသားပြုတ် စားချင်လိုက်တာလို့ မကြာခဏ ပြောနေခဲ့တာမဟုတ်လား"

"ယိုနဲ့ဇဝါ အမဲသားလားဟင်"

"ဟုတ်တယ်။ မိုးခိုသား ကောင်းကောင်းဝယ်ခဲ့တာ"

"ဟယ်၊ ကောင်းလိုက်တာ။ ဈေးကြီးမှာပေါ့နော်"

မိကာက အထုပ်ကိုဖြည်လိုက်ပြီးနောက် ရေခဲမှုန်များ ကပ်နေသော အမဲသားတုံးကြီးကို ကြည့်လိုက်သည်။

"အခု အနေအထားအတိုင်း ဆီသတ်ထားလိုက်ရရင် အတော်စားလို့ ကောင်းမှာပဲနော်"

"ကိုယ်လည်း လစာကြိုထုတ်လို့ရတာနဲ့ ဝယ်လာခဲ့တာ"

"ဟယ် အခုချက်ချင်း အလုပ်ခန့်လိုက်လို့လား"

"ဆိုပါတော့"

ဒိုင်ဂိုက စကားများများ မပြောဘဲနေလိုက်သည်။ မိကာက စပ်စပ်စုစု ဟိုမေးဒီမေး လုပ်ချင်သေးသော်လည်း မေးလေလေ စကားနည်းလေလေ ဖြစ်တတ်သော ဒိုင်ဂို၏ အကျင့်စရိုက်ကို သိထားသည့်အတွက် ငြိမ်နေလိုက်ရသည်။

"ဝမ်းသာလိုက်တာ မောင်ရယ်။ ဒီညတော့ မောင်အလုပ်ဝင်တဲ့ အထိမ်းအမှတ်ဂုဏ်ပြုပွဲလုပ်ကြမယ်"

"အင်း"

"မောင် ဘယ်လိုအလုပ်မျိုး ရခဲ့တာလဲ။ ဧည့်လမ်းညွှန် အလုပ်လားဟင်"

"ဟင့်အင်း"

ဒိုင်ဂိုက ဘာတစ်ခုမှဆက်မပြောတော့ဘဲ အိမ်ထဲသို့ ဝင်သွားလေသည်။ ဒယ်အိုးပေါ် တွင်အမဲဆီကို အရည်ပျော်ရန် အပူတိုက် လိုက်သည်။ တရှဲရှဲမြည်သံကို နားထောင်ရင်း မိကာ၏မျက်နှာတွင် စိတ်လှုပ်ရှားသည့် အရိပ်အရောင်များ သန်းလာခဲ့လေသည်။ ထို့နောက် အမဲသားစများကိုလှီးကာ ဒယ်အိုးထဲသို့ တစ်စစီထည့်လိုက်သည်။

"ကျက်လောက်ပြီထင်ပါရဲ့နော်"

မိကာသည် ထမင်း အလွန် ဆာလောင်နေသော ကလေးငယ် တစ်ယောက်ကဲ့သို့ ကျက်အောင်ပင် မစောင့်နိုင်တော့ပဲ ဟင်းဖတ်များကိုတူနှင့်ညှပ်ပြီး တစ်ဖတ်ပြီး တစ်ဖတ် စားနေလေတော့သည်။

"အရသာ ရှိလိုက်တာ။ အိနဲဇဝါအမဲသား ပီသ ပါပေတယ်"

မျက်လုံးကိုစုံမှိတ်ပြီးအရသာခံရင်းက

"ကြက်ဥတွေကလဲ အတော်လတ်တယ်နော်။ ဟုတ်သားပဲ၊ ဖူဂျီအီစံဆီက ကြက်ဥထပ်မှာရဦးမယ်"

မိကာ၏အကျင့်မှာ တစ်ယောက်တည်း ရှိနေသည့် အချိန်မျိုး၌ပင် စကားပြောနေတတ်သည်။ ဒိုင်ဂိုကမူ ထမင်းစ စားသည် ဆိုသည်နှင့် စကားတစ်လုံးမျှမပြောတော့ဘဲ တစ်လုပ်ပြီး တစ်လုပ် ဆက်စားနေလေသည်။

"မောင် ဘယ်လိုအလုပ်မျိုးလုပ်ရမှာလဲ ဟင်။ ကျွန်မထင်တဲ့အတိုင်း ဧည့်လမ်းညွှန်အလုပ်ပဲလားဟင်"

ဒိုင်ဂိုကပင် စိတ်မရှည်ချင်တော့။ မိကာက အလုပ်အကြောင်းနှင့်ပတ်သက်ပြီး စပ်စပ်စုစုမေးနေပြန်သည်။

"ဟင့်အင်း"

ဒိုင်ဂိုက လိုရင်းကိုဖြေပြီး ပါးစပ်ကိုပိတ်ထားလိုက်သည်။

"ဒါဖြင့်ရင် စီမံခန့်ခွဲရတဲ့ ရုံးလုပ်ငန်းလား"

မည်သို့ပင် တတွတ်တွတ်မေးနေစေကာမူ ဒိုင်ဂိုက ခေါင်းကို ငိုက်စိုက်ချထားပြီး ဘာမှပြန်မပြောတော့ချေ။

"မောင်ဘယ်လိုဖြစ်နေတာလဲ"

မိကာကထိုကဲ့သို့ ပြောလိုက်ပြီးနောက် သုံမှုန်နေသောဒိုင်ဂို၏မျက်နှာကို ငေးမှိုင်ကာကြည့်ရှုနေခဲ့ရှာလေသည်။

"အမှန်တော့ ကိုယ်ထင်ထားသလို ခရီးသွားဝန်ဆောင်လုပ်ငန်း မဟုတ်ဘူး"

ဒိုင်ဂို၏ပါးစပ်မှ လွှတ်ခနဲထွက်သွားလေသည်။

"ဒါဖြင့်ရင် ဘာလုပ်ငန်းတဲ့လဲ"

"အခမ်းအနား ပြင်ဆင်တဲ့လုပ်ငန်းလို့ပြောတာပဲ"

"ဟယ် ဟန်ကျလိုက်တာ။ မင်္ဂလာဆောင်တဲ့ အခမ်းအနားတွေ ဘာတွေ ပြင်တဲ့အခါကျရင် မောင် ဝါသနာ ပါတဲ့ တယောကိုလည်း တီးခွင့်ရသွားပြီပေါ့"

စောစောက ဖွင့်ပြောလျှင် အကောင်းသားဟု မိကာက တွေးလိုက်သည်။ ကုမ္ပဏီလုပ်ငန်းများကို ဝါသနာမပါသော လင်တော်မောင်အတွက် အခွင့်ကောင်းပင်ဟု မိကာ တွေးလိုက်ရင်း အမဲသားဖတ်များကို တစ်ဖတ်ပြီးတစ်ဖတ် ဟင်းအိုးထဲသို့ ဆက်တိုက်ထည့်လေတော့သည်။

နောက်တစ်နေ့နံနက်အလုပ်သို့သွားချိန်တွင် မိကာသည် ကြည်လင်လန်းဆန်းသော အပြုံးဖြင့် ဒိုင်ဂိုအား အိမ်ဝသို့ လိုက်ပို့လေသည်။

"လမ်းမှာသတိထားသွားနော်"

"အေးပါကွယ်"

မိကာကတော့ ယခုနံနက်တွင်လည်း ခါတိုင်းကဲ့သို့ပင် ပြုံးရွှင်ကာ တက်ကြွလန်းဆန်းလျက် ရှိနေပေသည်။ သို့ပါသော်လည်း ဒိုင်ဂိုကတော့ ကြည်လင်သောအပြုံးဖြင့် ဇနီး ဖြစ်သူအား ခေါင်းညိတ်ပြရန်ကိုပင် မလုပ်နိုင်ခဲ့ပေ။ မြစ်ကမ်း အတိုင်း လျှောက်ကာ လယ်ကြားလမ်းအတိုင်းဖြတ်ပြီး ဘတ်စ်ကား မှတ်တိုင်သို့ ရောက်သည်အထိ ၁၀ မိနစ်ခန့် ကြာလေသည်။ လေးကန်ထိုင်းမှိုင်းသောစိတ်များဖြင့် လျှောက်လှမ်းကာ ဘတ်စ်ကားအလာကို စောင့်ဆိုင်း

နေစဉ်မှာပင် ပြာမောင်းသော ကောင်းကင်ကြီးအလယ်တွင် ဘဲငန်းအုပ်ကြီးများ ပျံသန်းသွားသည်ကို တွေ့လိုက်ရလေသည်။

ဒိုင်ဂိုသည် NK ကုမ္ပဏီအဆောက်အအုံ၏ ရှေ့တွင် ဇဝေဇဝါ ဖြစ်လျက်ရှိနေပေသည်။ မိမိအဖို့ မဖြစ်နိုင်သည့်အတွက် ဆက်မလုပ်နိုင်ပါဟု ပြောလိုက်ရန်သာ ရှိပေတော့သည်။ သို့ပါသော်လည်း မိမိမှာ ပိုက်ဆံကို လက်ခံထားပြီး ဖြစ်လေသောကြောင့် ထိုစကားကို မည်သို့ စပြောရမည်ကို တွေးမရအောင် ဖြစ်နေလေတော့သည်။

ထိုသို့တွေးတောရင်း ဒိုင်ဂိုက အခန်းတံခါးကို တွန်းဖွင့်လိုက်လေသည်။

"အမွေးအကြိုင်တွေ ပါတဲ့ဟာလေ။ ဟုတ်တယ်။ ဆားကတော့ ဂယ်လန်ဒိုဆားမျိုး ဝယ်ခဲ့။ ဘာ နင် ဂယ်လန်ဒို ဆိုတာကိုမှ မသိဘူးလား။ ပြင်သစ်က လာတဲ့ဆားကို ပြောတာဟဲ့"

ယူရီကို တစ်ယောက်ယောက်နှင့် တယ်လီဖုန်းဆက်ပြီး စကားပြောနေသံကို ကြားလိုက်ရသည်။ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် ပြောနေပုံရလေသည်။ သူစကားပြောနေစဉ် အတွင်း ဒိုင်ဂိုက ငိုင်တွေ၍ ရပ်စောင့်နေခဲ့လေသည်။

"ဟယ်၊ မင်္ဂလာပါ"

ယူရီကိုက ဒိုင်ဂိုအား တွေ့သွားသဖြင့် လုပ်ဖော်ကိုင်ဖက်ဟောင်း တစ်ဦးပမာ ရင်းရင်နှီးနှီး နှုတ်ဆက် လိုက်သည်။

"မင်္ဂလာပါ"

သို့တိုင်အောင် ဒိုင်ဂိုက ဘယ်လိုမှပြုံးမပြနိုင်အောင် ဖြစ်နေခဲ့လေသည်။

"စားပွဲအသစ် ရောက်မလာသေးခင်တော့ မန်နေဂျာကြီးရဲ့ စားပွဲမှာ ထိုင်နိုင်ပါတယ်"

"ဟုတ်ကဲ့"

ယူရီကိုပြောသည့်အတိုင်း စိတ်နောက်ကျိစွာ မန်နေဂျာကြီး၏ စားပွဲတွင် ဝင်ထိုင်လိုက်သည်။ စားပွဲမှာ ယူရီကို၏ စားပွဲကဲ့သို့ပင် သံမဏိစားပွဲဟောင်းတစ်လုံးဖြစ်ပြီး ထိုင်ခုံဆိုဖာမှာလည်း ပေါက်ပြဲနေပြီး အထဲမှာရေမြှုပ်စများပင် ထိုးထိုးထောင်ထောင် ထွက်နေကြသည်။ ထို့နောက် စားပွဲပေါ်တွင်တင်ထားသော မှတ်စုစာအုပ်များ၊ သင်္ကြိုဟ်ညှပ်ထားဖယားများကို ငေးမောကြည့်ရှုနေစဉ်၊ ယူရီကိုက ထုံးစံအတိုင်း လက်ဘက်ခြောက်ဘူးကြီးအား ကြိုးစားပြီးဖွင့်နေသည်ကို တွေ့လိုက်ရလေသည်။

"ဖွင့်ပေးရမလား"

ဟုတ်သည်လေ။ တော်ကြာ ယမန်နေ့ကကဲ့သို့ ဖုန်တွေရောနေသည့် လက်ဖက်ရည်ကြမ်းကို ထပ်သောက်ရမည်ကိုလည်း စိုးရိမ်ရသေးသည်မဟုတ်ပါလား။ သို့နှင့် ဒိုင်ဂိုက

ထိုင်ရာမှထပြီး လက်ဘက်ခြောက်ဘူးကိုယူကာ ဖွင့်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ရှင်ကသိပ်တော်တာပဲနော်"

"ရပါတယ်ဗျာ၊ ဘာမှမဖြစ်လောက်ပါဘူး"

ဒိုင်ဂိုကချက်ချင်းထိုင်ခုံတွင်ပြန်ထိုင်မည်အပြုတွင်

"ဟော့တော်"

ဆိုသည့် ယူရီကို၏အော်သံကိုကြားလိုက်ရလေသည်။ လက်ဘက်ရည်အိုးထဲသို့ လက်ဘက်ခြောက်များကို ထည့်ရာတွင် လက်ချော်ပြီး လက်ဘက်ခြောက်များက စားပွဲပေါ် သို့ လျှံကျ သွားခဲ့ခြင်းဖြစ်သည်။ ထုံးစံအတိုင်း ယူရီကိုက ဖုန်မှုန့်များ နှင့်အတူ သိမ်းကျုံးကောက်ယူပြီး လက်ဘက်ရည်ကရားထဲသို့ စုပြုံကာထည့်လိုက်လေသည်။

"ကျွန်တော် တခြားဘာများလုပ်စရာရှိပါသေးလဲ"

ဖြစ်နိုင်လျှင် ဒိုင်ဂိုက လက်ဘက်ရည်ကြမ်းကို မသောက်လိုပေ။ ထို့ကြောင့်အလုပ်တစ်ခုခုကို ရှာပြီး လုပ်ချင်နေမိသည်။

"မန်နေဂျာကြီးကတော့ ရှင့်ကိုခိုင်းစရာရှိတယ်ပြောတာပဲ၊ ဘာပဲဖြစ်ဖြစ် ခဏလောက် စောင့်ကြည့်ပါဦး"

"ဟုတ်ကဲ့"

မတတ်သာသည့်အဆုံး ကုလားထိုင်တွင်ဆက်ထိုင်ရင်းမှ အခန်းတွင်း အခြေအနေကို လိုက်လံကြည့်ရှုလိုက်မိသည်။ အခန်းထောင့်တွင် ယမန်နေ့ကကဲ့သို့ပင် ခေါင်းသုံးလုံးကို တန်းစီချထားသည်။ တစ်လုံးနှင့်တစ်လုံးမှာ အနည်းနှင့်အများ ဆိုသလို ခြားနားကြပေသည်။ သို့နှင့်ဒိုင်ဂိုက ထိုခေါင်းများရှိရာသို့သွားကာ ငေးမောကြည့်ရှုနေလိုက်မိသည်။

“ရှင့်အတွက် အဲဒါတွေက အတော်ကြီး ထူးဆန်းနေလို့လား”

လက်ဘက်ရည်ဇန်းကိုကိုင်ရင်း ယူရီကိုက မေးလိုက်သည်။ ထို့နောက် လက်ဘက်ရည်ခွက်တစ်ခွက်ကို မိမိ၏ စားပွဲပေါ် သို့ချလာတော့သည်။ အင်း ဒီနေ့လည်း မိမိ မသောက်ချင်သည့် အရာကို သောက်ရဦးတော့မှာပါလားဟု တွေးရင်း ဒိုင်ဂိုက

“ဟုတ်ကဲ့ ဒါတွေကို ကျွန်တော်အခုမှမြင်ဖူးတာ”ဟု ဖြေလိုက်သည်။

“ဟယ်၊ အခုမှမြင်ဖူးတာ”

ယူရီကိုက ထိုကဲ့သို့ပြောလိုက်ပြီးနောက် လက်ဘက်ရည် ဇန်း ကို စားပွဲပေါ် တွင်ချကာ မိမိထိုင်ခုံတွင် ပြန်ထိုင် လိုက်သည်။ အခန်းတစ်ခုလုံး ငြိမ်ချက်သား ကောင်းနေသည့် အတွက် လေသံတိုးတိုးပြောလျှင်ပင် ကောင်းစွာ ကြားနိုင်လောက်သည်။

"အဖိုး သေတုန်းကလည်း ကလေးဆိုတော့ ဘာမှ မမှတ်မိတော့ဘူး။ အမေသေတုန်းက ကျွန်တော် နိုင်ငံခြားကို ရောက်နေတယ်။ ကြားကြားချင်း ပြန်လာပေမယ့် ကျွန်တော် ပြန်ရောက်တော့ အမေကသင်္ဂြိုဟ်ပြီးသွားပြီ"

ထိုသို့ပြောရင်း ဒိုင်ဂိုက သူတို့ကြင်စဦးလင်မယား နိုင်ငံခြားသို့ ပျားရည်ဆမ်းခရီးထွက်နေစဉ် ဆုံးပါးသွားခဲ့သော မိခင်ကြီးကို သတိရလာလေသည်။ တစ်ယောက်ထဲနေသော မိမိ၏ မိခင်ကြီးအိမ်ထဲတွင် လဲကျနေသည်ကို အိမ်နီးနားချင်း များက တွေ့သွားသဖြင့် ဆေးရုံသို့ပို့ပေးကြသော်လည်း ကံမကောင်းချင်တော့ ဆေးရုံမရောက်မီ ဆုံးပါးသွား ခဲ့လေသည်။ ဗြုန်းစားကြီးသေသွားခြင်းဖြစ်သည့်အတွက် မည်သို့မျှ မတတ်နိုင်ကြောင်း ဆွေမျိုးများက ရှင်းပြသော်လည်း ဝေဒနာကို နဂိုကတည်းက ကြာရှည်စွာ ကြိတ်မှိတ် ခံစားနေခဲ့ရသည်လည်း ဖြစ်နိုင်သည်။ မိခင်ကြီးနှင့်အတူ နေခဲ့ကြရလျှင် ဤသို့ဖြစ်လာလိမ့်မည် မဟုတ်ပေ။

အတူမနေသည့်တိုင်အောင် အမြဲတမ်းအဆက်အသွယ် လုပ်နေခဲ့ပါကလည်း သူ့ကျန်းမာရေးအခြေအနေပြောင်းလဲမှုကို သဘောပေါက်ကာ ဆေးကုပေးနိုင်ခဲ့ပေလိမ့်မည်။ ယခုကဲ့သို့ တစ်ယောက်တည်း အထီးကျန်နေထိုင်ရင်း သေဆုံး သွားခဲ့ရခြင်းမှာ လွန်စွာကြေကွဲစရာကောင်းလှပေသည်။ မိခင်ကြီး၏ နောက်ဆုံးကာလအကြောင်းကို တွေးလိုက်မိတိုင်း ဒိုင်ဂို၏ရင်ထဲတွင် စူးရှစွာနာကျင်လာမိသည်။

"ဒါဆိုရင် ရှင့်အဖေကကော"

"ကျွန်တော် ခြောက်နှစ်သား အရွယ်လောက်ကပဲ နောက်မိန်းမယူပြီး အိမ်ကထွက်သွားခဲ့တယ်"

"ရှင့်အမေကတော့ ဟာပြီး ကျန်နေခဲ့ရှာမှာပေါ့နော်။ စိတ်မကောင်းစရာ အကြောင်းတွေကို လျှောက်မေးမိခဲ့တဲ့ အတွက် တောင်းပန်ပါတယ်ရှင်"

"ရပါတယ်ဗျာ"

ထိုကဲ့သို့ ပြန်ပြောလိုက်ပြီးနောက် ဒိုင်ဂိုကဆက်ပြီး

"သေတဲ့လူကို တစ်ခါမှမမြင်ဖူးသေးတဲ့ ကျွန်တော်လို လူမျိုးက အခုလို အလုပ်မျိုးကို အောင်အောင်မြင်မြင် လုပ်နိုင်ပါ့မလား ဟင်" ဟု တည့်တိုးပင်မေးချလိုက်လေသည်။

"ကြာတော့လည်း ယဉ်ပါးလာမှာပေါ့ရှင်"

"လူသေတွေနဲ့ ယဉ်ပါးလာမှာကိုပြောတာလား"

ချက်ချင်းဆိုသလို ပြန်မေးလာသည့်အတွက် ယူရီကိုက လေးတွဲ့စွာပင် ခေါင်းငြိမ့်ပြလိုက်သည်။ ဒိုင်ဂိုက အမှတ်မထင် တံတွေးကို မြိုချလိုက်ပြီးနောက် ထောင်ထားသော ခေါင်းများကို စိုက်ကြည့်နေမိပြန်သည်။

"ခေါင်းကလည်း အတန်းအစား အမျိုးမျိုးရှိတယ်ရှင့်။ ညာဘက်က ခေါင်းက ယန်းငါးသောင်း၊ အလယ်က

ဆယ်သောင်း၊ ဘယ်ဘက် အစွန်ဆုံးက ခေါင်းကျတော့ သုံးသိန်း တောင် ပေးရတယ်”

“ဘာတွေများ ကွာခြားလို့လဲဗျာ”

“ဈေးအချိုဆုံးခေါင်းကျတော့ အညံ့စားတောသစ်တွေကို စပ်ပြီး ရိုက်ထားတယ်။ အလယ်အလတ်ခေါင်းက ပျဉ်းကတိုး၊ ဈေးအကြီးဆုံး ခေါင်းကျတော့ ကျွန်းသစ်အကောင်းစားနဲ့ ရိုက်ထားရုံမကဘူး၊ ကနုတ်ပန်းတွေလည်း ထွင်းထားတယ်”

“ဒါဆိုရင် သုံးတဲ့ သစ်အမျိုးအစားနဲ့ အပြင်အဆင် လောက်ပဲ ကွာတာပေါ့နော်”

“ဟုတ်တယ်ရှင့်၊ ဒါပေမယ့် မီးလောင်တာချင်းကတော့ အတူတူပဲ။ ပြာတွေကျန်ခဲ့တာချင်းလည်း အတူတူပဲ။ အင်း လူ့ဘဝရဲ့ နောက်ဆုံး ဈေးဝယ်ခြင်းဆိုတာက တခြားလူတွေက အဆုံးအဖြတ် ပေးရတာပါပဲနော်”

“သေသေချာချာတွေးကြည့်လိုက်တော့ လူ့ဘဝဆိုတာ ရယ်စရာ အတော်ကောင်းတာပဲနော်”

ဒိုင်ဂို၏ စကားလုံးများက လက်တွေ့ဆန်သကဲ့သို့ လက်တွေ့ မဆန်သလိုလည်း ဖြစ်နေပေသည်။

မိခင်ကြီးကို သင်္ဂြိုဟ်ခဲ့စဉ်က မည်ကဲ့သို့သော ခေါင်းမျိုးကို အသုံးပြုခဲ့ကြပါသနည်း။ ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမများက အကျဉ်းချုံးသင်္ဂြိုဟ်ခဲ့ကြသည်ဟု သိရှိခဲ့ရသည်။ မိမိဦးလေး၏မိန်းမမှာ လွန်စွာ ကပ်စေးနဲသည့်

အတွက် ဈေးအပေါဆုံးခေါင်းနှင့် ပြီးစလွယ် သင်္ဂြိုဟ်ခဲ့လေသည်လား မပြောတတ်။

မိခင်ကြီး ကိုယ်၌ကလည်း အမြဲဆိုသကဲ့သို့ "အမေ့အတွက်ကတော့ ဈေးအပေါဆုံးပဲကောင်းပါတယ်ကွယ်" ဟု ပြောလေ့ရှိခဲ့သည် မဟုတ်ပါလား။ ဖခင်ကြီး စွန့်သွားပြီးကတည်းက မိမိတို့မှာ အမေတစ်ခုသားတစ်ခုသာ နေခဲ့ရသည့် အတွက် မိခင်ကြီးသည် ဒိုင်ဂို ကျောင်းတက်နိုင်ရေး အတွက်နှင့် သူဝါသနာပါသော စယ်လိုတယော သင်တန်း တက်နိုင်ရေးအတွက် မိခင်ကြီးမှာ အစစအရာရာ ချွေတာခဲ့ရှာလေသည်။ ဈေးအပေါဆုံး အဝတ်အစားကို ဝတ်ဆင်ပြီး ဈေးအပေါဆုံး လက်ဆွဲအိတ်ကိုသာ သုံးခဲ့ရှာသည်။ အထက်တန်းစား စားသောက်ဆိုင်များတွင် တစ်ခါမျှ သွားမစားသကဲ့သို့ နိုင်ငံရပ်ခြားသို့လည်း တစ်ခါမျှ ခရီး မထွက်ခဲ့ဖူးပေ။ မိခင်ကြီး၏မေတ္တာတရားသည် လွန်စွာကြီးမားလှပေသည်။ မိမိနှင့်အတူ တိုကျိုတွင် လာနေရန် ခေါ်ခဲ့မိလျှင် အကောင်းသားဟု ဒိုင်ဂိုက အချိန်လွန်ကာမှ နောင်တရနေမိလေတော့သည်။

"သေသွားမှတော့ ဘာမှ မထူးတော့ပါဘူးကွယ်။ အသက်ရှင်ပြီး ကျန်နေခဲ့တဲ့သူတွေအတွက်က အရေးကြီးတယ် ငါ့သားရဲ့"

ဤသည်မှာ မိခင်ကြီးက အမြဲပြောလေ့ရှိသော စကားများပင် ဖြစ်လေသည်။ မိမိသေသွားလျှင် ဆွေမျိုးသားချင်းများ

တိုင်ပင်ပြီး အကျဉ်းချုံ့ကာ သင်္ဂြိုဟ်ကြစေလိုကြောင်း အထပ်ထပ် မှာကြားခဲ့လေသည်။ ထိုမှျသာမကသေး တစ်နှစ်တစ်ခါ သင်္ချိုင်းသို့ ဝတ္တရားမပျက် လာကန်တော့စရာလည်းမလို၊ အားမှသာ လာရန်လည်း မှာကြား သွားခဲ့ပြန်သေးသည်။

သို့ပါသော်လည်း ဒိုင်ဂိုသည် မိမိမွေးရပ်မြေသို့ ပြန်လာပြီးကတည်းက တစ်ခါတစ်ခေါက်တော့ မိခင်ကြီး၏ အုတ်ဂူသို့ ဇနီးနှင့်အတူ သွားကန်တော့ရန် စိတ်ကူးထားလေသည်။ ထိုစဉ် တယ်လီဖုန်းခေါင်းလောင်းက ရုတ်တရက် ထမြည် လာလေသောကြောင့် ဒိုင်ဂိုလည်း သတိပြန်လည် လာခဲ့ရလေတော့သည်။

"ဟုတ်ကဲ့ NK အေဂျင်စီကပြောနေပါတယ်ရှင်။ သြော် မန်နေဂျာကြီး လား။ ဟုတ်ကဲ့ ရှိပါတယ်"

ယူရီကိုက စကားပြောရင်း ဒိုင်ဂိုအား ကွက်ခနဲ လှည့်ကြည့်လိုက်သည်။

"အခုချက်ချင်း လွှတ်လိုက်ရမှာလား။ ဟုတ်ကဲ့ သဘောပေါက်ပါပြီ"

ယူရီကိုက စကားပြောခွက်ကို ချလိုက်သောအချိန်တွင် ဒိုင်ဂိုက မန်နေဂျာကြီးဆီကလား ဟု မေးလိုက်သည်။

"ဟုတ်တယ်။ ဘူတာရုံရှေ့က ဝမ်ဇ အဆောက်အအုံရဲ့ တတိယထပ်ကို လာခဲ့ပါတဲ့။ အဲသည်မှာ ရုပ်ရှင်ရုံလည်း ရှိတယ်။ အခုချက်ချင်း အလုပ်စမယ်လို့ပြောတာပဲ"

ယူရီကိုက ချက်ချင်းလိုက်သွားဖို့ တိုက်တွန်းနေသည်။

“ဘာတွေပြင်ဆင်သွားဖို့လိုသေးလဲ”

“ဘာမှမလိုပါဘူး သည်အတိုင်းသာသွားလိုက်ပါ”

“ဟုတ်ကဲ့”

ဘုမသိဘမသိနှင့် ဒိုင်ဂိုလည်း ဘူတာရုံရှေ့သို့ ခြေဦးလှည့်ခဲ့ရလေတော့သည်။

ဝမ်ဇ အဆောက်အအုံကြီးသည် မိမိထင်ထားသည် ထက်ပင် ပိုမို ဟောင်းနွမ်းလျက်ရှိပေသည်။ အောက်ထပ်သည် ယခင်က ရုပ်ရှင်ရုံဖြစ်ခဲ့ဟန်ရှိသော်လည်း ယခုအခါ ပျက်စီး ယိုယွင်းလျှက်ရှိနေပေပြီ။ ဖုန်အလိမ်းလိမ်းဖြင့် ညစ်ထေး နေသော ဆင်ဝင်ပေါက်ကို ဖြတ်သန်းခဲ့ပြီးနောက် မှောင်ပျပျ လှေခါးအတိုင်း တက်လာခဲ့သည့်တိုင် ပင့်ကူမျှင်များ ကပ်ပါ လာလေမလားဟု သတိထားနေခဲ့ရသည်။ တတိယထပ်သို့ ရောက်သောအခါ သံချေးတက်နေသော တံခါးအိုကြီးတစ်ခုကို တွေ့လိုက်ရသည်။

တံခါးဝတွင် စတီရီယိုဟူသော ဆိုင်းဘုတ်တစ်ခုကို ချိတ်ထားလေသည်။ တံခါးကို ဖွင့်ကြည့်လိုက်သည်နှင့် ဗီဒီယို ကင်မရာများ ချိန်ထားသည့်အပြင် ဆလိုက်မီးများ ထွန်းထားသည်ကို တွေ့လိုက်ရသည်။ ရိုက်ကွင်းအတွက် မြက်ဖျာပေါ်တွင် မွေ့ရာခင်းထားပြီး ခေါင်းတစ်လုံးနှင့် ပိတ်ဖြူ တစ်စကိုလည်း ချထားလေသည်။ အသုဘ ကြော်ငြာ တစ်ခု

ရိုက်ကြမည်လား မပြောတတ်ပေ။ ကင်မရာမင်းနှင့် ကူဖော်လောင်ဖက် လေးငါးယောက်တို့က ပြင်ဆင်နေကြလေသည်။ ရုပ်ရှင်တို့ ဗီဒီယိုရိုက်ကွင်းသို့ တစ်ခါက်မှ မရောက်ဖူးသော ဒိုင်ဂိုအတွက် အထူးအဆန်း ဖြစ်နေလေတော့သည်။

"ဟော ရောက်လာပြီ"

လက်ထောက်ဝန်ထမ်း တစ်ဦးက ဒိုင်ဂိုဝင်လာသည်ကို သတိထားမိလိုက်သည်။

"မောင်ရင်ရောက်လာပြီကိုး"

အခန်းတွင်းမှ ကြားနေကျ အသံသြသြကြီးကို ကြားလိုက်ရပြီး ဆာဇာကီက ထွက်လာသည်။ ထို့နောက် အခန်းဝတွင်ရပ်နေသော ဒိုင်ဂိုအား လက်ယပ်ခေါ် လိုက်သည်။

"ကျုပ်တို့ကုမ္ပဏီကလက်ထောက်ဝန်ထမ်းအသစ်လေ"

"ကျွန်တော့် နာမည်က ကိုဘာယာရှိဒိုင်ဂိုလို့ခေါ်ပါတယ်"

"ဟုတ်တယ်။ ကိုဘာယာရှိက ဒီနေ့ရိုက်ကွင်းအတွက် မော်ဒယ် လုပ်ပေးပါလိမ့်မယ်"

"ဗျာ၊ မော်ဒယ်"

ဒိုင်ဂိုက ယောင်ယမ်း အော်လိုက်မိသော်လည်း သူ၏ အာမေဋိတ်သံသည် အများ လက်ခုပ်တီးသံအောက်တွင် ငုပ်လျှိုး ပျောက်ကွယ်သွားခဲ့ရလေသည်။

"အဝတ်အစားလဲပြီးတာနဲ့ ချက်ချင်းရိုက်ကြတာပေါ့"

ဒါရိုက်တာ ဖြစ်ဟန်ရှိသူက ခေါင်းညွှတ်ပြရင်း ပြောလိုက်သည်။

"ကဲ ကဲ အဝတ်လဲခန်းကို သွားပြီး မိတ်ကပ် လိမ်းပေတော့"

ထိုစဉ် အပြင်ဘက်တွင် တွေ့ခဲ့ရသော ကီမိုနို ဝတ်ဆင်ထားသည့် အမျိုးသမီးကြီးက မိတ်ကပ်ဆရာမပါဟု မိတ်ဆက်လာသည်။ သူ့တစ်ကိုယ်လုံး အပေါ်စား ရေမွှေးနံ့များက ထောင်းထောင်းထနေသည်။ ထိုအမျိုးသမီးကြီး က ဒိုင်ဂိုအား ခန်းမကြီး၏ ထောင့်ကွေး တစ်နေရာရှိ အခန်းငယ်ကလေး တစ်ခုဆီသို့ ဆွဲခေါ် သွားလေသည်။

"မန်နေဂျာကြီး လုပ်ပါဦး"

"နိုး ပရော်ဘလမ်၊ မပူပါနဲ့။ အစအဆုံး ကျုပ်က ဦးဆောင်သွားမှာပါ"

ဆာဇာကီက ဒိုင်ဂို၏ပခုံးကို ခပ်ဖွဖွလေး ပုတ်လိုက်ရင်း အားပေးလိုက်သည်။ သို့နှင့် ဒိုင်ဂိုလည်း အလှပြင်ဆရာမကြီး ဆွဲခေါ်ရာသို့ ကြောင်တောင်တောင်နှင့် ပါသွားခဲ့လေတော့သည်။

"အဝတ်လဲကြစို့လား"

"ဟုတ် ဟုတ်ကဲ့"

အဝတ်လဲခိုင်းပြီဆိုတော့ မိမိအား ဇာတ်လိုက်နေရာက ထားလိမ့်မည်ဟု ဒိုင်ဂိုက တွေးလိုက်မိသည်။ သို့သော်လည်း မိမိ လဲရန် ပေးလာသော အဝတ်မှာ စက္ကူကြမ်း တစ်ရွက်သာ ဖြစ်လေသည်။

"ဒါက ဘာကြီးလဲဗျ"

"စက္ကူ လံကွတ်တီလေ"

အလုပြင်ဆရာမကြီးက မထူးဆန်းသည့်လေသံဖြင့် ခပ်တည်တည် ပြန်ဖြေလာသည်။

"ဗျာ"

ဒိုင်ဂို၏နားထဲတွင် မယုံနိုင်အောင်ဖြစ်သွားရလေသည်။

"လံကွတ်တီကတော့ ကိုယ်ဘာသာ ဝတ်တာ ကောင်းပါတယ်။ ဝတ်ပြီးရင်သာ ကျွန်မကို လှမ်းခေါ်လိုက်ပါ"

"အဝတ်လဲရမှာက ဒါပဲလားဗျာ"

လံကွတ်တီ ကောက်ဝတ်လိုက်ရုံဖြင့် အဝတ်လဲသည့် လုပ်ငန်းက ပြီးဆုံးသွားရပေတော့မည်။

"ဘာလဲ။ ရှင်ကလံကွတ်တီတောင်မဝတ်တတ်ဘူးလား၊ ရှင့်မှာ ကလေးမရှိဘူးလား"

"ဟုတ်ကဲ့၊ မရှိပါဘူး"

"ဒါဆိုရင် ရှင်တစ်ခါမှ ကလေးတွေကို မပြုစုဖူးဘူးပေါ့"

"ဟုတ်ကဲ့"

"ဟောဒီ ပလာစတာနဲ့ တစ်စကို ကပ်ပြီး ဘယ်ညာ သိုင်းချီရင်း ခါးတောင်းကျိုက်လိုက်လေ"

"ဘာဖြစ်လို့ကျွန်တော်က ဒါကြီးကိုဝတ်ရမှာလဲ"

"မန်နေဂျာကြီးက ရှင့်ကို မော်ဒယ်လုပ်ခိုင်းမယ်လို့ ပြောထားတယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဘာဖြစ်လို့ ကျွန်တော်က ဒီလံကွတ်တီကိုဝတ်ရမှာလဲ"

"ရှင့်ကို ကိုယ်တုံးလုံး မရိုက်ရက်လို့နေမှာပေါ့"

"လူသေကောင်"

အလှပြင် ဆရာမကြီးက ခပ်တည်တည်ပင် ဖြေလိုက်သည်။

"ကျွန်တော်က လူသေအလောင်းလုပ်ရမယ် ဟုတ်စ"

"ဟုတ်တယ်။ ဒီနေ့ လူသေကိုပြင်ဆင်ပြီး အခေါင်းထဲကို ထည့်တဲ့နည်း အဆင့်ဆင့်ကိုရိုက်ကြမှာ"

"ဗီဒီယိုရိုက်ပြီး ဘာလုပ်ကြမှာလဲ။ ပြီးတော့ ကျွန်တော်က ဘယ်လိုသရုပ်ဆောင်ရမှာလဲ"

"ရှင့်ကိုမန်နေဂျာကြီးက ဘာမှပြောမထားဘူးလား။ ရော့ ရော့ စာအုပ်ထဲမှာဖတ်ကြည့်"

အလုပ်ပြင်ဆရာမကြီးက (အလောင်းပြင်နည်း၊ ခေါင်းသွင်းနည်း) ဟုရေးထားသည့် ဇာတ်ညွှန်းစာအုပ်ကို ကမ်းလာသည်။

"ကဲ အပြင်မှာလူတွေ စောင့်တာကြာသွားပြီ။ မြန်မြန်သာ လဲပေတော့"

ပါးစပ်အဟောင်းသားဖြစ်နေသော ဒိုင်ဂိုအား အလုပ်ပြင်ဆရာမကြီးက တိုက်တွန်းပြောဆိုကာ အပြင်သို့ ထွက်သွားလေတော့သည်။

"ငါ့ကိုများ တမင်သက်သက် လာနောက်နေကြတာများလား မသိဘူး"

ဒိုင်ဂိုက လံကွတ်တီကိုကိုင်လျက် တွေးလိုက်မိသည်။ မိမိအား မည်သူများဟု ထင်မှတ်နေကြသည်မသိ။ စင်စစ် မိမိသည် နာမည်ကျော် စယ်လိုတယောပညာရှင်ပင် မဟုတ်ပါလော။

အရင်တုန်းက မိမိသည် နာမည်ကျော်တီးဝိုင်တစ်ခု၏ အဖွဲ့သားတစ်ဦးပင် မဟုတ်ခဲ့ပါလော။ အပျော်စီးသင်္ဘောပေါ်မှ ပါတီတစ်ခုတွင် ဖျော်ဖြေအပြီး "စီဒီထွက်ရင် အကြောင်းကြားပါနော်။ ကျွန်မဝယ်ချင်လို့ပါ"

ဟု အားပေးမည့် သူများပင် ရှိခဲ့ပေသည်။ ဒါတွေက အတိတ်တွင် ကျန်ရစ်ခဲ့ပြီလေ။

အဘယ့်ကြောင့်များ ယခုအခါ ကိုယ်လုံးတီးနှင့် လံကွတ်တီကို ဝတ်နေရပါသနည်း။ ထိုစကားလုံးများကို ထပ်ခါတလဲလဲ ပြောဆိုပြီးနောက် ဒိုင်ဂိုက အဝတ်အစားများကို ချွတ်လိုက်သည်။ အတိတ်က မဖြစ်စလောက် အောင်မြင်မှုကို တမ်းတနေသည့် စိတ်များအား အပြီးအပိုင် စွန့်ပယ်လိုက်ရပေတော့မည်။ အတိတ်က မည်ကဲ့သို့ပင်ဖြစ်ခဲ့ပါစေ လက်ရှိ အခြေအနေတွင် ခတ်လှေကားပင် ကင်းမဲ့နေသော ဟောင်းနွမ်း ယိုယွင်းနေပြီဖြစ်သော အဆောက်အဦးအိုကြီး၏ စတူဒီယိုကြီးထဲတွင် ကိုယ်လုံးတီးဖြစ်ကာ လံကွတ်တီတစ်ခုသာ ဝတ်နေရချေပြီ။ လက်ရှိ အခြေအနေသည် မိမိနှင့် အလိုက်ဖက်ဆုံးဟု ဆိုရမည်လား မပြောတတ်တော့ပေ။ ခံပြင်းစရာ အကြောင်းများကို တွေးတောရင်မှပင် ဒိုင်ဂိုက အောက်ခံဘောင်းဘီကိုချွတ်ကာ လံကွတ်တီကို ကောက်ဝတ်လိုက်လေသည်။

"မော်ဒယ်လာဖို့အဆင်သင့်ဖြစ်ပါပြီ"

အဖြူရောင် အပြာရောင် မိတ်ကပ်များကို လိမ်းခြယ်ပေးပြီး သွားသော အလုပြင်ဆရာမကြီးက အခန်းအပြင်သို့ ထွက်ကာ ကြေညာလိုက်သည်။ ဒိုင်ဂိုက နောက်မှ ထွက်လာသည့်အခါ အဖွဲ့သားအားလုံးက "ဝေး" ဟု အော်ကာ ညာသံပေးလိုက်ကြသည်။

"လူသေကောင်နဲ့ တစ်ထေရာတည်းပဲ"

ဆာဇာကီက ဒိုင်ဂိုအား ခြေဆုံးခေါင်းဆုံးကြည့်ကာ ထိုကဲ့သို့ မှတ်ချက်ချလိုက်သည်။ လံကွတ်တီ တစ်ခုတည်းသာ ဝတ်ပြီး ကိုယ်လုံးတီးဖြစ်နေရှာသော ဒိုင်ဂို၏ မျက်နှာနှင့် ခြေလက်များအား ပြာမွဲမွဲအရောင်များဖြင့် ခြယ်သလိုက်သောအခါ တကယ့် လူသေအလောင်းကဲ့သို့ မြင်လာရလေတော့သည်။

"ဒီ ဗီဒီယိုကို ဘယ်မှာသွားပြကြမှာလဲခင်ဗျာ"

ဒိုင်ဂိုက စိတ်ထဲတွင် ခံစားလာရသည့်အတိုင်း မေးလိုက်သည်။ အထူးသဖြင့် ဤဗီဒီယိုအား ချစ်ဇနီးမိကာ၊ မိကာ၏ ဆွေမျိုးမောင်နှမများ၊ ကျောင်းနေဖက်ငယ်သူငယ်ချင်းများ တွေ့မသွားစေချင်သည်မှာတော့ အမှန်ပင်ဖြစ်သည်။

"စိတ်ချစမ်းပါကွာ၊ ဒါက လုပ်ငန်းသုံးဗီဒီယိုပါ။ ဘယ်သူမှ မမြင်စေရပါဘူး"

ဆာဇာကီက မဲ့ပြုံးပြုံးကာပြောလိုက်သည်။ ဒိုင်ဂိုလည်း စိတ်ထဲတွင်ဖြစ်ပေါ် နေသောဒေါသကို ထိန်းလိုက်ရလေသည်။ ဖြစ်လာမှတော့ ဒေါသထွက်နေလျှင်လည်း အပိုပင်မဟုတ်ပါလား။

"ကဲ ကဲ အစမ်းစရိုက်ကြမယ်"

ဒိုင်ဂိုက ဒါရိုက်တာ ညွှန်ကြားသည့်အတိုင်း မွေ့ရာပေါ်တွင် စန့်စန့်ကြီး လူသေကောင်ကဲ့သို့ မျက်စိများကို မှိတ်ထားလိုက်သည်။ တတ်နိုင်သမျှ မလှုပ်ရှားမိအောင်လည်း သတိထားပြီး ငြိမ်နေလိုက်သည်။

ဆာဇာကီက လက်အုပ်ချီကာ နှုတ်ခွန်းဆက်စကားကို ပြောလာသည်။

"အခုအချိန်ကစပြီး ကျွန်တော်တို့ရဲ့ ပြင်ဆင်မှုလုပ်ငန်းကို စတင်ပါတော့မယ်။ ပထမဆုံး ဂွမ်းဆိုတဲ့ အလုပ်ကို လုပ်ပါ့မယ်။ လူသေကောင်ဆီက မကောင်းတဲ့ အပုပ်ရည်တွေ ထွက်မလာအောင်လို့ပါ။ ဆက်ပြီး ဆေးကြောသန့်စင်တဲ့ အလုပ်ကို ဆက်လုပ်ပါမယ်။ ယခုဘဝမှာ ခံစားခဲ့ရတဲ့ ဒုက္ခနဲ့ သောကဗျာပါဒတွေ ကင်းစင်သွားပြီး နောက်ဘဝ အထိ ပါမသွားအောင်လို့ပါ"

ဆာဇာကီက ပိတ်ပါးစအား ရေနွေးတွင်နှစ်ကာ လူသေကောင်အဖြစ် သရုပ်ဆောင်နေသော ဒိုင်ဂို၏ လက်တစ်ဖက်အား စပြီးပွတ်သပ်ပေးလေသည်။

"ရှေးတုန်းကတော့ ရေအင်တုံထဲက ရေအေးနဲ့ပဲ ပွတ်သပ်ပေးခဲ့ကြပါတယ်။ အခုအခါမှာတော့ ကျန်းမာရေးအတွက် ရေနွေးနဲ့ပိုးသတ်ထားတဲ့ ပိတ်ပါးစကို သုံးလာရပါတယ်"

ထို့နောက် ဆာဇာကီက ဒိုင်ဂို၏ခန္ဓာကိုယ်အနှံ့ကို ရေနွေးဆွတ်ထားသော ပိတ်ပါးစဖြင့် လိုက်လံ ပွတ်သပ်ပါတော့သည်။ အနွေးပေးစက်ကို ဖွင့်ထားသည့်တိုင် ဆာဇာကီ၏ အထိအတွေ့များကြောင့် ဒိုင်ဂိုခမျာ ကြက်သီးမွေးညှင်းများ ထလာခဲ့ရလေတော့သည်။ ထို့ကြောင့် ဒိုင်ဂိုက အံကိုကြိတ်ပြီး အောင့်အည်းသည်းခံကာ နေခဲ့ရလေသည်။

"အဝတ်လဲတဲ့ နေရာမှာတော့ သေဆုံးသူကို လေးစားသောအားဖြင့် မိဘဆွေမျိုးသားချင်းများက သူ့ရဲ့ အသားအရေတွေကို မမြင်နိုင်အောင် စနစ်တကျ လုပ်ဆောင် သွားပါမယ်"

ဆွေမျိုးသားချင်းများအား မျက်နှာမူလျက် ဆာဇာကီက တရားစာအုပ်ကို ဖွင့်လိုက်သည်။ ဆာဇာကီက ကြေးခေါင်းလောင်းလေးကို တစ်ချက်တီးကာ လက်အုပ်ချီပြီး ဆွေမျိုးသားချင်းများကိုလည်း လက်အုပ်ချီခိုင်းသည်။ ထို့နောက် အလောင်းအား ပိတ်ဖြူနှင့်ဖုံးကာ အဝတ်အစားများကို ချွတ်လိုက်သည်။

"အဝတ်အစားလဲလို့ပြီးသွားပါပြီ။ မိတ်ကပ်ခြယ်သဖို့ပဲ ကျန်ပါတော့တယ်။ မိတ်ကပ်မလိမ်းခင် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများကို အရင်ရိတ်ရပါမယ်"

အေးစက်သော ဆေးအရည်တမျိုးက ဒိုင်ဂို၏ ပါးပြင်ထက်ဆီသို့ ကျလာသည်။ မုတ်ဆိတ်မရိတ်မီ လိမ်းရသည့် အရည်တမျိုးပင်ဖြစ်လေသည်။

"အထူးသဖြင့် အမျိုးသားတွေရဲ့ မျက်နှာဟာ ပါးရိုးမောက်ပြီး အရည်ပြားက တင်းမာနေတဲ့အတွက် ထိုးထိုးထောင်ထောင် ထွက်နေတဲ့ နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်ကျင်စွယ်တွေကို အရင်ရိတ်ပေးဖို့က အရေးကြီးပါတယ်"

အရေးထဲ ဒိုင်ဂို၏နှာခေါင်းအတွင်းပိုင်းက ယားကျိကျိဖြစ်လာခဲ့ လေတော့သည်။

"သေဆုံးပြီးတဲ့လူတွေရဲ့အရေပြားဟာ အထိအခိုက် အလွန်လွယ်ပါတယ်"

ဆာဇာကီက ဒိုင်ဂို၏ပါးပြင်အား လက်ဖြင့် ပွတ်သပ်လိုက်သည်။

"လက်နဲ့ခပ်ကြမ်းကြမ်း ကိုင်မိလိုက်ရုံနဲ့ ပွန်းပဲ့သွားနိုင်တဲ့ အတွက် အတော့်ကိုဂရုစိုက်ရပါတယ်"

ဒိုင်ဂိုအတွက် သီးခံနိုင်စွမ်းကလည်း ကုန်ခမ်းသွားခဲ့လေပြီ။ ထို့ကြောင့် "ဟတ်ချိုး" ဟုချေလိုက်သည်နှင့် တစ်ပြိုင်နက် ချွန်ထက်လှသော သင်တုန်းဓားက ဒိုင်ဂို၏ပါးပြင်အား တစ်ချက်ထိသွားလေတော့သည်။

"အောင်မယ်လေး နာလိုက်တာ"

ထိတ်လန့်တကြား အော်ဟစ်ရုန်းကန်လိုက်သည့်အတွက် ဓားချက်က ပိုပြီးနက်ရှိုင်းသွားခဲ့လေသည်။ သွေးများက ပါးပြင်မှ လည်ပင်းဆီသို့ စီးကျလာတော့သည်။

"ကတ် ကတ်"

ဒါရိုက်တာကြီးက ရိုက်ကူးမှုကိုရပ်ရန် ညွှန်ကြားလိုက်သည်။ ဘေးတွင်ကြည့်နေသော အဖွဲ့သား အားလုံး ဆူညံပွက်လောရိုက်သွားတော့သည်။

"အတော်ထိသွားလား"

ဘေးတွင် ထိုင်ကြည့်နေသော အဖွဲ့သားတစ်ယောက်က တစ်သျှူးစကို ထုတ်ပြီး သုတ်ပေးလိုက်သည်။ တစ်သျှူးစ တစ်ခုလုံး သွေးများဖြင့် နီရဲကုန်တော့သည်။

"ဒါနဲ့သုတ်လိုက်ပါ"

အခြားအဖွဲ့သားတစ်ယောက်က တဘက်တစ်ထည်ကို ကမ်းပေးလာသည်။

"မုတ်ဆိတ်ရိတ်နေတုန်း ချေရတယ်လို့ကွာ၊ အတော်ညံ့တဲ့ ကောင်ပဲ"

ထိုကဲ့သို့ ပြောလာသော ဆာဇာကီအား ဒိုင်ဂိုက စူးစူးဝါးဝါး စိုက်ကြည့်လိုက်လေသည်။

ညစာ ချက်ပြုတ်ပြီးသွားသောကြောင့် မိကာက သူ့အလုပ် စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဒိုင်ဂိုအား အိမ်ဝအထိ လိုက်ပို့ပြီးကတည်းက မိကာသည် အဝတ်လျှော်လိုက် အခန်းသန့်ရှင်းရေး လုပ်လိုက်ဖြင့် အလုပ်များနေခဲ့ပြီးနောက် တစ်နေ့ခင်းလုံး မိမိ၏ ကွန်ပျူတာ

အလုပ်ကို ဆက်လုပ်နေခဲ့ပေသည်။ လက်နှိပ်ကွက်တွင် ရိုက်သည့်အခါ ဖြစ်ပေါ်လာကြသော အသံများသည် တိုကျိုတွင် နေခဲ့သည့် အခါလောက် ဆူညံခြင်းမရှိတော့ပေ။ အခန်းနံရံနှင့် ကြမ်းပြင် တို့က သစ်သားများဖြစ်သောကြောင့် ထိုအသံများအား စုပ်လိုက်ကြသောကြောင့် ဖြစ်နိုင်ပေသည်။

ယခင်အခါက စားသောက်ဆိုင်ဖြစ်ခဲ့သောကြောင့် စားပွဲကုလားထိုင်များကလည်း လိုသည်ထက်ပင် ပိုနေလေသည်။ မိကာက ပြတင်းပေါက်ဘေး အလင်းရောင် အလုံအလောက်ရသော နေရာတစ်ခုတွင် စားပွဲနှင့် ကုလားထိုင်ကို ရွှေ့ကာ ကွန်ပျူတာရိုက်နေခဲ့ပေသည်။

အခန်းတစ်ခုလုံးတွင် ကွန်ပျူတာရိုက်သည့်အသံ စာရွက်လှန်သည့်အသံများနှင့်အတူ ငြိမ့်ညောင်းလှသော ဓာတ်စက်မှ တေးသံများက လွင့်မျောလျက် ရှိနေလေတော့သည်။

"မောင်ပြန်ရောက်ပြီ မိကာရေ့"

"ဟယ် မောင်ပြန်လာပြီလား၊ မျက်နှာက ဘာဖြစ်လာတာလဲ"

ဒိုင်ဂို၏ပါးပြင်ထက်မှ ဟင်ဒီပလတ်ပိတ်ပါးစကို ကြည့်ပြီး မေးလိုက်သည်။

"မုတ်ဆိတ်ရိတ်နေတုန်း မန်နေဂျာကြီးကတွန်းလိုက်လို့ ဓားထိသွားတာပါကွာ"

"ကုမ္ပဏီရုံးခန်းမှာ မုတ်ဆိတ်ရိတ်လာတာလား"

"အင်း"

ဒိုင်ဂိုက စိတ်မပါ့တပါနှင်ဖြေလိုက်သည်။ မိကာကတော့ သိပ်ပြီးကျေနပ်ပုံမရပေ။

"အမြဲတမ်း အိမ်မှာ လျှပ်စစ် မုတ်ဆိတ်ရိတ်စက်နဲ့ ရိတ်နေတာ မဟုတ်လား"

မိကာက သံသယဝင်သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

"မန်နေဂျာရဲ့အမိန့်ဆိုတော့ ကိုယ်လည်း ဘယ်တတ်နိုင်မလဲ"

ဒိုင်ဂိုက လေးတွဲစွာပြန်ဖြေလိုက်ပြီးနောက် နက်ကတိုင်လည်စီးကိုဖြုတ်ကာ အပေါ်ထပ်သို့ တန်းတက်သွားလေတော့သည်။

"အတော် ထူးဆန်းတဲ့ ကုမ္ပဏီပါလားနော်"

ထို့နောက် မိကာက ဒိုင်ဂို၏ကျောပြင်အားကြည့်ရင်း မင်္ဂလာဆောင် အခမ်းအနား ပြုလုပ်ပေးသည့် ကုမ္ပဏီဆိုလျှင်သည့်ထက် ပိုပြီးသားသားနားနား ဝတ်ဆင်သွားသင့်သည်ဟု တွေးမိလိုက်သော်လည်း မိမိ၏သံသယစိတ်များကို မျိုသိပ်ထားလိုက်ရလေတော့သည်။

မကြာမီ ဒိုင်ဂိုအတွက် စားပွဲအသစ်တစ်လုံး ရောက်လာခဲ့လေသည်။ ရုံးခန်းထဲတွင် ဒိုင်ဂို၏ စားပွဲတစ်လုံးသာလျှင်

တလက်လက် တောက်ပနေလေသည်။ မိမိတို့ ဗီဒီယို ရိုက်ခဲ့ကြသည့်အကြောင်းကို ဒိုင်ဂိုက ဖြစ်နိုင်လျှင် မေ့ထား လိုက်ချင်သည့် အတွက် ဗီဒီယိုနှင့်ဆိုင်သော စာရွက်စာတမ်း များကို ဗီရိုထဲတွင် ထည့်သိမ်းထား လိုက်ပေသည်။

နေ့စဉ်နေ့တိုင်းဆိုသကဲ့သို့ မယ်မယ်ရရ အလုပ်တစ်ခုမျှ မရှိဘဲ အားနေသည်ကများလေသည်။ ဒိုင်ဂိုအဖို့ ယူရီကိုအား ကူညီသည့်အနေဖြင့် စာရွက်စာတမ်းများကို သိမ်းဆည်း ပြင်ဆင်ခြင်းနှင့် ဖက်က်စ်ပို့ခြင်းများကို လုပ်ပေး နေမိ သော်လည်း ထိုအလုပ်များပြီးသည်နှင့် လုပ်စရာ မရှိ တော့ဘဲ အားသွားပြန်လေသည်။ သို့ဖြင့် ဒိုင်ဂိုသည် ယူရီကို ကို အဖော်ပြုကာ စကားပြောနေခဲ့ရလေသည်။ ဆာဇာကီ ကတော့ ရုံးသို့ ခဏတဖြုတ်သာလာပြီး အပြင်ထွက် နေသည်က များလေသည်။

“ရှင့်အတွက် လိပ်စာကတ်ပြီးသွားပြီ”

ယူရီကိုက လိပ်စာကတ်ပြား အစည်း တစ်စည်းကို ဒိုင်ဂို၏ လက်သို့ ကမ်းလိုက်သည်။

“ယူရီကိုစံ ကျွန်တော် အရေးကြီးတဲ့မေးခွန်းတစ်ခု မေးပါရ စေလား”

“ရပါတယ်။ ဘာများပါလိမ့်”

“ကျွန်တော်တို့ကုမ္ပဏီကို ဘယ်သူတွေကများ အလုပ် လာအပ်ကြတာလဲ”

"သင်္ချိုင်းကသုဘရာဇာတွေဆီကပေါ့"

"ဗျာ"

"ရှေးရှေးတုန်းက လူတွေသေရင် မိသားစုကပဲ ပြင်ဆင်ပြီး ခေါင်းထဲ ထည့်ပေးကြရတာပါဘဲ။ နောက်တော့ အဲသည် အလုပ်က သုဘရာဇာတွေဆီရောက်သွားရာက ကျွန်မတို့ဆီကို ရောက်လာတော့တာပါဘဲ။ မွန်မြတ်တဲ့ ဝန်ဆောင်မှု လုပ်ငန်းတစ်ခုလို့ခေါ် ရမှာပေါ့ရှင်"

ယူရီကိုက ရှင်မြူးစွာပြုံးရယ်ရင်း ရှင်းပြနေလေသည်။

"ရာသီဥတု ကောင်းနေတဲ့အချိန်မှာတော့ ကျွန်မတို့ အားနေဦးမှာပေါ့လေ။ အဲ ရာသီဥတု ဆိုးရွားပြင်းထန်လာတဲ့ အချိန် ရောက်ရင်တော့ လက်မလည်နိုင်အောင် အလုပ်တွေ များလာမှာ သေချာတယ်"

ယူရီကိုက ဘာမျှ မထူးဆန်းသည့်ပုံစံမျိုးဖြင့် ပြောကာ မှန်ကိုကြည့်ရင်း အလှပြင်နေပြန်လေသည်။

"ဟုတ်တယ်နော် ကျန်းမာရေး ချို့ယွင်းလွယ်တဲ့ ပြင်းထန်တဲ့ ရာသီမျိုးတွေမှာ သေဆုံးတဲ့လူတွေ ပိုများ လာတတ်တာပဲပေါ့"

"ကျွန်မတို့အလုပ်က ကြိုတင် မှန်းဆထားလို့ရတာ မဟုတ်ဘူး လေ"

"အင်း အခုလို ဘာအလုပ်မှ မရှိဘဲနဲ့ နေ့တိုင်း ဝင်ငွေတွေ အများကြီး ရနေတာ ဟန်မကျဘူးလား"

ဟုတ်တော့လည်း ဟုတ်သည်။ ဘာတစ်ခုမျှမလုပ်ရပဲ တစ်နေ့တစ်နေ့ ယန်းနှစ်သောင်းကြီးများတောင် လက်ခံနေရသည့် အတွက် ကြာတော့ အားတောင်နာလာသည်။

"ရပါတယ်ရှင်။ ကျွန်မတို့အတွက် အခုလို ထိုင်စောင့်နေရတာကိုကပဲ အလုပ်တစ်ခုလို့ ဆိုရမှာပေါ့။ မကြာခင် အလုပ်တွေများလာမှာ သေချာပါတယ်"

အလုပြင်ပြီးသွားသော ယူရီကိုက ထိုင်ရာမှထလာပြီး ဒိုင်ဂိုထံသို့ စာရွက်စာတမ်းများ ပေးလာသည်။ အလောင်းပြင်နည်းလမ်းညွှန်၊ သင်္ဂြိုဟ်နည်းအဆင့်ဆင့်၊ ခေါင်းပုံစံ ကက်တလောက် စသည့် လုပ်ငန်းသုံး စာအုပ်စာတမ်းများပင် ဖြစ်လေသည်။

× × × × × × × × × × × × × × × × × × × × × × ×

## အခန်း (၅)

မမျှော်လင့်ဘဲ ပထမဆုံးလုပ်ငန်းက ဖြုန်းစားကြီး ရောက်ချ လာလေသည်။ နေ့ခင်းအချိန်လောက်တွင် ဆာဇာကီက ပေါက်ချလာပြီး "သွားကြစို့" ဟုဆိုကာ ဒိုင်ဂိုထံသို့ မော်တော်ကားသော့ကို ပစ်ပေးလိုက်လေသည်။ ထို့နောက် ရုံးခန်းထဲတွင် ထောင်ထားသော ခေါင်းများထဲမှ စျေးအချိုဆုံး တောသစ်များကိုစပ်ပြီး သုံးထားသည့်ခေါင်းကို ဗင်ကား၏ နောက်ဘက်ခန်းထဲသို့ ထမ်းပြီး သွင်းလိုက်သည်။

"ဒီနေ့တော့ ကားမောင်းတဲ့တာဝန်ကို မောင်ရင်ပဲ ယူပေတော့"

"ဟုတ်ကဲ့ပါ"

"ကျုပ်လမ်းပြပေးပါ့မယ်"

ဒိုင်ဂိုက ဒရိုင်ဘာထိုင်ခုံတွင်ဝင်ထိုင်လိုက်ပြီး လက်ကိုင်ဘီး ကို ကိုင်ကာ စက်နှိုးလိုက်သည်။ ဆောင်းတွင်းသို့ ဝင်ရောက်လာပြီ ဖြစ်သည့်အတွက် မြူနှင်းတို့ဝေသောလမ်း အတိုင်း သတိထားမောင်းကာ အဝေးပြေး လမ်းမကြီးရှိရာသို့ ထွက်လာခဲ့ရလေသည်။

"ပထမဆုံးအလုပ်ကို စလုပ်ရမယ်ဆိုတော့ မောင်ရင့် စိတ်ထဲမှာ ဘယ်လိုခံစားရလဲဟင်"

ဆာဇာကီက ဘေးခုံတွင်ထိုင်ရင်း ဖိနပ်ကိုချွတ်ကာ တင်ပျဉ်ခွေထိုင်ရင်း စီးကရက်ကိုဖွာပြီး လိုက်လာခဲ့ပေသည်။

"ဟုတ်ကဲ့ အင်း"

မိမိ၏စိတ်ထဲတွင် မည်ကဲ့သို့ခံစားနေရသည်ကို ရှင်းမပြနိုင်အောင် ဖြစ်နေရလေသည်။ ပြီးတော့ ကားကိုလည်း ဂရုစိုက်ကာ မောင်းနေရပြန်သေးသည်။ မိမိတွင် ယာဉ်မောင်းလိုင်စင်ရှိသည်မှန်သော်လည်း တိုကျိုက ပြောင်းလာကတည်းက အိမ်သုံးကားကို ရောင်းထားခဲ့ပြီ ဖြစ်သောကြောင့် ကားမမောင်းရသည်မှာ အတော်ကြီး ကြာသွားခဲ့ပေပြီ။

"ကျွန်တော်က ဘာတွေလုပ်ရမှာလဲ"

"ဒီနေ့က ပထမဆုံးနေ့ဆိုတော့၊ ကျူပ်လုပ်တာ ကိုင်တာတွေကို ဘေးက အသာထိုင်ကြည့်ရုံပါဘဲ"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့်၊ ဒီနေတော့ မောင်ရင်အတော်ကံဆိုးတာပဲ"

"အယ် ဘာဖြစ်လို့လဲဟင်"

ရုတ်တရက် မော်တော်ကားက လမ်းချော်မလိုဖြစ်သွားသည့်အတွက် စတီယာရင်ကို ထိန်းလိုက်ရသည်။

"ဟိုရောက်တော့ တွေ့ရပါလိမ့်မယ်"

"ကျွန်တော့်ကို မခြောက်ပါနဲ့ဗျာ"

"ပထမဆုံးအလုပ်မှာ အခက်ခဲဆုံး လုပ်ငန်းနဲ့စတွေ့တယ်ဆိုတော့ ခေါင်းပြင်ဆရာကောင်း ဖြစ်လာနိုင်တာပေါ့လေ"

"ဘယ်လိုပါလိမ့်"

ဒိုင်ဂို၏စိတ်ထဲတွင် စိုးရိမ်စိတ်များက တဖွားဖွား ဖြစ်ပေါ် လာခဲ့ရလေတော့သည်။

"ရောက်ပြီဟေ့"

တစ်နာရီကျော်မျှ ကားမောင်းလာပြီးသည့်နောက် လူနေရပ်ကွက် တစ်ခုတွင် ဆာဇာကီက ရပ်ခိုင်းလိုက်သည်။

"ဒီနေရာမှာရပ်ရမလား ဆရာ"

ဒိုင်ဂိုက သက်ပြင်းရှည်ကြီးတစ်ချက်ကိုချလိုက်သည်။ အိမ်ရှေ့တွင် ဖဲကြိုးများဖြင့် ရံတားကာ ယူနီဖောင်းဝတ် ရဲသား လေး ငါးယောက်ခန့် မှူခင်း ထောက်လှမ်းနေကြသည်။ မှူခင်း တစ်ခုခု ဖြစ်ပွားခဲ့ပုံရလေသည်။ မဟုတ်မှလွဲရော၊ လူသတ်မှု ပင် ဖြစ်ပေလိမ့်မည်။ လက်ကိုင်ဘီးကိုကိုင်ရင်း ထိုင်နေသော ဒိုင်ဂိုအား ချန်ထားကာ ဆာဇာကီက စီးကရက်ကို ခဲရင်း ကားပေါ်မှ အမြန်ဆင်းသွားခဲ့လေသည်။ ဒိုင်ဂိုလည်း စိတ်တထင့်ထင့်နှင့် နောက်မှလိုက်ဆင်းသွားလေသည်။

"အခုလို ဆိုးဝါးတဲ့မှူခင်းတွေနဲ့ချည်း ကြုံနေရလို့ အားနာလိုက်တာဗျာ"

"ရပါတယ်ဗျာ၊ အလုပ်ပဲ လုပ်ရမှာပေါ့"

အသက်အရွယ် အတော်ရနေပြီဖြစ်သော ရဲသားကြီးက နှုတ်ဆက်လိုက်သည်။ မန်နေဂျာကြီးနှင့် ရင်းနှီးနေပုံ

ရလေသည်။ ထို့နောက် မန်နေဂျာကြီးက အိမ်ရှေ့တွင် ရပ်နေသော အသက် (၄၀)ခန့်အရွယ် ပုဂ္ဂိုလ်ကြီးအား အရိုအသေပေးရင်း တောင်းပန်လိုက်သည်။

"နည်းနည်း နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ် ဆရာ"

"ရပါတယ်"

"သေတဲ့သူကဘယ်မှာလဲဆရာ"

"တစ်ယောက်တည်း သီးခြားနေတဲ့ အဘွားကြီး အသတ်ခံ လိုက်ရတာပဲ။ အလောင်းက အတော်ပုပ်နေပြီ ဆိုတော့ သတိထားလုပ်မှဖြစ်မယ်"

မန်နေဂျာကြီးကတော့ သစ်သီးပုပ်တစ်လုံး အကြောင်း ပြောသကဲ့သို့ မည်သို့မျှ မအံ့ဩသည့်ပုံစံဖြင့် အေးအေးဆေးဆေး ပင် ပြန်လာခဲ့လေသည်။

"စောစောက ဆရာ ဆရာ လို့ခေါ် တဲ့လူကြီးက ဘယ်သူလဲ မန်နေဂျာကြီး"

"စောစောကလူကို ပြောတာလား၊ ဒိုင်းဘစဒိုးလို့ခေါ် တဲ့ သုဘရာဇာ ကုမ္ပဏီပိုင်ရှင် အိုနကစံလေ။ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ပေါ့။ ကဲ ကဲ လုပ်ငန်းစကြစို့"

ဆာဇာကီက စီးကရက်မီးကို ငြှိမ်းလိုက်ကာ လက်ကိုင်ပြာခွက်ထဲသို့ ထိုးထည့်လိုက်ပြီး အိတ်တစ်လုံးကို

ကိုင်ဆောင်ကာ အိမ်ထဲသို့ ဝင်သွားလေသည်။ မိမိအနေဖြင့် နောက်မှလိုက်သွားရလျှင် ကောင်းမည်လားဟု တွေးနေရာမှ စိုးတထိတ်ထိတ်နှင့်ပင် အထဲသို့ လိုက်လာမိခဲ့ပေသည်။

"ဟင်း"

ထိုစဉ် လွန်စွာဆိုးဝါးပြင်းထန်လှသော အပုပ်နံ့ကြီးက မိမိ နှာခေါင်းဝသို့ တိုးဝင်လာလေသည်။ အခန်းတစ်ခုလုံး ခေါက်ဆွဲခြောက် ဖူးခွံများ၊ စတိုးဆိုင်မှ ဆင်းဒဝတ်မုန့် အခွံများက ပြန့်ကျဲနေကြသည်။ အစိမ်းရောင် ယင်မဲရိုင်းကြီးများကလည်း တစ်ဝီဝီ ပျံသန်းနေကြလေသည်။ ပုပ်အဲ့အဲ့ အနံ့ဆိုးကြီးကြောင့် ဒိုင်ဂိုအဖို့ အော်ဂလီဆန်ကာ အန်ချင်စိတ် ဖြစ်လာခဲ့ရတော့သည်။ ဆာဇာကီကတော့ ဟန်မပျက်ပင် အိမ်ထဲသို့ ဝင်သွားလေသည်။

"ဆရာ့ကိုကြည့်ရတာ ဘာမှမဖြစ်သလိုပဲ"

"ကျင့်သားရနေပြီလေကွာ"

ထို့နောက် အမှိုက်များကိုတက်နင်းကာ အတွင်းဘက်သို့ ဝင်သွားလေသည်။

ဒိုင်ဂိုကမူ ရှေ့တွင် လောက်များပင်တက်နေသော ထမင်းသိုး ဟင်းသိုးနှင့် အသားပုပ်များကိုကြည့်ကာ ရှေ့မဆက်ရဲအောင် ဖြစ်နေရှာလေသည်။ ဒူးများလည်း တဆတ်ဆတ်တုန်နေကြပေသည်။

"ဝင်ခဲ့လေကွာ"

ဆာဇာကီက အခန်းတွင်းမှ လှမ်းခေါ် လိုက်သည်။

"ဟုတ်ကဲ့"

မရဲတရဲ ရှေ့သို့တစ်လှမ်း လှမ်းလိုက်စဉ် ငှက်ပျောသီးပုပ်ကြီးကို တက်နင်းမိလိုက်သည်တွင် ကျောချမ်းကာ ကြက်သီးမွေးညှင်းများ ဖြန်းခနဲ ထသွားလေသည်။

အခန်းထဲသို့လှမ်းကြည့်လိုက်သည့်အခါ ဆာဇာကီသည် အဝတ်ကိုဖြန့်ခင်းထားသော အလောင်းကောင်ကြီးအား ကုန်းမနေသည်ကို တွေ့လိုက်ရသည်။ ပိတ်ဖြူစအတွင်းဘက်မှ ခြေထောက် မည်းမည်းကြီးတစ်ချောင်းက တုတ်ချောင်းကြီး တစ်ချောင်းကဲ့သို့ ထောင်ထွက်နေလေသည်။

"အွတ် ပုပ်စော်တွေက ဟောင်နေတာပဲ"

"ခြေထောက်ကို မလေကွာ"

ထိုကဲ့သို့ပြောလိုက်သည့်တိုင် ဒိုင်ဂိုက လူသေ၏ ခြေထောက်ကို မကိုင်ရဲအောင်ဖြစ်နေလေတော့သည်။

"သေသေချာချာကိုင်ပြီး မလေကွာ"

အမိန့်ပေးသည်ကို လိုက်နာသောအားဖြင့် မျက်စိစုံမှိတ်ကာ ခြေထောက်ကို မလိုက်သည်နှင့် တစ်ပြိုင်နက် ဝမ်းဗိုက် အတွင်းမှ အစာအားလုံး ဆန်တက်လာကြကာ ထိုနေရာ၌ပင် ထိုင်ပြီး အန်ချလိုက်မိလေတော့သည်။ အစာရှိသမျှ ကုန်အောင် အန်ချလိုက်ပြီးသည့်တိုင် ရင်ထဲတွင်

ပျို့တက်နေဆဲပင် ဖြစ်လေသည်။ ထို့နောက် ထိုင်နေရင်းကပင် မျက်ရည်များ တစ်ပေါက်ချင်း ထွက်လာကြကာ အမှိုက်ပုံပေါ်သို့ ကျဆင်းကုန်ကြလေတော့သည်။

ထို့နောက် အသက်ဝိဉာဉ် ကင်းမဲ့သွားသကဲ့သို့ ခံစားလိုက်ရလေတော့သည်။ အန်ပြီးသည့် နောက်ပိုင်းတွင် ဆာဇောက်ကီအား ဘာဆိုဘာမျှ မကူညီနိုင်တော့။ အသိတရားများလည်း ကင်းမဲ့သွားခဲ့ရလေပြီ။ ကျန်တာတွေ ကျုပ် ဆက်လုပ်မယ်၊ ကားပေါ်မှာ သွားနားချေတော့ ဟု ပြောလိုက်သဖြင့် ဒိုင်ဂိုလည်း ဒယီးဒယိုင်ဖြင့် ကားပေါ်သို့ ပြန်လာပြီး ထိုင်နေခဲ့လေသည်။ ထိုနေ့က ကားလည်း မောင်းချင်စိတ် လုံးဝ မရှိတော့သည့်အတွက် ဆာဇောက်ကီ ကိုယ်တိုင် မောင်းကာ ရုံးသို့ပြန်လာခဲ့ကြလေသည်။

ရုံးသို့ရောက်သည့်အခါ ဒိုင်ဂိုက မိမိ၏ ထိုင်ခုံတွင် မှိုင်တွေတွေ ဖြစ်ကာထိုင်နေသည်။ ဆာဇောက်ကီနှင့် ယူရီကိုတို့ကလည်း သူ့ကို စကားတစ်ခွန်းမျှ မပြောဘဲ လုပ်စရာရှိသည့် အလုပ်များကို ဆက်လုပ်နေကြသည်။

မိမိခေါင်းထဲတွင်မူ ဘာမှမမြင်ရတော့ဘဲ ဖြူဖွေးနေလေတော့သည်။ ဒိုင်ဂိုကလည်း ထိုကဲ့သို့ဘာမှမမြင်ရဘဲ ဆက်လက်ဖြူဖွေး နေစေချင်မိလေသည်။ တစ်ခုခုကို စဉ်းစားလိုက်တိုင်း စောစောကမြင်တွေ့ခဲ့ရသော ပုပ်ပွနေသည့် အလောင်းကောင်ကြီးက မျက်စိထဲတွင် ပြန်ပေါ်

လာခဲ့လေသည်။ အလောင်းကောင်ကြီး၏ ပုံရိပ်သာမကပဲ အပုပ်နံ့များကလည်း ထောင်းခနဲပြန်ရလာပြန်သည်။

"တစ်ယောက်တည်း သီးခြားနေတဲ့ အဖွားအိုကြီးရဲ့ အလောင်းပါဗျာ" ဟုပြောခဲ့သည့် သုဘရာဇာ ကုမ္ပဏီ ပိုင်ရှင်ကြီး၏ စကားများကို ပြန်လည်ကြားယောင် လာခဲ့ပြန်လေသည်။

ရုတ်တရက် ဆိုသကဲ့သို့ မိမိ၏မျက်စိရှေ့မှောက်တွင် ယန်း တစ်သောင်းတန် ငွေစက္ကူနှစ်ရွက်ကျလာလေသည်။ ဆာဇာကီ က မိမိ၏ရှေ့တွင် ရပ်လျက်ရှိနေပေသည်။

"ဒီနေ့ မောင်ရင် အိမ်ပြန်ပြီး နားလို့ရပြီ"

နာရီကို ငုံ့ကြည့်လိုက်တော့ အလုပ်သိမ်းချိန် မရောက်သေးပေ။

"မောင်ရင့်အတွက် ပထမဆုံးအလုပ်မှာ စိတ်လှုပ်ရှားမှုတွေ သိပ်များလွန်းတယ်"

ဆာဇာကီကတော့ သူ့ဝသီအတိုင်း ပြောလိုက်သည်။ မည်သို့ပင်ဖြစ်စေ ဒိုင်ဂိုသည် ထိုနေ့အဖို့ ဒယီးဒယိုင်ဖြင့် ရုံးခန်းကို ကျောခိုင်းလာခဲ့မိလေတော့သည်။

သို့နှင့် ဒိုင်ဂိုသည် အားတင်းကာ လမ်းမကြီး ရောက်သည်အထိ လျှောက်လှမ်းလာရင်း ဘတ်စ်ကား တစ်စီးပေါ် သို့တက်စီးလာခဲ့သည်။ ဘတ်စ်ကား ထိုင်ခုံပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရာမှ စောစောက ပုပ်အဲ့အဲ့

အနံ့ကြီးကို ရလာသောကြောင့် ကိုယ်ကိုပြန်မတ်လိုက်ရသည်။ မိမိ ကိုယ်ခန္ဓာကပင် အပုပ်နံ့များ ထွက်နေပြီလားဟု သံသယ ဝင်လာသဖြင့် မိမိ၏လက်မောင်းကို နမ်းကြည့်လိုက်မိသည်။ ကံကောင်းထောက်မစွာပင် ဒိုင်ဂို၏ဘေးတွင် လူတစ်ယောက်မျှ မရှိပဲ ခပ်လှမ်းလှမ်းနေရာတွင် အထက်တန်း ကျောင်းသူလေး တစ်သိုက်က မိမိအား ကွက်ကြည့်ကွက်ကြည့်လုပ်ကာ တီးတိုးပြောဆို နေကြလေသည်။ မိမိထံမှ အပုပ်နံ့များ ရသွားကြသည်လား မသိတော့ပေ။ ထို့ကြောင့် ဒိုင်ဂိုက မိမိ၏ ကုတ်အကျီအား အကြိမ်ပေါင်းများစွာ နမ်းကြည့်နေခဲ့ မိလေသည်။

ဒိုင်ဂိုက ပြတင်းပေါက် အပေါ်သို့ မော့အကြည့်တွင် ရေပူစမ်း ရေချိုးခန်းမှ မီးခိုးများ ထောင်တက်နေသည်ကို တွေ့လိုက်ရသဖြင့် မတ်တပ်ရပ်ကာ လာမည့် မှတ်တိုင်တွင် ဆင်းမည် ဖြစ်ကြောင်း အချက်ပေးသည့် အနေဖြင့် ခလုပ်ကို နှိပ်လိုက်သည်။

ဘတ်စ်ကားမှ ဆင်းပြီး မီးခိုးများရှိရာသို့ ဦးတည်၍ လျှောက်လှမ်းလာစဉ်မှာပင် အမှတ်တရ လွမ်းစရာများကို တဖြည်းဖြည်း မြင်လာခဲ့ရလေတော့သည်။ ဤလမ်းကလေး အတိုင်း လျှောက်သွားပြီး ရှေ့မှာ ရှိသည့် လမ်းဆုံတွင် ဘယ်ဘက်သို့ ချိုးဝင်လိုက်ပါက ကြက်ခြံကြီး တစ်ခြံကို တွေ့ရမည်။ ဆက်ပြီး လျှောက်လာလိုက်သောအခါ ယခင်က ကုန်စုံဆိုင် ကလေးမှာ ခေတ်မီ စတိုးဆိုင်ကလေး အဖြစ်

ပြောင်းလဲ နေသည်မှတစ်ပါး အရာရာသည် နဂိုအတိုင်းပင် ဖြစ်လေသည်။ ဆက်ပြီး လျှောက်လာလိုက်သောအခါ ယခင်က အတိုင်းပင် သက်ကယ်မိုး လူနေရပ်ကွက်လေး တစ်ခုကိုတွေ့လိုက်ရပြန်သည်။ သို့ဖြင့် လမ်းချိုးလေးတစ်ခုကို ချိုးဝင်လိုက်သောအခါ မိမိမျှော်လင့်ထားသည့် ရေပူစမ်း ရေချိုးဆိုင်ကလေးအား ဘွားခနဲတွေ့လိုက်ရလေတော့သည်။

ယခင်အတိုင်း မပြောင်းမလဲရေချိုးဆိုင်ကလေးအား တွေ့လိုက်ရသည့် အတွက် ဒိုင်ဂို၏မျက်နှာသည် ဝင်းပကာ ပြုံးလာနိုင်ခဲ့လေသည်။ စောစောပိုင်းကအထိ ရင်ထဲတွင် ခံစားခဲ့ရသော ညစ်ညူးသည့်စိတ်များလည်း အနည်းငယ် သက်သာလာခဲ့ရလေတော့သည်။

မိမိကလေးဘဝက ဤရေချိုးဆိုင်ကလေးသို့ မိဘများနှင့် အတူ မကြာခဏဆိုသလို ရောက်ခဲ့ကြသည်မဟုတ်ပါလား။ ရေချိုးဆိုင်သို့ ရောက်လေတိုင်း ဒိုင်ဂိုအဖို့ အပျော်ကြီး ပျော်ခဲ့သည်။ ရေချိုးအပြီးတွင် မိဘများက အိုက်စကရင်၊ နွားနို့များပင် ဝယ်ကျွေးခဲ့ကြသည်ကို ယခုထက်တိုင် မှတ်မိ နေသည်။ ပိတ်သားဆိုင်းဘုတ်ကို ငုံ့လျှိုးပြီး ဝင်လိုက်သည်နှင့် လှပခန့်ညားသည့် ကျွန်းတံခါးကြီးကို တွေ့လိုက်ရသည်။ ကလေးဘဝကမူ ထိုကျွန်းတံခါးကြီးအား တအံ့တသြ ငေးမော ကြည့်ခဲ့သော်လည်း တိုကျိုကဲ့သို့ မြို့ကြီးများတွင် နေခဲ့ရသော ကြောင့်လား မပြောတတ်၊ ယခု မိမိမြင်တွေ့လိုက်ရသော

ကျွန်းတံခါးကြီးသည်ပင်လျှင် သေးသိမ် လာသည်ဟု ထင်လိုက်ရလေတော့သည်။

တံခါးကိုတွန်းဖွင့်ကြည့်လိုက်သောအခါ အတွင်းမှ မြင်ကွင်းသည် ယခင်ကမြင်ကွင်းနှင့် တစ်ထပ်တည်းပင် ဖြစ်နေလေသည်။ အခန်းတွင်းရှိ အသုံးအဆောင် များသည်လည်း ကလေးဘ၀ကအတိုင်းပင် ဟောင်းမြဲဟောင်း နေကြသည်။

ရေချိုးခက ယခုအချိန်တွင် မည်မျှဖြစ်နေသည်မသိ။ မိမိလည်း မရောက်တာကြာလေပြီဖြစ်လေသောကြောင့် ပြောင်းလဲကောင်း ပြောင်းလဲနေပေလိမ့်မည်။ ခက်သည်မှာ ကောင်တာတွင် လူတစ်ယောက်မျှမရှိပေ။ သို့နှင့် ပိုက်ဆံအိပ် ထဲမှ ယန်းငါးရာတန် အကြွေတစ်စေ့ကို ဆုပ်ကိုင်ကာ တွေဝေနေခဲ့မိလေသည်။

"အဲဒီမှာ ချထားခဲ့ပါ"

အဝတ်လဲခန်းထောင့်တွင် ထိုင်နေသော အဘိုးအိုက လှမ်းပြောလိုက်သည်။ အချိန်က စောနေသေးသဖြင့် ဧည့်သည် ဆို၍ သူတစ်ယောက်တည်းသာ ရောက်နေပုံရလေသည်။

"ဟုတ်ကဲ့"

ယောင်ယမ်းပြီး အင်းလိုက်ခဲ့ရသော်လည်း စားပွဲပေါ်တွင် ဘယ်၍ဘယ်မျှ ထားခဲ့ရမည်ကို မသိသဖြင့် ထိုအဘိုးအိုအား ကွက်ကြည့်ကွက်ကြည့် လုပ်နေသော်လည်း

အဘိုးအိုကမူ နဖူးရေများကိုရှုံ့လျက် ဂျပန်စစ်တုရင်ခုံပေါ် တွင် အာရုံစိုက်နေလေသည်။ ပြီးမှ ဒိုင်ဂိုဘက်သို့လှည့်မကြည့်ဘဲ

"“ယန်း ၃၀၀ ကျတယ်” ဟု ပြောလာလေသည်။

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်”

ထို့နောက် ဒိုင်ဂိုက ပိုက်ဆံအိပ်ထဲမှ ယန်းတစ်ရာတန် အကြွေစေ့များကို ရှာကြည့်သော်လည်း ၃၀၀ မပြည့်သဖြင့် ယန်း ၅၀၀စေ့ ကိုပင် ချလိုက်ပြီးနောက် ယန်း၅၀ တန်များ ဖြစ်ကြသော တဘက်ငယ်တစ်ထည်၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်နှင့် မျက်နှာသန့်စင်ဆေးရည်တို့ကို ၅၀၀ ဖိုးပြည့်အောင် ကောက်ယူလိုက်သည်။

“ဒီမှာ ယန်း ၅၀၀စေ့ ချထားခဲ့ပြီနော်”

အဘိုးအိုက ဘာမျှပြန်မပြောဘဲ စစ်တုရင်ခုံကို ငေးကြည့်ရင်း တစ်ယောက်တည်း ညည်းညူ ပြောဆိုနေလေသည်။ ဒိုင်ဂိုဘက်သို့လည်း တစ်ချက်ကလေးမျှ လှည့်ကြည့်ဖော် မရပေ။ အဝတ်အစားများကို ချွတ်လိုက်ပြီးသည့်နောက် ဒိုင်ဂိုက အခန်းတွင်းအခြေအနေကို အကဲခတ်ကြည့်ရှုလိုက်သည်။ ရေချိုးခန်း၏ကြမ်းပြင်မှာ နဂိုကအတိုင်းပင် ညိုညစ်ညစ်အရောင်ပင် ဖြစ်လေသည်။ တိုင်ကပ်နာရီဟောင်းကြီး၊ လျှပ်စစ်ပန်ကာ၊ သွားဆရာဝန် ဆိုင်းဘုတ်နှင့် အခန်းဘေးမှ ရေကန်ငယ်ကလေးတို့မှာလည်း မိမိကလေးဘဝကတွေ့ခဲ့ရသည့်အတိုင်း မပြောင်းမလဲ ရှိနေကြ

လေသည်။ ဒိုင်ဂိုအဖို့ အထူးအထွေ လွမ်းလှသည်တော့ မဟုတ်ပေ။ သို့နှင့် ရေချိုးခန်းထဲသို့ ခပ်သုတ်သုတ်ဝင်သွားပြီး တစ်ကိုယ်လုံးအား အရေပြားများစုတ်ပွဲသွားမတတ် ဆပ်ပြာနှင့် အကြိမ်ကြိမ် ပွတ်တိုက်နေခဲ့လေသည်။

အပုပ်နံ့များက ဆံပင်မွှေးညှင်းပေါက်များမှ စိမ့်ဝင်နေကြသည်ဟု ယူဆမိသောကြောင့်လည်း ခေါင်းကို လေးကြိမ်မက လျှော်နေမိပြန်လေသည်။ ထို့နောက် စိတ်ချ သွားပြီ ဟုယူဆကာ ရေနွေးကန်ထဲသို့ ဆင်းစိမ်ရန် ပြင် လိုက်သည်။ ရေနွေးများအား လက်ဖြင့် စမ်းကြည့် လိုက်သောအခါ အတော်ကြီး ပူနေသဖြင့် ရေပူကျသည့် ဘုံပိုင်ကို ပိတ်ကာ ပူနေသောရေနွေးများထဲသို့ ကြိတ်မှိတ်ပြီး ဆင်းစိမ်လိုက်လေတော့မှ စိတ်တည်ငြိမ်မှုကို အတန်ငယ် ရလာလေတော့သည်။

"ဟား"

ဒိုင်ဂိုက ရေနွေးကန်ထဲတွင် ကိုယ်ကိုဆန့်ရင်း ရှေ့တည့်တည့်ရှိ ဖူဂျီတောင် ပန်းချီကားကြီးအား ငေးမောကြည့်ရှုနေမိပြန်လေသည်။ ငယ်ငယ်တုန်းက မိမိသည် ဖခင်ကြီးနှင့်အတူ ရေပူကန်အတွင်း ဆင်းစိမ်နေရင်း ယခုကဲ့သို့ပင် ဤပန်းချီကားကြီးကို ငေးကြည့်နေခဲ့ကြဖူးသည်။ ထိုသို့ငေးကြည့်နေရာမှ

"အားတဲ့အခါ အဲဒီ ဖူဂျီတောင်ကြီးပေါ် ကို ဖေဖေတို့ သွားတက်ကြည့်ကြရအောင်" ဟု ဖခင်ကြီးက

ပြောခဲ့ဖူးလေသည်။ အခွင့်အခါသင့်လျှင် သွားတက်ကြည့်ရန် စိတ်ကူးလိုက်ပြီးနောက် ရေနွေးကန်ထဲမှ ထလာခဲ့လေသည်။

အဝတ်လဲခန်းအတွင်းမှထွက်လာသည့်အခါ စောစောက အဘိုးအိုကြီးမှာ စစ်တုရင်ခုံကြီးအား ဆက်လက်ပြီး သည်းသည်းမည်းမည်း ငုံ့ကြည့်နေဆဲပင်ဖြစ်လေသည်။ ဒိုင်ဂိုက ခါးတွင် တဘက်ပတ်ရင်း မှန်ထဲက မိမိကိုယ်ကို ပြန်ကြည့်နေသေးသည်။ ဖြစ်နိုင်ပါလျှင် လွန်ခဲ့သောနေ့ဝက် မတိုင်မီက မိမိရုပ်ကိုသာ မြင်လိုလှပေသည်။

ခြင်းထဲတွင် ထည့်ထားသော အဝတ်အစားများကို ကြည့်ရင်း အော်ဂလီဆန်လာခဲ့ပြန်သည်။ ဖြစ်နိုင်ပါက ထိုအဝတ်အစားများအား ပြန်မဝတ်ချင်တော့ပေ။ အနည်းဆုံး တော့ အတွင်းခံလောက်တော့ အသစ်လဲလိုက်ချင်မိသော်လည်း ဘာမျှမတတ်သာသည့်အဆုံး ဤအဝတ်အစားများကိုပင် ဆက်ဝတ်ရပေဦးတော့မည်။ ထို့နောက် ရေဆာလာသည့် အတွက် ပတ်ဝန်းကျင်အား လိုက်လံကြည့်လိုက်သည့်အခါ ရေခဲသေတ္တာဟောင်းလေး တစ်လုံးကို တွေ့လိုက်ရလေသည်။

ရှေးတုန်းကဆိုလျှင် ရေချိုးခန်းသို့လာတိုင်း အိုက်စကရင်း မုန့်ကို ဖခင်က ဝယ်ကျွေးလေ့ရှိသည်။

"မေ့မေ့ကိုပြန်မပြောရဘူးလို့ ကတိပေးရမယ်နော်"

ဒိုင်ဂိုက ပြုံးပြရင်း ဖခင်ကြီးနှင့် လက်သန်းချင်းချိတ်ကာ ကတိပေး လိုက်လေသည်။ ရေခဲသေတ္တာကို ဖွင့်ကြည့်

လိုက်သောအခါ၊ ကော်ဖီနှင့် နွားနို့ဘူးများကို တွေ့လိုက်ရသည်။ ကော်ဖီသောက်ရလျှင် ကောင်းမလား၊ နွားနို့သောက်ရလျှင် ကောင်းမလားဟု တွေဝေနေရာမှ နောက်ဆုံးတွင် နွားနို့ပုလင်းကို ဆွဲးကာ ကောင်တာစားပွဲပေါ် တွင်တစ်ရာတန် အကြွေစေ့ကို ချထားလိုက်သည်။ ထုံးစံအတိုင်းကောင်တာတွင် လူတစ်ယောက်မှ မရှိပေ။ သို့ပါသော်လည်းဝင်းတံခါးဝဆီမှ ယောကျာ်းနှင့် မိန်းမ နှစ်ယောက်သားဆူညံစွာ စကားများနေသည့် အသံများကို ကြားလာရလေသည်။ ဘာများပါလိမ့်ဟု လှည့်ကြည့်လိုက်သောအချိန်တွင် ထောင်ထောင်မောင်းမောင်း လင်မယား စုံတွဲတစ်တွဲသမီးငယ်လေးကို လက်ဆွဲကာ အထဲသို့ဝင်လာသည်ကိုတွေ့လိုက် ရလေသည်။ တစ်ချိန်တည်းတွင် မာဖလာကိုလည်ပင်းတွင် ရစ်ပတ်ထားသော အဖွားအိုတစ်ဦးလည်းအတွင်းခန်း ဘက်မှ ထွက်လာခဲ့လေသည်။

"အမေကတော့ လက်ရှိအလုပ်ကို ဘယ်လိုမှ ရပ်ပစ်လို့မဖြစ်ဘူး"

"အမေ ပင်ပန်းမှာစိုးလို့ ပြောနေတာပါ"

"အမေ အဲဒီလောက်လဲ မအိုသေးပါဘူးကွယ်။နောက်ဆိုရင် ရေချိုးခန်းပိတ်ဖို့ ဘယ်တော့မှလာမပြောနဲ့"

အဘွားအိုက စိတ်ဆိုးမာန်ဆိုးဖြင့်ပြောလိုက်ပြီးနောက်အတူပါလာသော သမီးငယ်လေးအား တွေ့လိုက်ရသဖြင့်"ဟယ် ရှီအိုးရီကျန်"ဟု လှမ်းခေါ် လိုက်လေသည်။

"ဖွားဖွားရဲ့ ရေချိုးခန်းက အကျယ်ကြီးပဲနော်။ သမီး လာချိုးလို့ရလား"

"ရပါပြီကော မြေးရယ်။ ဒီရေချိုးခန်းက မြေးလေး အတွက် ဖွင့်ထားတာပဲ"

သားဖြစ်သူက အဘွားအိုအား ငြူစူသည့် မျက်နှာထားဖြင့် စိုက်ကြည့်နေရာမှ

"ဟယ် ဒိုင်ဂိုမဟုတ်လား" ဟု မေးလိုက်သည်။

"ဟယ် ယာမရှိတ"

နောက်မှ သတိရလာသည်။ ဤရေချိုးဆိုင်မှာ မိမိနှင့် ကျောင်းနေဖက် သူငယ်ချင်း ယာမရှိတ ထာကဲရှိ၏ အိမ်ပင် ဖြစ်လေသည်။ ကောင်တာစားပွဲတွင် အမြဲထိုင်လေ့ရှိသူမှာ ထာကဲရှိ၏ မိခင် စုယာကိုး ဖြစ်ပြီး သူ ဒီအိမ်သို့ လာလေတိုင်း ထာကဲရှိ၏မိခင်ကြီး က အမြဲပင် နှုတ်ဆက်နေခဲ့သည် မဟုတ်ပါလား။ အဘယ့်ကြောင့်များ ဤမျှ ရင်းနှီးခဲ့သော မိသားစုအား မေ့သွားခဲ့ရသည်ကို စဉ်းစား၍ မရနိုင်အောင် ဖြစ်နေရလေတော့သည်။

"ဟော့ကောင်ကြီး ဘယ်တုန်းကပြန်ရောက်နေတာတုန်း၊ တို့ဆီကို အကြောင်းကြားဖော်တောင် မရဘူး။ မင်းက သိပ်စိမ်းတာပဲ"

ထာကဲရှိက ရင်းရင်းနှီးနှီး ပြောလာသော်လည်း ဒိုင်ဂိုကမူ အကြောင်းကြားရလောက်အောင် ခင်မင်ရင်းနှီးခဲ့သူ

မဟုတ်ခဲ့သည့် အပြင်၊ သူငယ်စဉ် အတန်းထဲမှ ကျောင်းသားဆိုးများနှင့် အတူ စခဲ့ နောက်ခဲ့သည် မဟုတ်ပါလား။ သို့တိုင်အောင် ဒိုင်ဂိုက အလိုက်သင့် ပြန်ဖြေလိုက်လေသည်။

"ကိုယ် တောင်းပန်ပါတယ် သူငယ်ချင်းရာ။ ပြန်လာပြီး ကတည်းက အလုပ်တွေ သိပ်များနေလို့ပါ"

ဒိုင်ဂိုက ယဲ့ယဲ့လေးပြုံးကာပြန်ဖြေလိုက်သည်။

"ဟယ် ကိုဘာယာရှိစံရဲ့သား ဒိုင်ဂိုမဟုတ်လား"

စုယာကိုးက ရှေးဖြစ်ဟောင်းများကို ပြန်သတိရ လာသည့်အလား မျက်လုံးကလေး မှေးကာ ငေးကြည့် နေလေသည်။

"ဟုတ်ကဲ့ပါ ကြီးကြီး၊ မတွေ့ရတာ ကြာသွားပြီနော်"

"ကြာပါပြီလား ငါ့တူရယ်။ အရေးကြီးတဲ့အလုပ်တွေ လုပ်နေတယ်ဆို"

"အယ်"

ဒိုင်ဂိုက စကားလွှဲရန်စဉ်းစားနေလေသည်။

"သိပြီ၊ သိပြီ။ နာမည်ကျော် တီးဝိုင်းတစ်ခုမှာ ဝင်လုပ်နေတာမဟုတ်လား၊ ဘာအလုပ်များပါလိမ့်"

စုယာကိုးက ထိုသို့ပြောပြီး စဉ်းစားနေပြန်သည်။

"စယ်လိုတယောတီးတာ"

ယာမရှိတ ထာကဲရှိကဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ မြေးလေးရဲ့ ဟောဒီ ဦးဦးကလေ တိုကျိုမြို့က နာမည်ကျော်တီးဝိုင်းမှာ စယ်လိုတယော တီးတာကွဲ့"

"ဟယ် ဦးကတကယ်တော်တာပဲနော်"

ထိုအခါ စုယာကိုးက ဤကဲ့သို့ ညည်းပြလာလေသည်။

"အင်း ငါတို့မှာလည်း သူ့လိုတော်တဲ့သားမျိုး မွေးလာခဲ့ရင်"

"အမေနော်"

"ငါပြောတာမှားလို့လား၊ နောက်တစ်ခေါက်လာလို့ရှိရင် အတူတူသောက်ကြရအောင်နော်"

စုယာကိုးက သားဖြစ်သူအား စောဒက တက်လိုက်ပြီးနောက် ဒိုင်ဂိုဘက်သို့ လှည့်ကာ နှုတ်ဆက် လိုက်သည်။

"ဟုတ်ကဲ့ပါ"

"ဒီတစ်ခါလာရင် အမျိုးသမီးပါခေါ် လာခဲ့ပေါ့ကွယ်။ အိမ်ထောင်ကျနေပြီမဟုတ်လား"

စုယာကိုးက ပြုံးစစလုပ်ရင်း ဒိုင်ဂိုအားမေးလိုက်သည်။

"ဟုတ်ကဲ့ အိမ်ထောင်ကျပါပြီ"

“ကြီးကြီးတို့အိမ်ကို အချိန်မရွေး လာလည်လို့ ရပါတယ်ကွယ်။ ဒီလူမိုက် အိမ်မှာမရှိရင် အမြဲအေးချမ်းပါတယ်”

“လူမိုက်ကို မွေးခဲ့တဲ့အမေလည်း လူမိုက်ပဲပေါ့”

“ဘာဖြစ်ဖြစ် ငါကတော့ ဒီအိမ်ကို ဘယ်တော့မှ မရောင်းနိုင်ဘူး”

သားအမိနှစ်ယောက် စကားများရန်ဖြစ်ဖို့ တာစူလာကြလေသည်။

“သြော် သည်လိုကိုး။ ဟုတ်ပြီ ဟုတ်ပြီ”

ထိုစဉ် စစ်တုရင်ခုံတွင် အာရုံစိုက်နေသောအဖိုးအိုက အကြံကောင်း တစ်ခုရသွားသည့်အလား ထအော်လိုက်လေတော့သည်။

တိုကျိုတွင် ရှိနေခဲ့စဉ်က ခြေထောက်ဖွေပေါက်သကဲ့သို့ တစ်ယောက်တည်း ရောက်တတ်ရာရာသွားနေခဲ့သော ဒိုင်ဂိုသည် မွေးရပ်မြေကို ပြန်ရောက်သည့်အချိန်မှစပြီး အပြောင်းလဲကြီး ပြောင်းလဲလာခဲ့ပေပြီ။ မကြာမီ မိကာကိုခေါ်ကာ ယခု မိမိရောက်လာခဲ့သော ရေချိုးဆိုင်သို့ အလည်လာရပေတော့မည်။ ရှေးဆန်သောမျက်နှာကျက်များ၊ အဝတ်အစား ထည့်သည့် ကြိမ်ခြင်း အဟောင်းကြီးများ၊ ဒစ်ဂျစ်တယ် မပါသည့် ကိုယ်အလေးချိန်စက်များ။

တိုကျိုမြို့တွင် ကြီးပြင်းလာခဲ့သော မိကာအဖို့ ထိုအရာများကို မြင်ဖူးချင်မှ မြင်ဖူးပေလိမ့်မည်။

ဒိုင်ဂိုက မြစ်ကမ်းဖူးရိုလမ်းအတိုင်း အေးအေးဆေးဆေး လျှောက်လာခဲ့သည်။ ကလေးဘဝတုန်းကဆိုလျှင် အဖေနှင့် အမေက လက်တစ်ဖက်တစ်ချက်စီဆွဲပြီး ဤနေရာတစ်ဝိုက်တွင် အကြိမ်ကြိမ်လျှောက်ခဲ့ဖူးပေသည်။ ထိုစဉ်က မိဘများ၏ အထိအတွေ့ အငွေ့အသက်များကို ယခုအချိန်အထိ အမှတ်ရနေဆဲပင်။

အိမ်ရှေ့သို့အရောက်တွင် မိကာချက်နေသော ဟင်းနံ့များက သင်းပျံ့လာလေသည်။

"မောင်ပြန်ရောက်ပြီ မိကာရေ့"

ဒိုင်ဂိုက ဟန်မပျက် လှမ်းအော်ပြီးနှုတ်ဆက်လိုက်သည်။ မိမိ ယခုလုပ်ကိုင်နေသည့် ကုမ္ပဏီ၏လုပ်ငန်းသဘောကို မိကာအား ပြောပြ မထားရသေးပေ။ တစ်နေ့နေ့တွင် ဖွင့်ပြောမှ ဖြစ်မည်ဟု စိတ်ကူးမိသော်လည်း ယနေ့အဖို့တော့ အင်အားကုန်ခမ်းကာ ပြောနိုင်စွမ်းမရှိတော့ပေ။ ယနေ့ လုပ်ခဲ့ရသောအလုပ်မျိုးကို မလုပ်မဖြစ်လုပ်ရမည်ဆိုလျှင် မိမိအဖို့ နောက်တစ်နေ့တွင် ထွက်စာတင်လိုက်ရုံသာ ရှိပေတော့သည်။ သို့ပါသော်လည်း ယနေ့တွေ့ခဲ့ရသော အလောင်းမျိုးကဲ့သို့ ဆိုးရွားလှသည့် အလောင်းများကို နေ့စဉ်နေ့တိုင်း တွေ့ရမည်တော့ မဟုတ်နိုင်ပေ။

မီးလောင်ကျွမ်းထားသော အလောင်းများ၊ လတ်လတ်ဆတ်ဆတ် အလောင်းများကိုလည်း တွေ့နိုင်သေးသည် မဟုတ်ပါလား။ တစ်နေ့ကျလျှင် မိမိ သည်လည်း ဆာဇာကီကဲ့သို့ ကျင့်သားရလာနိုင်သည် မဟုတ်ပါလား။ ခက်ခဲသောအလုပ်ကို မလုပ်ပဲ မည်သည့်နည်း နှင့်မှ ပိုက်ဆံများများ ရလာနိုင်မည်မဟုတ်ပေ။ အနုပညာဖြင့် မိကာအား ထမင်း၀၀ မကျွေးနိုင် ကြောင်းကိုလည်း ကောင်းကောင်းကြီး သဘောပေါက် လာခဲ့ပေပြီ။ နည်းနည်း ဆက်ပြီး သည်းခံကာလုပ်သင့်သည်ဟု တွေးလိုက်မိပြန်သည်။

တစ်နေ့လျှင်နှစ်သောင်း၊ တစ်ပတ်လျှင် ဆယ်သောင်း၊ တစ်လလျှင် သောင်းလေးဆယ်ကျော်ရနေသည် မဟုတ်ပါလော။ မြို့မှတောသို့ဆင်းလာသည့်တိုင် ယခုကဲ့သို့ ငွေအများကြီး ရနေသည့်အတွက် မိကာလည်း အပျော်ကြီး ပျော်လျက် ရှိနေပေသည်။ ထို့ကြောင့် ဘာမျှရှင်းမပြဘဲ သည်အတိုင်း ခဏတဖြုတ်လောက်တော့ ဆက်လုပ်ရပေဦးမည်။ နောက်ပိုင်းကျမှ အကျိုးနှင့်အကြောင်းဆက်စပ်ပြီး ရှင်းပြပါက မိကာလည်း သဘောပေါက်နိုင်ပေလိမ့်မည်။

"ဒီနေ့ မောင်ပြန်လာတာစောတယ်နော်"

နက်ပကင်စကို လက်ဖြင့်သုတ်ရင်း မိကာက ဆင်ဝင်ပေါက် ဆီသို့ ထွက်လာခဲ့သည်။ ယခုကဲ့သို့ မိသားစု မပူမပင် နေနိုင်ခြင်းမှာလည်း ဒိုင်ဂိုက ကြိုးစား လုပ်ကိုင်နေသောကြောင့်ပင်ဖြစ်လေသည်။

"ဟုတ်တယ်၊ ဒီနေ့အလုပ်တွေ စောစောပြီးတာနဲ့ စောစော ပြန်လာခဲ့တာ"

ခွေးကတက်တွင်ဖိနပ်ကုန်းချွတ်နေသော ဒိုင်ဂိုအား မိကာက စိုက်ကြည့်နေလေသည်။ ခေါင်းတစ်ခုလုံးလည်း စိုရွှဲလျက်ရှိနေလေသည်။

"ဒီနေ့ မောင်ဘာဖြစ်လာတာလဲ ဟင်"

စကားကိုဖြတ်ပြီး အပေါ်ထပ်သို့ တက်ရန် ဟန်ပြင်နေသည့် ဒိုင်ဂိုအနီးသို့ ကပ်လာပြီးနောက် မိကာက နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံကြည့်နေလေသည်။ ဒိုင်ဂို၏စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရလေသည်။ စောစောကအပုပ်နံ့ကို မိကာ ရှုမိသွားလေပြီလားဟုတွေးကာ စိုးရိမ်လာခဲ့ရလေသည်။ ကံကောင်းထောက်မစွာပင် မိကာက ထိုအနံ့ကိုရမသွားခဲ့ပေ။

"တစ်ကိုယ်လုံးလည်း ဆပ်ပြာနံ့တွေ မွှန်နေတာပဲ ဘာဖြစ်လာ တာလဲ"

"ရုံးကအပြန် ကိုယ်ငယ်ငယ်တုန်းက ချိုးနေကျ ရေချိုးဆိုင်ကလေးကို တွေ့လိုက်ရလို့ ခဏတဖြုတ် ဝင်ချိုး နေတာပါကွာ။ အမှန်တော့ အဲဒီရေချိုးဆိုင်ကလေးက ကိုယ့်ရဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ရဲ့အိမ်ပဲ။ အားလုံးက ကိုယ့်ကိုမှတ်မိကြတယ်လေ။ နောက်တစ်ခေါက် လာရင် ဇနီးသည်ကိုပါ ခေါ်ခဲ့ဖို့ ဖိတ်လိုက်ကြသေးတယ်။ နောက် တစ်ခေါက် အတူတူ သွားချိုးကြတာပေါ့။ တစ်ခါတလေ

ရေချိုးဆိုင်က ရေပူစမ်းမှာ သွားချိုးရတာ ကျန်းမာရေးအတွက် ကောင်းတာပေါ့ကွယ်”

သူပြောသည့် စကားများထဲတွင် မှသားတစ်လုံးမျှ မပါချေ။ မှသား မဟုတ်သည့်တိုင် မိမိ၏ဇနီးအား လှည့်ဖြား ပြောဆို နေသကဲ့သို့ ခံစားနေရသည့်အတွက် ကျောချမ်း နေမိလေ တော့သည်။ မိမိ၏သောကစိတ်များက မိကာထံသို့ ကူးစက် သွားကြလေသည်လား မပြောတတ်။ မိကာသည် စကားတစ်လုံးမျှ ပြန်မပြောဘဲ သူ့အား စိုက်ကြည့် နေလေသည်။

မိကာ၏အကြည့်များကရှောင်လွှဲသည့်အနေဖြင့် ဒိုင်ဂိုက အပေါ်ထပ်သို့တက်ကာ ဝတ်အစားလဲပြီး ပြန်ဆင်း လာခဲ့ လေသည်။ စားချင်သောက်ချင်စိတ်က ကုန်နေပြီ ဖြစ်သည့်တိုင် ထမင်းစားပွဲသို့သွားကာ ကုလားထိုင်ပေါ်တွင် ငိုင်ပြီး ထိုင်နေခဲ့လေသည်။

“ကဲ ကဲ ထမင်းစားကြစို့”

မိကာက ဟင်းရေပူအိုးကိုမီးညှိလိုက်ရင်း ထမင်းပန်းကန် ဟင်းပန်းကန်များကို တန်းစီချထားလိုက်လေသည်။

“အိမ်နီးနားချင်း မိတ်ဆွေတစ်ယောက်ဆီက ရခဲ့တာ မောင်ရဲ့။ မနက်က ကြက်ခြံထဲမှာ သတ်ခဲ့တာလို့ ဆိုတာပဲ။ သံပုရာရည်နဲ့ ကြက်သားအစိမ်းကို စင်းကော လုပ်စားရင် အတော်ကောင်းမယ့်ပုံပဲ”

ပန်းကန်ပြားကြီးတစ်ခုပေါ် တွင် ကြက်တစ်ကောင်ကို အရေဆုတ်ပြီး ချထားသည်။ သွေးသံရဲရဲဖြစ်နေသော ကြက်အသေကောင်ကိုမြင်လိုက်သည်နှင့် ဒိုင်ဂိုအဖို့ ပျို့သွားရလေတော့သည်။ ဒိုင်ဂိုက ပါးစပ်ကိုပိတ်ကာ လက်ဆေးအင်တုံဆီသို့ ပြေးထွက်သွားပြီး ဝေါ့ကနဲ အန်ချလိုက်လေတော့သည်။

"ဘယ်လိုဖြစ်တာလဲ မောင်ရယ် သက်သာရဲ့လား ဟင်"

မိကာက နောက်မှပြေးလိုက်သွားပြီး ကျောကို နှိပ်ပေးနေလေသည်။ ဒိုင်ဂိုကမူ ဗိုက်ကိုဖိပြီး အန်မြဲ ဆက်အန်နေလေသည်။ အလောင်းကိုတွေ့စဉ်ကလည်း အမြောက်အများအန်ခဲ့ပြီးပြီ။ ရေချိုးဆိုင်တွင် နွားနို့သောက်ခဲ့သည်မှအပ ဗိုက်ထဲတွင် ဘာမျှမရှိခဲ့ပေ။ ယခုလည်း ထပ်အန်ပြန်ပြီ။ ဗိုက်ထဲတွင် အစာမရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေသည့်တိုင် အန်ချင်စိတ်က လုံးဝပျောက်မသွားခဲ့ပေ။

"မောင် ရေသောက်လိုက်ပါလား"

ရေတစ်ခွက်ကို သွားခပ်ရန်ထွက်သွားသော မိကာ၏ လက်ကို ဒိုင်ဂိုက ဖမ်းဆွဲလိုက်သည်။ ထို့နောက် မိကာ၏ လက်ဖဝါးအား မိမိပါးပြင်ဖြင့် ဖိကပ်ထားလိုက်သည်။ နူးညံ့ချောမွေ့ပြီး နွေးထွေးသောအထိအတွေ့ကို ခံစားလိုက်ရသည်။ ထို့နောက် မိကာ၏ကိုယ်လုံးကလေးအား ကျစ်ကျစ် ပါအောင် ဖက်ထားမိလိုက်သည်။ မိကာ၏ နှလုံးခုန်သံများအား နားစွင့်ရင်း မိမိလည်း ယခုအချိန်အထိ

အသက်ရှင်နေသေးကြောင်း သက်သေထူလိုက်မိသည်။ ထို့နောက် အားစိုက်ပြီးဖက်လိုက်ပြန်သည်။

သို့ပါသော်လည်း ဒိုင်ဂို၏ရင်ထဲတွင် ခံစားနေရသော သေခြင်းတရားကို ကြောက်သည့်စိတ်များက ပျက်ပြယ်မသွားဘဲ သောကမီးကလည်း ဆက်လက်ပြီး တောက်လောင်နေဆဲပင် ဖြစ်လေသည်။ ထိုညက သူ့အဖို့ တစ်ညလုံး အိပ်မပျော် နိုင်တော့ပေ။ မှေးခနဲ အိပ်ပျော်သလို ဖြစ်သွားသည့်တိုင် စောစောကတွေ့ခဲ့ရသော လူသေကောင်ကြီးက အိပ်မက်ထဲတွင် ထပ်ပေါ် လာခဲ့ပြန်သည်။ နဖူးပြင်မှ ချွေးစီးများ ယိုစီးကျလာပြီး မျက်လုံးများက ကြောင်စီစီ ဖြစ်နေကြတော့သည်။

ကွန်ပြူတာများ၊ ဒစ်ဂျစ်တယ် ကင်မရာများကဲ့သို့ ခလုတ်ကို နှိပ်လိုက်ရုံဖြင့် ပေါ်နေသောပုံရိပ်များ တစ်ခါတည်း ပျောက်ကွယ်သွားလျှင် အလွန်ကောင်းပေလိမ့်မည်။

ထိုသို့မဖြစ်နိုင်ပါက မနေ့ကမတိုင်မီ မိမိ၏ အခြေအနေသို့ ပြန်ရောက်ချင်မိလေသည်။

မိကာကတော့ အေးချမ်းစွာပင် တခေါခေါ အိပ်ပျော်လျက် ရှိနေလေသည်။ ကော့ပျံ့နေသော မျက်တောင်ကြီးများနှင့် ဖြောင်းစင်းသောနှာတံတို့ဖြင့် ပြုံးပြုံးကလေး အိပ်ပျော်နေလေသည်။ အကယ်၍သာ မိကာက သေဆုံးသွားမည် ဆိုပါက ထိုပုံစံအတိုင်း ရှိနေပြီလား မပြောတတ်ပေ။ ဒိုင်ဂိုက အိပ်ရာထက်မှ ထထိုင်လိုက်မိသည်။

သည်ညအဖို့ မည်သည့်နည်းနှင့်မှ အိပ်ပျော်နိုင်တော့မည် မဟုတ်ပေ။ အိပ်ပျော်သွားသည်ထားဦး အိပ်မက်ဆိုးများက တဝဲလည်လည်ပေါ် လာကြကာ မိမိအား ခြောက်လှန့်နေဦးမှာ သေချာလှသည်။ သို့နှင့် ဒိုင်ဂိုသည် စောင်ကိုဖယ်ကာ အိပ်ရာထက်မှထွက်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့မိလေသည်။

အိမ်ရှေ့က လမ်းရှိမီးတိုင်များမှ အလင်းရောင်က တစ်ချိန်က လက်ဖက်ရည်ဆိုင်ဖြစ်ခဲ့သော အခန်းကျယ်ကြီး အတွင်းသို့ ထိုးကျနေလေသည်။ ဒိုင်ဂိုက ကုလားထိုင် တစ်ခုပေါ် တွင် စိတ်ပျက်လက်ပျက်နှင့် ထိုင်ကာ မိမိ မည်သို့သော အဖြစ်အပျက်များနှင့် ရင်ဆိုင်နေရသည်ကို စဉ်းစား နေမိပြန်သည်။ မိခင်ကြီးအား မပြုစုခဲ့သည့်အတွက် ဘုရားသခင်က မိမိအား ဒဏ်ခတ်နေသည်လား မပြောတတ် တော့ပေ။

ထိုစဉ် လမ်းဘေးမီးတိုင်မှ မီးများ ရုတ်တရက် ငြိမ်းသွားလေသည်။ အခန်းတစ်ခုလုံး မှောင်အတိ ကျသွားလေ တော့သည်။ ကောင်းကင်ထက်တွင် ဝိုင်းစက်နေသော ဖိုးလမင်းကြီးက ထိန်ထိန်သာလျက် ရှိသော်လည်း လရောင်က အခန်း၏ အမှောင်အား ခွင်းနိုင်ခြင်း မရှိပေ။ အခန်းမီးကို သွားဖွင့်ရန်အတွက် နံရံကိုစမ်းပြီး တစ်လှမ်းချင်း လျှောက်သွားစဉ် ဓာတ်ပြားစင်၏ဘေးတွင် စယ်လို တယောဘူးအား တွေ့လိုက်ရသည်။

မိမိကလေးဘဝက လေ့ကျင့်ခဲ့သော စယ်လို တယောလေးပင် ဖြစ်သည်။ ဘူးကိုဖွင့်လိုက်သောအခါ ကြိုးလျော့ရဲရဲ ဖြစ်နေသော တယောလေးကိုတွေ့လိုက်ရသည်။ မသုံးဘဲ ပစ်ထားတာကြာပြီဖြစ်သော ထိုတယောကလေးအား ပြန်တွေ့ လိုက်ရသဖြင့် ဝမ်းသာသွားသည်။ ဂီတနှင့် ပြန်ဆုံလိုက်သည့် အတွက် ရင်ထဲတွင် အလိုလို ကြည်နူး လာခဲ့ရလေတော့သည်။ ထို့နောက် တယာကြီး၏ ဘေးအိပ်ကြီးက ဖောင်းနေသည်ကိုတွေ့လိုက်ရလေသည်။ ထုတ်ကြည့်လိုက်တော့ တွန့်ကြေနေသော စက္ကူထုတ်ကလေးကို တွေ့လိုက်ရသည်။ အတန်ငယ်လေးသည့်အတွက် ဖွင့်ကြည့်လိုက်သည့်အခါ ကျောက်ခဲလုံးလုံးကလေးတစ်လုံး ထွက်လာခဲ့လေသည်။

"ဟယ်"

ဒိုင်ဂိုက ကျောက်ခဲကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ လက်ထဲတွင် အပြည့်ဆုပ်ကိုင်ထားသော ထိုကျောက်ခဲကလေးက အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း အောက်မေ့လာမိလေတော့သည်။ လပြည့်ညတွင် အတွေးလုလု ကလေးများကို တွေးမိနေလေသည်။

ဒိုင်ဂိုက ကျောက်ခဲအားခေတ်ပြားစင်ပေါ် သို့ ဂရုတစိုက် တင်ထားလိုက်ပြီးနောက် တယောကလေးအား ထွေးပိုက် လိုက်လေသည်။

ရှေ့လျှောက်ဘာတွေဆက်ဖြစ်လာဦးမည်ကို တွေးတော စဉ်းစားရင်း ဒိုင်ဂိုသည် တယောတီးလိုစိတ်များ ဖြစ်လာလေတော့သည်။

မခံစားရတာကြာပြီဖြစ်သော ခံစားမှုများ။ မကြားရတာကြာသွားပြီဖြစ်သော တေးသံသာ။ ထိုအရာအားလုံးသည် ကြေကွဲနေသော နှလုံးသားအတွင်းသို့ စိမ့်ဝင်သွားကြလေသည်။ တယောကို သုတ်ထားသော အရောင်တင်ဆီများက နေရာကွက်ကြား ပျက်ပျယ်နေကြသဖြင့် ခပ်မှုန်မှုန် တောက်ပလျက်ရှိနေလေသည်။

ဒိုင်ဂိုက မျက်လုံးကိုစုံမှိတ်ကာ တယောကလေးကို ခပ်ချွဲချွဲကလေး ထိုးနေခဲ့ပေသည်။ ချိုမြကြည်လင်သော တေးသံသာက ဒိုင်ဂို၏နှလုံးသားအတွင်းဘက်ဆီသို့ စိမ့်ဝင်ယိုစီး သွားကြလေသည်။ မိမိအဖို့ သည် အခြေအနေအတိုင်း တောက်လျှောက် ဆက်သွား ချင်နေမိတော့သည်။ တယောတစ်လက်ကိုကိုင်ကာ ကမ္ဘာအနှံ့ လျှောက်သွားပြီး အသက်မွေးလိုသည့်စိတ်များက တဖွာဖွား ဖြစ်ပေါ်လာခဲ့လေသည်။

ကောင်းကင်ထက်သို့ မော့ကြည့်လိုက်သောအခါ ဖိုးရွှေလမင်းကြီးအား တိမ်မည်းညိုညိုဆို့က ဖုံးအုပ်ထားသည်ကို တွေ့လိုက်ရသည်။ ကောင်းကင်၏ရှုခင်းက ဒိုင်ဂို၏ အပြစ်ကင်းစင်သော ကလေးဘဝနောက်ဆုံး အတွေ့အကြုံများအား ပြန်ပြောင်းသတိရလာအောင် စေ့ဆော် လိုက်သည်။

ရေပူစမ်းမှအပြန်လမ်းတွင်ဖြစ်လေသည်။ ဒိုင်ဂိုဘေး တစ်ဘက်တစ်ချက်တွင် အဖေနှင့်အမေကို လက်တွဲရင်း ဒယီးဒယိုင်ဖြင့် လျှောက်လာခဲ့လေသည်။ ဒိုင်ဂိုနှင့် တွဲမထားသော အဖေ၏လက်ထဲတွင် ဆပ်ပြာဘူးများနှင့် သုံးယောက်စာ တဘက်များထည့်ထားသော ဒန်အိုး အဟောင်းကြီးကို ပိုက်လာခဲ့လေသည်။ အဖေကော အမေပါ ဒိုင်ဂိုအား ပြုံးပြုံးကြီးလုပ်ကာ စိုက်ကြည့်နေကြလေသည်။ ထိုပျော်စရာ ကောင်းသော အချိန်ကလေးက တစ်သက်လုံး ထာဝရ ဆက်လက်ဖြစ်ပေါ် သွားလိမ့်မည်ဟု ထင်ထား ခဲ့လေသည်။ ဆောင်းဦး၏ နှင်းဦးစကလေးများက တစ်ဖွဲဖွဲ ကျဆင်းနေသည့်တိုင် ချမ်းသည့်စိတ်က စိုးစဉ်းမျှဖြစ်ပေါ် မလာခဲ့ပေ။

"ဒီနေ့လပြည့်နေ့ထင်တယ်နော်"

အမေက ဖိုးလမင်းကြီးအား မော့ကြည့်ရင်း ပြောလိုက်သည်။

"ကြယ်တွေကလဲအများကြီးပဲ လှလိုက်တာနော် ဒိုင်ဂိုကွန်"

ထိုကဲ့သို့ပြောလိုက်သော ငယ်ရွယ်သည့်အမေ၏ ဘေးတိုက် မျက်နှာကလေးမှာ အတော့်ကို ချောမောလှပ နေလေသည်။ ဆောင်းလေအေးကလေးကလည်း တစ်ချက် ဝှေ့ရမ်း တိုက်ခိုက်လာလေသည်။ ကောင်းကင်ထက်တွင်မူ တဖျပ်ဖျပ် တောက်ပနေသော ကြယ်ကလေးများဝန်းရံကာ

ဖိုးလမင်းကြီးက ထိန်ထိန်သာလျက် ရှိနေခဲ့လေသည်။ မြစ်ကမ်းပါးရှိ လမ်းကလေးအတိုင်း လျှောက်လာမိကြသောအခါ ဖိုးလမင်းကြီးက မိမိတို့မိသားစုနောက်သို့ တကောက်ကောက်လိုက်နေသကဲ့သို့ မြင်တွေ့လာရလေသည်။

"ဟိုမှာကြည့်စမ်းပါဦး ဖိုးလမင်းကြီးက သားသားတို့နောက်ကို ပြေးလိုက်နေကြတယ်"

"ဟုတ်သားပဲ သားရဲ့"

အဖေနှင့်အမေက ပြိုင်တူပြောကာ ရယ်လိုက်ကြသည်။

"ဟာ အခုမှ သတိရတယ်"

အဖေက ရုတ်တရက် တစ်ခုခုကိုသတိရလာသည့်အလားနှင်းများကိုဖြတ်ကာ မြစ်ကမ်းပါးဆီသို့ ခပ်သွက်သွက်ကလေး လျှောက်သွားသည်။ ဒိုင်ဂိုတို့ သားအမိနှစ်ယောက်ကလည်း နောက်မှအပြေးကလေးလိုက်သွားသည်။ အဖေသည် လရောင်ကို အားပြုရင်းတစ်ခုခုကို ရှာနေလေသည်။

"ဟော တွေ့ပြီ"

အဖေက တစ်ခုခုကိုကောက်ကိုင်ပြီး လက်ထဲတွင် ဆုပ်ထားလိုက်ကာ ဒိုင်ဂိုဘက်သို့ကမ်းလိုက်သည်။ ဒိုင်ဂိုက လက်ဖြန့်ခံလိုက်သောအခါ ကျောက်ခဲလုံးလုံးလေး တစ်လုံးကို တွေ့လိုက်ရလေသည်။ ထိုကျောက်တုံးကလေးပေးပြီးနောက် မကြာမီ အဖေသည်အိမ်မှ အပြီးအပိုင် ထွက်ခွာသွားခဲ့လေတော့သည်။

ထို့ကြောင့်လား မပြောတတ်ပေ။ ဒိုင်ဂိုက ထို ကျောက်တုံး ကလေးကို မြင်လိုက်သည်နှင့် ကြေကွဲဖွယ်ရာ အတိတ်ဇာတ်ကြောင်းများကို ပြန်ပြောင်းသတိရလာလေသော် ရင်ထဲတွင် စူးနင့်စွာ ခံစားလာရလေတော့သည်။ ဖခင်ကြီး ထွက်သွားသည့်နောက်ပိုင်းတွင် ဒိုင်ဂိုသည် ရိုးသားပြီး အပြစ် ကင်းစင်သော ကလေးတစ်ယောက်အဖြစ်မှ ဘာမဆို ပွင့်ပွင့်လင်းလင်း မပြောတော့ဘဲ နှုတ်နည်းသော ကလေး တစ်ယောက် ဖြစ်လာခဲ့ရလေတော့သည်။ ထိုအချိန်က စပြီး ဒိုင်ဂိုသည် တတ်နိုင်သမျှ အဖေ့အကြောင်း မတွေးမိလေအောင် ကြိုးစားနေခဲ့မိလေသည်။ အဖေကပေးသော ကျောက်တုံး ကလေးနှင့် မိမိကပြန်ပေးခဲ့သော ကျောက်တုံးကလေး အကြောင်းကိုလည်း မေ့မေ့ပျောက်ပျောက်ပင် သဘောထားခဲ့ မိလေသည်။

ပြတင်းပေါက်ပြင်ပတွင်ကား ဆောင်းတွင်းနှင်းဦးစ ကလေးများသည် လေထဲတွင်ဝေ့ဝိုက်ကာ ကျဆင်းနေကြ လေသည်။ ဒိုင်ဂိုကတော့ သူ့တယောကလေးကို လေးတွဲ့စွာ ဆွဲနေလေတော့သည်။

သို့နှင့် ထိုညတစ်ညလုံး လုံးဝအိပ်မရဘဲ မိုးစင်စင် လင်းလာခဲ့လေတော့သည်။ ထို့နောက် လေးတိလေးကန် ဖြင့်ပင် ရုံးသွားရန်ပြင်ဆင်ရလေတော့သည်။ နံနက်စာအဖြစ် မိကာက မိဆိုးရှိုရှခေါ် ပဲဖတ်ချဉ်ရေ၊ ထမင်းဖြူနှင့် ငါးကင်တို့ကို ပြင်ထားလေသည်။ ဗိုက်ထဲမှာလည်း

ဟာနေသည့်တိုင် ထမင်းတစ်လုတ်နှင့် ပဲဖတ်ဟင်းရည်ကို သောက်ပြီး ငါးကင်ကို ကောက်ကိုင်လိုက်သည်နှင့် ရင်ထဲ၌ ပျို့တက်လာလေသည်။ ညှီနံ့ အနည်းငယ်ရလိုက်ရုံဖြင့်ပင် ယမန်နေ့က အနံ့ဆိုးများကို ပြန်ပြောင်းသတိရလာလေသည်။ သို့နှင့် ထမင်းလုတ် နှစ်လုတ်သုံးလုတ်ကို ပါးစပ်ထဲသို့ ထိုးသွင်းကာ အိမ်မှထွက်လာခဲ့ရလေသည်။

"ဒီနေ့လည်း အလုပ်ကြိုးစားလိုက်ဦးပေါ့မောင်ရယ်"

မိကာက အပြုံးဖြင့်လိုက်ပို့ရင်း နှုတ်ဆက်လိုက်သည်။

"အေးပါကွယ်"

ဒိုင်ဂိုကမူ ရင်ထဲက ပူပင်သောကများကို ဟန်လုပ်လုပ်ကာ ဖုံးကွယ်လိုက်ပြီး ချစ်ဇနီးအား အပြုံးဖြင့် ပြန်နှုတ်ဆက် လိုက်သည်။ မြစ်နဘေးလမ်းအတိုင်း ဖြောင့်ဖြောင့်သွားလျှင် မကြာမီ လမ်းမကြီးပေါ်သို့ ရောက်နိုင်သော်လည်း ဒိုင်ဂိုသည် လမ်းမကြီးသို့ ခြေဦးမလှည့်သေးဘဲ ရောက်တတ်ရာရာ သို့ လမ်းသလား နေခဲ့မိလေသည်။ မိနစ်သုံးဆယ်လောက် ဆက်လျှောက် လာမိသောအခါ တံတားအိုကြီးတစ်ခုကို တွေ့လိုက်ရလေသည်။ ဒိုင်ဂိုသည် ဆက်လျှောက်မသွားသေးပဲ တံတားပေါ်၌ရပ်ကာ ဘေးပတ်ဝန်းကျင်ရှိ ရှုခင်းများကို ငေးမောကြည့်ရှု နေခဲ့လေသည်။ ပြာမောင်းသော ကောင်းကင်ကြီးတွင် တိမ်ဖြူတန်း တို့က လွင့်မျောနေကြသည်။ ခပ်လှမ်းလှမ်းတွင်မူ ခရမ်းရောင် တောင်တန်းကြီးများက နှင်းခမောက်များ ဆောင်းထား ကြသည်။

ခပ်ပျင်းပျင်းရှိသည်နှင့် တံတားအောက်သို့ ငုံ့ကြည့်လိုက်သောအခါ လှိုင်းကြက်ခွပ်ကလေးများထနေသော အရာကလေးများကို တွေ့လိုက်ရသည်။ ဘာတွေများပါလိမ့်ဟု ဂရုစိုက်ကြည့်လိုက်သောအခါ ဆာကဲခေါ် ငါးကလေးများ ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။ ဂျပန်ပင်လယ်ပြင်မှ ရောက်လာသော ထိုငါးကလေးများသည် မြစ်ရေကိုဆန်ကာ ကူးနေကြလေသည်။ မိုးဂါဝါမြစ်ထဲတွင် ဆာကဲငါးကလေးများ အတော်ပေါသည်ဟု ကြားဖူးခဲ့သော်လည်း ယခုမှ စတင်မြင်တွေ့ဖူးခြင်းဖြစ်လေသည်။

ငါးအမတစ်ကောင်အား အထီးနှစ်ကောင်ကခြံရံပြီး မြစ်ကို အပြိုင်အဆိုင်ဆန်တက်နေကြခြင်း ဖြစ်လေသည်။ မြောက်အရပ်ပင်လယ်ထဲတွင် လေးနှစ်ခန့်နေပြီးသွားသောအခါ မိမိတို့ပေါက်ဖွားရာ မြစ်ဆီသို့ ပြန်လာခဲ့ကြလေသည်။ ထိုငါးများသည် အနံ့ဖြင့်ပင် မိမိတို့ မွေးဖွားခဲ့ရာ မြစ်ဖြစ်သည်ကို သိကြောင်း အဖေတစ်ခါက ရှင်းပြခဲ့ဖူးပေသည်။ သားသမီး မျိုးဆက်များ ချန်ထားခဲ့ရန် မြစ်ကို ဆန်တက်လာသော ဆာကဲငါးကလေးများသည် အားမာန်အပြည့်ပင်ဖြစ်သည်။ ရုတ်တရက် မြစ်ရေစီးကြောင်းအတိုင်း မျောပါလာနေသော ငါးတစ်ကောင်ကိုပါ တွေ့လိုက်ရသည်။ မိတ်လိုက်သည့် တာဝန်ပြီးဆုံးသွားပြီဖြစ်သော ငါးထီးတစ်ကောင်ပင်ဖြစ်သည်။ ပါးစပ်က ဟစိဟစိလုပ်ကာ သေလုနီးပါး ဖြစ်နေပေသည်။

မကြာမီ တောဘဲတို့၏ အစာဖြစ်သွားမည်ကို မြင်ယောင် မိတော့သည်။

တံတားအောက်တွင် ရှင်ခြင်းတရားနှင့် သေခြင်းတရား တို့ အပေးအယူလုပ်နေသည့် ပြကွင်းကြီးကိုကြည့်ရင်း ဒိုင်ဂိုက မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။

"မင်္ဂလာပါ"

တစ်ယောက်ယောက်က လှမ်းနှုတ်ဆက်သံကို ကြားလိုက်ရသဖြင့် ဒိုင်ဂိုက လှည့်ကြည့်လိုက်သည်။ တစ်ခါက ဤမြိုးဂါဝါမြစ်ကမ်းတွင် ဆုံခဲ့ဖူးသော အဘိုးအိုပင် ဖြစ်လေသည်။ ရေချိုးခန်းတွင် စစ်တုရင် ကစား နေသည် မှာလည်း သူပင်ဖြစ်လေသည်။

"ဩော် ဦးပါလား"

"ဆာကဲငါးတွေလား"

အဘိုးအိုက မြစ်ထဲသို့ ငုံ့ကြည့်ရင်းမေးလိုက်သည်။

"ဦးနဲ့ကျွန်တော် အရင်တစ်ခေါက်တုန်းက ဒီမှာ တစ်ခါဆုံခဲ့ကြဖူးတယ်နော်။ ပြီးတော့ ရေချိုးဆိုင်မှာလည်း ဆုံ သေးတယ်"

"ဟုတ်တယ်ကွဲ့ ဦးနာမည်က ဟီရာဒါလို့ ခေါ်တယ်"

ဟီရာဒါက ဒိုင်ဂိုနှင့် ဘေးချင်းယှဉ်ရပ်ပြီး မြစ်ထဲသို့ ငုံ့ကြည့်လိုက်ပြန်သည်။

"ဟိုမှာ၊ ဟို ဟို ကျောက်တုံးအောက်မှာ"

ဒိုင်ဂိုက လက်ညှိုးနှင့်ညွှန်ပြရင်း ပြောလိုက်သည်။

ငါးမတစ်ကောင်က ကျောက်တုံးတစ်တုံးအောက်တွင် ဥ ဥရန်အတွက် အမြီးဖြင့် အမှိုက်သရိုက်များကို ဖယ်ရှားလျက် ရှိလေသည်။ မိမိဥရန်နေရာကို အပြင်းအထန် ကြိုးစား ပြင်ဆင်နေခြင်းပင်ဖြစ်လေသည်။ ထို့နောက် သဲတွင်းများကို အမြီးနှင့် တူးကာ ဥ ဥရန် လုံခြုံမှု ရှိ မရှိ အကြိမ်ကြိမ် စမ်းသပ်ကြည့်နေပြန်သည်။ ငါးထီး တစ်ကောင်ကမူ ဘေးမှ လုံခြုံရေး အစောင့်အဖြစ် တာဝန် ထမ်းဆောင်နေပြီး အခြားငါးများ ကပ်လာလျှင် လိုက်လံ မောင်းထုတ် နေလေသည်။

"ဟာ ဟိုမှာ ထွက်လာပြီ၊ ထွက်လာပြီ"

ဟီရာဒါက ဝမ်းသာအားရ ထအော်လိုက်သည်။ ခဏ ကြာ သောအခါ မြစ်ညာဘက်ဆီမှ သေလုမျောပါးဖြစ်နေသော ငါး အထီး တစ်ကောင် ပေါလောမျောလာသည်ကို တွေ့လိုက် ကြ ရပြန်လေသည်။

"အတော့်ကို သနားစရာကောင်းတာပဲဗျာ။ သေမယ့် အရေးအတွက် မြစ်ကို ဆန်တက်လာရတယ်လို့။ သေမယ့် အတူတူ ဘာ ဒုက္ခမှ ခံနေစရာမလိုပါဘူး။ အသာလေး ငြိမ်နေလိုက်ရုံပဲ ရှိတာပေါ့"

ဒိုင်ဂိုက ရုတ်တရက် မိမိစိတ်ထဲတွင်ရှိသည့်အတိုင်း ပြောချလိုက်သည်။

"သူတို့လဲ ပြန်လာချင်လို့ နေမှာပေါ့ကွယ်။ မွေးဇာတိကို တစ်ခါ တစ်ခေါက်တော့ ပြန်ရောက်ချင်ရှာလို့ နေမှာပေါ့ကွယ်"

ဟီရာဒါက တစ်လုံးချင်း ဆက်ရှင်းပြနေလေသည်။

"ပြီးတော့ သူတို့က အသက်ချင်းဆက်ပြီး သေချင်ကြတယ်လေ"

"အသက်ချင်းဆက်တယ်။ ဟုတ်လား ဦး"

"သဘာဝ လောကကြီးထဲမှာ တို့လေ့လာစရာတွေ တစ်ပုံတစ်ခေါင်းကြီး ရှိပါသေးတယ် ငါ့တူရဲ့"

ဟီရာဒါက မျက်လုံးများမှေးကာ ထိုကဲ့သို့ ညည်းညူပြောဆိုပြီး ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

"အသက်ချင်းဆက်ပြီး သေချင်ကြတယ်ဆိုပါလား"

တစ်ယောက်တည်းကျန်ခဲ့သော ဒိုင်ဂိုက စောစောက အဘိုးကြီးပြောသွားသော စကားများကို နောက်တစ်ကြိမ် ရေရွတ်ကြည့်လိုက်မိလေသည်။

× × × × × × × × × × × × × × × × × × × × × ×

# အခန်း (၆)

ဒိုင်ဂိုသည် ဦးတည်ရာမဲ့ ဒယီးဒယိုင်ဖြင့် လမ်းသလားလျှောက် ရှိနေလေသည်။ ကုမ္ပဏီသို့ မသွားလျှင် ပိုက်ဆံလည်း ရတော့မည် မဟုတ်တော့။ ဒိုင်ဂိုအဖို့ နေ့တိုင်း ဆိုသကဲ့သို့ ယန်းငွေနှစ်သောင်းကို တစ်ပြားတစ်ချပ်မျှမနုတ်ဘဲ မိကာလက်သို့ ဝကွက်အပ်နေခဲ့သည်။ မိမိ၏ ပိုက်ဆံအိပ် ထဲတွင် အကြွေစေ့ အနည်းငယ်သာ ထည့်ထားပေသည်။ လက်ဖက်ရည်သောက်ချင်သည့်တိုင် အနီးအနားတစ်ဝိုက်တွင် ဆိုင်တစ်ဆိုင်မျှမရှိ။ စာကြည့်တိုက်သို့သွား၍ စာဖတ်ရန် စိတ်ကူးလိုက်မိသော်လည်း လမ်းလျှောက်သွားနေ၍ တော်တော် နှင့် ရောက်နိုင်မည် မဟုတ်ပေ။

နာရီကြည့်လိုက်တော့ မွန်းလွဲ ၁၂ နာရီကျော်နေပေပြီ။ ဘာမျှမလုပ်ပဲ အချိန်ဖြုန်းရသည့်အလုပ်သည် ဤမျှ ပင်ပန်းလိမ့်မည်ဟု အစက မတွေးမိခဲ့ပေ။ ထိုသို့တွေးရင် တံတိုင်းပေါ်တွင်ထိုင်ချလိုက်မည်အလုပ် မိမိ၏နောက်ဘက်ဆီမှ မော်တော်ကားတစ်စီး ကျွီခနဲ ဘရိတ်အုပ်သံ ကြားလိုက် ရလေသည်။ နောက်ကိုလှည့်ကြည့်လိုက်သည့်အခါ မိမိ တွေ့နေကျ ဗင်ကားကလေးဖြစ်နေလေသည်။ ဆာဇာကီက ထိုင်မောင်းလာပြီး ကားနောက်ပိုင်းတွင် ခေါင်းတစ်လုံးကို တင်လာသည်။

ဆာဇာကီက ကားတံခါးကိုဖွင့်ပြီး ကိုယ်ကိုအပြင်သို့ ကိုင်းထွက်ကာ ကားပေါ်တက်ဆိုသည့် ပုံစံမျိုးကို လုပ်ပြလိုက်

လေသည်။ အင်းမလှုပ် အဲမလှုပ် တုံဏှိဘာဝေရပ်နေသော ဒိုင်ဂိုအား လှမ်းအော်လိုက်သည်။

"မြန်မြန်တက်လေကွာ၊ သွားရအောင်"

"အခုချက်ချင်း လိုက်ခဲ့ရမှာလား"

"ဟုတ်တယ်၊ ဒါမန်နေဂျာအမိန့်ပေးနေတာ"

"ကျွန်တော် ဒီနေရာကို ရောက်နေတယ်ဆိုတာ ဆရာ ဘယ်လိုလုပ်သိလဲ"

"ဒါတွေထားလိုက်ပါ။ အခုသိပ်အရေးကြီးတယ်။ မြန်မြန်တက်"

မည်မျှပင်ဆင်ခြေပေးနေစေကာမူ ဆာဇာကီအား အနိုင်မပြောနိုင်မည့်အဆုံး ကားပေါ်သို့ တက်လိုက်လာ ခဲ့ရလေတော့သည်။ ဆာဇာကီက သပ်သပ်ရပ်ရပ် ဝတ်စားလာရုံမျှမက ခေါင်းတစ်လုံးကိုပါ ယူဆောင်လာသည့်အတွက် အလောင်းပြင်ရန် သွားတော့မည်ဖြစ်ကြောင်း ဒိုင်ဂိုက သဘောပေါက်သွားလေသည်။ သို့ဖြစ်သည့်အတွက် ဆာဇာကီအား ထူးထူးထွေထွေ မေးမနေတော့ပေ။ ထိုအလုပ်အကြောင်းကို စဉ်းစားမိလိုက်တိုင်း စိတ်ထဲတွင် နောက်ကျိလာခဲ့ရလေသည်။ ဆာဇာကီကလည်း ဘာတစ်ခွန်းမျှ ပြောမလာခဲ့ပေ။ နှုတ်ဆိတ်ကာ လက်ကိုင်ဘီးကို ကိုင်လျှက် မြို့နှင့်ဝေးရာသို့ ဦးတည်ကာ မောင်းထွက်လာခဲ့သည်။ မကြာမီ တောင်တက်လမ်းပေါ်သို့ ရောက်လာကြပြီး

ကားကလေးက ဆင်းလိုက်တက်လိုက် ပြေးလွှား နေလေတော့သည်။ ထို့နောက် တောအုပ်တစ်ခုမှ အတွက်တွင် ရွာကလေးတစ်ရွာကို ဘွားကနဲ တွေ့လိုက် ရလေသည်။ ဇကန္တ ထိုရွာကို ဦးတည် သွားနေသည်လား မပြောတတ်ပေ။ လမ်းက တဖြည်းဖြည်း ကျဉ်းလာရုံမျှမက မတ်စောက်လာခဲ့လေသည်။ ထို့အပြင် လမ်းပေါ်တွင် နှင်းစများက ဖွေးဖွေးလှုပ်အောင် ပုံနေကြပြန်သဖြင့် လမ်းမချော်သွားရန် အတော်ကြီးသတိထား၍ မောင်းနေ ရလေသည်။ အရေးထဲတွင် ဆာဇာကီက ကားကို အရှိန်မြှင့် မောင်းနေပြန်သည်။

"ဖြည်းဖြည်းမောင်း ဆရာ၊ အန္တရာယ်သိပ်များတယ်"

ပြောရင်းမှပင် ကားက လမ်းချော်သွားတော့သည်။ ဒုံး ဒိုင်းဆိုသော အသံများနှင့်အတူ ကားက ရပ်သွားသည်။ ဒိုင်ဂို၏နဖူးနှင့် ဒက်စဘုတ်တို့ တိုက်မိသွားသည့်အတွက် ဖူးယောင်လာတော့သည်။

နှစ်ယောက်သား ကားပေါ် မှအမြန်ဆင်းပြီး ကြည့်လိုက်သောအခါ ကားကအတော်ကြီးစောင်းနေလေသည်။

"ကားဘီးကချိုင့်ထဲကျသွားတာပဲ၊ ခက်တော့တာပဲကွာ"

ဆာဇာကီက မျက်နှာကြီးရှုံ့မဲ့ကာညည်းညူလိုက်သည်။

"ဝပ်ရှော့ဆိုင် တစ်ဆိုင်ဆိုင်ကို လှမ်းပြီး အကြောင်းကြားကြစို့လား ဆရာ"

"ဒီလိုအရပ်မျိုး ဘယ်ကလာ ဝပ်ရှော့ဆိုင်ရှိမှာလဲ၊ ကဲ ကဲ သစ်တုံးတစ်ခုလိုက်ရှာပြီး ဘီးအောက်မှာ ခုထားပေး"

ဆာဇာကီက အပေါ် အကျီကို ချွတ်လိုက်သည်။ ဒိုင်ဂို ကလည်း သူ့အတိုင်းချွတ်လိုက်ကာ သစ်တုံးတစ်ခုကိုရှာပြီး ဘီးအောက်တွင် ခုပေးလိုက်သည်။ သို့နှင့်ပင် ကားဘီးအားလုံး လမ်းပေါ် သို့ပြန်တက်လာအောင် အားစိုက်မောင်းလိုက်နိုင်ကာ မိမိတို့ သွားလိုရာ အသုဘအိမ်ရှေ့သို့ ဆိုက်လာခဲ့ ကြတော့သည်။

"အိမ်သားတွေ အရမ်းစိတ်ဆိုးနေကြပြီ။ အရမ်းဒေါပွ နေကြပြီ"

သုဘရာဇာကုပ္ပဏီမှ အိုးနကစံက ကားဆီသို့ ပြေးလာပြီး ပြောလေသည်။ ဆောင်းတွင်းကြီးဖြစ်သည့်တိုင် သူ့မျက်နှာတွင် ချွေးများစို့နေလေသည်။

"လမ်းမှာ ကားဘီးချော်နေလို့ပါ"

ဆာဇာကီက ကားပေါ်မှကျုံ့ကျုံ့ကလေးဆင်းကာ အကြိမ်ကြိမ် ခေါင်းငုံ့ပြီး တောင်းပန်နေရှာသည်။

"အခု ဘယ်အချိန်ဆိုတာ ခင်ဗျားတို့ သိရဲ့လား။ ၅မိနစ်တောင် ကျော်သွားပြီ။ ၅မိနစ်ကြီးများတောင်"

ထိုစဉ် အိမ်ထဲမှ လူတစ်ယောက်ပြေးထွက်လာသည်။ သူ့မျက်နှာကြီး တစ်ခုလုံးနီရဲနေပြီး အတော်ကြီး ဒေါပွနေပုံ

ရလေသည်။ လူပုံကို ကြည့်ရသည်မှာ ဒိုင်ဂိုနှင့် ရွယ်တူ လောက်ဖြစ်သော်လည်း စိတ်ဆတ်ပုံရလေသည်။

"တောင်းပန်ပါတယ်ခင်ဗျာ၊ ခွင့်လွှတ်ပါ"

ဆာဇာကီက ခေါင်းကိုအကြိမ်ကြိမ်ညွှတ်ရင်း တောင်းပန် နေလေသည်။

"ခင်ဗျားတို့ အတော်ရိုင်းတာပဲ။ သေသွားပြီးသူမို့ နည်းနည်းပါးပါး စောင့်ခိုင်းလည်း အရေးမကြီးဘူးလို့ ပေါ့ပေါ့ဆဆ သဘောထားကြတာပေါ့လေ"

"အဲဒီလိုမဟုတ်ရပါဘူး။ ကျွန်တော်တောင်းပန်ပါတယ်"

မွေ့ရာပေါ်တွင် လဲလျောင်းနေသော အမျိုးသမီးမှာ စောစောကဒေါပွနေခဲ့သော အိမ်ရှင်၏ဇနီးဖြစ်ဟန်တူလေသည်။ အသက်မှာ ဒိုင်ဂိုနှင့် ရွယ်တူဖြစ်ဟန်ရှိသော်လည်း ရောဂါကို အပြင်းအထန် ကြာရှည်စွာ ခံစားခဲ့ရသောကြောင့်လား မသိ။ မျက်နှာမှာ အတော်ကြီး ပိန်ချုံးနေလေသည်။ မြင်တွေ့ရသည် မှာတော့ စိတ်မကောင်းစရာပင်။

"ကဲ ကဲ ကျွန်တော်တို့ကို စပြီးပြင်ဆင်ခွင့် ပေးကြပါခင်ဗျာ"

ဆာဇာကီက မိသားစုဘက်သို့ အရိုအသေပေးကာ ခွင့်တောင်း လိုက်ပြီးနောက် အလောင်းဘက်သို့ လှည့်လိုက်သည်။ ဒိုင်ဂိုလည်း ဆာဇာကီအတိုင်း လိုက်လုပ်ပြီး လူသေ၏ခေါင်းရင်းတွင်ထောင်ထားသော ခေတ်ပုံကြီးကို

တစ်ချက် ငေးကြည့်လိုက်သည်။ မိန်းမချောတစ်ယောက် ဝိုင်းစက်ပြည့်ဖြိုးနေသော မျက်နှာဖြင့် အားရပါးရ ပြုံးရယ်နေသော ပုံပင်ဖြစ်သည်။ သမီးငယ်၏ ဘွဲ့နှင်းသဘင်တွင် ရိုက်ခဲ့သောပုံ ဖြစ်ဟန်တူပေသည်။ ကျန်းမာရေးအလွန်ကောင်းပြီး ကျက်သရေအလွန်ရှိလှပေသည်။ ယခုသေပြီးပုံနှင့် တခြားစီဖြစ်လေသည်။

ဆာဇာကီက လူသေ၏ဘေးတွင်ထိုင်ကာ ပိတ်ပါးစတွင် အရက်ပျံဆွတ်လျက် ယုယုယယသုတ်ပေးလျက်ရှိနေလေသည်။ ဒိုင်ဂိုက ဘေးမှအသာထိုင်ကာ ကြည့်ရှုလေ့လာနေလေသည်။

အရက်ပျံ ဆွတ်ထားသည့် ပိတ်ပါးစဖြင့် အဝတ်ဖြူ၏ အောက်သို့ထိုးကာ လူသေ၏တစ်ကိုယ်လုံးအား ကြင်နာစွာ ပွတ်ပေးပြီးနောက် လက်နှစ်ဖက်ကိုလည်း လေးလေးစားစား ပွတ်ပေးနေပြန်လေသည်။ ထို့နောက် လူသေအား အဝတ်အစားကို သပ်သပ်ရပ်ရပ် လှလှပပ ဝတ်ဆင် ပေးလိုက်လေသည်။ စောစောက အကြီးအကျယ် ဒေါပွ နေခဲ့သော အိမ်ရှင်အမျိုးသားပင်လျှင် ဆာဇာကီ၏ လုပ်ပုံကိုင်ပုံ ကို မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။ ကျက်သရေခန်း၏ အပြင်တွင် ကျန်မိသားစုများကလည်း စိတ်ဝင်တစား ငေးမောကြည့်ရှုနေကြလေသည်။ ဆာဇာကီ၏ ပတ်ဝန်းကျင် သည် ဆိတ်ငြိမ်လျက် ရှိနေပေတော့သည်။

အေးတောင့်နေသော လူသေအလောင်းအား ဆာဇာကီ၏ ပြုစုမှုများက နွေးထွေးလာစေပြီး နောင်ဘဝကူးခါနီးတွင်

လှလှပပကျက်သရေရှိလာစေတော့သည်။ သူ၏လုပ်ပုံကိုင်ပုံမှာ အထူးပင် စနစ်ကျပြီး သပ်ရပ်လွန်းလှသည်။ ထို့နောက် စေတနာ အပြည့်ပါပြီး ကြင်ကြင်နာနာရှိလွန်းလှသည်။ နောက်ဆုံးခွဲခွာရမည့်အချိန်တွင် ဆာဇာကီသည် သေဆုံးသူအား ကျကျနန အဆင်ပြေပြေ ဘဝကူးကောင်းအောင် ကူညီပေးနေခြင်း ဖြစ်လေသည်။ ဆာဇာကီ၏ လုပ်ပုံကိုင်ပုံသည် လွန်စွာ လှပပြီး သပ်ရပ်လွန်းလှသည်။ လူသေအား ခေါင်းထဲသို့ထည့်သည့်အလုပ်သည် မခက်ခဲ လှသော်လည်း လူသေအား လှလာအောင် ပြင်ဆင်ရသည့် အလုပ်မှာ လွန်စွာလက်ဝင်လှသည်။

လူသေအားမိတ်ကပ်လိမ်းပြီး အလှပြင်သည့်အချိန်တွင် ဆွေမျိုးသားချင်းများက ပိုပြီး ခေါင်းထောင်လာကြကာ စိတ်ဝင်တစား စိုက်ကြည့်နေကြလေသည်။

“ဆရာကတော် အမြဲတ်တနိုး လိမ်းလေ့ရှိတဲ့ နှုတ်ခမ်းနီဘူးများ မရှိကြဘူးလား”

ဆာဇာကီက ခေါင်းမော့ပြီး အိမ်ရှင်ကိုကြည့်ကာ မေးလိုက်သည်။ ရုတ်တရက်မေးလာသောကြောင့် အိမ်ရှင် လည်း ကြောင်တောင်တောင်ဖြစ်ကာ ငိုင်နေလေ တော့သည်။

“ကျွန်မသိပြီ”

သမီးငယ်ဖြစ်သူကထရပ်လိုက်ပြီး တစ်ဖက်ခန်းသို့ ပြေးဝင်သွားလေသည်။

"ဒီမယ်"

ပြန်ရောက်လာသော သမီးငယ်က ဆာဇာကီ၏ လက်ထဲသို့ နှုတ်ခမ်းနီဆိုးဆေးဘူး တစ်တောင့်ကို အပ်လိုက်လေသည်။ ဆာဇာကီက အဖုံးကိုဖွင့်လိုက်ပြီးနောက် လက်ဖြင့် လှည့်ကာ နှုတ်ခမ်းနီ ထွက်လာအောင်လုပ်ပြီး ခြောက်သယောင်းနေသော လူသေ၏နှုတ်ခမ်းအား နီရဲလှပလာအောင် စိတ်ရှည်ရှည်ဖြင့် ဆိုးပေးလိုက်သည်။ ထို့နောက် ခြောက်သယောင်းနေသော လူသေ၏ပါးပြင်အား မိတ်ကပ်နှင့်ဖို့ကာ ပန်းနုရောင် ပါးနီကလေးကို ဆိုးပေးလိုက်ပြန်သည်။

"အား မျက်နှာကလေးက သိပ်လှလာပြီ"

"အခုပဲ အိပ်ရာကနိုးလာတော့မလိုပဲ"

"ရှင် သိပ်တော်တာပဲ"

မိသားစုအားလုံးက တစ်ယောက်တစ်ပေါက် ချီးကျူးပြီး ဆာဇာကီအား လက်ဆွဲနှုတ်ဆက်ကြလေသည်။ ဆာဇာကီက မိသားစုဘက်သို့ မျက်နှာမူကာ အရိုအသေပေးလိုက်ပြီးနောက် ဒိုင်ဂို၏ အကူအညီဖြင့် လူသေအား ခေါင်းထဲသို့ ဖြည်းညင်းစွာ ထည့်လိုက်ပြီးနောက် အဖုံးဖုံးရန် ပြင်ဆင်လေတော့သည်။

"ဖြစ်မှ ဖြစ်ရလေ နာအိုးမိရယ်၊ ဟီး ဟီးဟီး"

ယောကျ်ားဖြစ်သူက အသံကျယ်ကြီးဖြင့် ထငိုလေတော့သည်။ အခေါင်းထဲမှ ပြုံးစစဖြင့် ကြည့်နေသော

ချစ်ဇနီး၏ နဖူးလေးအား ကြင်နာယုယစွာ ပွတ်သပ်ရင်း ရှိုက်ကြီးတငင် ငိုကြွေးနေလေသည်။

သမီးငယ်လေးကလည်း ဖခင်ကြီးအား နောက်မှ သိုင်းဖက်ကာ တရှုံ့ရှုံ့ ငိုကြွေးနေရှာသည်။ သူတို့ ချစ်မြတ်နိုးကြသော ချစ်ဇနီးနှင့် မိခင်ကြီးအား နောက်ဆုံး အနေနှင့် အားရပါးရ နှုတ်ဆက်စေချင်သောစေတနာဖြင့် ဆာဗောကီက အခေါင်းဖုံးကိုကိုင်ကာ စိတ်ရှည်လက်ရှည် စောင့်ပေး နေရှာလေသည်။ အတိုင်းအဆမရှိသော အကြင်နာ တရားတို့ဖြင့် စိုက်ကြည့်နေသော ဆာဗောကီ၏မျက်ဝန်းအစုံအား ဒိုင်ဂိုကဘေးမှနေပြီး တလေးတစား ငေးကြည့်နေခဲ့လေသည်။

အိမ်ထဲမှ ထွက်လာသည်နှင့် အေးစက်သော မြောက်ပြန်လေတို့က ဒိုင်ဂိုအား ထွေးပိုက်ထား လိုက်ကြ လေသည်။ တောတောင်အတွင်းမှရွာ ဖြစ်သောကြောင့် ပတ်ဝန်းကျင် တစ်ခုလုံးကလည်း အထူးပင် ငြိမ်ချက်သား ကောင်းနေလေသည်။ နေလည်း အတော်ပင် စောင်းလာပြီ ဖြစ်သည့်အတွက် မှောင်စပျိုးလာခဲ့လေတော့သည်။

ဆာဗောကီက သော့ကိုလှမ်းပစ်ပေးလိုက်သဖြင့် ဒိုင်ဂိုက ဒရိုင်ဘာခုံတွင် ဝင်ထိုင်လိုက်သည်။

"စောစောက ကျွန်တော်ပြောခဲ့မိတာတွေကို တောင်းပန် ပါတယ်ဗျာ"

အိမ်ရှင်က အိမ်ထဲမှပြေးထွက်လာပြီး ပျာပျာသလဲ တောင်းပန်လာလေသည်။

"ကိစ္စမရှိပါဘူးဗျာ ကျွန်တော်တို့ကလည်း နောက်ကျခဲ့တာကိုး"

"လမ်းမှာ အဆာပြေစားဖို့ ဒါလေးပေးလိုက်ပါရစေ"

ပြောပြောဆိုဆိုနှင့် အိမ်ရှင်က ဆာဇာကီ၏လက်ထဲသို့ တည်သီးခြောက်တစ်ထုတ်ကို ကမ်းပေးလိုက်လေသည်။

"ကျေးဇူးပါပဲ"

"ဆရာကြီးပြင်ပေးလိုက်တာနဲ့ ကျွန်တော့်မိန်းမ အတော်ကြီး လှသွားတယ်။ ကျေးဇူးအများကြီးတင်ပါတယ်"

မျက်ရည် တတွေတွေစီးကျရင်း ဆာဇာကီအား အကြိမ်ကြိမ် အရိုအသေပေးနေသော အိမ်ရှင်ကြီးကိုကြည့်ကာ ဒိုင်ဂိုပင် မျက်ရည်ဝဲလာရလေတော့သည်။

ကွေ့ကောက်ဝေ့ဝိုက်နေသော တောင်ပေါ် လမ်းအတိုင်း ဆင်းလာကြရင်း ဒိုင်ဂိုက တစ်ခုခုကိုသဘောကျသည့်အလား ခွိကနဲ ရယ်လိုက်မိလေသည်။

"ဘာရယ်တာလဲကွ"

ဆာဇာကီက တည်သီးခြောက်ကိုဝါးရင်းမေးလိုက်သည်။

"ဆရာ့ရဲ့လုပ်ပုံကိုင်ပုံတွေကို ဘောကျလို့ပါဆရာရယ်"

ထိုသို့ပြောလိုက်ပြီးနောက် ဆာဇာကီကမ်းပေးလာသော တည်သီးခြောက်အား ကိုက်ဝါးလိုက်သည်။ ပါးစပ်ထဲတွင် ချိုမြသော အရာသာက ပျံ့နှံ့သွားလေတော့သည်။

သို့နှင့် နောက်ပိုင်းရက်များသည် အလုပ်နှင့်လက် မပြတ်ရအောင် ဖြစ်လာခဲ့ရလေတော့သည်။ ရာသီဥတု ကလည်း အအေးဓာတ် လွန်ကဲလာသောကြောင့် နေ့စဉ်နေ့တိုင်း ဆိုသကဲ့သို့ သေဆုံးသူလည်း များလာခဲ့တော့သည်။ သို့ပါသော်လည်း ပထမဆုံး ကြုံတွေ့ခဲ့ရသော စက်ဆုပ်ဖွယ် ကောင်းသည့် အလောင်းမျိုး မဟုတ်ဘဲ သာမာန် မိသားစုတွင်း မီးဇာကုန် ဆီခမ်းဆိုသကဲ့သို့ သက်တမ်းစေ့သဖြင့် အမှည့်ကြွေ ကြွေခဲ့သည့် ကိစ္စမျိုးက ပိုများလေသည်။ ဒိုင်ဂို၏အလုပ်မှာ ကားကူမောင်းပေးရုံ၊ ဆာဇာကီ လုပ်သမျှကို ဘေးမှ ထိုင်ကြည့်ရုံလောက်သာ ရှိခဲ့လေသည်။

မိကာ၏ အလုပ်မှာလည်း ပုံမှန်အတိုင်းပင် ဖြစ်ခဲ့သည်။ တိုကျိုတွင် နေထိုင်ခဲ့စဉ်ကာလများနှင့် ယာမဂတတွင် နေထိုင် ရသော ကာလများသည် ထူးထူးခြားခြား ပြောင်းလဲ သွားခြင်း မရှိဘဲ ဖောက်သည်များထံမှ အလုပ် တာဝန်များက ပုံမှန် အတိုင်းပင် ရောက်ရှိနေခဲ့လေသည်။ ထို့မျှသာမက အိမ်နီးနားချင်းများနှင့် အသိမိတ်ဆွေ များလာသည့်အတွက် တိုကျိုတွင်နေရသည်ထက် ပိုပြီးပျော်စရာ ကောင်းလာခဲ့ ပေသည်။

တစ်နေ့တွင် ဒိုင်ဂိုက မိကာကိုခေါ် ကာရေချိုးဆိုင်သို့ ထွက်လာခဲ့လေသည်။

"ကြွပါရှင်၊ အယ်"

စုယာကိုးက အမျိုးသား တံခါးနှင့် အမျိုးသမီး တံခါး တစ်ပြိုင်နက် ပွင့်လာသည့်အတွက် တအံ့တဩဖြစ်ကာ ဝင်လာသော စုံတွဲအားယှဉ်ပြီး အကဲခတ်လိုက်မိသည်။

"မင်္ဂလာပါအန်တီ"

ဒိုင်ဂိုက ပြုံးရယ်ကာနှုတ်ဆက်လိုက်သည်။

"ဟယ် သူကလေးက"

"ကျွန်တော့် ဇနီးပါ"

"တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

မိကာကပါနှုတ်ဆက်လိုက်သည်။

"ဟယ် ဒိုင်ဂိုက ဇနီးချောကလေး ရထားတာကိုး။ ဖွေးဆွတ်နေတာပဲ"

စုယာကိုးက မိကာအား ငေးမောကြည့်ရှုရင်း ချီးမွမ်းလိုက်သည်။

"အဲသည်လောက်လဲ မဟုတ်ရပါဘူး အန်တီရယ်"

"ကဲ ကဲ ကိုယ့်အိမ်လို သဘောထားပြီး နားနားနေနေ ချိုးကြပေါ့ကွယ်"

"ဟုတ်ကဲ့ပါအန်တီ"

မိကာက နှစ်လိုစဖွယ် အပြုံးဖြင့်တုံ့ပြန်ကာ ပြောလိုက်လေသည်။

ရေနွေးကန်ထဲသို့ ဆင်းစိမ်လိုက်သောအချိန်တွင် စောစောပိုင်းက ချမ်းတုန်နေသည့် အတွင်းကျုံ့ဝင်နေခဲ့ရသော ခန္ဓာကိုယ်သည် တဖြည်းဖြည်း နွေးထွေးလာခဲ့ရာမှ ထိုအနွေးဓာတ်များသည် အသည်းထဲသို့ စိမ့်ဝင်သွားသကဲ့သို့ ခံစားလာရကာ ကြည်နူး လန်းဆန်းလာခဲ့ရလေတော့သည်။ ဘေးဘက်သို့ လှည့်ကြည့်လိုက်သောအခါ ခါတိုင်းတွေ့နေကျ အဘိုးကြီး ဟီရဒါကိုတွေ့လိုက်ရလေသည်။

"မင်္ဂလာပါဦး"

"သြော် မောင်ရင်ကိုး"

ခါတိုင်းကဲ့သို့ပင် အဘိုးအိုက ရင်းရင်းနှီးနှီး ပြန်နှုတ်ဆက်လိုက်သည်။

"ဦး ဒီကိုအမြဲလာသလား"

"အင်း၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်လောက် ကတည်းက ဆိုပါတော့ကွယ်"

"ဟယ် အဲသည်လောက်တောင်ကြာပြီလား။ ကျွန်တော် ဒီကိုမရောက်တာ နှစ်ပေါင်းသုံးဆယ်လောက်ကြာသွားပြီ ဦးရဲ့"

"ဒါဆို မောင်ရင်နဲ့ကျုပ်တို့ ဒီရေချိုးခန်းမှာ တစ်ချိန်ချိန် ဆုံခဲ့ဖူးမှာသေချာတယ်"

"ဆိုပါတော့ ဦးရယ်"

ဒိုင်ဂိုက ဟီရဒါ၏ မျက်နှာကိုငေးကြည့်ကာ ဆံပင်များကို ဖြည့်လိုက် ပါးရေနားရေများကို ဖောင်းကြည့်လိုက်ဖြင့် အတိတ်မှ ဟီရဒါ၏ ရုပ်ပုံလွှာကို မှန်းဆကြည့်နေမိသော်လည်း မည်သို့မှ မှန်းဆ၍မရအောင် ဖြစ်နေရလေသည်။ သူ့ကိုမဆိုထားဘိ လက်ရှိကာလတွင် မိမိ၏ ဖခင်အရင်းသည်ပင်လျှင် မည်ကဲ့သို့သော ရုပ်သွင်မျိုး ရှိနေသည်ကို မမှန်းဆနိုင်တော့ပေ။ နှစ်ပေါင်းသုံးဆယ် ဆိုသောကာလသည် ရှည်လျားလွန်းလှသည်။

"ဒီဆိုင်က ရေနွေးတွေက မြေအောက်ရေတွေကို တမင်ထင်းနဲ့ကျိုထားတာဆိုတော့ ချိုးရတာ ဇိမ်ရှိတယ်။ ပြီးတော့ အိုက်ပူအိုက်စပ်ကြီးလည်း မဖြစ်ဘူး"

"သြော် ဒီလိုကိုး"

"ဒီဆိုင်က ဂျပန်ပြည်တစ်ပြည်လုံးမှာ အကောင်းဆုံးလို့ ဆိုရမှာပေါ့ကွယ်"

မိမိ၏ကိုယ်ပိုင်ဆိုင်အလား ဂုဏ်ယူပြောဆိုနေသော အဘိုးအိုအား ကြည့်ရင်းမှပင် ဒိုင်ဂို၏စိတ်များသည်လည်း အလိုလို ကြည်နူးလန်းဆန်း၍ လာခဲ့ရလေတော့သည်။

"ကျွန်မပြန်တက်လာပြီမောင်ရေ"

မိကာက အဝတ်လဲခန်းမှ လှမ်းအော်ပြောလိုက်သည့်တိုင် တစ်ဖက်မှ ပြန်ထူးသံ ကြားမလာရပေ။ ခါတိုင်းဆိုလျှင် ရေချိုးခန်း ဝင်ချိန်မှာ မကြာတတ်သော်လည်း ယနေ့ကျမှ ထူးထူးခြားခြား ဘာဖြစ်လို့ပါလိမ့်ဟုတွေးကာ ခုံတန်းလျားပေါ်တွင် ထိုင်ကာ စောင့်နေရလေတော့သည်။

ထို့နောက် မိကာသည် မိမိ၏ပတ်ဝန်းကျင်အား အကဲခတ် ကြည့်ရှုလိုက်သည်။

ဟောင်းပင်ဟောင်းနေသော်လည်း သပ်ရပ်သန့်ရှင်းပြီး လှပနေတော့သည်။ သစ်သားနံရံတို့ဖြင့် ဝန်းရံနေသော ဤအခန်းကလေးအတွင်း ရှိနေရသည်မှာ တခြားကမ္ဘာသို့ ရောက်နေသည့် အလား ခံစားလာရလေသည်။ ဤကဲ့သို့ လှပသန့်ရှင်းနေခြင်းမှာ ရေချိုးခန်းပိုင်ရှင် အန်တီကြီး၏ ကြိုးစားလုပ်ကိုင်မှုကြောင့်ဟု ဆိုရပေမည်။ ယခုလည်း အသက်အရွယ် ထောက်လာသည့်တိုင် ကြမ်းပြင်အား အဝတ်စုတ်ဖြင့် ပွတ်တိုက် နေရှာသည်။

"ကျွန်မ ကူတိုက်ပေးရမလား အန်တီ"

"ရပါတယ်ကွယ်။ ဧည့်သည်ကိုခိုင်းလို့ အပြစ်ရနေပါဦးမယ်"

"ဒီအလုပ်တွေကို အန်တီတစ်ယောက်တည်း လုပ်တာလား ဟင်"

"ဆိုပါတော့ကွယ်။ အန်တီ့ယောကျ်ားက ဆုံးတာ အတော် ကြာသွားပြီ။ ကောင်စီရုံးမှာ လုပ်နေတဲ့သားကတော့ ဒီဆိုင်ကို ဖျက်ပြီး ဘော်ဒါဆောင်လုပ်ဖို့ ပြောနေတာပဲ။ ဒါပေမယ့်.."

"ဩော်"

"သား ပြောတာလည်း မဆိုးတော့ မဆိုးပါဘူး။ ဘော်ဒါဆောင် ဆောက်လိုက်ရင် အများကြီး သက်သာသွားမှာ သေချာတယ်။ ဒါပေမယ့် အမြဲလာချိုးနေတဲ့ ဧည့်သည်တွေ အခက်အခဲတွေ့သွားမှာ စိုးရိမ်ရတယ်လေ"

"ဟုတ်တာပေါ့နော်"

"အင်း အသက်ကလေး ရလာပေမယ့် ကျန်းမာရေး ကောင်းနေသရွေ့တော့ အန်တီဆက်လုပ်ရဦးမှာပေါ့ကွယ်"

"အန်တီက သန်သန်မာမာကြီးရှိပါသေးတယ်"

မိကာက ထိုကဲ့သို့အားပေးလိုက်ချိန်တွင် စုယာကိုးက မိကာ၏လက်ကိုကိုင်ပြီး ယခုကဲ့သို့ လေးလေးနက်နက် ပြောလာလေသည်။

"ဒိုင်ဂိုကလေးကို ဂရုစိုက်ပါကွယ်"

"အယ်"

"ဒိုင်ဂိုကလေးက သိပ်သဘောကောင်း ရှာတယ်ကွဲ့။ အစစအရာရာ သူပဲ အနစ်နာခံတတ်တယ်။ သူ

ငယ်ငယ်တုန်းက ဒီမှာ ရေနွေးပူလောင်တုန်းက အဖေအမေတွေ စိတ်ဆင်းရဲမှာ စိုးတာနဲ့ သားမနာဘူး ဖေဖေ။ သားဘာမှ မဖြစ်ပါဘူးလို့ လက်ကဒဏ်ရာကို အောင့်အည်းပြီး တဖွဖွ ပြောနေရှာတယ်"

"သူ့ အဖေနဲ့အမေ ကွဲသွားတုန်းကလည်း သူက အမေ့ရှေ့မှာ တစ်ခါမှ ငိုမပြခဲ့ရှာဘူးကွဲ့။ အဲ သူ တစ်ယောက်တည်း ရေချိုးခန်းထဲ ရောက်နေတဲ့အချိန်မှာတော့ ရှိုက်ကြီးတငင် ငိုနေရှာတာပေါ့ကွယ်"

မိကာအဖို့ မိမိ၏လင်တော်မောင်၏ ကလေးဘဝကို ပြန်လည်မြင်ယောင်ရင်း ရင်ထဲတွင် စူးရှစွာ နာကျင်လာ ရလေတော့သည်။

"အန်တီ ပြောတာ သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့ပါအန်တီ"

ထိုစဉ် ဒိုင်ဂို၏အသံကိုကြားလာရလေသည်။

"မောင်ပြန်ထွက်လာပြီ မိကာရေ"

"ဟုတ်ကဲ့"

မိကာကော စုယာကိုးပါ ရွှင်လန်းတက်ကြွစွာ အပြုံးများဖြင့် ပြန်လည်နှုတ်ဆက်လိုက်ကြလေသည်။

ဟီရဒါ၏ ကျောပြင်အား ဂျီးတွန်းပေးနေသည့်အတွက် အတော်ကြီး ကြာသွားခဲ့ခြင်းဖြစ်လေသည်။ မိကာက

အပြင်တွင် ခဏတဖြုတ်ဆိုသကဲ့သို့ စုယာကိုးနှင့် စကားပြောရင်း ထိုင်စောင့်နေရရှာလေသည်။ ဒိုင်ဂိုက အဝတ်လဲနေချိန်တွင် ဟီရဒါက ရေခဲသေတ္တာထဲမှ နွားနို့တစ်ပုလင်းကို ထုတ်ကာ ကောင်တာစားပွဲပေါ်တွင် ယန်းတစ်ရာတန်အကြွေစေ့ကို ချလိုက်သည်။

"ရေချိုးရတာ အဆင်ပြေရဲ့လား"

စုယာကိုးကမေးလိုက်သည်။

"မဆိုးပါဘူး"

ပြုံးရွှင်စွာ ပြောဆိုနေကြသောမိတ်ဆွေ နှစ်ယောက်ကို ကြည့်ကာ ဒိုင်ဂို၏ရင်ထဲတွင် နွေးထွေးစွာ ခံစားလာခဲ့ရလေတော့သည်။

"နောက်ရက်မှ ထပ်လာခဲ့ဦးမယ်နော် အန်တီ"

အဝတ်လဲခန်းမှထွက်လာပြီး စုယာကိုးအား နှုတ်ဆက်လိုက်သော ဒိုင်ဂိုအားကြည့်ရင်း မိကာက ပြုံးလိုက်သည်။ ရေချိုးဆိုင်မှထွက်လာသောအခါ မိကာက ပြောလာလေသည်။

"ဖွေးဆွတ်နေလိုက်တာမောင်ရယ်"

ရေချိုးခန်းသို့ဝင်လေတိုင်း ဒိုင်ဂို၏ အသားအရေတို့မှာ နှင်းများကဲ့သို့ ဖွေးဖွေးဖြူ လာတတ်ကြပေသည်။

"ရှေ့လျှောက်ပိုပြီး ချမ်းလာတော့မယ်။ တစ်ခွက် တစ်ဖလားလောက် သွားမော့လိုက်ကြစို့လား"

"ကောင်းသားပဲ မောင်"

သို့ဖြင့် လင်မယားနှစ်ယောက် လက်ချင်းချိတ်ကာ လမ်းပေါ်သို့ ထွက်လာခဲ့ကြလေတော့သည်။

"ကန်ပိုင်"

မိမိတို့ အိမ်အောက်ထပ်ရှိကောင်တာတွင် ယှဉ်ထိုင်ရင်း ပယင်းရောင် ဝီစကီအရက်များ ထည့်ထားသည့် ဖန်ခွက်ကလေးများကို ထိလိုက်ကြသည်။ တိတ်ဆိတ်ငြိမ်သက်သော အခန်းအတွင်းတွင် ချွင်ခနဲမြည်သွားလေတော့သည်။

"အား အရသာရှိလိုက်တာ"

"မသောက်ရတာကြာတော့ အတော်အရသာရှိတာပဲနော်"

ပြတင်းပေါက်၏ အပြင်ဘက်တွင် နှင်းများကတဖွဲဖွဲ ကျဆင်း နေကြသည်။

"ခေတ်ပြားတွေက အများကြီးပဲနော်"

မိကာက ထိုင်ရာမှထကာ ခေတ်ပြားစင်ဘက်သို့ ငေးမောကြည့်ရှုရင်းပြောလိုက်သည်။

"အမေက ဒါမျိုးတွေလဲ နားထောင်တတ်တယ်နော်"

မိကာက ဂန္ဓဝင်ခေတ်ပြားတစ်ချပ်အား စင်မှဆွဲထုတ်ပြီး ပြောလိုက်သည်။

"အဖေ့ဟာတွေ ထင်ပါရဲ့"

ဒိုင်ဂိုက ထရပ်လိုက်သောအချိန်တွင် မိကာက နောက်ထပ် ဓာတ်ပြားတစ်ချပ်ကို ထုတ်ကြည့်နေပြန်သည်။ ဒိုင်ဂိုက စင်ပေါ် မှကျောက်ခဲလုံးကလေးကိုကောက်ကိုင်ပြီး လိမ့်ကစားနေလေသည်။

"အရင်တုန်းက အဖေကဒီမှာ လက်ဖက်ရည်ဆိုင် အကြီးကြီးဖွင့်ခဲ့တာကိုး"

"မောင် မလွမ်းဘူးလား၊ အဖေ့ရုပ်ကိုရော မှတ်မိသေးရဲ့လား"

ဒိုင်ဂိုက ကောင်တာဘက်သို့ပြန်လာပြီး နောက်ထပ် ဝီစကီတစ်ခွက်ကို မော့လိုက်သည်။

"မောင့်အဖေကို မတွေ့ချင်ဘူးလား ဟင်"

"မတွေ့ချင်ပါဘူး။ တကယ်လို့ အခုအချိန်မျိုးမှာ ရုတ်တရက်တွေ့ခဲ့ရင်"

"တွေ့ခဲ့ရင် ဘာလုပ်မလဲ မောင်"

"လက်သီးနဲ့ ဆွဲထိုးပစ်ချင်တယ်"

"မိဘကို အဲဒီလိုမပြောရဘူးလေ"

ထိုစကားများသည် ရင်ထဲတွင်ကြာမြင့်စွာ ခံစားခဲ့ရသော ဒေါသတရားတွင် မြစ်ဖျားခံလာခဲ့ကြပေသည်။ ဒိုင်ဂိုက ကျောက်ခဲလုံးကို လိမ့်ကစားနေစဉ်မှာပင် ဓာတ်ပြားသီချင်းက

စမြည်လာပြီး တယောသံလွင်လွင်ကလေးက လွင့်မျောလာခဲ့လေသည်။

"ဒါ အဖေအတော်ကြိုက်တဲ့သီချင်းပဲလား"

ဟုတ်တော့လည်း ဟုတ်သည်။ မိမိငယ်စဉ်ကတည်းက ဤသီချင်းကို အမြဲလေ့ကျင့်ခိုင်းခဲ့သည် မဟုတ်ပါလား။

"ထင်တာပဲ"

"မောင့်ရဲ့အမေက အဖေကိုသိပ်ချစ်ပုံရတယ်နော်"

"မဟုတ်တာကွာ"

"မချစ်ဘူးဆိုရင် ဒီဓာတ်ပြားတွေကိုလွင့်ပစ်မှာပေါ့ အခုလို တယုတယ ဘယ်သိမ်းထားပါ့မလဲ"

မိကာ၏စကားကြောင့် ဒိုင်ဂို၏ရင်ထဲတွင် နင့်ခနဲခံစားလိုက်ရသည်။ အဖေအိမ်မှထွက်သွားပြီးကတည်းက အမေ သည် အဖေ့အကြောင်းကို တစ်ခွန်းမှမဟတော့ပေ။ နဂိုကတည်းက အဖေ မရှိခဲ့သည့်ပုံစံမျိုးဖြင့် နေခဲ့လေသည်။ သို့ပါသော်လည်း မိမိကျောင်းမှပြန်လာလေတိုင်း ပြတင်းပေါက်မှ အဝေးသို့မျှော်ငေးနေသော အမေ့ကို အမြဲဆိုသလို တွေ့နေခဲ့ရလေသည်။ ဘယ်သောအခါမှ ပြန်လာမှာ မဟုတ်တော့သော အဖေ့အား အမေက အမျှော်ကြီး မျှော်နေခဲ့သည်လား မပြောတတ်တော့ပေ။

လင်မယား နှစ်ယောက်သားမှာ ကောင်တာတွင် ယှဉ်ထိုင်ရင်း အရက်ခွက်များကိုကိုင်ကာ အတွေးကိုယ်စီဖြင့် ငေးငိုင်နေကြလေသည်။ ခါတ်ပြားကလေးကသာ တရှဲရှဲ မြည်ရင်း ဆက်လက်လည်ပတ်နေလေတော့သည်။

နောက်ပိုင်းတွင် နှင်းများ ဆက်တိုက်ဆိုသကဲ့သို့ တဖွဲဖွဲ ကျဆင်း နေကြလေတော့သည်။ မိကာကော ဒိုင်ဂိုပါ နှင်းများကို အလွန်သဘောကျသည်။ မိကာက ဖွေးဖွေးဖြူ နေသော နှင်းရှုခင်းများကို ခါတ်ပုံရိုက်ကာ ကွန်ပြူတာမှတစ်ဆင့် အင်တာနက်ဖြင့် သူငယ်ချင်းများထံသို့ ပို့ပေးနေခဲ့လေသည်။ နောက်တော့ရိုးသွားတော့သည်။ ရာသီဥတုကလည်း ပိုအေးလာခဲ့သည်။ အနွေးပေး မီးဖိုကလည်း မကြာခဏဆိုသလို ဆီပြတ်လာသဖြင့် မိကာသည် အလုပ်နှင့် လက်မပြတ်အောင်ဖြစ်ကာ မောဟိုက်လာခဲ့ရလေတော့သည်။

သို့သော်လည်း တိုကျိုမှာနေခဲ့ရစဉ်ထက် စောစော အိပ်ရာဝင် ဖြစ်ခဲ့ကြသည်။ ကျေးလက်တောရွာမို့ ညမိုးချုပ်လျှင် အပြင်ထွက်စရာလည်းမရှိပေ။ စောစော အိပ်ဖြစ်ကြသဖြင့် ကျန်းမာရေးအတွက်ပိုကောင်းသည်။ ဒိုင်ဂိုမှာလည်း ညစာအမှီ အလုပ်မှ ခပ်စောစောပင် အိမ်ပြန်နိုင်ခဲ့လေသည်။

တစ်ညတွင် ဖြစ်လေသည်။ အိပ်ရာစောစောဝင်၍ မှေးခနဲ အိပ်ပျော်တော့မည့်အခိုက် တယ်လီဖုန်း ခေါင်းလောင်း

သံများက ထမြည်လာလေသည်။ ဒိုင်ဂို၏လက်ကိုင်တယ်လီဖုန်းမှ ဖြစ်လေသည်။ မိကာအိပ်ရာမှ မနိုးအောင် ဒိုင်ဂိုက မွေ့ယာပေါ် မှ အသာထပြီး အောက်ထပ်သို့ သွားကာ ခလုတ်ဖွင့်ပြီး နားထောင်လိုက်သည်။

"ဟဲလို"

"ညကြီးအချိန်မတော် အခုလိုဆက်ရတာ စိတ်မကောင်းပါဘူးရှင်"

ယူရီကိုးထံမှဖြစ်လေသည်။

"အခုချက်ချင်းထွက်လာလို့ ရမလား ဟင်"

"အခုချက်ချင်းလား"

"ဘူတာရုံရှေ့က စတားဟော်တယ်မှာ ဖွဲကြိုးချသေမှုတစ်ခုဖြစ်နေလို့"

"မန်နေဂျာကြီးကကော"

"သူကတခြားကိစ္စနဲ့ အပြင်ရောက်နေတယ်"

"သဘောပေါက်ပြီ"

ဒိုင်ဂိုက ခြေထောက်ကိုဖော့နင်းရင်း အခန်းသို့ပြန်လာကာ ကုတ်အင်္ကျီကို ဝတ်လိုက်သည်။ ထို့နောက် မိကာနိုးမလာစေရန် သတိထားလျှောက်ကာ အပြင်သို့ ထွက်လာခဲ့ရလေသည်။

စတားဟော်တယ်သို့ ရောက်သောအခါ အစပိုင်းတွင် ကြုံတွေ့ရသကဲ့သို့ ရဲကားသုံးလေးစီးရပ်ကာ ဖဲကြိုးအဝါများ တားထားသည်ကို တွေ့လိုက်ရသည်။ ထိုမြင်ကွင်းကြောင့် ယခင်က ဖြစ်ရပ်များကိုသတိရလာကာ ရင်ထဲမှ ပျို့တက်လာပြန်သည်။ ခြေထောက်များကလည်း လေးလံလာတော့သည်။ ဖဲကြိုးများအား ငုံ့လျှိုးပြီး အပေါ်ထပ်သို့ တက်လာသောအခါ အခန်းတံခါးများကပွင့်နေပြီး အထဲတွင် ယခင်က တွေ့နေကျ ရဲသားကြီးတစ်ယောက်နှင့် ရဲသားသစ် တစ်ယောက်ကိုတွေ့လိုက်ရသည်။

"ညကြီးအချိန်မတော်ခေါ် ရတာစိတ်မကောင်းပါဘူးဗျာ"

"ရပါတယ်။ ဒါကကျွန်တော်တို့အလုပ်ပဲ"

ဆာဇာကီပြောသည့်အတိုင်းတုံ့ပြန်ပြောလိုက်သည်။

"ဒီနေ့တော့တစ်ယောက်တည်းပဲလား"

ရဲသားကြီးကမေးလိုက်သည်။

"ဟုတ်ကဲ့"

"ကဲ ဒါဆိုအခုပဲစလုပ်ကြစို့လား"

"အလောင်းကဘယ်မှာလဲ"

"ဟိုအခန်းထဲမှာ"

ရဲသားအငယ်က ရေချိုးခန်းဘက်ဆီသို့ ညွှန်ပြလိုက်သည်။ ဒိုင်ဂိုက ရေချိုးခန်းတံခါးကို ဖွင့်ကြည့်လိုက်သော

အခါ မိန်းမတစ်ယောက် ကြိုးတန်းလန်းဖြင့် ဆွဲကြိုးချသေနေသည်ကို တွေ့လိုက်ရသည်။ ညဝတ်အကျႌကို ဝတ်ထားပြီး မျက်နှာတွင် မိတ်ကပ်များ လိမ်းခြယ်ထားသည်။

"ကျွန်တော့်ကို တဆိတ်လောက်ကူပါဦးဗျာ"

ရဲသား၏အကူအညီဖြင့် အလောင်းကိုကြိုးမှဖြည်ကာ အောက်သို့ ချလိုက်ကြသည်။ ထို့နောက် ရေချိုးခန်းကျဉ်းကျဉ်းကလေးတွင် ဒိုင်ဂိုက မိမိလုပ်စရာရှိသည်များကို ဆက်လက် လုပ်ဆောင်နေလေတော့သည်။

ထို့နောက် အသင့်ယူဆောင်လာသော ခေါင်းထဲသို့ အလောင်းကို ထည့်ရန် ကြိုးစားကြည့်သည်။ ခေါင်းက အတန်ငယ်သေးနေပြီး အလောင်းက ကြီးနေသောကြောင့် တော်တော်နှင့် ထည့်မရအောင် ဖြစ်နေလေတော့သည်။

"ကိုယ်ခန္ဓာအတော်ကြီးတာပဲ"

"ခြေထောက်ကို ချိုးထည့်ရအောင်လည်း အလောင်းက မာတောင့်နေတော့ လွယ်တော့မလွယ်ဘူး"

ရဲသားများကတစ်ယောက်တစ်ပေါက်ပြောဆိုနေကြစဉ်မှာပင် ဒိုင်ဂိုက မိမိတတ်သမျှပညာဖြင့် အလောင်းကို ခေါင်းထဲသို့ဝင်အောင် ကြိုးစားပြီးထည့်ကြည့်နေလေသည်။

"ဖြစ်မှဖြစ်ပါ့မလားကွယ်"

ရဲသားကြီးက စိုးရိမ်စိတ်ဖြင့် မေးရှာသည်။

"ရပါတယ်"

ရပါတယ်ဟုသာ ပြောလိုက်ရသည် လွယ်တော့ မလွယ်ကူလှ။ မိမိသဘောနှင့် သေသွားသည့်တိုင် နောက်ဘဝသို့ ညင်ညင်သာသာ ကူးနိုင်ရန်အတွက် ခေါင်းပြင် ဆရာတို့၏ ပညာစွမ်းကိုပြရပေတော့မည်။

ဒိုင်ဂိုက ရဲတင်းငယ်ဖြင့် မိန်းမအလောင်း၏ ဒူးဆစ်ရိုး ကို ခုတ်ချိုးလိုက်သည်။

"ကျွန်တော့်ကိုခွင့်လွှတ်ပါဗျာ"

အသက်ဝိညာဉ်ကင်းမဲ့သွားပြီး ဘာမှမခံစားရတော့သော အလောင်းကောင်ကြီးအား တောင်းပန်လိုက်မိသည်။ နောက်ဆုံးတွင် အလောင်းသည် ခေါင်းထဲသို့ ရှောရှောရှူရှူ ဝင်သွားလေတော့သည်။

အမှန်စင်စစ် မိကာသည် အိပ်ရာထဲတွင် တစ်မှေးမျှ အိပ်မပျော်ဘဲ မျက်စိများကြောင်ကာ နိုးနေခဲ့လေသည်။ ဒိုင်ဂို တစ်ယောက် ဘယ်ကိုများ ထွက်သွားပါလိမ့်။ ပြန်မလာစတမ်း တစ်ခါတည်း ထွက်သွားသည်လား မပြောတတ်။ သူဘယ်ကို ရောက်နေသည်ကို တွေးမရအောင်ဖြစ်နေရလေတော့သည်။

ဒိုင်ဂို အိမ်မှထွက်မသွားမီ လက်ကိုင်တယ်လီဖုန်း စမြည်ကတည်းက မိကာ နိုးနေခဲ့ပေသည်။ မိမိလည်း အိမ်သာ တက်ချင်ယောင်ဆောင်ကာ ဒိုင်ဂို တယ်လီဖုန်းခွက်တွင် စကားပြောနေသည်ကို ခိုးပြီးနားထောင်နေမိခဲ့လေသည်။

တစ်ဖက်မှ မိန်းမတစ်ယောက်ယောက်၏ စကားသံကိုပင် သဲ့သဲ့ကြားနေ ခဲ့ရပေသည်။ ဆန်းတော့ အတော်ဆန်းသည်။

ဒိုင်ဂို ဆင်ဝင်တံခါးကို ဖွင့်ဝင်လာသောအချိန်တွင် အရဏ်ကျင်း လုနီးပေပြီ။ အိမ်ထဲသို့ဝင်ဝင်လာချင်း အိပ်ရာထဲသို့ တန်းဝင်မလာပဲ ရေချိုးခန်းသို့ ဝင်သွားသံကို ကြားလိုက်ရသည်။ အတန်ကြာမှ လျှော့တံခါးကို အသာတွန်းဖွင့်သံကို ကြားလိုက်ရလေသည်။ အတော့်ကို အံ့ဩဖို့ကောင်းလှပေသည်။

မိကာက အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ အတန်ကြာတော့ ဒိုင်ဂို၏ဟောက်သံများကို ကြားလာရလေတော့သည်။ သို့ပါသော်လည်း ထိုအချိန်မှစ၍ နောက်ထပ်နှစ်နာရီကြာသည့်တိုင် မိကာသည် တမှေးမှအိပ်မပျော်တော့ပေ။

အောက်ထပ်ဆီမှ ကြက်သွန်လှီးသည့် အသံနှင့် မွှေးကြိုင်သော ဟင်းရနံ့တို့ သင်းပျံ့လာချိန်တွင် ဒိုင်ဂိုလည်း မျက်လုံးများပွင့်ကာ နိုးထလာလေတော့သည်။

မိမိအောက်ထပ်သို့ဆင်းလာသောအခါ မိကာက ပဲဖတ်ချဉ်ရေဟင်းတွင် ကြက်သွန်မိတ်နှင့် ပဲပြားတုံးကလေးများကို ထည့်နေသည်ကို တွေ့လိုက်ရသည်။ သူ့ကိုကြည့်ရသည်မှာ ညကအဖြစ်အား လုံးဝသိမထားသည့်ပုံစံမျိုးပင် ဖြစ်လေသည်။

ညက မိမိလုပ်ခဲ့ရသောအလုပ်မှာ အတော် ခက်ခဲလှပေသည်။ အစပိုင်းက အခြေအနေအတိုင်းဆိုလျှင် မည်သို့မျှအောင်အောင်မြင်မြင် မလုပ်နိုင်သည်မှာ သေချာလှပေသည်။ သို့ပါသော်လည်း ဆာဇာကီ၏လုပ်ပုံကိုင်ပုံများကို မြင်ဖန်များလာသည့်အတွက် မိမိလည်း ကျင့်သားရလာခဲ့ရပေပြီ။ သို့နှင့်ပင် အိမ်နီးနားချင်း ဖူဂျီအီ၏အိမ်မှ ကြက်ဥလတ်လတ်ဆတ်ဆတ်ကို ထမင်းပူပူဖြင့်ရောကာ နံနက်စာကို အပြီးသတ်ခဲ့ရလေတော့သည်။

"အလုပ်သွားတော့မယ်"

"ဟုတ်ကဲ့ပါ မောင်"

မိကာက ဟန်မပျက် အပြုံးဖြင့်နှုတ်ဆက်လိုက်သည်။ ဒိုင်ဂိုလည်း လက်ရမ်းပြကာ အလုပ်ခွင်သို့ ထွက်လာခဲ့လေတော့သည်။

"မင်္ဂလာပါ"

ယူရီကိုက အပြုံးဖြင့်ကြိုဆိုလိုက်သည်။

"မနေ့ညက တော်တော် ပင်ပန်းသွားမှာပဲနော်။ ရဲသားတွေကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အတော်တော်တာပဲလို့ ချီးမွမ်းနေကြတယ်"

"ဟယ် မျက်လုံးတွေကရဲနေတာပဲ၊ ညက အိပ်မပျော်ဘူးလား"

ယူရီကိုက ထိုင်ခုံတွင်ဝင်ထိုင်လိုက်သော ဒိုင်ဂို၏ မျက်နှာကို စိုက်ကြည့်ရင်းက ပြောလိုက်သည်။ ခါတိုင်းဆိုလျှင် ကလက်တက်တက် ရုပ်တက်တက်နိုင်လှသော ယူရီကိုသည် ယခုအချိန်တွင် တစ်ကယ် စိုးရိမ်စိတ်ဖြင့် အတည်ပေါက်မေးနေလေတော့သည်။

ယူရီကိုက စွဲမက်စရာကောင်းလောက်အောင် ချောမော လှပပြီး အရွယ်လည်း တင်ပေသည်။ ဤလို မိန်းမပျို တစ်ယောက်က အဘယ့်ကြောင့်များ လက်ရှိအလုပ်တွင် ဝင်လုပ်နေရသည်ကို ဒိုင်ဂိုက သိချင်လာမိလေသည်။

"အဲ အဲ ဘာမှမဖြစ်ပါဘူး"

"ဒီလိုအလုပ်မျိုးက လူပန်းရုံမကဘူး စိတ်လည်း အတော် ညစ်နွမ်းရတယ်နော်"

"ယူရီကိုက ဘာဖြစ်လို့များ ဒီအလုပ်မျိုးကို ဝင်လုပ်ရတာလဲ ဟင်"

တဗျစ်တောက်တောက် ညည်းညူနေသော ယူရီကိုအား ဒိုင်ဂိုက မေးကြည့်လိုက်သည်။ သူ့ဘဝကို စိတ်ဝင်စား လာသောကြောင့်ဖြစ်လေသည်။

"ကျွန်မငယ်ငယ်တုန်းက အတော့်ကို ဒုက္ခရောက်ခဲ့တာ။ ရွာက အစောကြီးခွာလာရတယ်လေ၊ အိုဘိဟီရောနယ်ဘက်က ဆိုပါတော့"

ယူရီကိုကဆက်ရှင်းပြသည်။

"အလုပ်လည်း စုံအောင်လုပ်ဖူးတယ်။ ဘယ်အလုပ်မှ မြဲတယ်မရှိဘူး။ ဒီအလုပ်ကျတော့မှ ထွက်လို့မရအောင် မြဲနေခဲ့တာပေါ့နော်"

"ဒါဆို မန်နေဂျာကြီးနဲ့ ဘယ်တုန်းကစသိခဲ့တာလဲ"

ကျွန်မအမေ လေဖြတ်ပြီး ရုတ်တရက်ဆုံးသွားတုန်းက သူရောက်လာတာပဲ။ ကိုယ်နဲ့သွေးမတော် သားမစပ်ဘဲနဲ့ သူက ယုယုယယ ကြင်ကြင်နာနာ ပြင်ပေးရှာတယ်။ ခေါင်းပြင်ဆရာကို ကျွန်မ အဲဒီတုန်းကမှ စမြင်ဖူးတာ။ သူ့လုပ်ပုံကိုင်ပုံကို ကြည့်ပြီး ကျွန်မသေရင်လည်း သူ့ကိုပဲ ပြင်ခိုင်းချင်စိတ်တောင် ပေါက်လာမိတယ်။ အတော့်ကို အံ့သြဖို့ကောင်းတဲ့လူပဲ"

ထိုအချိန်မှစပြီးယခုအလုပ်တွင် ဝင်ရောက်လုပ်ခဲ့သည်ဟု ပြောကာ ယူရီကိုက ပြုံးပြုံးကြီးလုပ်နေလေတော့သည်။

"လူ့အသက်ဆိုတာ သိပ်အံ့သြဖို့ကောင်းတယ်။ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်လို သေကြရမယ်ဆိုတာကို ဘယ်သူမှ ကြိုမသိနိုင်ကြဘူးနော်"

ဒိုင်ဂိုလည်း မိမိယခုအလုပ်တွင် မည်သို့မည်ပုံ ရောက်လာရသည်ကို တွေးမရအောင် ဖြစ်နေရလေတော့သည်။

"ဒိုင်ဂိုစံ ကိုယ့်အဖေကို အခုထိမုန်းနေတုန်းဘဲလား"

"အယ် ဘာဖြစ်လို့ ဗြုန်းစားကြီး ဒီမေးခွန်းကို မေးလာရတာလဲ"

"ဒိုင်ဂိုစံပဲ အသက် ဖြန့်စ်သားကတည်းက အဖေရဲ့ စွန့်ခွာခြင်းကို ခံခဲ့ရတာလို့ ပြောဖူးတယ်လေ။ ကျွန်မဘဝနဲ့ တူလွန်းလို့ မေးကြည့်တာပါ"

"အင်း အတော်ကြီးကြာခဲ့ပြီဆိုတော့ မေ့ကုန်ပါပြီဗျာ"

ဒိုင်ဂိုက တမင်စကားလွှဲ၍ဖြေလိုက်ရသည်။ ထို့နောက် အခန်းတစ်ခုလုံး အလွမ်းဓာတ်များက လွင့်ပျံ့ လာခဲ့ရလေတော့သည်။

ထိုနေ့က ရုံးတွင် လုပ်စရာအလုပ် များများစားစား မရှိလေသောကြောင့် စောစောပြန်ခွင့် ရခဲ့လေသည်။ သို့ပါသော်လည်း ဒိုင်ဂိုသည် အိမ်သို့တန်းပြန်လိုစိတ် မရှိခဲ့ပေ။ ယမန်နေ့ညက ဘာမှမပြောခဲ့သော်လည်း မိမိအား သံသယ မျက်လုံးများဖြင့် အကြည့်ခံရမည်ကို အကြောက်ကြီး ကြောက်နေမိခဲ့လေသည်။ ထို့ကြောင့် ညနေစာ စားချိန်လောက်မှပြန်ရန်ဆုံးဖြတ်ပြီး ခြေဦးတည့်ရာသို့ လမ်းသလား နေမိလေတော့သည်။

ဒိုင်ဂိုသည် ခါတိုင်း မိမိတက်စီးနေကျ ဘတ်စ်ကား မှတ်တိုင် ကျော်လွန်ကာ ကုန်စျေးတန်းဘက်ဆီသို့ လျှောက်လာ ခဲ့မိသည်။ ခါတိုင်းဆိုလျှင် ယခုအချိန်သည် အိမ်ရှင်မများ ညစာ ချက်ရန်အတွက် စျေးဝယ်ထွက်သော အချိန်ဖြစ်သည့် အတွက် စည်ကားနေတတ်သည်။ ယနေ့တွင်ကား ဆိုင် အတော်များများ ပိတ်သွားကြပြီး ဆိုင်အချို့သာ ဆက်လက် ရောင်းနေကြပေသည်။ လမ်းဘေးတွင်လည်း အမှိုက်အိတ်

များက ပြန့်ကျဲနေကြပြီး ကျီးကန်းများ ကြွက်များက ဖောက်စားထားသည့် အမှိုက်များ လမ်းပေါ်တွင် ဗရပွ ဖြစ်နေလေတော့သည်။

ဒိုင်ဂို ကလေးဘဝတုန်းက ဤနေရာသို့ အမြဲဆိုသလို ဈေးဝယ် ထွက်နေခဲ့ဖူးလေသည်။ ဘောင်းဘီနှင့် ကုတ်အင်္ကျီ ဝယ်စဉ် ကလည်း သည်ဈေး၊ ဘွတ်ဖိနပ်လှလှလေးကိုလည်း အမေက ဤမှပင် ဝယ်ပေးခဲ့လေသည်။ ထိုစဉ်က ဈေးရောင်း ဈေးဝယ်များဖြင့် အလွန်စည်ကားခဲ့ပေသည်။ ယခုတော့ နိုင်ငံတော် လမ်းမကြီး တည်ဆောက် လိုက်သောကြောင့် ဈေးကိုဖျက်လိုက်ပြီး ကုန်တိုက်ကြီးများ တွင်သာ လူများကသွားရောက် ဝယ်ခြမ်းကြလေသည်။

စားသောက်ဆိုင်ကလေး တစ်ဆိုင်သို့ အရောက်တွင် ဒိုင်ဂိုက မိမိငယ်စဉ်က လာစားနေကျဆိုင်ဖြစ်သောကြောင့် ယခုအချိန်အထိ ဖွင့် မဖွင့်ကို ဆိုင်ရှေ့တွင်ရပ်ကာ အကဲခတ် ကြည့်နေမိခဲ့သည်။ ထိုစဉ်ဆိုင်တံခါးက ပွင့်လာခဲ့တော့သည်။ အထဲမှ သူ့သူငယ်ချင်း ယာမရှီတ ထွက်လာသည်ကို တွေ့လိုက်ရသည်။ သမီးကလေး ရှီအိုးရီကို ဇနီးသည်နှင့်အတူ တစ်ဖက်တစ်ချက်မှ လက်တွဲကာ ထွက်လာကြလေရာ မိမိငယ်စဉ်က အဖေနှင့်အမေကို လက်တွဲပြီး လျှောက်လာခဲ့သည့် ပုံစံမျိုးပင်ဖြစ်လေသည်။

"ဟယ်"

ဒိုင်ဂိုက ပြုံးပြီး နှုတ်ဆက်ရန် ဟန်ပြင်လိုက်စဉ် ယာမရှီတက မျက်နှာကို တမင်လွှဲလိုက်လေသည်။

"ဟော့ သူငယ်ချင်း၊ ယာမရှီတ"

ဒိုင်ဂိုက နောက်မှလှမ်းခေါ် လိုက်သည်။

"မောင့်သူငယ်ချင်းလား ဟင်"

ဇနီးဖြစ်သူက နောက်ကိုလှည့်ကြည့်ရင်း မေးလိုက်သည်။

"မင်္ဂလာပါ ဦးဦး"

ရှီအိုးရီကလေးက လှမ်းနှုတ်ဆက်ရင်း ဒိုင်ဂိုအနားသို့ ကပ်သွားသည်။

"သမီးနှုတ်ဆက်စရာမလိုဘူး"

ယာမရှီတက သမီးလေးကို ဒိုင်ဂိုအပါးမှ ဆွဲထုတ်လိုက်သည်။

"အို မောင်ရယ် အားနာလိုက်တာ"

"မင်းတို့အရင်သွားနှင့်ကြ"

ယာမရှီတက ထိုကဲ့သို့ မောင်းထုတ်လိုက်ပြီး ဒိုင်ဂိုအနားသို့ တိုးကပ်သွားကာ ပခုံးကိုကျုံ့ရင်း ယခုကဲ့သို့ တိုးတိုးလေး ပြောလာလေသည်။

"မင်းအကြောင်း ကောလဟာလတွေထွက်နေတယ်"

"ဘာတွေလဲ"

"အလွန်ယုတ်ညံ့တဲ့အလုပ်တစ်ခုကို မင်းဝင်လုပ်နေတယ်ဆို။ အရင်တုန်းက အလုပ်ကိုပဲ ပြန်လုပ်စမ်းပါကွာ"

ထိုကဲ့သို့ ပွင့်ပွင့်လင်းလင်း အန်ထုတ်လိုက်ပြီးနောက် ချာကနဲလှည့်ကာ မိမိ၏ဇနီးနှင့် သမီးလေးဆီသို့ ပြေးလိုက်သွားလေသည်။

နောက်ဆုံးတွင် အချိန်နောက်ကျမှ အိမ်သို့ ပြန်ရောက်လာခဲ့ရတော့သည်။ ဆောင်းတွင်းဆိုတော့ နေ့တာက တိုပြီး ညတာက ရှည်လေသောကြောင့် မိုးချုပ်ချိန်က မြန်လေသည်။ ထို့ကြောင့် မိုးဂါဝါမြစ်ဘေးလမ်းသည် မှောင်အတိ ကျနေခဲ့ပေပြီ။ ပြီးတော့ လမ်းတွင် ယာမရှိတ ပြောသွားသော စကားကြောင့် ခေါင်းရှုပ်နေခဲ့ပြန်သည်။ မည်သို့ပင်ဖြစ်စေ မိကာ၏ရှေ့မှောက်သို့ ရောက်သည့်အခါ ဘာမှမဖြစ်လာသကဲ့သို့ နေလိုက်ရန်အတွက် အားခဲကာ အသက်ကို ပြင်းပြင်းရှူကာ တံခါးကို တွန်းဖွင့်လိုက်ရလေတော့သည်။

"မိကာရေ မောင်ပြန်လာပြီ"

ခါတိုင်းဆိုလျှင် မိမိရုံးမှပြန်ရောက်ချိန်တွင် မိကာသည် အောက်ထပ်တွင် ညစာချက်ပြုတ်ရင်း စောင့်နေမြဲဖြစ်လေသည်။ ယနေ့တော့ မိကာအား အောက်ထပ်တွင် မတွေ့ရတော့။ ညစာလည်း ချက်ထားပုံမရပေ။

ထို့ကြောင့်အပေါ် ထပ်သို့ပြေးတက်သွားကာ အော်ခေါ်နေမိပြန်သည်။

"မိကာရေ မိကာ"

ထိုသို့အော်ခေါ်ရင်း လျှောတံခါးကို ဖွင့်ကြည့်လိုက်သည့်အခါ အခန်းအလယ်တွင် ဆောင့်ကြောင့်ထိုင်နေသော မိကာကို တွေ့လိုက်ရလေသည်။

"မိကာ၊ ဘာဖြစ်နေတာလဲဟင်"

တစ်ခုခုများ စိတ်ကောက်နေတာလားဟုတွေးလိုက်စဉ်မှာပင် မိကာက ဒိုင်ဂိုအား စားမတတ် ဝါးမတတ်စူးစူးဝါးဝါးကြီး စိုက်ကြည့်လိုက်လေသည်။

ထို့နောက် ဗီဒီယိုစက်ဆီသို့သွားကာ နောက်ပြန်ရစ်ရင်းဖွင့်ပြလိုက်လေတော့သည်။

ဖန်သားပြင်တွင် ယခင်က မိမိမော်ဒယ်အဖြစ်ရိုက်ကူးခဲ့သော အလောင်းပြင်ပြီး ခေါင်းထဲသို့သွင်းနည်းအဆင့်ဆင့် မှတ်တမ်းကပေါ် လာခဲ့လေတော့သည်။ စက္ကူလန်ကွတ်တီကို ဝတ်ထားသော ဒိုင်ဂိုက မွေ့ရာပေါ်တွင်လူသေသဖွယ် လဲလျောင်းနေပြီး ဘေးနားတွင် ဆာဇာကီကထိုင်ကာ ရှင်းလင်းပြောကြားလျှက်ရှိနေလေသည်။

"ပါးစပ်၊ နှာခေါင်းစတဲ့အပေါက်ကနေ အပုပ်ရည်တွေထွက်လာတတ်တဲ့အတွက် အခုလိုပိတ်ပါးစနဲ့ ဆို့ပေးရပါတယ်။ အဲသည်လို ဆို့ပေးတဲ့အခါ ဘေးမှာကြည့်နေကြတဲ့

ဆွေမျိုးသားချင်းတွေ မြင်သွားရင် စိတ်ထိခိုက်ကြမှာ ဖြစ်တဲ့အတွက် ပိတ်ဖြူနဲ့ဖုံးပြီး လုပ်ရပါတယ်”။

ဖန်သားပြင်ပေါ်တွင်ပေါ် နေသောမိမိ၏ နှာခေါင်းနှင့် ပါးစပ်တို့အား ပိတ်ပါးစဖြင့် လိုက်ဆို့နေသည်ကို မြင်နေရလေသည်။ ထိုမြင်ကွင်းကိုကြည့်ပြီး ထိုစဉ်ကမသက်မသာ ခံစားခဲ့ရသည်များကို ပြန်လည်မြင်ယောင်လာမိလေတော့သည်။

ထို့နောက် ဆာဇာကီက ဒိုင်ဂို၏ခန္ဓာကိုယ်ကြီးအား ဘေးသို့စောင်းလိုက်ပြန်သည်။

“များသောအားဖြင့် မေ့ကျန်ရစ်ခဲ့တတ်တာက စအိုပေါက်ပဲ။ စအိုကနေ မကောင်းတဲ့အရည်တွေ ထွက်ကျလာနိုင်တဲ့အတွက် အခုလိုပိတ်စကလေးကိုလုံးပြီး ဆို့ပေးရပါတယ်”

အမှန်တကယ် ပိတ်စလုံးဖြင့် ဆို့ပြသည် မဟုတ်သော်လည်း လန်ကွတ်တီဝတ်ထားသည့် ဒိုင်ဂို၏ တင်သားတစ်ခြမ်းက ဖန်သားပြင်ပေါ်တွင် အထင်းသားပေါ်နေလေတော့သည်။ ထိုအခန်းသို့ရောက်သောအခါ ဒိုင်ဂို ပင်လျှင် မျက်နှာလွှဲလိုက်ရလေသည်။ မိကာကလည်း ဆက်မကြည့်ဝံ့သောကြောင့် အပိတ်ခလုတ်ကို နှိပ်လိုက်ရတော့သည်။ ဖန်သားပြင်ပေါ် ရှိပုံရိပ်က ပျောက်ကွယ်ကာ အသံလည်း တိတ်သွားတော့သည်။ မိကာနှင့် ဒိုင်ဂိုတို့အကြားတွင် နက်ရှိုင်းသောဆိတ်ငြိမ်မှုက ကြီးစိုးနေလေတော့သည်။

“ဒါကဘာသဘောလဲ”

ထိုဆိတ်ငြိမ်မှုအား စတင်ချိုးဖောက်လိုက်သူမှာ မိကာပင် ဖြစ်လေသည်။

"စားပွဲအံဆွဲထဲက ဗီဒီယိုကို ဘာဖြစ်လို့ ကိုယ့်သဘောနဲ့ ကိုယ်ကြည့်ရတာလဲ"

ဒိုင်ဂိုကအပြစ်တင်သည့်လေသံမျိုးဖြင့်ပြောလိုက်သည်။

"အဲဒါပြဿနာမှမဟုတ်တာဘဲ"

မိကာက ဒေါသကိုမထိန်းနိုင်ပဲ အော်ပြောလိုက်သည်။

"ဒါကမော်ဒယ်အနေနဲ့ ရုံးမှာသုံးဖို့ ရိုက်ထားတာပဲ။ အပြင်မှာ ထုတ်ပြမှာမဟုတ်ပါဘူး"

"အခုပဲကြည့်နေရပြီမဟုတ်ဘူးလား"

မိကာ၏အသံကပိုပြီးမာလာခဲ့လေတော့သည်။

"NK Agent ရဲ့လုပ်ငန်းတွေက ဘာတွေလဲ ဆိုတာကိုလည်း ကျွန်မ အကုန်စုံစမ်းပြီးပြီ"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်လို့ ဒီအလုပ်ကို လုပ်မယ်ဆိုတာကို ကျွန်မကို ဖွင့်မပြောခဲ့ရတာလဲ"

"ဖွင့်ပြောရင် မင်းကတားမှာပေါ့"

"ဒါကသဘာဝပဲပေါ့။ ဒီလောက်ယုတ်ညံ့တဲ့ အလုပ်ကိုမှ လုပ်ရတယ်လို့။ မရှက်ဘူးလား"

"ဘာကိုရှက်ရမှာလဲ။ လူသေကိုကိုင်တွယ်ရလို့လား"

"ကျွန်မကတော့သာမန်အလုပ်မျိုးကိုလုပ်စေချင်တာပဲ"

"သာမန်ဆိုတာဘာကိုပြောတာလဲ။ လူဆိုတာ ဘယ်သူမဆို တစ်နေ့တော့ သေကြရမှာပဲ။ ကိုယ်လည်း သေမယ်။ မင်းလည်း သေရမှာပဲ။ ဒါဟာ သာမန်ပဲ မဟုတ်ဘူးလား"

"ကျွန်မကိုဘာမှဆင်ခြေပေးမနေပါနဲ့။ အဲဒီအလုပ်ကနေ အခုချက်ချင်း ထွက်ပေးပါ"

ထို့နောက် မိကာက ဝမ်းနည်းပက်လက်ဖြင့် ဆက်ပြော နေပြန်သည်။

"အခုအချိန်အထိ ကျွန်မ ဘာကိုမှ ငြင်းဆန်တာမျိုး မလုပ်ခဲ့ဘူး။ ဂီတဝိုင်းက ထွက်မယ်လို့ပြောတုန်းကကော၊ ရွာကိုပြောင်းမယ်လို့ ပြောတုန်းကကော အပြုံးမပျက် လိုက်လျောခဲ့တာပဲ မဟုတ်လား။ ကျွန်မ ဝမ်းနည်းလိုက်တာ။ အဲသည်လို လိုက်လျောမှုအားလုံးဟာ မောင့်ကိုချစ်လွန်းလို့ပေါ့"

မိကာပြောသည်မှာ မှန်ပေသည်။ မိကာသည် အစဉ်အမြဲ ပျော်ပျော်နေတတ်သည်။ ရှေ့ရေးကိုကြိုတွေးကာ ကြိုးကြိုးစားစား လုပ်ကိုင်သည်။ ဒိုင်ဂိုပြောသမျှကို ငြိမ်ပြီး လိုက်လျောခဲ့သည်။ ဒိုင်ဂိုကလည်း စိတ်မှ ထုတ်မပြော သည့်တိုင် စိတ်ထဲတွင်ကြိတ်ပြီး ကျေးဇူး တင်နေမိသည်။

"ဒီတစ်ခါတော့ ကျွန်မတားပါရစေ မောင်ရယ်။ ကျွန်မ စကားကို နားထောင်ပေးပါနော်"

မိကာက အသနားခံသည့် မျက်နှာမျိုးဖြင့် ဒိုင်ဂိုအား ငေးမောကြည့်နေရှာလေသည်။

"တကယ်လို့ ကိုယ်ကမထွက်ဘူးဆိုရင်ကော"

"ဒါဆိုရင် မောင် ဒီအလုပ်ကို တစ်သက်လုံး လုပ်သွားတော့မယ် ဆိုပါတော့ "

မိကာက ပြန်ပြီးမေးခွန်းထုတ်လိုက်သောကြောင့် ဒိုင်ဂို ငြိမ်ကျ သွားတော့သည်။

ဒိုင်ဂို၏ခေါင်းထဲတွင် အတွေးများ ရှုပ်ထွေးနေပြီး ဘာဆက်ပြော၍ ပြောရမှန်း မသိအောင် ဖြစ်နေရ လေတော့သည်။

"ဒါဆိုရင် ကျွန်မ အမေ့အိမ်မှာပဲ သွားနေတော့မယ်"

မိကာက သက်ပြင်းရှည်ကြီးချကာ ငြီးတွားပြောဆို လိုက်သည်။

"အလုပ်ထွက်မယ်လို့ဆုံးဖြတ်ပြီးမှကျွန်မကိုလာခေါ်ပါ"

မိကာက ထိုသို့ပြောပြီးနောက် ဗီရိုဘက်သို့သွားကာ ခရီးသွားအိတ်ကို ထုတ်လိုက်လေသည်။

"မိကာ"

ဒိုင်ဂိုကနောက်မှ သိမ်းဖက်ရန်ကြိုးစားလိုက်သည်။

"ကျွန်မအသားကိုလာမထိနဲ့"

အငြင်းပယ်ခံလိုက်ရသောကြောင့် ဒိုင်ဂို၏ တစ်ကိုယ်လုံးမှာ ကျောက်ရုပ်ကြီးကဲ့သို့ တောင့်တင်း သွားလေတော့သည်။

"မောင့်ကို ရွံသွားပြီဆိုပါတော့"

မိကာက အတင်းရုန်းကန်ရင်းမှ မျက်ရည်များ တသွင်သွင် စီးကျလာလေတော့သည်။ ထိုမျက်ရည်များသည် ညားပြီးစကတည်းက ပထမဆုံးတွေ့လိုက်ရသော မိကာ၏ မျက်ရည်စများပင် ဖြစ်ကြလေသည်။

× × × × × × × × × × × × × × × × × × × × × ×

# အခန်း (၇)

ဆောင်းဥတုသည် ယခုလောက်အေးလိမ့်မည်ဟု ဒိုင်ဂိုက အစပိုင်းတွင် မထင်ခဲ့မိပေ။

မိမိ၏ မွေးရပ်မြေဖြစ်သည့်တိုင် ရာသီဥတုအခြေအနေကို ကောင်းကောင်း မမှတ်မိတော့။ အလွန်အေးသည့်အချိန်တွင် မယ်တစ်ရွာ မောင်တစ်မြို့ ဖြစ်နေရချေပြီ။ မိကာနှင့် အရေပြား ချင်း ထိကပ်၍မနေရသောကြောင့် ပိုများ ချမ်းနေသည်လား မပြောတတ်ပေ။ မိကာ မရှိတော့သော ရက်အနည်းငယ် အတွင်းမှာပင် တစ်အိမ်လုံး ပြောင်းဆန်ကုန်တော့သည်။ အိမ်ရှေ့ဝရန်တာတွင် လှန်းထားသော အဝတ်များအား မရုပ်ဘဲ ထားသည်မှာလည်း ရက် အတန်ကြာခဲ့ပေပြီ။ ရုပ်မည်ဟု ကြံလိုက်တိုင်း လွဲလွဲသွားခဲ့ရပေသည်။ ရုံးမှ အပြန် သွားရုပ်လိုက်သော အခါ နှင်းများဖြင့် ရွဲရွဲစို နေကြပေပြီ။

တိုကျိုမြို့ကြီးကဲ့သို့ ကွန်ဗီနီယန့်စတိုးကဲ့သို့ အဆင်သင့် ဆိုင်ကလေးများရှိလျှင် ဟန်ကျပေလိမ့်မည်။ သို့ဖြစ်လျှင် မိမိသည် စတိုးဆိုင်မှ အသင့်ရောင်းသည့် အစားအစာများဖြင့် အသက်ဆက်နိုင်ခဲ့ပေလိမ့်မည်။ ယခုတော့ ကံကောင်းသည်ဟု ဆိုရလေမည်လား၊ ကံဆိုးသည်ဟု ဆိုရလေမည်လား အနီးအနားတွင် စတိုးဆိုင်တစ်ဆိုင်မျှ မရှိခြင်းပင်ဖြစ်လေသည်။ ထို့ကြောင့် အပြင်ထွက်ပြီး စားရုံသာ ရှိလေတော့သည်။ ရုံးအားသည့်ရက်များတွင် မိမိကိုယ်တိုင် ချက်စားသည့် အခါလည်း ရှိပေသည်။ ထိုသို့စားသည့် အခါမျိုးတွင်ပင်

ခေါက်ဆွဲခြောက်ကဲ့သို့ အလွယ်ပြုတ် စားရသည်လည်း ရှိပေသည်။ ကြာတော့ စားရ သောက်ရသည်မှာ ငြီးငွေ့လာလေတော့သည်။

အားလပ်ရက်သို့ရောက်လာသည့်တိုင် မိမိ တစ်ယောက်ထဲ ရှိနေသည့် အတွက် ဘာလုပ်၍ဘာကိုင်ရမှန်း မသိအောင်ဖြစ်နေရလေသည်။ နှစ်ယောက် ရှိနေပါလျှင် ဒီနေ့တော့ ဘာချက်စားမည်၊ ညာချက်စားမည်ဟု တိုင်ပင်နိုင်လေသည်။ တစ်ယောက်တည်း ရှိနေသော အားလပ်ရက်များနှင့် နှစ်ယောက် အတူတူရှိနေသော အားလပ်ရက်များသည် လွန်စွာကွာခြားလှပေသည်။ သို့နှင့် ခေါ်တစုခေါ် အနွေးပေးခုံ တွင်ခြေထောက်ကိုသွင်းပြီး စိတ်အားငယ်စွာပင် ခြေပစ်လက်ပစ်လှဲနေလိုက်လေသည်။

ထိုစဉ် အောပ်ထပ်မှ တံခါးခေါက်သံကို ကြားလာရသည်။

မိကာများ ပြန်လာသည်လားဟုတွေးကာ ငေါက်ခနဲထပြီး အောက်ထပ်သို့အပြေးကလေး ဆင်းလာခဲ့မိသည်။ တံခါးဖွင့်ကြည့်လိုက်တော့ မိမိလုံးဝမသိသော သူစိမ်းတစ်ယောက်ဖြစ်နေလေသည်။

"ကျွန်တော် ဆရာကတော်ရဲ့မိတ်ဆွေ ဖူဂျီအီးပါ"

"အော် ဟုတ်ကဲ့။ ဖူဂျီအီစံဆီက အကူအညီတွေ အများကြီးရတယ်လို့ ခဏခဏပြောပါတယ်"

"အခု ဆရာကတော် ရှိပါသလား"

ဖူဂျီအီစံက ဖုန်အလိမ်းလိမ်းဖြင့် အဝတ်အစားများ ဖရိုဖရဲဖြစ်ကာ ရှုပ်ပွနေသောအခန်းထဲသို့ လှမ်းကြည့် လိုက်သည့် အတွက် ဒိုင်ဂိုလည်း အနည်းငယ် ရှက်သလိုလို ဖြစ်သွားခဲ့ရလေသည်။ ထို့ကြောင့် သူ့ကိုအထဲသို့ မမြင်စေရန် အတွက် ကိုယ်နှင့်ကွယ်ပြီးဖြေလိုက်သည်။

"သူ့မိဘများရွာကို ခဏပြန်နေလို့ပါ"

"ဟယ် သူ့မိဘတွေဆီပြန်သွားတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ အခုအချိန်က ရွာမှာအလုပ်များတဲ့ ရာသီဆိုတော့ ကူညီဖို့သွားတာပါ"

"သြော် ဟုတ်လား။ အခုတလော ဆရာကတော်ကို မတွေ့တာနဲ့ စိုးရိမ်လို့မေးကြည့်တာပါ"

ဖူဂျီအီက မဲ့ပြုံး ပြုံးကာ ပြောလိုက်ပြီးနောက် ခြင်းတစ်လုံးတွင် ထည့်လာသော ကြက်ဥများကို ဒိုင်ဂိုအား ကမ်းပေးလိုက်သည်။

"မနက်ကမှ ဥတဲ့ ကြက်ဥလတ်လတ်ဆတ်ဆတ် ကလေး တွေပါ"

"ဟာဗျာ၊ အားနာစရာကြီး"

"ဘာမှမဖြစ်လောက်ပါဘူး၊ ယူပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ဖူဂျီအိပြန်သွားသည်နှင့် ဒိုင်ဂိုကချက်ချင်းပင် မီးဖိုချောင်ထဲသို့ဝင်လာခဲ့လေသည်။ ကြက်ဥများကို ထုတ်ပြီး စမ်းကြည့်လိုက်သောအခါ မကြာမီက ဥခဲ့သည့် အထိအတွေ့များကို ခံစားလာခဲ့ရလေသည်။ ထိုကြက်ဥများသာ မိခင် ကြက်မကြီး ၏ ဝမ်းဗိုက်အောက်တွင် နွေးနွေးထွေးထွေး ဆက်နေခွင့် ရခဲ့ပါက မကြာမီ ကြက်ပေါက်ကလေးများ ပေါက်လာကြ မည်မှာ သေချာလှပေသည်။ ကြက်ဥ ကလေးများအား သနားသော်လည်း ဗိုက်က ဟာနေပြီ ဖြစ်သောကြောင့် ချက်ချင်းပင်ကြော်ချက်စားရန် ပြင်ဆင်ရ လေတော့သည်။

စင်စစ်ကြက်ဥကြော်စားခြင်းသည်လည်း ပို့ဆောင်ရေး လမ်းညွှန်ပွဲ တစ်ခုပင် ဖြစ်လေသည်။ ထို့ကြောင့် ဒိုင်ဂိုက ကြက်ဥ ကလေးကို တလေးတစားကိုင်တွယ်ပြီး ယုယုယယ ပွတ်သပ်ပေးလိုက်သည်။ ထို့နောက် ဆီပူသတ်ထားသည့် ဒယ်အိုးပေါ်သို့ အသာခွဲချလိုက်ပြန်သည်။ ထို့နောက် ကြက်ဥ မကျက်တကျက်ကြော်စားမည်ဟု ဆုံးဖြတ်လိုက်သည်။ မကျက်တကျက်ကြက်ဥကျော်သည် အဖုံးကလေး အောက်ခံရှိမှ လုမည်ဟု ယူဆလိုက်သောကြောင့် ဒယ်အိုးပေါ်တွင် ခပ်ကြာကြာ ထားပြီး အဖုံးကိုဖွင့်ကြည့်လိုက်ရာ ကြက်ဥအကာများ တူးပြီး ပေါက်ပြဲကာ ပျက်စီးနေသည်ကို တွေ့လိုက်ရလေတော့သည်။ ထို့နောက် ကြက်ဥမွှေကြော် ကြော်ကြည့်လိုက်ပြန်တော့လည်း မည်းတူးကုန်ပြန်လေသည်။ နောက်ဆုံးတွင် စိတ်ဓာတ်ကျဆင်းကာ လက်ထဲမှတူများကို

ပြတင်းပေါက် အပြင်ဘက်ဆီသို့ လွှင့်ပစ်လိုက်လေတော့သည်။ ထို့နောက် မိမိကိုယ်ကိုလည်း အားမလိုအားမရဖြစ်ကာ ဒေါပွ၍ မဆုံးအောင် ဖြစ်နေရလေတော့သည်။

နောက်တနေ့အလုပ်ဆင်းချိန်တွင် ဒိုင်ဂိုအဖို့ တစ်ယောက်တည်း သွားရမည့်အခြေသို့ ဆိုက်ရောက်လာခဲ့လေတော့သည်။

"ကာတိုးစံရဲ့အိမ်ထင်ပါရဲ့"

ဒိုင်ဂိုက အိမ်ရှေ့မှ ဆိုင်းဘုတ်ကိုကြည့်ရင်း ခြံဝင်းကြီး ထဲသို့ ကားကိုကွေ့ဝင်လိုက်သည်။ ထို့နောက် အခေါင်းကို ထမ်းကာလျှောက်လာခဲ့ရာ ဆင်ဝင်တွင် လူကြီးတစ်ယောက်နှင့် လမ်းသရဲပုံလူငယ်သုံးယောက်တို့ စကားများရန်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"ကျွန်တော်တို့ကိုအထဲဝင်ခွင့်ပြုပါ တောင်းပန်ပါတယ်"

တောင်းပန်နေသောလူရွယ်၏လက်တွင် သုံးထောင့် ပတ်တီးဖြင့် ချိတ်ဆွဲထားသည်။ ဒဏ်ရာရရှိခဲ့ပုံ ရလေသည်။

"မရဘူး။ မောင်ရင်တို့ အေးအေးဆေးဆေး ပြန်သွားကြရင်ကောင်းမယ်"

"တောင်းပန်ပါတယ်ဦးရာ၊ ကျွန်တော်တို့သူငယ်ချင်းကို နောက်ဆုံးနှုတ်ဆက်ခွင့်ပြုပါ"

"မရပါဘူးကွာ၊ သေဆုံးသူ မိယူကီရဲ့အဖေကိုယ်တိုင်က မောင်ရင်တို့ကို လုံးလုံးအဝင်မခံနဲ့လို့ ပြောထားလို့ပါ"

အိမ်ပေါက်ဝရှိ ထိုလူကြီးက တစ်ခုခုစဉ်းစားနေချိန်တွင် ဒိုင်ဂိုက တဆိတ်လောက် ဟုအသံပြုလိုက်သည်။

"သုဘရာဇာရုံးက ခေါင်းပြင်ဖို့လွှတ်လိုက်တာပါ"

"ဪ ခေါင်းပြင်ဆရာလား၊ နောက်ကလှည့်ဝင်ခဲ့ပါ"

"ဟုတ်ကဲ့ပါ"

သူပြောသည့်အတိုင်းပင် နောက်ဖေးလှေကားမှတစ်ဆင့် အိမ်ပေါ် သို့တက်လာခဲ့ရလေသည်။

မွေ့ရာပေါ်တွင်လဲလျောင်းနေသော အလောင်းမှာ မိန်းမပျိုလေး တစ်ယောက် ဖြစ်လေသည်။ ဤအိမ်ပိုင်ရှင်၏ သမီး အထက်တန်း ကျောင်းသူလေး ဖြစ်ပေသည်။ ခေါင်းရင်းတွင် ထောင်ထားသော ဓာတ်ပုံထဲမှ ကျောင်းဝတ်စုံကို ဝတ်ပြီး ကျစ်ဆံမြီးကလေး၏ရုပ်ပုံနှင့် ယခုသေဆုံးနေသော အလောင်းတို့မှာ တခြားစီပင် ဖြစ်နေကြသည်။ ခေါင်း တစ်ခုလုံး နီရဲအောင် ဆေးဆိုးထားပြီး မျက်ခုံးများ ရိတ်ထားသည့် အလောင်းအား ဓာတ်ပုံထဲတွင်ပါသည့် မိန်းကလေးနှင့် တူအောင်ပြင်ရမည့် အလုပ်မှာ လွယ်လှ သည်တော့ မဟုတ်ပေ။ ပါးနီကို ပါးပါးလိမ်းပြီး မျက်ခုံးမွေးများကို ပုံဖော်ကာ နှုတ်ခမ်းနီရဲရဲကို ဆိုးပေးလိုက်စဉ်

"အဲဒီလိုမဟုတ်ဘူး" ဟု မိခင်ဖြစ်သူက အသံကျယ်ကြီး အော်ငေါက်ဟန့်တားလိုက်သည်။

"ဟုတ်ကဲ့ပါ"

"ကျွန်မသမီးက အဲဒီလိုပုံစံမျိုး မဟုတ်ဘူး၊ ချက်ချင်း ပြန်ပြင်ပေးပါ"

ပြန်ပြင်ပေးမည်ဟု ပြောလိုက်သည့်တိုင် ဒိုင်ဂိုအဖို့ မည်သို့ပြင်ရမှန်းမသိဘဲ ယောင်ချာချာဖြစ်နေလေတော့သည်။

"မင်းက ဘာထပ်ပြီးလျှာရှည်နေတာလဲ"

ဖခင်ဖြစ်သူက အော်ငေါက်ပြီးအခန်းထဲသို့ ဝင်လာခဲ့ လေသည်။

"မင်း ကောင်းကောင်း မဆုံးမလို့ ငါ့သမီးလေး အခုလို ဖြစ်ရတာ"

"ရှင်ကကောအဖေမဟုတ်လို့လား"

ထိုသို့ပြောလိုက်ပြီးနောက် မိခင်ဖြစ်သူက အလောင်းနားသို့ ကပ်လာကာ ကြူကြူပါအောင် အော်ဟစ် ငိုကြွေးနေ လေတော့သည်။ ထိုအခါကျမှ ဒိုင်ဂိုအဖို့ပိုပြီး အကျပ်ရိုက် သွားရလေတော့သည်။

"ခင်ဗျားတို့ မိဘတွေဆုံးမပုံက နည်းလမ်းမှမကျပဲ"

ဆင်ဝင်ဘက်ဆီမှ လူရွယ်တစ်ယောက်ဝင်လာပြီး အော်ပြောလိုက်သည့် အသံကို ကြားလာရလေသည်။

စောစောက တွေ့ခဲ့ရသော ဒဏ်ရာရထားသည့် လူရွယ်ပင် ဖြစ်လေသည်။

"ဘယ်ကကောင်လဲကွ"

ဖခင်ဖြစ်သူက မျက်စိမျက်နှာပျက်ကာ နောက်သို့ လှမ်းကြည့်လိုက်သည်။

"မိယုကီကိုပစ်ထားတဲ့ အထဲမှာ အဖေဖြစ်တဲ့ ခင်ဗျားကြီး လည်း ပါတယ်"

"မင်းကဘာကောင်လဲ"

ဖခင်ဖြစ်သူက မိမိထက် ခေါင်းတစ်လုံးပိုမြင့်သည့် လူရွယ်၏အကျႌရင်ဘတ်ကို ဆုပ်ကိုင်လိုက်သည်။

"ကျုပ်တို့က ခင်ဗျားတို့မိဘတွေထက် မိယုကီ အကြောင်းကိုပိုသိတယ်"

လူရွယ်ကလည်း ခံပြင်းလွန်းသည့်အတွက် မိဘများအား အနိုင်မခံ အရှုံးမပေးစတမ်း ပြန်ပြောနေသည်။ ထို့နောက် မိမိ၏ရင်ဘတ်ကိုဆွဲထားသည့် ဖခင်ဖြစ်သူက လူ့ဖလံလေးအား တွန်းထုတ်လိုက်လေသည်။

"တော်ကြပါတော့။ ဒီလိုနေရာမျိုးမှာ ရန်မဖြစ်ကြပါနဲ့"

မိခင်ဖြစ်သူကအော်ဟစ်ပြီး တောင်းပန်လိုက်သည်။ သို့နှင့် အိမ်အပြင်ဘက်မှ လူငယ်နှစ်ယောက်လည်း ဖျန်ဖြေရန် ဝင်လာကြလေတော့သည်။

"မင်းတို့အားလုံးပြန်သွားကြ"

ဆင်ဝင်အောက်တွင် အစောင့်တာဝန်ကျနေသော ယောကျ်ားကြီးက အော်ပြီး မောင်းထုတ်လိုက်သည်။ အခန်းထဲတွင် ပြန်ပြီးငြိမ်သွားပြန်လေသည်။

"မင်းတို့ကြောင့် ငါ့သမီး မိယုကိ သေရတာ။ ဒါတောင် မင်းတို့က လျော်ကြေး လိုချင်ကြသေးလို့လား။ အာ၊ မင်းတို့ လျော်ကြေး ရချင်ရင်တော့ ဟိုလူလို တစ်သက်လုံး သုဘရာဇာ လုပ်ပြီး ယူကြပေတော့။ အယ်"

ဖခင်ကြီးက ဒိုင်ဂိုအား လက်ညှိုးငေါက်ငေါက်ထိုးရင် ဒေါသတကြီး ပြောလိုက်လေသည်။ ဖခင်ကြီးနှင့် ရန်ဖြစ်နေသည့် လူရွယ်ကော စောစောက ဖျန်ဖြေရန် ရောက်လာကြသော လူငယ်နှစ်ယောက်ပါ ငြိမ်ကျသွားလေတော့သည်။ ထို့နောက် ဒိုင်ဂိုအား သူတို့အားလုံးက မျက်တောင်မခတ် စိုက်ကြည့်နေကြလေတော့သည်။

ဒိုင်ဂိုအဖို့ မိမိအားညွှန်ပြနေသော ဖခင်ကြီး၏ လက်ညှိုးကို လည်းကောင်း စိုက်ကြည့်နေကြသော လူရွယ်များ၏ အကြည့်ကိုလည်းကောင်း ခေါင်းငုံ့ခံရုံမှတပါး အခြား နည်းလမ်း မရှိတော့ပေ။

ထိုစဉ်က မိမိတတ်နိုင်သောအလုပ်မှာ အောင့်အည်း သည်းခံ နေလိုက်ရုံသာ ရှိပေတော့သည်။ ပြန်ပြောင်း စဉ်းစား ကြည့်လိုက်လျှင် ဈေးတွင်တွေ့ခဲ့ရသော မိမိ၏ သူငယ်ချင်း

ယာမရှိတ ပင်လျှင် သူ့သမီးကလေးအား မိမိလက်နှင့် မထိမိစေရန် ကာကွယ်ခဲ့သည်မဟုတ်ပါလော။ နောက်ဆုံး မိမိ၏ချစ်ဇနီး မိကာကပင် မိမိအား စက်ဆုပ် ရွံရှာ သွားသောကြောင့် သူ့အားမထိရန် ငြင်းဆန်ခဲ့သည် မဟုတ်ပါလော။ သည်အတိုင်းသာ ဆက်သွားနေမည် ဆိုပါလျှင် မိမိအဖို့ ဤလုပ်ငန်းအား အပြီးအပိုင် စွန့်ခွာလိုက်ရုံသာရှိပေတော့မည်။

အမှန်တော့ လက်ရှိအလုပ်အား ဒိုင်ဂိုသည်လည်း နဂိုကပင် နှစ်မြို့ခဲ့သူ မဟုတ်ခဲ့ပေ။ လက်ရှိအလုပ်၏ သဘောသဘာဝအမှန်ကို နားလည်လာသည့်အချိန်တွင် ချက်ချင်းထွက်ရန် စဉ်းစားခဲ့ဖူးပေသည်။ ယခုအချိန်တွင်မူ သာမန်အားဖြင့် သေဆုံးသွားသူများ၏ အလောင်းများအား အေးအေးဆေးဆေးပင် ကိုင်တွယ်လာနိုင်သည့် အဆင့်သို့ ရောက်လာခဲ့သည့်တိုင် မိမိငယ်စဉ်ကတည်းက လေ့လာ လိုက်စားလာခဲ့သော စယ်လိုတယော တီးသည့် လုပ်ငန်း လောက်တော့ ခုံမင်မြတ်နိုးခြင်းမရှိလှပေ။

မည်သို့ပင်ဖြစ်စေကာမူ မန်နေဂျာကြီး ဆာဇာကီ၏ သဘောထားနှင့် လုပ်ပုံကိုင်ပုံများကို သဘောကျခဲ့သည်မှာ အမှန်ပင်ဖြစ်ပေသည်။ ခေါင်းပြင်ဆရာ တစ်ယောက်၏ တာဝန်ကား ကြီးမားလှချေသည်။ သံသရာ ခရီးရှည်ကြီး အတွင်း နောက်ဘဝသို့ ကူးပြောင်းမည့် ခရီးသည် တစ်ဦး အတွက် လှလှပပ ဝတ်စားဆင်ယင် ပြုပြင်ပေးပြီး

ရှောရှောရှူရှူ ဖြစ်အောင် ဝန်ဆောင်ပေးရသော လုပ်ငန်း၏ တန်ဖိုးနှင့် အရေးပါမှုကို ဒိုင်ဂိုက တဖြည်းဖြည်း သဘောပေါက် လာသည့်တိုင် သူလိုငါလို သာမန်လူသားများ အတွက်မူ အော့နှလုံးနာစရာ လုပ်ငန်းတစ်ခုသာ ဖြစ်နေဆဲ ဆိုသည်ကိုလည်း သူက ကောင်းကောင်းကြီး သဘောပေါက် ထားပေသည်။ ထိုနေ့က ဒိုင်ဂိုသည် စာတစ်စောင်ကို ရေးပြီး ယူရီကို၏စားပွဲပေါ် တွင်တင်ကာ မိမိထိုင်ခုံတွင်ပြန်ထိုင်ရင်း မီးဖိုပေါ် မှဆူပွက်နေသော ရေနွေးအိုးအား ငေးစိုက်ကာ ကြည့်နေခဲ့မိလေသည်။

"မန်နေဂျာကြီးတော့ စိတ်မကောင်းဖြစ်တော့မှာပဲ"

ယူရီကိုက ညည်းတွားလိုက်သည်။

"အယ်"

"သူက ရှင့်ကို အတော်သဘောကျနေတာ"

"ဟုတ်လား"

"ဟုတ်တယ်လေ။ သူဒီအလုပ်ကို စလုပ်ကတည်းက သဘောကျတဲ့လူဆိုလို့ ရှင်ကပထမဆုံးပဲ"

"ဒါပေမယ့် စတွေ့တွေ့ချင်း ကျွန်တော့်ကို ဖြစ်သလိုခပ်လွယ်လွယ်ပဲ လက်ခံခဲ့တာ မဟုတ်လား"

ဒိုင်ဂိုက အလုပ်ဝင်စကအတွေ့အကြုံများအား ပြန်ပြောင်း တွေးတောရင်း ပြောလိုက်သည်။

"ဒါက ရှင် အထင်မှားတာပါ။ သူကဘာပဲလုပ်လုပ် ဆုံးဖြတ်တာ သိပ်မြန်တယ်။ အဲဒီတုန်းက ရှင်နဲ့ စကား တစ်ခွန်းနှစ်ခွန်း ပြောလိုက်တာနဲ့ ရှင့်ရဲ့ အရည်အချင်းတွေကို ချက်ချင်းသိသွားပြီး ခန့်လိုက်တာပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တော့ ဒီအလုပ်ကို ဆက်မလုပ်ချင်တော့ဘူးဗျာ"

မည်သို့ပင်ဖြစ်စေကာမူ ဒိုင်ဂိုအဖို့ အလုပ်ထွက်စာကို မိမိကိုယ်တိုင် မန်နေဂျာကြီးအား တိုက်ရိုက်သွားပေးရန် မဝံ့မရဲ ဖြစ်နေရလေတော့သည်။ မန်နေဂျာကြီး၏ အလုပ်ပေါ် ထားရှိသည့် မြင့်မြတ်သောသဘောထား၊ မိမိအား ဆရာစားမချန် အစစအရာရာ သွန်သင်ပြသပေးခဲ့သည့် စေတနာတရား စသည်ကိုတော့ ထောက်ထားရပေမည်။ သို့ပါသော်လည်း မိမိအမြတ်နိုးဆုံး ချစ်ဇနီးကလေးနှင့် ကွဲရမည့် အခြေဆိုက်သည်အထိတော့ ဆက်လက် သည်းခံ နိုင်စွမ်း မရှိတော့ပေ။

"အားတော့နာပါတယ်ရှင်။ ထွက်စာကိုရှင်ကိုယ်တိုင် မန်နေဂျာကြီးလက်ထဲကို တိုက်ရိုက်သွားပေးတာက ပိုကောင်း ပါတယ်။ အခုသူအပေါ် ထပ်မှာရှိနေပါတယ်"

ယူရီကိုက အပေါ်သို့ လက်ညှိုးညွှန်ပြရင်း ပြောလိုက် သည်။ ဒိုင်ဂိုက စိတ်ကိုဒုံးဒုံးချလိုက်ပြီးနောက် မန်နေဂျာကြီး ရှိရာ တတိယထပ်သို့တက်လာခဲ့လေသည်။ ရှေးဟောင်း အဆောက်အဦး တစ်ခုဖြစ်သည့်အတွက် လက်ရန်းတွင်

ကနုတ်များ ဆင်ယင်ထားသော ကြောင်လိမ် လှေကားကြီးမှာ ထည်ဝါခန့်ညားလျက်ရှိနေလေသည်။ ဒိုင်ဂိုက တံခါးကို တွန်းဖွင့်လိုက်ပြီး “ဆာဇော့ကီစံ”ဟု နှုတ်ဆက်လိုက်သည်။

“သြော် မောင်ရင်ကိုး၊ ဝင်လာခဲ့လေကွာ”

ဆာဇော့ကီက ထုံးစံအတိုင်း လေသံအေးအေးဖြင့် ဖိတ်ခေါ် လိုက်သည်။

“ကဲ အဲဒီခုံမှာထိုင်”

“ဟုတ်ကဲ့”

ဒိုင်ဂိုကထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်း ဘေးပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုလိုက်သည်။ ပြတင်းပေါက်၏ အပြင်ဘက်တွင် ထုံးစံအတိုင်း နှင်းများက တဖွဲဖွဲ ကျဆင်းနေကြသည်။ အခန်းအတွင်းတွင် အလှစိုက်ပန်းအိုးများက ပြည့်သိပ်နေတော့သည်။ အထူးသဖြင့် အပူပိုင်းဒေသပေါက် အရွက်ဖားဖားအပင်များက ပိုများပေသည်။

“အခုမောင်ရင်ဘယ်လိုစားသောက်နေလဲ”

“အယ်”

“မောင်ရင့်မိန်းမ ပြန်မလာသေးဘူး မဟုတ်လား”

“ဟုတ် ဟုတ်ကဲ့”

ဇာင်စစ် မိမိ၏ချစ်ဇနီးလေး အိမ်မှထွက်သွားရခြင်း၏ အဓိက တရားခံမှာ ဤကုမ္ပဏီပင်ဖြစ်ပေသည်။ တနည်းအား

ဖြင့် ဆာဇာကီစံပင်ဖြစ်ပေသည်။ သို့ပါသော်လည်း ထိုစကားကို တိုက်ရိုက်ပြောချလိုက်ရန်ကိုမူ မဝံ့မရဲပင်ဖြစ်နေရလေသည်။

"ဒါဆိုရင် ကျုပ်နဲ့အတူတူစားကြတာပေါ့။ မောင်ရင်ချက်တဲ့ ဟင်းထက်တော့ ပိုပြီးစားလို့ကောင်းမှာ သေချာပါတယ်"

ဆာဇာကီက ပန်းကန်ပြားကြီးတစ်ချပ်ကို ဒိုင်ဂိုရှေ့တွင် ချကာ ဖန်ခွက်ထဲသို့ ဘီယာများ လောင်းထည့်ပေးလိုက်သည်။ ဟင်းပန်းကန်ကြီးတဲတွင် အဖြူရောင်နူးညံ့လှသည့် ထူးဆန်းသော ဟင်းလျာများက တောင်ပုံရာပုံဖြစ်နေလေသည်။

"ငါးပူတင်း အူပြုတ်လေကွာ။ ရေနွေးနဲ့ဖျောပြီး ဆားကလေးနဲ့တို့စားရင် သိပ်အရသာရှိတာ"

ဆာဇာကီက တုတ်နှင့်ထိုးထားသော ငါးပူတင်းအူတံကလေးအား မီးနှင့်ကင်လျက်ရှိလေသည်။ ဒိုင်ဂိုက သူ၏ပြုမူပုံအား ငေးစိုက်ကြည့်နေရာမှ စားပွဲပေါ်တွင် တင်ထားသော လုပခန့်ညားလှသည့် ခွတ်ပုံကြီးတစ်ပုံကို မြင်တွေ့သွားလေသည်။

"အင်း ဒီလောက်ဆိုရပြီ"

ဆာဇာကီက ငါးပူတင်းအူကင်ကို ဒိုင်ဂို၏ ပန်းကန်ထဲသို့ထည့်လိုက်ပြီး ဆက်ပြောလာသည်။

"အဲဒါကျုပ်ရဲ့မိန်းမလေ။ လွန်ခဲ့တဲ့ ကိုးနှစ်လောက်က ဆုံးသွားခဲ့တာပေါ့"

ဒိုင်ဂို၏အကြည့်ကို သတိမူသွားမိဟန်တူပေသည်။

"လင်နဲ့မယားဆိုတာ တစ်နေ့နေ့တော့ သေကွဲ ကွဲကြရတာချည့်ပေါ့။ ကျုပ် သူ့ကို လှလှပပကြီး သင်္ဂြိုဟ်ပေးခဲ့ပါတယ်။ ဒါဟာ ကျုပ်လုပ်ငန်းရဲ့ ဗွေဆော်ဦးလို့ဆိုရမှာပေါ့"

သူပြောသည့်အတိုင်း ဖြစ်တော့ဖြစ်နိုင်ပေသည်။ ဒိုင်ဂိုက ဓာတ်ပုံမှန်ဘောင်ထဲတွင် ပြုံးရယ်နေသော အမျိုးသမီးကြီးအား မျက်တောင်မခတ် စိုက်ကြည့်နေလိုက်မိသည်။ ဆာဇာကီ၏ ဇနီးသည်ကြီးမှာ ဘာမဆို စိတ်မြန်လက်မြန်ရှိလှသော၊ လင်သား အပေါ်တွင် ချစ်ခြင်းမေတ္တာကိုအရင်းခံကာ ခွင့်လွှတ်သည်းခံရင်း တစ်သက်လုံးချစ်သွားခဲ့ပုံရလေသည်။ ဓာတ်ပုံကို ကြည့်လိုက်ရုံဖြင့် သူတို့လင်မယား၏ ဘဝဇာတ်ကြောင်းကို ဒိုင်ဂိုက ကောင်းကောင်းကြီး သဘောပေါက်လာမိလေသည်။

"အဲဒီအချိန်ကစပြီး ကျုပ်လည်း သုဘရာဇာဘဝကို ရောက်ခဲ့ရတော့တာပါပဲ"

ထိုကဲ့သို့ပြောလိုက်ပြီးနောက် "အခုစားနေတဲ့ဟာလည်း အလောင်းတစ်မျိုးပဲပေါ့" ဟုပြောကာ ငါးပူတင်းအူကင်ကို ကိုက်ဝါးနေခဲ့လေသည်။

"သက်ရှိသတ္တဝါတွေဟာ တခြားသက်ရှိသတ္တဝါတွေကို သတ်စားပြီး အသက်ရှင်သန်နေကြရတာပဲ မဟုတ်လား။ အဲဒီအထဲမှာ အပင်တွေတော့ မပါဘူး"

ဆာဇာကီက အလုစိုက် ပန်းအိုးထဲမှ အပင်များကို လည့်ပတ်ကြည့်ရှုရင်း ဆက်ရှင်းပြနေပြန်သည်။

ဘယ်သူမဆို မသေချင်ဘူး ဆိုရင် စားရမယ်။ စားတယ်ဆိုရင်လည်း အခုလို အရသာရှိတဲ့ သူတစ်ပါးအသက်ကို သတ်ပြီးစားတာက ပိုကောင်းတယ်”

ဒိုင်ဂိုက ဆာဇာကီ၏ စကားကိုနားထောင်ရင်းကပင် သူ၏ အဓိက ဆိုလိုရင်းကို သဘောပေါက်သလို ရှိလာခဲ့လေသည်။

“ကဲ ပူနေတုန်းစားတာက ပိုပြီးအရသာရှိတယ်ကွ”

ဆာဇာကီက ဒိုင်ဂိုအားကြည့်ရင်းပြောလိုက်သည်။

“ဟုတ်ကဲ့”

ဒိုင်ဂိုက ငါးပူတင်းအူကင်တစ်ချောင်းကို ဖြုတ်စား လိုက်သည်။ ပါးစပ်ထဲတွင် ချိုဆိမ့်သောအရသာက ပျံ့သွားလေတော့သည်။

“စားလို့ကောင်းတယ်မဟုတ်လား”

“ဟုတ်ကဲ့ ကောင်းပါတယ်”

သို့နှင့်ပင် ဒိုင်ဂိုသည် ငါးပူတင်းအူကင်များကို တစ်ချောင်းပြီး တစ်ချောင်း ဆက်စားရင်းမှပင် မိမိလာရင်း ဖြစ်သော အလုပ်ထွက်စာအကြောင်းကို မေ့လျော့သွား ခဲ့ရလေတော့သည်။

နောက်နေ့တွင် ဒိုင်ဂိုသည် ဆာဇောကီနှင့်အတူ တောရွာလေး တစ်ရွာရှိ အိမ်တစ်အိမ်သို့ သွားရောက်ခဲ့ကြရပြန်သည်။ အာဆင်းနစ် အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားသော လူရွယ်တစ်ဦး၏အသုဘကို ပြင်ဆင်ရန် ဖြစ်လေသည်။ လူရွယ်သည် ယောကျ်ားစင်စစ်ဖြစ်သော်လည်း မိန်းမဖြစ်ချင်သောကြောင့် ဆေးဝါးများဖြင့် ပြုပြင်ထားသည့်အတွက် ခြေချောင်း လက်ချောင်းများက သွယ်လျပြီး ရင်သားများက ဖောင်းအိနေကြကာ တကယ့် မိန်းကလေး တစ်ယောက်၏ ရုပ်သွင်ကဲ့သို့ဖြစ်နေလေသည်။ သို့ပါသော်လည်း တကယ်တမ်း ပြင်ဆင်ဖီးလိမ်း လိုက်သော အခါ ယောကျ်ားအင်္ဂါကို တွေ့လိုက်ရသဖြင့် ယောကျ်ားလေး ဖြစ်မှန်း သဘောပေါက် ခဲ့ရလေသည်။

မိဘများက မိန်းကလေးတစ်ယောက်ကဲ့သို့ သင်္ဂြိုဟ်လိုသည်ဟု ပြောလာသောကြောင့် သူ့အား မိန်းကလေး တစ်ယောက်ကဲ့သို့ ပြင်ဆင်ဖီးလိမ်းကာ မိန်းကလေး အဝတ်အစားများအား ဝတ်ဆင်ပေးခဲ့ကြရလေသည်။ ပြင်ဆင်ပြီးသောအခါ လွန်စွာလှပလာပြီး အိပ်ပျော်နေသကဲ့သို့ မြင်လာရသည့်တိုင် မိမိတို့၏ပြုမူချက်မှာ အကျိုးလို၍ ညောင်ရေလောင်းကာမှ ပတ်ထမ်းနှင့်တွေ့ဆိုသကဲ့သို့ ခုတ်ရာတခြား ရှရာခြား ဖြစ်ခဲ့ရလေတော့သည်။

မိမိတို့က အလောင်းကိုခေါင်းထဲသို့ထည့်ပြီး အပြင်သို့ ထွက်လာကြချိန်တွင် သေဆုံးသူ၏ဖခင်က ပြတင်းပေါက် အပြင်သို့ ငေးမောနေခဲ့လေသည်။

"ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"ကျေးဇူးပါဘဲ"

ထို့နောက် ဖခင်ဖြစ်သူကယခုကဲ့သို့ လေသံတိုးတိုးဖြင့် ပြောလာလေသည်။

"ဒီကလေး မိန်းမစိတ်ဝင်လာပြီးကတည်းက ကျုပ်နဲ့ တကျက်ကျက်ရန်ဖြစ်ခဲ့ကြရတယ်"

ဒိုင်ဂိုနှင့် ဆာဇာကီတို့ကမူ ပါးစပ်အဟောင်းသားဖြစ်ကာ ဘာမှပြန်မပြောနိုင်အောင် ဖြစ်နေကြလေသည်။

"ရန်ဖြစ်ပြီးကတည်းက ကျုပ် သူ့မျက်နှာကို တစ်ချက်မှ လှည့်မကြည့်တော့ဘူး"

ဖခင်ကြီးက ဒိုင်ဂို၏မျက်နှာကိုစိုက်ကြည့်ကာ ဆက်ပြော ပြန်သည်။

"အခုလို ပြင်ဆင်ပြီး ကြည့်လိုက်တဲ့အခါကျမှ ဒါ ငါ့ရင်သွေးကလေးပါလားလို့ သဘောပေါက်လာခဲ့ရတော့တယ်"

ထိုသို့ပြောရင်းမှပင် ဖခင်ကြီး၏ ပါးပြင်ပေါ်တွင် မျက်ရည်ဥကြီးများက လိမ့်ဆင်းလာပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါလေတော့သည်။ မိမိကိုယ်ကို သတ်သေခြင်းမှာ

စိတ်ဆင်းရဲစရာ ကောင်းလှသော်လည်း ဒိုင်ဂိုတို့အဖို့ကတော့မူ အလှဆုံးဖြစ်အောင် တာဝန်အရ ပြင်ဆင်ပေးခဲ့ကြရခြင်း ဖြစ်လေသည်။ ထိုသို့ပြင်ဆင်ပေးလိုက်ကာမှ ဝမ်းနည်းသလို ခံစားလာရပြန်သည်။ သို့နှင့် ဒိုင်ဂိုသည် ရှိုက်ကြီးတငင် ငိုကြွေးနေရှာသော ဖခင်ကြီးအား ဂရုဏာသက်စွာပင် ငေးမောကြည့်ရှုနေခဲ့မိလေတော့သည်။

ကားကလေးက ထူထဲစွာ ကျဆင်းနေသော နှင်းထုများအတွင်းသို့ ဖြတ်သန်း မောင်းနှင်လာခဲ့လေသည်။ အပြန်ခရီးတွင် ကားမောင်းရန် တာဝန်ကျသူမှာ ဆာဇာကီပင် ဖြစ်လေသည်။ သူက လက်ကိုင်ဘီးကိုကိုင်တွယ်ရင်း နှာခေါင်းသံလေးဖြင့် တေးသီချင်းတစ်ပုဒ်ကို ညည်းလာခဲ့သည်။ စောစောက အလုပ်ကို လုံးဝ မေ့လျော့သွားဟန် တူပေသည်။ ဒိုင်ဂိုကမူ စောစောကမိသားစုများ၏ ပူဆွေးသောက ရောက်ခဲ့ကြပုံများအား ပြန်ပြောင်းတွေးတောရင်း ဘေးဖက်ထိုင်ခုံတွင် ခြေပစ်လက်ပစ်ထိုင်ကာ လိုက်ပါလာခဲ့သည်။ အလုပ်ပြီးသည်နှင့် ဒိုင်ဂိုသည် ဆာဇာကီကဲ့သို့ပင် စိတ်အေးလက်အေး အိမ်သို့ပြန်ပြီး နားလိုက်ချင်သည်မှာ အမှန်ပင် ဖြစ်လေသည်။ သို့ပါသော်လည်း စောစောက အလောင်းအား ကိုင်တွယ်ခဲ့ရသော အေးစက်တောင့်တင်းသည့် အထိအတွေ့နှင့် ဖခင်ကြီး၏ ဝမ်းနည်းပက်လက် ငိုကြွေးနေပုံများကို မျက်စိထဲတွင် ပြန်လည် မြင်ယောင်နေခဲ့ပေသည်။

"ဂွတ်နိုက်"

ဆာဇာကီက ဒိုင်ဂို၏အိမ်ရှေ့တွင် ကားကလေးကို ထိုးရပ်လိုက်သည်။

"ဒီနေ့တော့မောင်ရင်အတော်ပင်ပန်းသွားပြီ"

ထိုင်ခုံခါးပတ်ကို ဖြုတ်ပြီး ကားတံခါးကို ဖွင့်လိုက်သည်နှင့် လေနုအေးတို့က တုန်တုန်ရီရီနှင့်ပင် ကားပေါ် မှဆင်းချလာခဲ့လေသည်။

"မနက်ဖန် နောက်မကျစေနဲ့နော်"

ထိုသို့ပြောလိုက်ပြီးနောက် ဆာဇာကီက ဂီယာကို စနင်းလိုက်သည်။

"ဟုတ်ကဲ့ပါဆရာ၊ အခုလိုလိုက်ပို့ပေးတာ ကျေးဇူးပါဘဲ"

ထိုသို့ပြောပြီးနောက် ဒိုင်ဂိုသည် နှင်းတောထဲတွင် ပြေးလွှားပျောက်ကွယ်သွားသော ဆာဇာကီ၏ကားကလေးအား ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့လေတော့သည်။

ဘာလိုလိုနှင့် ခရစ်စမတ်နေ့ကို ရောက်ရှိလာခဲ့လေတော့သည်။ ဒိုင်ဂိုတို့ ရုံးခန်းထောင့်တစ်နေရာတွင် ဈေးချ ရောင်းသော ခရစ်စမတ်သစ်ပင်ကလေး တစ်ပင်ကို ထောင်ထားသည်။ ထုံးစံအတိုင်း မိကာက ပြန်ရောက် မလာတော့ပေ။ တယ်လီဖုန်းဆက်ကြည့်တိုင်း စကားပြောခွက် ကို ကောက်ကိုင်ဖော် မရသည့်အပြင် အိမ်သို့ တစ်ခေါက်

သွားခေါ် ကြည့်သည့်အခါတွင်လည်း မိမိအား လက်ခံတွေ့ဆုံရန် ငြင်းဆန်ခဲ့လေသည်။ ဒိုင်ဂို တယ်လီဖုန်းနှင့်ဆက်ကြည့်တော့လည်း မိမိမှန်းသိသည်နှင့် တစ်ခါတည်းဖြတ်တောက်ပစ်ခဲ့သည်။ ဘာလိုလိုနှင့် မိကာ အားအမှန်တကယ် လက်လွှတ်ဆုံးရှုံးရတော့မလို ဖြစ်လာခဲ့လေသည်။ သောကများကို ရင်ဝယ် ပိုက်ထားနေရသည့်တိုင်အဘယ့်ကြောင့်လက်ရှိအလုပ်မှ ထွက်မရအောင် ဖြစ်နေရလေသနည်း။ အဘယ့်ကြောင့် မိမိက လက်ရှိအလုပ်တွင်ကြိုးစားပမ်းစား လုပ်နေရသည်ကိုလည်း နားမလည်နိုင်အောင်ဖြစ်နေရလေသည်။

ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသော ခရစ်စမတ်ကာလတွင်ဆာဇာကီက ကြက်ကြော်များဝယ်လာပြီး ရုံးခန်းတွင်းမှာပင်ခရစ်စမတ်ပါတီလေးကို ကျင်းပကြလေသည်။ သံမဏိစားပွဲ၏အလယ်တွင် ကြက်ကြော်များကို ချထားပြီး ဘေးရှိဇလုံထဲသို့စားပြီးသောကြက်ရိုးများနှင့် အရွတ်များကို ထည့်ကြရလေသည်။

"သေသွားတဲ့လူတွေကို ကိုင်တွယ်တဲ့ ကျွန်တော်တို့ကိုလူတွေက အထင်သေးတဲ့ မျက်လုံးနဲ့ကြည့်ကြတယ်။ သေသွားတဲ့ ကြက်တွေ၊ ဝက်တွေ၊ ငါးတွေကို ကိုင်တွယ်တဲ့စားဖိုမှူးတွေကိုကျတော့ ဝမ်းသာအားရကြိုဆိုကြတယ်။ အဲဒါဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ အဲဒီမေးခွန်းကို ဖြုန်းစားကြီး မေးလိုက်ရတာလဲ"

ယူရီကိုက ကြက်ပေါင်ကိုကိုက်ရင်းပြန်မေးလိုက်သည်။ သူ၏နှုတ်ခမ်းသည် ကြက်ဆီများဖြင့် ဝင်းဝင်းတောက်နေလေတော့သည်။

"ရုတ်တရက် တွေးမိလိုက်လို့ပါ"

"ကြက်သား ကစားလို့ကောင်းတယ်လေကွာ၊ ဒါကြောင့် လူတွေက ကြိုက်တာနေမှာပေါ့"

ဆာဇာကီက ခပ်လွယ်လွယ်ပင်ဖြေလိုက်သည်။

"ဒါတော့ ဒါပေါ့လေ"

လူသားတွေသာမကဘူး ရှိရှိသမျှ သတ္တဝါအားလုံးဟာ မိမိတို့ ဆက်လက်ရှင်သန်နိုင်ဖို့အတွက် အခြားသက်ရှိတွေကို စတေးပစ်ရကြတယ်။ ဒီလိုသေဆုံးသွားတဲ့အခါကျတော့ မမြင်ချင်ယောင်ဆောင်နေကြပြန်တယ်"

"အင်း ရှင်သန်နိုင်ဖို့အတွက် သေပေးကြရတယ် ဆိုပါတော့"

ဒိုင်ဂိုက ကြက်ရိုးကိုကိုက်ရင်း အတွေးခေါင် နေမိလေသည်။ မိမိ မူလတန်းကျောင်းသားအရွယ် လောက်တုန်းက တီဗီအစီအစဉ်တစ်ခုကိုကြည့်ပြီး အလားတူ မေးခွန်းမျိုးကို မေးခဲ့ဖူးလေသည်။ အာဖရိကတိုက် ဆာဘားနားတောကြီး

အတွင်း ခြသေ့်များက မြင်းကျား များအား သတ်ဖြတ်စားသောက်နေသည်ကို ကြည့်ခဲ့ရစဉ်က ဖြစ်လေသည်။ အင်အားနည်းပါသူတွေက အစာဖြစ်ပြီး အင်အားကြီးသူများ၏ အစားခံရခြင်းမှာ ဓမ္မတာပင် ဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝလောကကြီး၏ အစာကွင်းဆက် ပင်ဖြစ်လေသည်။ ထိုမျှခက်ခဲသော အကြောင်းများကို မိမိ နားလည်လာစေရန် ဖခင်ကြီးက ကြိုးစား ရှင်းပြပေးခဲ့သည်ကို ဒိုင်ဂိုယခုထက်တိုင် အမှတ်ရလျက်ရှိနေလေသည်။

"ထားပါတော့လေ။ အခုလို ရှားရှားပါးပါး ခရစ်စမတ်နေ့မျိုးမှာ တစ်ခြားပျော်စရာတွေ တွေးကြရ အောင်ပါ"

"ဟုတ်သားပဲ၊ မောင်ရင် တယောယူလာတယ်မဟုတ်လား"

ဆာဇာကီကမေးလိုက်သောကြောင့် ဒိုင်ဂိုက ခေါင်းညိတ်ပြ လိုက်သည်။

"ဟယ် တယ်ဟုတ်ပါလား။ နားထောင်ချင်လိုက်တာ"

ယူရီကိုက လက်ခုပ်လက်ဝါးတီးပြီး တောင်းဆိုလိုက်သည်။

"ဒါဆိုရင် နည်းနည်းတော့ တီးပြပါ့မယ်"

ထို့နောက် ဒိုင်ဂိုက လက်တွင်ပေကျံနေသော ဆီများကို သုတ်လိုက်ကာ အခန်းထောင့်တွင် ထောင်ထားသော တယောကလေးအား ကောက်ကိုင်လိုက်သည်။

"အင်း အခုမှပဲ ကိုယ့်မျက်စိရှေ့မှာ စယ်လိုတယောတီးတာ နားထောင်ဖူးတော့တယ်"

တယောစတီးရန်ပြင်ဆင်နေသော ဒိုင်ဂိုအားကြည့်ကာ ဆာဇာကီက ပြောလိုက်ရင်း ပြုံးပြုံးကြီးလုပ်နေလေသည်။

"မောင်ရင် တီးဝိုင်းတစ်ခုမှာ ဝင်တီးခဲ့ဖူးတယ် မဟုတ်လား"

ဆာဇာကီက ယူရီကိုထံမှ ကြားခဲ့ဖူးသဖြင့် မေးလိုက်ခြင်း ဖြစ်လေသည်။

"ဟုတ်ကဲ့ပါ။ အဲဒီတီးဝိုင်းက မကြာခင်မှာပဲ ပျက်သွားခဲ့ပါတယ်"

ဒိုင်ဂိုက မဲ့ပြုံးတစ်ချက်ပြုံးကာ ပြန်ဖြေလိုက်လေသည်။

"ဘယ်အရွယ်လောက်ကစပြီးလေ့လာခဲ့တာလဲ"

"မူကြိုကျောင်းသားအရွယ်ကတည်းက"

"အတော့်ကိုစောတာပဲ"

"အဖေက လက်ဖက်ရည်ဆိုင် အကြီးကြီး ဖွင့်ထားခဲ့ဖူးတယ်။ ဆိုင်မန်နေဂျာက တယောတီး သိပ်တော်တာဆိုတော့ အဖေက သူ့ကိုအားကျပြီး ကျွန်တော့်ကို ဇွတ်အတင်း လေ့လာခိုင်းခဲ့တာပဲ"

"မောင်ရင့်အဖေက အတော်ခေတ်ဆန်ပြီး သဘောကောင်းတာပဲ"

"ဟင့်အင်း၊ သဘောမကောင်းပါဘူး။ ဆိုင်က စားပွဲထိုး ကောင်မလေးကို ခိုးပြီး အိမ်က တစ်ခါတည်း ပျောက်သွားခဲ့ပါတယ်"

ယခုကဲ့သို့ အပြုံးမပျက်ပြန်ဖြေနိုင်ရန်အတွက် နှစ်ပေါင်း ၃၀ခန့် အချိန်ယူခဲ့ရလေသည်။

"နောက်ပိုင်းမှာ အဖေ့ဆီက ဘယ်လိုမှ အကြောင်းကြား မလာဘူးလား"

"ဟုတ်ကဲ့။ အမေကပဲ ကြိုးစားပြီး ကျွန်တော့်ကို ပြုစုခဲ့တာပါ။ အဖေက တာဝန် သိပ်မဲ့တယ်"

ဒိုင်ဂို၏စကားကိုနားထောင်ရင် ယူရီကို၏ မျက်နှာ ကလေးမှာ ဆွေးရိပ်သန်းလာခဲ့လေသည်။

"အခု ရှင့်အဖေဘယ်မှာရောက်နေသလဲ"

"အင်း"

ဒိုင်ဂိုက ငိုင်တွေ စဉ်းစားနေရင်းမှ ယခုကဲ့သို့ ဆိုလာသည်။

"အင်း အခုလောက်ဆို သေများသွားပြီလား မပြောတတ်ပါဘူး။ အသက်ရှင်နေသေးတယ်ဆိုရင်တောင် ကျွန်တော့်မှာ အဖေ့ကိုတွေ့ချင်တဲ့စိတ်မရှိတော့ဘူး"

ထိုကဲ့သို့ စကားပြောနေစဉ်အတွင်းမှာပင် ပြင်ဆင်၍ ပြီးဆုံးသွားသည်။

"ခရစ်စမတ်နဲ့ဆိုင်တဲ့သီချင်းဆိုရင် ပိုကောင်းမယ်"

"ဘာသာရေး သီချင်းဆိုတော့ ဖြစ်မှဖြစ်ပါ့မလား"

ဒိုင်ဂိုက ဆာဇာကီအား မေးလိုက်သည်။

"နိုး ပလော်ဘလမ်"

ထို့နောက် ပြုံးကာရယ်ကာပင် ဆက်ပြောပြလာသည်။

"ကျုပ်တို့လုပ်ငန်းက ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ မူစလင်ဘာသာရယ်လို့ ခွဲခြားနေလို့မရဘူးလေ"

"ဒါဆိုရင် ဒီသီချင်းကလေးကို ကြိုက်မလား မပြောတတ်ဘူး"

ဒိုင်ဂိုက ကက်ရှုနီ၏ အာဘေးမာရီယာ သီချင်းကို တီးပြလိုက်သည်။ ထိုတေးသံကလေးထွက်ပေါ် လာသည်နှင့် မြေပြင်ထက်ဆီသို့ နှင်းများ တဖွားဖွား ကျဆင်းလာသည့်မြင်ကွင်းကို မြင်ယောင်လာခဲ့ကြလေတော့သည်။ ရုံးခန်းတစ်ခုလုံး သာယာငြိမ့်ညောင်းပြီး လွန်စွာအေးချမ်းချိုမြိန်လှသော တေးသံကလေးက လွှမ်းသွားခဲ့လေတော့သည်။ ဒိုင်ဂိုကတော့တေးသံတွင် နစ်မျောကာ ကြိုးစားပြီး တီးနေလေသည်။

ဆာဇာကီသည်ပင်လျှင် မျက်လုံးများစုံမှိတ်ကာ လက်နှစ်ဘက်ကိုပိုက်ရင်း နားဆင်နေပေသည်။ သူတို့နှင့်အတူ

တေးသွားကို နားဆင်နေသော ယူရီကို၏ပါးပြင်ထက်ဆီမှ မျက်ရည်ဥကြီးတစ်စက် ရုတ်တရက်လိမ့်ဆင်းသွားလေသည်။

နှစ်ကုန်ပိုင်းကာလများသည် အထူးတလည် အလုပ်များခဲ့ကြရလေသည်။ ဆရာတပည့်နှစ်ယောက် အတူတွဲပြီး လုပ်ရသည်ကိုမရှိဘဲ တစ်ယောက်စီခွဲပြီးလုပ်နေကြရလေသည်။ ခရစ်စမတ်နေ့မှစပြီး ဒီဇင်ဘာ ၁ရက်နေ့ အထိ တစ်ပတ်တာအတွင်း ဒိုင်ဂိုသည် အသုဘတော်တော်များများကို သွားလိုက်ရလေသည်။ ခရစ်စမတ်အပြီးနောက်တစ်နေ့တွင် ဒိုင်ဂိုသည် တန်ဖိုးအကြီးဆုံးသော ခေါင်းကိုယူကာ သူဌေးရပ်ကွက် တစ်ခုသို့ သွားခဲ့ရလေသည်။ သေဆုံးသူမှာ ဒိုင်ဂိုနှင့်ရွယ်တူ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ပြင်ဆင်ပေးလိုက်သောအခါ အသက်ရှင်လျက် အိပ်ပျော်နေသည့်အလား ထင်မှတ် ရလေသည်။ ထိုစဉ် မျက်လုံးများနီရဲအောင် ငိုထားသော အိမ်ရှင်အဖိုးအို တစ်ဦးထွက်လာပြီး သူ့မိန်းမခေါင်းထဲသို့ စိန်လက်စွပ်နှင့် ပတ္တမြား ဆွဲကြိုးကလေးကို ထည့်ပေးရန် ပြောလာလေသည်။ အသက်အရွယ်အရ ကြည့်မည် ဆိုလျှင် အဖိုးကြီး၏ နောက်မိန်းမ ဖြစ်ဟန် တူပေသည်။ သေဆုံးသူနှင့် သက်တူရွယ်တူ သားသမီးများက ဘေးတွင်ရှိနေကြပေသည်။

"မလုပ်ပါနဲ့အဖေရယ်"

"အဲဒီဟာတွေက မီးမလောင်ဘူးအဖေရဲ့"

သားသမီးများက အတင်းဝိုင်းပြီးတားကြသည်။

"ဘာပဲဖြစ်ဖြစ် သူကလေးအတွက် ဒါတွေကို ထည့်ပေးလိုက်မှဖြစ်မယ်"

နောက်ဆုံး သားအဖများကြားတွင် ပွက်လောရိုက်အောင် စကားများရန်ဖြစ်ကြပြီး အင်အားချည့်နဲ့သူ ဖခင်ကြီးလက်မှ ရတနာပစ္စည်းများကို သားသမီးများက လုယူနိုင်လိုက်ကြပေသည်။

"ခေါင်းအဖုံးကိုမြန်မြန်ပိတ်ပြီး သံရိုက်လိုက်စမ်းပါ"

သားသမီးများက ဒိုင်ဂိုအားညွှန်ကြားလိုက်ကြသည်။

"ဟုတ် ဟုတ်ကဲ့ပါ"

အလျင်စလိုခေါင်းဖုံးကို သံရိုက်လိုက်သည်နှင့် ဝမ်းနည်းပက်လက် ငိုကြွေးနေရှာသော အဖိုးအိုအား ငေးကြည့်ရင်း ဒိုင်ဂို၏ရင်ထဲတွင် နင့်ကနဲ ခံစားလိုက်ရလေသည်။

အသက်အရွယ်ကြီးရင့်သည့်အတွက် မီးဇာကုန်ဆီခန်း ဆိုသကဲ့သို့ ကွယ်လွန်သွားကြသည့် အဘိုးအိုအဘွားအိုများ၏ အသုဘ ကိစ္စများတွင်ကား ဒိုင်ဂိုအဖို့ မည်သို့မျှမခံစားရပဲ ပေါ့ပေါ့ပါးပါးပင် လုပ်ဆောင်သွားနိုင်ခဲ့ပေသည်။ အသားအရည်များ ရှုံ့တွကာ ပိန်လှီချည့်နဲ့နေသော လူအိုကြီး များအား ထာဝရ အိပ်ပျော်သွားသည့် ပုံစံမျိုးဖြစ်အောင် ပြင်ပေးလိုက်ရုံသာရှိပေသည်။

တစ်ခုသောမြို့သစ်ရှိရပ်ကွက်တစ်ခုတွင် အဖွားအိုတစ်ဦး ဆုံးပါးသွားခဲ့ရာ မြေးဖြစ်သူ အထက်တန်းကျောင်းသူ

တစ်ယောက်က သူ့အဖွားရဲ့မျက်နှာကို မိမိကိုယ်တိုင် အလှပြင်ပေးပါရစေဟု ဆိုလာလေသည်။

"ရပါတယ်ကွယ်။ လုပ်ပါ"

မိန်းကလေးက သူ့အဖွားအား မိတ်ကပ်များ ခြယ်သပေးရုံမျှမက အသားကပ်ခြေအိပ်ကိုပါ ဝတ်ဆင် ပေးလိုက်လေသည်။ သူ့အဖွားမသေခင်က အသားကပ် ခြေအိပ်ကို အလွန်ကြိုက်ကြောင်း သူမက ရှင်းပြပြန်သေးသည်။

နှစ်ကုန်ပိုင်းတွင် အလုပ်များခဲ့ရသော်လည်း ကံကောင်းထောက်မစွာပင် နှစ်ကူးကာလများတွင် အားလပ်နေခဲ့ပေသည်။ သို့ပါသော်လည်း မိမိတစ်ယောက်တည်း ကြိုဆိုခဲ့ရသော နှစ်ကူးကာလများသည် မည်သို့မျှ အဓိပ္ပာယ်မရှိနိုင်တော့ပေ။

နှစ်ဆန်းတစ်ရက်နေ့၏ ကောင်းကင်သည် အထူးပင်ကြည်လင်သာယာလျက် ရှိနေလေတော့သည်။ ထိုကောင်းကင်ကြီးနှင့် မိမိအခန်းအား ဒိုင်ဂိုက နှိုင်းယှဉ်ကာ ကြည့်လိုက်မိသည်။ နှစ်ကုန်ပိုင်းက အထူး သန့်ရှင်းရေး မလုပ်နိုင်ခဲ့သဖြင့် ရှုပ်ပွနေလေသည်။ မီးဖိုချောင်ထဲတွင် ဆေးစရာပန်းကန်များက တောင်လိုပုံ နေကြသည်။

အိပ်ခန်းထဲတွင် ဖရိုဖရဲဖြစ်နေကြသော အိပ်ယာခင်းနှင့် စောင်များ၊ လျှော်စရာအဝတ်အစားများဖြင့် ရှုပ်ပွနေလေတော့သည်။ ယောကျ်ားတစ်ယောက်တည်းနေရသော မိမိအခန်း၏

မြင်ကွင်းကိုကြည့်ကာ ဒိုင်ဂို သက်ပြင်းရှည်ကြီး တစ်ချက် ကို ချလိုက်မိလေတော့သည်။

နောက်တစ်နေ့သို့ ကူးလာသည်နှင့် အလုပ်တစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့လေတော့သည်။ နာရေးပိုင်ရှင်မိသားစုက သုံးပေခွဲအရွယ်ခေါင်းတစ်လုံးကို ပြင်ဆင်ပြီး ယူလာခဲ့ပါရန် မှာကြားလာသဖြင့် ကလေးအသုဘဖြစ်ပုံရလေသည်။

အဆိုပါအိမ်သို့ရောက်သွားသည်အခါ ထင်သည့်အတိုင်းပင် မွေ့ရာပေါ်တွင် မူလတန်းကျောင်းသားငယ်တစ်ဦး၏ အလောင်းကိုတွေ့လိုက်ရလေသည်။ မိဘများက ယူကျုံးမရ ငိုကြွေးနေကြသည်။ ဘေ့စ်ဘောပြိုင်ပွဲတွင်လဲကျပြီး ချက်ချင်း သေဆုံးသွားသည်ဟု သိရလေသည်။ အလောင်း၏ဘေးတွင် ဘေ့စ်ဘောကစားဖော်ကစားဖက် သူငယ်ချင်းများက စုရုံး ရောက်ရှိနေကြလေသည်။ သူတို့အားလုံး ငိုထားသဖြင့် မျက်လုံးများနီရဲနေကြပြီး လက်သီးများဆုပ်ထားကြသည်။

ဖခင်ဖြစ်သူက ဘေ့စ်ဘော အားကစားဝတ်စုံကလေးဖြင့် အလောင်းကို ပြင်ပေးပါဟု ပြောလာသဖြင့် ပြင်ပေးလိုက်ပြီးသည့်နောက်တွင် ထိုဖခင်က ဘေ့စ်ဘောဘောလုံးတစ်လုံးကိုယူပြီး ပေါက်ချလာပြန်သည်။

"ကျွန်တော့်သားက ဘောလုံးဖမ်း အလွန် ဝါသနာပါတယ်။ သူ့အတွက်အမှတ်တရ ဘောလုံးကလေး ထည့်ပေးလို့ရမလားခင်ဗျာ"

ဒိုင်ဂိုလည်း ခဏတဖြုတ် တွေဝေနေခဲ့ပြီးနောက် ဖခင်ဖြစ်သူအား ထည့်ခွင့်ပေးလိုက်လေတော့သည်။ ဖခင် ဖြစ်သူက မျက်ရည်များတသွင်သွင်စီးကျရင်းမှပင် သူ့သားကလေး၏ အေးခဲတောင့်တင်းနေသော လက်ချောင်း ကလေးများအား ကြိုးစားပြီး ဖြန့်ထုတ်နေရှာသည်။ ထိုမြင်ကွင်းကိုကြည့်ပြီး ဒိုင်ဂို၏ရင်တွင်းတွင် စူးနင့်စွာ ခံစားလာရတော့သည်။ မိခင်ဖြစ်သူကမူ သားကလေးအား ဖက်ပြီး ငိုကြွေးနေခဲ့ပြီး ခေါင်းအဖုံးပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် မိုးပြိုမတတ်အော်ဟစ်ကာ ငိုကြွေး ပါလေတော့သည်။

ခေါင်းပြင်ဆရာတို့မည်သည် အများရှေ့တွင်မငိုကြရပေ။ ဒိုင်ဂိုက ထိုမိသားစု၏အဖြစ်ကိုကြည့်ပြီး မငိုမိရန် ကြိုးစားပြီး စိတ်ကိုထိန်းနေမိသော်လည်း မိမိ၏မျက်လုံးအိမ်များတွင် မျက်ရည်ပူတို့က ပြည့်လျှံလာခဲ့လေတော့သည်။

× × × × × × × × × × × × × × × × × × × × × × ×

## အခန်း (၈)

အလုပ်ကိစ္စတစ်ခုဖြင့် ဗင်ကားကလေးကို မောင်းထွက်လာသော ဒိုင်ဂိုသည် ဘေးဘက်သို့ လှည့်ကြည့်လိုက်သောအခါ လယ်ကွင်းထဲတွင် ဘဲငန်းများ အစာကိုလုယက် ထိုးဆိတ်နေကြသည်ကို တွေ့လိုက်ရလေသည်။ နှင်းများကလည်းအရည်ပျော်ကာ သစ်ပင်များထက်တွင် ရွက်နုများဝေနေကြလေသည်။ ယာမဂတ အရပ်သို့ နွေဦးက ရောက်လာခဲ့ပေပြီ။

ထိုနည်းတူစွာပင် ဒိုင်ဂိုသည်လည်း မိမိလုပ်ငန်းတွင် ကျွမ်းကျင်လာခဲ့ပေပြီ။ ဆာဇာကီ အလုပ်အားနေသည့်တိုင် မိမိတစ်ယောက်တည်း သွားရောက်လုပ်ကိုင်တတ်လာခဲ့ပေပြီ။ ယောကျာ်းအလောင်းများ၏ မုတ်ဆိတ်ရိပ်သောလုပ်ငန်းကိုသော်လည်းကောင်း၊ မိန်းကလေးများ၏မျက်နှာကို အလှဆင်သည့် လုပ်ငန်းကိုသော်လည်းကောင်း ပိုင်ပိုင်နိုင်နိုင် လုပ်ဆောင်လာနိုင်ခဲ့ပြီဖြစ်လေသည်။

တစ်အိမ်မှတစ်အိမ်သို့ကူးလေတိုင်း သေဆုံးသူတို့၏ သမိုင်း ဇာတ်ကြောင်း၊ မိသားစုဝင်များ၏ အဖြစ်အပျက်နှင့် ငိုကြွေးပူဆွေးကြပုံများမှာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ အမျိုးမျိုးကွဲပြား ခြားနားလျက်ရှိနေကြလေတော့သည်။

ရှောင်တခင်ထိခိုက်မှု၊ မိမိကိုယ်ကို အဆုံးစီရင်မှုစသည့် ထူးခြားသော နာရေးကိစ္စများတွင် မိသားစုများသည်

အထူးတလည် ပူဆွေးကြသော်လည်း အိုမင်းရင့်ရော်ပြီး ကံကုန်၍ ဆုံးပါးသွားကြသော လူအိုများ၏နာရေးများတွင် လွန်မင်းစွာ ပူဆွေးမနေကြတော့ဘဲ သူအသက်ရှင်နေစဉ်က ကောင်းကွက်ကလေးများကို တသသပြန်ပြောကာ ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းနေသည်ကများလေသည်။

လူအိုတစ်ဦး၏အသုဘတွင်ဖြစ်လေသည်။ ဒိုင်ဂိုက အစစအရာရာ ပြင်ဆင်ပြီးသွားသဖြင့် ခေါင်းကိုဖုံးတော့မည် အပြုတွင် အဘွားအိုတစ်ဦးက ခဏစောင့်ပါဦးဟု လှမ်းတားလိုက်လေသည်။ ထိုအဘွားအိုက မှန်တင်ခုံမှ နှုတ်ခမ်းနီဘူးကိုယူကာ သူ့နှုတ်ခမ်းတွင်ဆိုးလိုက်ပြီးနောက် အဘိုးအို အလောင်း၏ပါးပြင်ကို အားရပါးရ နမ်းရှုံ့လိုက်လေသည်။ ထို့နောက် သားသမီးမြေးမြစ်များကလည်း အဘွားအိုအတိုင်း နမ်းလိုက်ကြသဖြင့် အဘိုးအို၏ ပါးပြင်နှင့်နဖူးတို့တွင် နှုတ်ခမ်းနီစများ ပြည့်နှက်သွားလေတော့သည်။

"ဒါဆိုရင် ဘိုးဘိုးလည်း ပျင်းမှာမဟုတ်တော့ဘူးနော်"

ထိုကဲ့သို့ မြေးလေးတစ်ယောက်က ကောက်ကာငင်ကာ ပြောလိုက်လေသောကြောင့် မိသားစုအားလုံး ငိုရမလိုရယ်ရမလို ဖြစ်သွားကြလေတော့သည်။ ဒိုင်ဂိုလည်း ရယ်မိတော့မလို ဖြစ်သွားပြီးမှ "ကျွန်တော့်ကို အဖုံးပိတ်ခွင့်ပေးပါတော့ခင်ဗျာ" ဟုသာ ခွင့်ပန်လိုက်ရလေတော့သည်။

www.myanmarcupid.net

အလုပ်ကအပြန် တစ်နေ့သောညနေစောင်းတွင် ဖြစ်လေသည်။ ဆည်းဆာရောင် ကောင်းကင်ကြီးအား မော့ကြည့်လိုက်သည့်အခါ တောဘဲငန်းများ လိမ္မော်ရောင် နေဝန်းကြီးဆီသို့ ဦးတည်ပျံသန်းနေကြသည်ကို တွေ့လိုက်ရသည့်အတွက် နွေဦးသို့ ရောက်လာပြီဖြစ်ကြောင်း သဘောပေါက်လာတော့သည်။ ထိုရှုခင်းကိုကြည့်ရင်း ဒီညတော့ ရေချိုးဆိုင်ကိုသွားမှပဲဟု တွေးလိုက်ကာ အိမ်တံခါး ဖွင့်ရန် သော့ပေါက်ထဲသို့ သော့ကို ထိုးသွင်းလိုက်သည်။ ထိုအချိန်တွင် တံခါးက အဆင်သင့်ဖွင့်ပြီးသားဖြစ်နေသည်ကို တအံ့တသြ တွေ့လိုက်ရသည်။ ဝရန်တာတွင်လည်း ကူရှင်များ ခေါင်းအုံးများကို ထုတ်လှမ်းထားပြန်ပေသည်။ သို့နှင့် အခန်းထဲသို့ လှည့်ပတ်ကြည့်ရှုလိုက်သည့်အခါ မိကာက မီးဖိုချောင်ထဲတွင် ပန်းကန်ခွက်ယောက်များ ဆေးကြော နေသည်ကို တွေ့လိုက်ရလေသည်။

"မိကာ"

အိပ်မက်များမက်နေသည်လားဟု ဒိုင်ဂိုကတွေးကာခေါ် ကြည့်လိုက်မိသည်။

"အခန်းသန့်ရှင်းရေး မလုပ်ဘူးနော်"

မိကာက အေးဆေးတည်ငြိမ်စွာပြောလိုက်သည်။

"တစ်ခါတလေတော့"

"တစ်ခါမှ မလုပ်ပါဘူး။ လာညာမနေပါနဲ့"

"နှစ်ခါလောက်တော့လုပ်ပါတယ်"

"အဲဒါ တစ်ခါတလေမှမဟုတ်ပဲ"

နှုတ်ခမ်းကလေး စူနေသည်ကိုကပင် မိကာ၏ အလှတစ်မျိုးပင် ဖြစ်လေသည်။ ဒိုင်ဂိုက ပြုံးပြလိုက်သည်။

"ထင်တဲ့အတိုင်း ကျမ မရှိလို့ကတော့ ဘယ်လိုမှမဖြစ်ပါဘူးလေ"

မိကာ၏စကားကိုကြားလိုက်ရသည့်အတွက် ဒိုင်ဂိုက ပိုပြီး ပြုံးရယ်လာလေတော့သည်။

"ပြီးတော့ မောင့်ကိုပြောပြစရာတစ်ခုလည်းရှိသေးတယ်"

"ဘာလဲ"

မိကာကဘာမှမပြောဘဲ ခဏလောက်ငြိမ်နေလိုက်သည်။ ပြီးမှ

"ကလေးရှိနေပြီရှင့်" ဟုပြောချလိုက်လေသည်။

"ဟယ် ဟုတ်လား။ ဒါဆို ကိုယ် ကလေးအဖေ ဖြစ်ရတော့မယ်ပေါ့"

ဒိုင်ဂိုက စိတ်လှုပ်ရှားသောလေသံဖြင့် အော်ပြောလိုက်ပြီး မိကာ၏ပခုန်းကလေးအား သိမ်းကျုံးဖက်ထားလိုက်သည်။

"ဒါကြောင့်မို့လို့ မဟုတ်မဟတ်အလုပ်တွေကို နားလိုက်ပါတော့မောင်ရယ်"

မိကာက ဒိုင်ဂိုအားစိုက်ကြည့်ရင်းပြောလိုက်လေသည်။

"အယ်"

ဒိုင်ဂိုလည်း ဘာမှပြန်မပြောနိုင်ဘဲ အာစေးမိသွားတော့သည်။

"ကိုယ် ဘာအလုပ်လုပ်တယ်ဆိုတာ ကိုယ့်သားသမီးကို ဖွင့်ပြောဝံ့ပါ့မလား မောင်ရယ်။ နားလိုက်ပါတော့။ မိကာ ပိုက်ဆံမမက်ပါဘူး။ သားအမိသားအဖသုံးယောက် ပျော်ပျော်ပဲ ကောင်းရာကောင်းကြောင်း လုပ်ကိုင်စားသောက် သွားကြပါစို့နော်"

နက်မှောင်သောမျက်ဝန်းကြီးများဖြင့် စိုက်ကြည့်နေသော မိကာအား ဘယ်လိုပြန်ဖြေရမှန်းမသိအောင် အကြံအိုက်နေစဉ်မှာပင် ဒိုင်ဂို၏လက်ကိုင်တယ်လီဖုန်းက ထမြည်လာလေတော့သည်။

"ဟလို၊ ဟုတ်ကဲ့ ကျွန်တော်ပါ။ အခုချက်ချင်း လာခဲ့ရမယ်၊ ဟုတ်လား"

တယ်လီဖုန်း စကားပြောနေသော ဒိုင်ဂိုအား မိကာက စိုက်ကြည့်နေလေသည်။

"ခက်တယ်ဗျာ၊ အခုအချိန်ကြီး။ ဗျာ။ ဒါဆို အခု ချက်ချင်း ထွက်လာခဲ့ပါ့မယ်"

"ကိုယ့်ဇနီး ပြန်ရောက်လာကာစမှာတောင် အလုပ်ကို သွားဦးမလို့လား"

မိကာက မကျေနပ်သည့်ပုံစံမျိုးဖြင့် ပြောလိုက်သည်။

"ရေချိုးဆိုင်က အန်တီဆုံးသွားပြီတဲ့"

ဒိုင်ဂိုကထိုသို့ပြောပြီးနောက် ကုတ်အင်္ကျီကိုပြန်ဝတ်ကာ အပြင်ထွက်ရန်အတွက် ပြင်ဆင်လိုက်လေသည်။

မိကာက ကိုယ်ဝန်သိပ်မပေါ်သေးသည့်အတွက် ဒိုင်ဂိုနှင့် အတူ တက္ကစီကားပေါ်တွင် ထိုင်ပြီး လိုက်ခဲ့လေသည်။ စုယာကိုး ဆုံးသည့်အကြောင်းကို ကြားလိုက်ရသဖြင့် အတော်ကြီး တုန်လှုပ်ချောက်ချားကာ "ကျွန်မလည်း လိုက်ခဲ့မယ်" ဟုပြောပြီး လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

"ဒီဘက်အခန်းကိုကြွပါ"

သုဘရာဇာ ဝန်ထမ်းတစ်ဦး ညွှန်ပြသည့် အခန်းထဲသို့ ဝင်လာခဲ့သည်။

မျက်နှာကို ပဝါဖြူအုပ်ထားသည့် စုယာကိုးက ဧည့်ခန်းအတွင်းရှိ မွေ့ရာထက်တွင် လဲလျောင်းလျှက် ရှိပေသည်။ ဘေးနားတွင် အရပ်မြင့်မြင့်လူတစ်ဦးက ပုခုံးကိုလှုပ်ကာ တရှုံ့ရှုံ့ ငိုကြွေးလျက်ရှိနေလေသည်။ ဒိုင်ဂို၏ ကျောင်းနေဖက်သူငယ်ချင်း ယာမရှိတပင်ဖြစ်လေသည်။ သူ့ဘေးတွင် ဇနီးဖြစ်သူနှင့်သမီးကလေးတို့ကလည်း ငိုကြွေးလျက် ရှိနေကြသည်။

"အာ ဆာဇာကီစံ"

ဒိုင်ဂိုက နောက်ကျသည့်အတွက် တောင်းပန်ပါသည်ဟု သူ့အနားကိုတိုးကပ်သွားပြီး တောင်းပန်လိုက်သည်။ မိကာကမူ "ဩော် ဒိုင်ဂို၏အလုပ်ရှင်ကိုး" ဟုတွေးကာ ဆာဇာကီအား ငေးမောကြည့်ရှုနေလေသည်။

"ညကြီး အချိန်မတော်ခေါ် လိုက်ရတာ အားနာပါတယ်"

"ဒါ ကျွန်တော့် မိန်းမ မိကာပါ။ သူလည်း ဒီရေချိုးဆိုင်ကိုလာဖူးပါတယ်"

ဒိုင်ဂိုက ဆာဇာကီနှင့် ယာမရှိတတို့အား မိမိ၏ဇနီးနှင့် မိတ်ဆက်ပေးလိုက်သည်။ မိကာက သူတို့ကိုကြည့်ကာ ခေါင်းကလေးကိုငုံ့ပြလိုက်သည်။ သို့သော်လည်း ထိုအလုပ်ကို ဒိုင်ဂိုဆက်လုပ်လျှင် သဘောတူသည်ဆိုသော သဘောမျိုးတော့ မဟုတ်ပေ။

"ဘယ်လိုဖြစ်တာလဲ ဆရာ"

"ရေနွေးကြိုဖို့ ထင်းလှည်းကို တွန်းလာရင်း လဲကျသွားရာက တခါတည်း အသက်ပါသွားတာပဲ"

မိကာက စုယာကိုး၏မျက်နှာမှ ပဝါပါးကို လှပ်ကြည့်လိုက်သည်။ သူပြောခဲ့သည့်အတိုင်းပင် မည်သူ့ အကူအညီမှမယူဘဲ သေသည့်တိုင် မိမိတစ်ယောက်တည်း လုပ်ကိုင်သွားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ပခုံးကလေးကိုကျုံ့ပြီး ကြမ်းတိုက်နေရှာသည့် စုယာကိုးကို ပြန်လည်

မြင်ယောင်လာသည့်အတွက် မိကာ၏ပါးပြင်ပေါ်သို့ မျက်ရည်ပူများက လိမ့်ဆင်းလာကြလေတော့သည်။

"အင်း အန်တီခမျာ သေတဲ့အထိတစ်ယောက်တည်း လုပ်ကိုင်သွားရရှာတာပေါ့လေ"

ဒိုင်ဂိုက ညည်းညူပြောဆိုလိုက်သည်။

"အဲ သူမရှိတော့ရင် ဒို့လည်း ဘယ်မှာ ရေသွားချိုးရမှန်းမသိတော့ဘူး"

အိုးနကစံက ထိုကဲ့သို့ညည်းညူနေစဉ် ဆာဇာကီက အလုပ်သေတ္တာကို ဒိုင်ဂို၏ရှေ့တွင်လာချပေးလေသည်။ မင်းဆက်လုပ် ဆိုသည့်သဘောပင်ဖြစ်လေသည်။

"ဟုတ်ကဲ့"

ဒိုင်ဂိုက ဆရာသမား၏အမိန့်ကိုနာခံလိုက်သည်။

"အခုအချိန်ကစပြီး ဆုံးပါးသွားသူ အေးချမ်းစွာ ဘဝကူးခရီးကို ထွက်ခွာနိုင်ဖို့အတွက် ကျွန်တော့်ကို ပြင်ဆင်ခွင့် ပြုစေလိုပါတယ်"

ဒိုင်ဂိုက ဦးညွှတ်ရင်းခွင့်ပန်လိုက်သည်။ ယာမရှိတက သူ့ထက်ပိုပြီး ရိုရိုသေသေပြန်ပြီး ဦးညွှတ်ပြလိုက်သည်။

"အားလုံး အနားကိုလာကြည့်လို့ရပါတယ်"

ဒိုင်ဂိုက ထုံးစံအတိုင်းအရက်ပျံဆွတ်ထားသော ပိတ်ပါးစဖြင့် စုယာကိုး၏ခန္ဓာကိုယ်အား ပွတ်တိုက်

သန့်စင်ပေးသည်။ ထို့နောက် မျက်နှာပေါ်မှ ချွေးစများကို တဘက်ဖြင့် ကြင်ကြင်နာနာသုတ်ကာ မိတ်ကပ်ခြယ်သသည်။ ထို့နောက် ခေါင်းဖြီးပေးလိုက်ပြီးနောက် လက်များကို ဆက်လက် ခြယ်သပေးပြန်လေသည်။ စုယာကိုး၏ လက်များသည် ဒဏ်ရာဗလပွနှင့်ဖြစ်နေစေကာမူ ဒိုင်ဂို၏ ကြင်နာစွာ ပြုစုခြယ်သမှုကြောင့် လှလာကြလေသည်။ မြို့တစ်မြို့လုံးမှ လူများ၏ခန္ဓာကိုယ်ကို သန့်စင်အောင် အမှုထမ်းခဲ့ရှာသော စုယာကိုးအား နောက်ဆုံးတွင် ဒိုင်ဂိုက သန့်စင်အောင် အမှုထမ်းခွင့်ရလိုက်ခြင်းပင်ဖြစ်လေသည်။

"အခု အချိန်ကစပြီး ကွယ်လွန်သွားသူကို နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ မိသားစုများက ပိတ်ပါးစနဲ့ သန့်စင်ပေးကြဖို့ ဖြစ်ပါတယ်"

ပထမဆုံး ယာမရှိတက ထွက်လာပြီး မျက်ရည်လည်ရွဲနှင့် တဖွဖွတောင်းပန်ရင်း စုယာကိုး၏ မျက်နှာအား ပိတ်ပါးစဖြင့် ပွတ်တိုက်ပေးသည်။ ထို့နောက် ဇနီးဖြစ်သူနှင့် မြေးကလေးတို့က ဆက်တိုက် လုပ်ဆောင်ကြသည်။ နောက်ဆုံးတွင် မိကာက ဒိုင်ဂို၏ ရှေ့တွင် ရိုရိုသေသေ ဒူးထောက်ပြီး ပိတ်ပါးစကလေးကို လက်ခံယူလိုက်သည်။ ထို့နောက် စုယာကိုး၏ လက်ကလေးအား ကြင်နာစွာ သုတ်ပေးနေစဉ်အတွင်း မျက်ရည်များက စီးကျလာလေတော့သည်။

ဒိုင်ဂိုကနောက်ဆုံးပိတ်အလုပ်ပြင်ပြီးသွားသည့် အချိန်တွင် မြေးကလေး ရှိအိုးရီက ရုတ်တရက်ပြောလိုက်သည်။

"ဘွားဘွားကသိပ်လှလာတယ်နော်"

အမေဖြစ်သူက သမီးလေးအား ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်ချိန်တွင် ယာမရိုတမှာ အံကြိတ်ရင်း လက်သီးကိုဆုပ်လျက်ရှိနေလေတော့သည်။

နောက်တစ်နေ့ သင်္ဂြိုဟ်ရက်တွင် ဒိုင်ဂိုကော မိကာပါ လိုက်ပါပို့ဆောင်ပေးကြသည်။ နေအိမ်မှ မွန်းလွဲ ၂နာရီခန့်တွင် နိဗ္ဗာန်ယာဉ်ဖြင့် ပို့ဆောင်ခြင်းဖြစ်သည်။

"မီးသင်္ဂြိုဟ်ပြီးသွားတဲ့အထိ လိုက်ပေးလို့ရမလား"

ဆာဇာကီက ဒိုင်ဂိုအားမေးကြည့်လိုက်သည်။ ဆာဇာကီ မခိုင်းသည့်တိုင် မိမိတို့လင်မယားက လိုက်ပို့ရန် ဆုံးဖြတ်ထားပြီးဖြစ်လေသည်။

"ဟုတ်ကဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံး လိုက်ပို့ကြမှာပါ"

"ဒါဆို ရေချိုးဆိုင်က အဒေါ်ကြီး ပိုပျော်သွားရှာမှာပေါ့"

ဆာဇာကီက ထိုကဲ့သို့မှာကြားပြီးနောက် ကားမောင်းကာ အိမ်သို့ ပြန်သွားလေသည်။ ဒိုင်ဂိုတို့လင်မယားသည် နိဗ္ဗာန်ယာဉ်နောက်ပိုင်းရှိ ထိုင်ခုံများပေါ်သို့ ဝင်ထိုင်လိုက်ကြသည်။ ဒိုင်ဂိုက ဘေးတွင်ထိုင်ရင်

လိုက်ပါလာသော မိကာ၏မျက်နှာကလေးအား ကွက်ခနဲ လှည့်ကြည့်လိုက်သည်။ ယမန်နေ့ညက စုယာကိုး၏ ဈာပန ကိစ္စအပြီးပြန်လာကတည်းက ဒိုင်ဂို၏လုပ်ငန်းအကြောင်းကို တစ်ခွန်းမှ မဟတော့ပေ။ အလုပ်အကြောင်းသာမက မွေးလာမည့် ရင်သွေးလေးအကြောင်းကိုလည်း ပြောမလာခဲ့ပေ။ မိကာ၏အခြေအနေကိုအကဲခတ်ရင်း ဒိုင်ဂိုကလည်း တစ်ခွန်းမျှစမပြောတော့ပေ။ မပြောမဖြစ် ပြောကိုပြောရမည့် စကားများရှိနေသော်လည်း ယခု စုယာကိုး၏ အသုဘအတွင်း မပြောသေးဘဲ အောင့်အီးကာ နေလိုက်ရလေသည်။ ကားထဲတွင် ယိမ်းယိုင်လိုက်ပါရင်း မကြာမီ မီးသင်္ဂြိုဟ်စက်ဆီသို့ ရောက်ခဲ့ကြလေသည်။ လယ်ကွင်းထဲတွင် ထီးတီးရပ်တည်နေသော မီးသင်္ဂြိုဟ်စက် အသေးစားကလေးပင်ဖြစ်လေသည်။

ဘာလိုလိုနှင့် စုယာကိုးနှင့် နောက်ဆုံးခွဲရမည့်အချိန်သို့ ရောက်လာခဲ့လေတော့သည်။ ခေါင်းအဖုံးဖွင့်ထားသော စုယာကိုး၏ အလောင်းခေါင်းရင်းတွင်ချထားသော ဘုရားစင်ကလေးရှေ့တွင် ယာမရှိတက သေတမ်းစာကို စဖတ်လေသည်။ ဒိုင်ဂိုကမူ သူတို့မိသားစု အားရပါးရ နှုတ်ဆက်စေလိုသောကြောင့် အပြင်ဘက်ရှိ ဝရန်တာဘက်ဆီသို့ ထွက်လာခဲ့လေသည်။ ဆိတ်ငြိမ်ပြီး မှောင်ပျပျနှင့် အေးစက်နေသော ဝရန်တာတွင် ဒိုင်ဂိုတို့၏ ဖိနပ်သံများက ထင်ရှားစွာ ပေါ် ထွက်နေကြလေသည်။

ဝရန်တာ၏အတွင်းဘက်တစ်နေရာတွင် သင်္ချိုင်းစောင့် လုပ်သားကြီးတစ်ယောက်က အသင့်ရပ်ပြီးစောင့်နေသည်ကို တွေ့လိုက်ရလေသည်။ မထင်မရှား မှုံဝါးဝါးသာ မြင်တွေ့ရသော ထိုသင်္ချိုင်းစောင့်လုပ်သားကြီးမှာ ပုပုပြတ်ပြတ် အဘိုးအိုကြီး တစ်ယောက်ပင်ဖြစ်လေသည်။ အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွားရောက်ကြည့်လိုက်သည့်အခါ မည်သူမည်ဝါ ဖြစ်သည်ကို ထင်ထင်ရှားရှား တွေ့လိုက် ရလေတော့သည်။

"ဟင်"

ဒိုင်ဂို၏ပါးစပ်မှ ယောင်ယမ်းထွက်သွားခဲ့လေသည်။ အပြာရင့်ရောင် ယူနီဖောင်းဝတ်ဆင်ထားသူမှာ မိမိ၏ အသိမိတ်ဆွေကြီး ဟိရာဒါဖြစ်နေလေသည်။ သူက သင်္ချိုင်း မီးသဂြိုဟ်စက်တွင် အလုပ်လုပ်နေသည် မဟုတ်ပါလား။

"ကျေးဇူးပါပဲကွယ်"

"ဟယ် ဦးက ဒီမှာအလုပ်လုပ်တာလား"

ဟိရာဒါက ပြုံးပြုံးကြီးကြည့်ရင်း ခေါင်းညိတ်ပြ လိုက်လေသည်။

"ကဲ ကဲ အားလုံး ကန်တော့ကြရအောင်"

ဟိရာဒါက ယာမရှိတတို့ မိသားစုအား ပြောကြားလိုက်ပြီးနောက် မိမိကိုယ်တိုင်လည်း လက်အုပ်ချီ လိုက်လေတော့သည်။ မိသားစုအားလုံး တစ်ယောက်စီ

ကန်တော့ပြီးသွားသောအခါ ခေါင်းကို မီးသင်္ဂြိုဟ်စက်ခန်းထဲသို့ ထည့်ပြီး သံတံခါးများကိုပိတ်ရန် ကိုင်လိုက်လေသည်။ သို့ပါသော်လည်း တုန်ရီနေသော သူ့လက်များက တော်တော်နှင့် မပိတ်နိုင်အောင်ဖြစ်နေရလေသည်။ ထို့နောက် သတိပြန်ဝင်လာကာ သံတံခါးကြီးအား ဂျောင်းခနဲ ဆောင့်ပိတ်လိုက်လေတော့သည်။

"အစစအရာရာ ကျေးဇူးတင်ပါတယ် အမကြီးရယ်"

ဟိရာဒါက မျက်လုံးများကို စုံမှိတ်ကာ နှုတ်ဆက်လိုက်သည်။

"အောင်မယ်လေး အမေရဲ့"

ယာမရှိတက ရုတ်တရက်ထပြီး အော်ငိုလိုက်လေသည်။

သူက ကြမ်းပြင်ပေါ်တွင် ဒူးထောက်ချလိုက်ပြီး အကြိမ်များစွာ ကုန်း ကန်တော့နေလေသည်။ ဟိရာဒါက အားလုံးကို အရိုအသေပေးလိုက်ပြီး နောက်ခန်းဘက်သို့ ဆက်လျှောက်သွားလေသည်။ ဒိုင်ဂိုနှင့် မိကာတို့က နောက်မှ ကပ်လိုက်သွားကြလေသည်။ ထိုစဉ် ယာမရှိတက ရုတ်တရက် ထလိုက်ပြီး ဟိရာဒါ၏နောက်သို့ ပြေးလိုက်လာလေသည်။ ဒိုင်ဂိုနှင့် မိကာတို့ကလည်း စိုးရိမ်တကြီးနှင့် ငေးမောကြည့်ရှုနေကြလေသည်။ သတိပြန်လည်လာခဲ့သည် မှန်သော်လည်း ဟိရာဒါက မီးရှို့ခလုတ်ကိုကိုင်ထားသည့်တိုင် တော်တော်နှင့် မနှိပ်နိုင်အောင် ဖြစ်နေရလေတော့သည်။ ထိုစဉ်

ယာမရိုတ ရောက်လာပြီး သူ့မိခင်ကြီး၏နောက်ဆုံးခရီးကို ကြည့်ပါရစေဟု ဟိရာဒါအား တောင်းပန်လိုက်သည်။ ဟိရာဒါက သူ့ကို ကရုဏာသက်စွာကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ယာမရိုတက ဦးညွတ်ကာအရိုအသေပေးလိုက်သည်။

"အင်း လူ့ဘဝဆိုတာက ရှေ့ဘာဖြစ်လာမယ်ဆိုတာ ဘယ်သူမှကြိုသိနိုင်ကြတာ မဟုတ်ဘူးလေ"

ဟိရာဒါက ဖြည်းဖြည်းချင်းပြောလာခဲ့လေသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလက ကျုပ်နဲ့ စုယာကိုးတို့ နှစ်ယောက်တည်း ခရစ်စမတ်ပါတီလေးတစ်ခုကို သူ့အိမ်မှာ ကျင်းပဖြစ်ခဲ့ကြတယ်။ အခုလို အသက်အရွယ် အိုမင်းလာကာမှ ဘာဖြစ်လို့များ ကျင်းပရတာပါလိမ့်လို့ ကျုပ်လည်း အံ့သြမဆုံးအောင် ဖြစ်နေမိတာပေါ့။ နောက်ဆုံး မှာတော့ သူက ကိတ်မုန့်လေးတစ်လုံးဝယ်လာပြီး ဖယောင်းတိုင် ကို မီးညှိလိုက်ပြီး လက်အုပ်ချီ ဆုတောင်းလိုက်တယ်"

ဟိရာဒါက တော်တော်နှင့် ခလုတ်မနှိပ်နိုင်အောင် ဖြစ်နေလေတော့သည်။

"ကျုပ် သည်မှာ အလုပ်လုပ်ရင်း လူတော်တော်များများကို နှုတ်ဆက်ခဲ့ပြီးပြီ။ အမှန်တော့ သေခြင်းတရားဆိုတာ တံခါးဝတစ်ခုလိုပါပဲကွယ်"

ယာမရှိတက ဟိရာဒါ၏စကားကို ငြိမ်ပြီး နားထောင်နေခဲ့ပေသည်။ ဒိုင်ဂိုနှင့် မိကာတို့က ဟိရာဒါ ဆက်ပြောလာမည့် စကားများကို စောင့်ဆိုင်းနေကြလေသည်။

"သေဆုံးသွားတယ်ဆိုတာ တစ်ခါတည်း အပြီးအပိုင် နိဂုံးချုပ်သွားတာ မဟုတ်ဘူး။ သေခြင်းတရားကိုဖြတ်သန်းပြီး နောက်ဘဝကို ဦးတည် လျှောက်လှမ်းကြရပြန်တယ်။ ဒါကြောင့်မို့လို့ ကျုပ်က သေခြင်းတရားကို ဂိတ်တံခါးလို့ ဆိုတာပေါ့။ မဟုတ်ဘူးလား"

ယာမရှိတကော ဒိုင်ဂိုတို့က ပြိုင်တူပင် ခေါင်းညိတ်ပြလိုက်ကြလေသည်။

"အမှန်တော့ ကျုပ်ဟာဒီနေရာမှာ ဂိတ်ပေါက်စောင့်တဲ့ အလုပ်ကို လုပ်နေရတာပါပဲ။ လူပေါင်းများစွာကို သွားပေဦးတော့နော။ နောက်မှပြန်ဆုံကြသေးတာပေါ့လို့ နှုတ်ဆက်နေရတာပါပဲ"

ဟိရာဒါက ငိုရမလို ရယ်ရမလိုစကားများကို ပြောဆိုနေရင်းမှပင် ခလုတ်ကို နှိပ်လိုက်လေတော့သည်။ မီးတောက်ကြီးက စုယာကိုး၏အခေါင်းကို အရှိန်ကြီးမားစွာ လောင်ကျွမ်းလာခဲ့လေတော့သည်။ ဟိရာဒါ၏ ပါးပြင်ထက်ဆီသို့ မျက်ရည်များ စီးကျလာလေတော့သည်။ ယာမရှိတကတော့ ထုံးစံအတိုင်း နောက်တစ်ကြိမ် အော်ငိုလိုက်လေတော့သည်။

တစ်ယောက်တည်း မီးသဂြိုဟ်စက်မှထွက်လာသော မိကာက စက်ခေါင်းတိုင်မှ မိုးပေါ် သို့ထောင်တက်နေသော မီးခိုးတန်းကြီးအား မော့ကြည့်လျက်ရှိနေလေသည်။

"ကဲ ပြန်ကြစို့"

ဒိုင်ဂိုက ဟိရာဒါနှင့် ယာမရှိတတို့ကို နှုတ်ဆက်ပြီးနောက် ပြန်ထွက်လာကြလေတော့သည်။

"အင်း တော်ပါသေးရဲ့နော်"

ရေကာတာဘောင်ပေါ် တွင်လျှောက်လှမ်းရင်း မိကာက ပြောလိုက်သည်။

"ဘာကိုပြောတာလဲ"

"ဩော် ရေချိုးဆိုင်ကို ဆက်ဖွင့်ထားမယ်ဆိုတာကို ကြားခဲ့ရလို့ပါ"

"နောက်တစ်ခါထပ်သွားကြစို့လား"

မရဲတရဲလှမ်းမေးသော ဒိုင်ဂိုအား မိကာကချက်ချင်းပင် ခေါင်းညိတ်ပြလိုက်လေသည်။ ဆည်းဆာ၏ နေရောင်ခြည်များ ထိုးကျနေသော မိုးဂါဝါမြစ်၏ ရှုခင်းသည် လှချင်တိုင်း လှနေလေတော့သည်။

မိကာက မြစ်ကမ်းပါးတွင် ဘဲငန်းနှစ်ကောင်ကို တွေ့လိုက်ရသည်။ တစ်ကောင်နှင့်တစ်ကောင် လည်ချင်း ယှက်နေကြလေသည်။

"'လင်မယားစုံတွဲ ထင်ပါရဲ့နော်"

"ဆောင်းကုန်တာနဲ့ ရှေ့ဆက်ရမယ့် ခရီးရှည်ကြီးအတွက် အချစ်စမ်းနေကြတာလား မပြောတတ်ပါဘူးကွယ်"

ဒိုင်ဂိုက ရှင်းပြလိုက်သည်။ ပြက္ခဒိန်အရမူ နွေဦးရာသီသို့ ဝင်ခဲ့ပြီးဖြစ်လေသည်။ မိကာက 'ဟယ်' ဟု စိတ်ဝင်တစား ပြောလိုက်လေသည်။

"အေးချမ်းသော ဆောင်းရာသီပြီးရင် မလွဲမသွေ နွေးထွေးသော နွေဦးဖြစ်လတ္တံ့တဲ့"

ဒိုင်ဂိုက ရှေ့သိုဦးတည်ကြည့်ရှုကာပြောလိုက်ပြန်သည်။

"မောင် ဘာကိုဆိုလိုတာလဲ ဟင်"

"ဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ပါး မိန့်ကြားခဲ့တဲ့စကားပါကွယ်။ ကိုယ်ခုတလော အဲဒီစကားကိုပဲ စွဲနေမိတယ်"

ဒိုင်ဂို၏မျက်စိထဲတွင် နီမြန်းနေသော တောင်တန်းကြီး၏ ပုံရိပ်က စွဲထင်ဟပ်လျက်ရှိနေလေသည်။

"နေ့စဉ်နေ့တိုင်း လူသေတွေကို ထိတွေ့ကိုင်တွယ်နေရလို့လား မသိပါဘူးကွယ်။ ကိုယ်လေ ရှင်သန်မှုရဲ့ သဘောတရားကိုပိုပြီး သဘောပေါက် နားလည်လာသလို ခံစားလာရတယ်။ ဝမ်းနည်းကြေကွဲမှု ဆိုတာမျိုးက ထာဝရ ဆက်ပြီးရှိနေတာမှမဟုတ်တဲ့။ ဒီလိုတွေးလိုက်တော့လဲ ရှင်သန်နေတဲ့ လူ့ဘဝဟာ ပျော်စရာကြီးပေါ့"

"ဒါကြောင့်မို့ မိန်းမက စွန့်ပယ်သွားတာတောင် ဆက်ပြီးကြိုးစားနေနိုင်တာပေါ့နော်"

မိကာက နောက်သလို၊ ပြောင်သလို ပြောလိုက်သည့် အချိန်တွင် ဒိုင်ဂိုက ရယ်ချလိုက်လေသည်။

"အင်း ဒါလည်းဟုတ်လိမ့်မယ်"

ဒိုင်ဂိုက ထိုသို့ပြောပြီးနောက် မြစ်ကမ်းပါးဘက်သို့ ပြေးထွက်သွားလေသည်။

"ဘာလုပ်နေတာလဲ မောင်"

နောက်မှပြေးလိုက်လာသည့် မိကာက မေးလိုက်သည့် အချိန်တွင် ဒိုင်ဂိုက ကုန်းပြီး တစ်ခုခုကိုရှာဖွေနေခဲ့လေသည်။

"ဟုတ်ပြီ။ ဒီမှာတွေ့ပြီ"

ဒိုင်ဂိုက ကျောက်တုံးကလေးတစ်တုံးကို ကောက်ယူလိုက်သည်။ လက်တွင်ဆုပ်ကိုင်ထားပြီး တစ်ခုခုကို ဆုတောင်းနေသည့် သဘောဖြင့် မျက်စိကိုမှိတ်ထားလိုက်သည်။

"ဟုတ်ပြီ"

ထို့နောက် မိကာအား လှမ်းပေးလိုက်သည်။

"အဲဒါက ဘာကြီးလဲ"

"စကားပြောတဲ့ ကျောက်ခဲလေ"

"စကားပြောတဲ့ကျောက်ခဲဆိုတာက ဘာလဲမောင်"

မိကာက ဘုမသိဘမသိဖြင့် ယူသာယူထားလိုက်ရသည်။ တစ်ခါမျှမကြားဘူးသဖြင့် ပြန်မေးလိုက်လေသည်။

"ရှေးရှေးတုန်းကပေါ့ကွယ်။ လူတွေစာလုံးတွေ မရေးတတ်သေးတဲ့ အလွန်ဝေးကွာလှတဲ့ ရှေးအခါကပေါ့။ အဲဒီတုန်းက လူတွေဟာ မိမိရဲ့ခံစားချက်နဲ့ကိုက်ညီတဲ့ ကျောက်တုံးကလေးတွေကိုရှာပြီး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ပေးပို့ခဲ့ကြသတဲ့။ လက်ခံရရှိတဲ့သူက အဲဒီ ကျောက်တုံးကလေး ကို ဆုပ်ကိုင်ပြီး သူ့ရဲ့ထိတွေ့မှုနဲ့ အလေးအပေါ့ကို တွက်ကာ အဝေးတစ်နေရာက မိတ်ဆွေရဲ့ စိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာကို မှန်းဆ ကြတယ်တဲ့။ ကျောက်တုံးကလေးက ချောမွေ့နေရင်တော့ တစ်ပါးသူရဲ့စိတ်ထဲမှာအေးချမ်းကြည်နူးနေတယ်၊ ကြမ်းတမ်းပြီး အဖုအထစ်တွေပါနေရင်တော့ ပူပင်သောကတွေ များနေတယ်လို့ တွက်ဆခဲ့ကြတာပေါ့"

မိကာက လက်ထဲတွင်ရောက်နေသော ကျောက်တုံးကလေးအား ကိုင်ကြည့်လိုက်သည်။ လုံးဝိုင်းချောမွေ့နေသော ကျောက်တုံးကလေးပင်ဖြစ်လေသည်။ မိကာက ကျောက်တုံးကလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း စောစောကဒိုင်ဂိုလုပ်သည့်အတိုင်း မျက်စိများကို စုံမှိတ်ကာ လေးလေးနက်နက်တွေးကြည့်နေမိလိုက်သည်။

"ဘယ်လိုခံစားရသလဲကွဲ့"

"ဒါက လျှို့ဝှက်ထားရမှာလေ။ ဒါပေမယ့် အတော့်ကို ကြည်နူးဖို့ကောင်းတာပဲ။ ဒီလိုအတတ်မျိုးကို ဘယ်သူ့ဆီက လေ့လာခဲ့တာလဲ"

"အဖေ့ဆီက"

"ဒါဆို ဟိုခဲတတ်ပြားစင်ပေါ် မှာတင်ထားတဲ့ ကျောက်တုံး ကလေးကလည်း"

"အဖေ့ဆီက ရခဲ့တာပဲပေါ့"

"ဟယ် ကျမဖြင့် တကယ့်ကိုမသိခဲ့ဘူး"

အမြတ်တနိုး သိမ်းဆည်းထားသော ထိုကျောက်တုံး ကလေးတွင် လေးနက်သော အဓိပ္ပာယ်များပါဝင်နေလိမ့်မည်ဟု မိကာက သိမထားခဲ့ပေ။

"နှစ်စဉ်နှစ်တိုင်း ကျောက်တုံးတစ်တုံးစီ ပို့ပေးမယ်လို့ ကတိပေးထားခဲ့ပေမယ့် ဒီတစ်တုံးပဲနောက်ဆုံး ပေးသွားခဲ့တယ်။ အတော်ရက်စက်တဲ့အဖေပဲ"

ဒိုင်ဂိုက မိမိရှေ့တွင်ရှိသော ကျောက်တုံးတစ်တုံးအား ကောက်ယူပြီး မြစ်ပြင်ဆီသို့ ပစ်ပေါက်လိုက်သည်။ ပလုံဟူသော ရေသံထလာချိန်တွင် လိမ္မော်ရောင် ကောင်းကင်ထက်ဆီတွင် အဖြူရောင်ဘဲငန်းတို့က အုပ်ဖွဲ့ကာ ပျံသန်းသွားကြလေသည်။

xxxxxxxxxxxxxxxx

## အခန်း (၉)

ဗိုက်ကလေးယောင်ပွပွဖြစ်လာနေသော မိကာက အိမ်သန့်ရှင်းရေး အလုပ်ကို ကြိုးစားပြီး လုပ်လျက် ရှိနေလေသည်။ ကိုယ်ဝန်ဆောင်ချိန်တွင် ကျန်းမာရေးအတွက် လှုပ်လှုပ်ရှားရှား နေသင့်သည်ဟုတွေးဆကာ နေသာသောနေ့ ဖြစ်သည့်အလျောက် တစ်နေကုန် သန့်ရှင်းရေးလုပ်ရန် ဆုံးဖြတ်ထားလေသည်။

"ဟယ်၊ ဟုတ်သားပဲ။ ဒါလေးကျန်သေးတာပဲ"

မပြုမပြင် မထိန်းသိမ်းဘဲ ပစ်ထားခြင်းခံခဲ့ရရှာသော ကျောက်တုံးကလေးကို ကောက်ယူကာ ဖုန်များကိုဆေးကြော သန့်စင်ကာ ခုတ်ပြားစင်ပေါ် သို့တင်လိုက်သည်။

ထို့နောက် ဒိုင်ဂိုငယ်စဉ်ကတီးလာခဲ့သော စယ်လို တယောဘူးကလေးအား ဘေးတွင် ထောင်ထားလိုက်လေသည်။

"ဗိုက်ထဲက ကလေးလေးလှလာဖို့အတွက် မောင် နေ့တိုင်း တယောတီးပြရမယ်နော်"

"အွန်း"

နှစ်ယောက်သား အပြုံးချင်း ဆိုင်လိုက်ကြသည်။ မိကာက လက်နှစ်ဘက်ဖြင့် သူ့ဗိုက်ကလေးကို ကြင်နာစွာ ပွတ်သပ်နေလေသည်။

သို့နှင့် အေးချမ်းသောနေ့များက ဆက်တိုက်ဖြစ်ပေါ်နေခဲ့လေတော့သည်။ တစ်ခုသောနံနက်တွင် မိကာက လင်တော်မောင် အလုပ်သွားစဉ် အပြုံးဖြင့်နှုတ်ဆက်ကာ ဘုရားပန်းအိုးများ ပြင်ဆင်နေချိန်တွင် အောက်ထပ်မှ မော်တော်ဆိုင်ကယ်သံကို ကြားလာရလေသည်။

“ဒါ ကိုဘာဝယာရှိစံတို့အိမ်ပါလားခင်ဗျာ”

“ဟုတ်ကဲ့”

“ကာဇူကိုစံနာမည်နဲ့ ကြေးနန်းတစ်စောင် ရောက်လာပါတယ်”

“အယ်”

ကာဇူကိုဆိုသည်မှာ ဒိုင်ဂို၏မိခင်ကြီးပင်ဖြစ်လေသည်။ ကွယ်လွန်သွားခဲ့ပြီးဖြစ်သည့်တိုင်အောင် အဘယ့်ကြောင့်များ ကြေးနန်းကရောက်လာရပါသနည်း။

“ကာဇူကိုစံ မရှိပါဘူးလားခင်ဗျာ”

“အမေက လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဆုံးသွားပြီရှင့်”

ယခုတစ်ကြိမ်တွင် စာပို့လုလင်က တအံ့တဩဖြစ်သွားရလေတော့သည်။

“အယ်”

“ဘယ်ကရောက်လာတဲ့ ကြေးနန်းပါလဲရှင်”

မိကာက မေးလိုက်သည့်အတွက် စာပို့လုလင်က ကြေးနန်းပို့သည့်လိပ်စာကို ဖတ်ပြလိုက်သည်။

"ယူရပှာမ ငါးလုပ်ငန်းသမဝါယမကပါ"

"ဘယ်က ယူရပှာမငါးလုပ်ငန်းသမဝါယမကပါလိမ့်"

"ပြန်ရောက်လာပါပြီ"

ဒိုင်ဂိုက မွန်းလွဲအချိန်လောက်တွင် အလုပ်ပြီးစီးသဖြင့် ရုံးခန်းသို့ပြန်ရောက်လာခဲ့သည်။ ထိုအခါ ယူရီကိုက အပြေးကလေးထွက်လာပြီး မေးလိုက်သည်။

"ရှင် လက်ကိုင်ဖုန်းကို တောက်လျှောက် ပိတ်ထားခဲ့တာလား"

"ဟုတ်တယ်လေ။ အလုပ်ချိန်အတွင်းဆိုတော့ ပိတ်ထားရတာပေါ့"

အိပ်ကပ်ထဲတွင် လက်ကိုင်တယ်လီဖုန်းကိုရှာနေသော ဒိုင်ဂိုအား ယူရီကိုကပြောလိုက်သည်။

"ရှင်ထွက်သွားပြီး မကြာခင်ပဲ ရှင့်မိန်းမဆီက တယ်လီဖုန်းလာတယ်။ အခုချက်ချင်းသူ့ဆီကို ပြန်ဆက်သွယ်ပါတဲ့"

"ဘာများပါလိမ့်"

ခေါင်းကလေးစောင်းပြီး ငိုင်တိုင်တိုင်ဖြစ်နေသော ဒိုင်ဂိုအား ယူရီကိုက

"အဖေ ဆုံးသွားပြီဆိုလားပဲ"ဟု ပြောပြလိုက်သည်။

"ဘယ်သူ့အဖေလဲ"

ဒိုင်ဂိုက ပါးစပ်အဟောင်းသားဖြစ်ကာ မေးလိုက်သည်။

"ရှင့်အဖေလေ"

"ဘယ်လိုဖြစ်တာပါလိမ့်"

အဆက်အသွယ်ဖြတ်ထားသော ဖခင်က အဘယ့်ကြောင့်များ အခုအချိန်မှ အကြောင်းကြားလာရပါလိမ့်။ သံသယစိတ် များက တဖွားဖွားပေါ် လာကြလေတော့သည်။

"ဒါကြောင့်မို့ ရှင့်ဇနီးဆီ မြန်မြန်ပြန်ဆက်ဖို့ ကောင်းတာပေါ့"

"ဟုတ်ကဲ့"

အိမ်သို့ ဖုန်းဆက်ကြည့်သော်လည်း တော်တော်နှင့် မကိုင်သည့် အတွက် မိကာ၏လက်ကိုင်ဖုန်းအား လှမ်းဆက် လိုက်ရသည်။ အသင့်စောင့်နေသည့်အလား တစ်ဖက်မှ ချက်ချင်းပြန်ခေါ် လာခဲ့လေသည်။ ဒိုင်ဂိုအလုပ်သွားပြီး မကြာခင်မှာပင် ကြေးနန်းတစ်စောင်ရောက်လာခဲ့သည်ဟု ပြောလာသည်။

"ဒါနဲ့ ကျွန်မလည်း ငါးလုပ်ငန်းသမဝါယမကို ဖုန်းဆက်ပြီးမေးကြည့်တော့ မောင့်အဖေ ရုတ်တရက်လဲကျပြီး ဆုံးသွားတာကို သိလိုက်ရတယ်"

မိကာက အလောတကြီးပြောလာခဲ့လေသည်။

"ဒါပေမယ့် အခုအချိန်ကျမှ အဖေလို့ပြောလာခဲ့ပေမယ့် ဘာမှမထူးတော့ပါဘူးကွာ။ အနှစ်သုံးဆယ်ကြီးများတောင် ကွဲနေခဲ့တာပဲ မဟုတ်လား။ တို့ဆီကိုဆက်မယ့်အစား သူနဲ့အတူ ခိုးရာလိုက်သွားတဲ့ နောက်မိန်းမဆီဆက်သွယ်တာက ပိုကောင်းမှာပေါ့"

မိကာထက်ပင် ဒိုင်ဂိုက ပိုပြီးသွေးအေးနေပေသည်။ သူ့ဖခင်မှာ တစ်နေရာရာဆုံးသွားခဲ့ပြီဟုလည်း ထင်ထားခဲ့ပေသည်။

"သူ့မှာ ဘယ်မိန်းမမှ မရှိဘူးတဲ့။ တစ်ယောက်တည်း တောက်လျှောက်နေသွားခဲ့တာလို့ ပြောတာပဲ"

မိကာကဆိုလာသည်။

"ဆွေမျိုးသားချင်းတွေ မရှိဘူးဆိုရင်တော့ နက်ဖြန် သူတို့ဘာသာ သင်္ဂြိုဟ်ပစ်မယ်တဲ့။ မီချင်ရင်တော့ ဒီနေ့လာမှ ဖြစ်မယ်လို့ ဆိုတာပဲ။ အလောင်းကို သမဝါယမရုံးခန်းထဲမှာ ထား ထားတယ်လို့ ဆိုတာပဲ"

"သူတို့သန်းခေါင်စာရင်းထဲမှာလဲ မရှိတော့ဘူး။ သင့်သလိုသာ လုပ်လိုက်ကြပါလို့ ပြန်ပြီးဆက်လိုက်ပေါ့ကွယ်"

ထိုသို့ပြောပြီးနောက် ဒိုင်ဂိုက တယ်လီဖုန်းခလုတ်ကို ပိတ်ချလိုက်လေသည်။

"ရှင် သွားကိုသွားရမယ်"

စောစောကတည်းက ဘေးမှနားထောင်နေသော ယူရီကိုက အလောတကြီးတိုက်တွန်းလာလေသည်။

"မဖြစ်ပါဘူးဗျာ။ ညနေပိုင်းမှာလည်း အလောင်း တစ်လောင်း ပြင်စရာရှိသေးတယ် မဟုတ်လား။ သူစိမ်းတစ်ယောက်လို ဖြစ်နေမှတော့ မထူးတော့ပါဘူး"

"ဘာပဲဖြစ်ဖြစ် ရှင်သွားသင့်တယ်"

ယူရီကိုက တောင်းပန်သည့်လေသံဖြင့် ပြောလာပြန်သည်။ ထို့နောက် ခေါင်းကလေးကိုငုံ့ပြီး မျက်ရည်တွေ တသွင်သွင် ကျဆင်းလာလေတော့သည်။

"အမှန်တော့ ကျွန်မလည်း အိုဘိဟီရိုးမှာ ခြောက်နှစ်သားအရွယ် သားကလေးကို ပစ်ထားခဲ့တာပါဘဲရှင်"

မီးဖိုပေါ်မှရေနွေးမှာ ပွက်ပွက်ဆူနေစဉ်မှာပင် ယူရီကိုက မျက်ရည်လည်ရွဲနှင့် ရှင်းပြနေရှာသည်။

"အမှန်တော့ ကိုယ့်မျက်စိရှေ့မှောက်မှာရှိတဲ့ အချစ်ဆိုတာက ပိုအရေးကြီးပါတယ်။ မေမေ မေမေလို့ခေါ်ပြီး လက်ရမ်းပြရင်း ကျန်နေခဲ့ရှာတဲ့ ကျွန်မသားလေးကို အခုထိ သတိရနေတုန်းပါပဲ"

"ဒါနဲ့ သားကလေးနဲ့ ပြန်မတွေ့တော့ဘူးလား"

"ကျွန်မအဖြစ်က တွေ့ချင်ပေမယ့် တွေ့လို့မရတဲ့ ဘဝပါရှင်"

"ဘာဖြစ်လို့လဲ။ တွေ့ချင်ရင် သွားတွေ့လိုက်ရုံပဲ ရှိတာပေါ့"

ဒိုင်ဂိုက ထိုသို့ပြောလိုက်သည့်အခါ ယူရီကိုက ညင်သာစွာပင် ခေါင်းခါပြလေသည်။

"သားသမီးကိုစွန့်ခွာခဲ့တဲ့ မိဘတိုင်းက ဒီလိုပါပဲရှင်"

တစ်ကြိမ်တစ်ခါ စွန့်ခွာခဲ့မိသည် မှန်သော်လည်း ပြန်လာခဲ့လျှင် မိခင်ကြီးက လက်ခံမည်သာဖြစ်လေသည်။ မိမိ၏ သားသမီးအား သစ်စိမ်းချိုး ချိုးထားခဲ့ခြင်းမှာ နောက်ဆန်တင်းပြီး တစ်ကိုယ်ကောင်းဆန်သွားခြင်းဟု ဒိုင်ဂိုက ငယ်စဉ်ကတည်းကပင် တွေးနေမိခဲ့လေသည်။

"ဒါဆို ခင်ဗျားက တာဝန်မဲ့ရာကျတာပေါ့"

ဒိုင်ဂိုက အပြစ်တင်သလိုပြောလိုက်လေသည်။

"ကျွန်မ တောင်းပန်ပါတယ်ရှင်။ သွားဖြစ်အောင် သွားလိုက်ပါ။ ကိုယ့်အဖေရဲ့မျက်နှာကို နောက်ဆုံးအနေနဲ့ သွားကြည့်ဖြစ်အောင် ကြည့်လိုက်ပါ"

ယူရီကိုက မည်သို့တောင်းပန်သည့်တိုင် ဒိုင်ဂိုက ခေါင်းတွင်တွင်ခါကာ နောက်အလုပ်တစ်ခုကို ဆက်လုပ်ရန် အတွက် အပြင်သို့ ထွက်လာခဲ့လေသည်။ ထိုစဉ် တက္ကစီ

ကားလေးတစ်စီး ရုံးရှေ့သို့ဆိုက်လာပြီး ကားထဲမှ မိကာက ဆင်းလာခဲ့လေသည်။

ဒိုင်ဂိုက မမြင်ဟန်ဆောင်ကာ အလုပ်ရှိရာသို့ ဆက်ပြီး လျှောက်သွားလိုက်သည်။

"မောင်"

ကျောဘက်မှ ခေါ်းနှင့်ထိုးလိုက်သကဲ့သို့ မိကာ၏ အသံကလေးက စူးရှစွာ ဝင်ရောက်လာခဲ့သည်။ သို့ပါသော်လည်း ဒိုင်ဂို၏ခြေလှမ်းများက ဆက်လက် လျှောက်မြဲပင် ဖြစ်လေသည်။ ဖခင်ကြီးကို လုံးဝ မေ့သွားလိုစိတ်ဖြင့် ဆက်လျှောက်နေမိခဲ့လေသည်။

သို့ပါသော်လည်း သူ့ခြေလှမ်းများက နောက်ဆုံးတွင် ရပ်တန့်သွား ခဲ့ရလေတော့သည်။ မိမိရင်ထဲတွင် ခံစားနေရသော စိတ်ရှုပ်ထွေးမှုများအား ထိန်းချုပ်ကာ မိကာဘက်သို့ ပြန်လှည့်လိုက်မိလေသည်။

"မောင်"

ငိုရမလို ရယ်ရမလိုဖြစ်နေရှာသော မိကာ၏ မျက်နှာကလေးကို ကြည့်ကာ ဒိုင်ဂိုက ရုံးခန်းဘက်သို့ ပြေးတက်သွားလေတော့သည်။

ရုံးခန်းထဲတွင် တတိယထပ်မှဆင်းလာသော ဆာဇောကီလည်း ရောက်နေခဲ့လေသည်။

"မန်နေဂျာကြီး"

ဒိုင်ဂိုက တစ်ခုခုပြောရန် ကြံရွယ်လိုက်စဉ်မှာပင် ဆာဇာကီက ဘင်ကား၏သော့ကို ပစ်ပေးလိုက်လေသည်။ ထို့နောက် အရိုအသေပေးကာ ပြေးဆင်းလာစဉ် နောက်မှ ဆာဇာကီ၏ လှမ်းခေါ် လိုက်သံကိုကြားလိုက်ရသည်။

"မောင်ရင် ကြိုက်တဲ့ဟာတစ်ခုယူသွား"

ဆာဇာကီက ထောင်ထားသော ခေါင်းသုံးလုံးကို ညွှန်ပြရင်းပြောလိုက်သည်။

"ကျေးဇူးပါပဲဆရာ"

"နိုးပရော်ဘလမ်"

သို့နှင့် ဒိုင်ဂိုလည်း အကောင်းဆုံးသော ခေါင်းတစ်လုံးအား ဘင်ကားကလေး၏ နောက်ပိုင်းတွင် တင်လာခဲ့လေသည်။

မော်တော်ကားကလေးသည် ဂျပန်ပင်လယ်ကမ်းခြေရှိ လယ်တောလမ်းကြား အတိုင်း ပြေးလွှားလျက်ရှိလေသည်။ ယုရုဟာမငါးလုပ်ငန်း၏ လိပ်စာကို မိကာက ကွန်ပြူတာထဲတွင် ရှာကာ ပရင့်ထုတ်ပေးလာခဲ့ပေသည်။ ဘေးတွင် ထိုင်ရင်းလိုက်ပါလာသော မိကာ၏ညွှန်ကြားမှုဖြင့် ငါးလုပ်ငန်း သမဝါယမသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ကြပေသည်။

"ကွယ်လွန်သွားတဲ့ ကိုဘာသာယာရှိစံရဲ့ ဆွေမျိုးတွေပါ"

လေ့နံဘေးတွင် ပိုက်ကွန်ထိုးနေသော လုပ်သားကြီး တစ်ဦးအား မေးကြည့်လိုက်သည်။

"ဟန်ကျတာပဲ"

ရေလုပ်သားကြီးက ထရပ်လိုက်သည်။ ဒိုင်ဂိုလည်း သူ့ကိုကားပေါ် တင်ခေါ်ကာ သူ၏လမ်းပြမှုဖြင့် သမဝါယမ ရုံးခန်းသို့ ရောက်လာခဲ့ကြလေသည်။ သမဝါယမရုံးမှာ ပင်လယ်ကိုမျက်နှာမူပြီး တည်ဆောက်ထားသော အဆောက်အဦးငယ် ဖြစ်သော်လည်း အတော်ကြီး ဟောင်းနွမ်း နေပြီး မှောင်လျက်ရှိနေပေသည်။ ဖခင်ကြီးမှာ ဤသို့ နေရာမျိုးတွင် တစ်ယောက်တည်းနေထိုင်ပြီး ဆုံးပါး သွားခဲ့ရခြင်း ဖြစ်လေသည်။ ဘဝဝင်္ဋကြွေးဟုပဲ ဆိုရမလား မပြောတတ်တော့ပေ။ ရေလုပ်သားကြီးက အခန်းတံခါးကို ဖွင့်ပြီး ဖခင်ကြီး၏အလောင်းရှိရာသို့ ခေါ် လာခဲ့လေသည်။

"အခုမနက်ပဲ ဗြုန်းစားကြီးဆုံးသွားတာကွဲ့။ သူက တစ်ယောက်တည်းပဲ နေတယ်။ ဘယ်အရပ်က ရောက်လာမှန်း မသိဘူး။ သမဝါယမလုပ်ငန်းတွေကိုတော့ ဝိရိယစိုက်ပြီး ကူရှာပါတယ်ကွယ်။ ပြီးတော့ သူ့မှာက နေစရာအိမ်မရှိတဲ့ အတွက် ဒီရုံးမှာပဲ ညစောင့်လုပ်ပြီး နေခဲ့ရရှာတယ်"

ဖခင်ကြီး၏အလောင်းကို စောင်ပါးပါးတစ်ထည် ပေါ်တွင် လှဲချထားကြလေသည်။

"သူက စကားသိပ်နည်းတယ်။ ဘာတစ်ခွန်းမှ ငြင်းခုန်ပြောဆိုတာ မရှိရှာဘူး။ ဆွေမျိုးတွေရောက်လာလို့တော်သေးတာပေါ့ကွယ်။ မကြာခင် အလောင်းပြင်တဲ့သူတွေရောက်လာကြပါလိမ့်မယ်"

ရေလုပ်သားကြီးက သူနောက်မှ ပြန်လှည့်လာပါ့မယ်ဟုပြောကာ ပြန်ထွက်သွားလေတော့သည်။ နှစ်ပေါင်း(၃၀) ကြာမှပြန်တွေ့ရသော ဖခင်ကြီး၏မျက်နှာမှာ မိမိကလေး ဘဝကတွေ့ခဲ့ရသော ဖခင်၏မျက်နှာနှင့် လွန်စွာ ခြားနားနေလေတော့သည်။ မျက်လုံးများက ပွင့်နေကြလျှင်မူအနည်းအကျဉ်း ပြန်လည် မှတ်မိနိုင် လေမည်လားမပြောတတ်ပေ။ ယခုကဲ့သို့ မျက်လုံးများပိတ်နေသောအဘိုးအို၏မျက်နှာအား သူ့အား ကျောက်ခဲ လက်ဆောင်ပေးခဲ့သော ဖခင်ကြီးပါဟုပြောရန် လွန်စွာခက်ခဲလှပေသည်။

"ဒါ မောင့်ရဲ့အဖေလား"

မိကာက ဒိုင်ဂို၏ဘေးတွင်ထိုင်ရင်း ကိုဘာယာရှိ၏မျက်နှာကို စိုက်ကြည့်ကာ မေးလိုက်သည်။

"စိတ်တော့မကောင်းပါဘူးကွယ်။ ကိုယ်လုံးဝမမှတ်မိတော့ဘူး"

မိကာက သူ့စကားကြောင့် ငိုင်ကျသွားလေသည်။

"အဖေရဲ့မျက်နှာကို ဒီလိုဖြစ်နေလိမ့်မယ်လို့ အစကကိုယ်မတွေးမိခဲ့ဘူး"

ဒိုင်ဂိုက ရင်ထဲတွင်ရှိသည့်အတိုင်း ထုတ်ပြောလိုက်ခြင်း ဖြစ်လေသည်။ မိမိ၏ရှေ့တွင်လဲလျောင်းနေသော အဘိုးအို အား မြို့ထဲတွင်တွေ့ပါက မိမိ၏ဖခင်ဟု မည်သည့်နည်းနှင့်မျှ သိနိုင်လိမ့်မည် မဟုတ်ပေ။ ရုတ်တရက် အခန်းထောင့်သို့ ကြည့်လိုက်ရာ 'ကိုဘာယာရှီစံပိုင် ပစ္စည်းများ'ဟု ရေးထားသော ဂျပ်ထုပ်ဖာကလေးတစ်လုံးကိုတွေ့လိုက်ရလေသည်။

"ဒီလူကြီးရဲ့ဘဝက အတော်ထူးဆန်းတာပဲ။ အနှစ် (၇၀)လုံးနေသွားတာတောင် ဒီဂျပ်ထုပ်ဖာကလေးတစ်လုံးပဲ ရှိရှာတယ်"

အဖေ၊ ဒိုင်ဂို၏ နှုတ်ဖျားမှ အဖေဟုခေါ် မထွက်နိုင်အောင် ဖြစ်နေလေတော့သည်။ ထိုလူကြီးအား သာမန် လူကြီးတစ်ယောက် အဖြစ်သာမြင်ထားပြီး မိမိ၏ ဖခင် အဖြစ် လက်မခံနိုင်သည့်တိုင် ဂျပ်ထုပ်ဖာကလေးသာ ပိုင်ဆိုင် ရှာသော ထိုလူကြီး၏ဘဝအကြောင်းကို တွေးမိလိုက်သော အခါ မျက်ရည်လည်ရလေတော့သည်။

"တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ဘေးကို ဖယ်ပေးကြပါခင်ဗျာ။ ကျွန်တော်တို့ အလုပ်စတော့မှာမို့ပါ"

အလောင်းပြင်ဆရာများ ရောက်လာပြီး တောင်းပန် လိုက်လေသည်။ သူတို့လုပ်ပုံကိုင်ပုံများအား ဘေးမှ ထိုင်ကြည့်မိရာ လွန်စွာ ဗရမ်းဗတာနိုင်လှပြီး ကြမ်းတမ်း ကြသည် ကို တွေ့နေရလေသည်။

"ဒီမယ် ဒီမယ်"

"ဘာများပါလိမ့်"

ခေါင်းပြင်ဆရာက စိတ်မရှည်သည့်ပုံးစံမျိုးဖြင့် ပြန်မေးလာ သည်။

"ကျွန်တော့်ကို ပြင်ဆင်ခွင့်ပေးပါလားခင်ဗျာ"

"ဘာရမလဲ။ ဒါကကျွန်တော်တို့အလုပ်ဗျ။ ဘေးမှာအသာထိုင်ကြည့်နေပါ။ ခေါင်းထဲ ထည့်သွားပြီးမှ ခင်ဗျားတို့က ရေနွေးနဲ့ သန့်စင်ပေးကြတာပေါ့"

ပုံးဒိုင်းဖြင့် ကိုဘာယာရှီ၏အလောင်းကို အကြမ်းပတမ်းကိုင်တွယ်ကာ ခေါင်းထဲသို့ ရုပ်သေးရုပ်တစ်ရုပ်ကဲ့သို့ဖြစ်သလိုထည့်ရန် ကြိုးစားနေသည်ကို မကြည့်ရက်နိုင်သောဒိုင်ဂိုက သူတို့အား အတင်းတွန်းဖယ်ကာ သူကိုယ်တိုင် စတင်ပြင်ဆင်လေတော့သည်။

ခေါင်းပြင်သမားများက အတင်းပြန်လုလုပ်ရန် ပြင်ဆင်နေချိန်တွင် မိကာက ယခုကဲ့သို့ အော်ပြော လိုက်လေသည်။

"ကျွန်ယောကျ်ားက နာမည်ကျော်ခေါင်းပြင်ဆရာရှင့်"

မိကာက ထိုကဲ့သို့ ပြတ်ပြတ်သားသားပြောလိုက်ပြီး သူ့ဖခင်အလောင်းအား ငုံ့ကာ အရက်ပုံဖြင့် ရိုရိုသေသေသုတ်ပေးနေရှာသော ဒိုင်ဂိုအား ငေးကြည့်နေမိလေသည်။

စောစောက ခေါင်းပြင်ဆရာနှစ်ယောက်လည်း အပြစ်ရှိသူများ အလား အခန်းထဲမှ ငိုင်ပြီး ထွက်သွားကြလေတော့သည်။

ဒိုင်ဂို၏လုပ်ပုံကိုင်ပုံမှာ လွန်စွာသပ်ရပ်ပြီး လုပ နေတော့သည်။ မိကာက ထိုကဲ့သို့တွေးလိုက်သည်။

ဒိုင်ဂိုက လက်ကိုင်ပုဝါဖြူကလေးကိုကိုင်ကာ သူ့ဖခင်၏ နဖူးမှစီးကျနေသော ချွေးပေါက်များအား ယုယကြင်နာစွာ သုတ်ပေးနေလေသည်။ သန့်စင်သည့်လုပ်ငန်းပြီးသည်နှင့် အဝတ်အစားလဲပေးရန် အတွင်းခံအင်္ကျီကိုချွတ်လိုက်သည်။ သို့ပါသော်လည်း ညာဘက်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသဖြင့် အင်္ကျီကို တော်တော်နှင့် ချွတ်၍မရအောင် ဖြစ်နေလေတော့သည်။

တစ်ခုခုကို ဆုပ်ကိုင်ထားပုံ ရလေသည်။ သေဆုံးပြီး နောက် အေးခဲမာတောင့်နေပြီဖြစ်သည့်အတွက် တော်တော်နှင့် ဖြန့်မရအောင် ဖြစ်နေလေတော့သည်။ သို့ဖြစ်သည့် အတွက် ဒိုင်ဂိုကအားစိုက်ပြီး လက်တစ်ချောင်းချင်းကို ဆွဲဆန့်ရန် ကြိုးစားနေလေသည်။ တစ်ချောင်းပြီး နောက်တစ်ချောင်းကို ဆွဲဆန့်လိုက်သည့် အချိန်တွင် လက်ဖဝါးထဲတွင် ကိုင်ထားသည့် အရာကပေါ် ထွက်လာလေတော့သည်။ ကျောက်တုံးလုံး ကလေးဖြစ်လေသည်။ ဘယ်နေရာတွင် မဆို တွေ့နိုင်သည့် သာမန်ကျောက်တုံးကလေးမျှသာ ဖြစ်လေသည်။

"ဟယ်"

မိကာက ယောင်ယမ်းအော်လိုက်သည်။ ထို ကျောက်တုံးကလေးမှာ လွန်ခဲ့သောနှစ်ပေါင်း၃၀ကျော်က ဒိုင်ဂိုက သူ့ဖခင်ကြီးအား ပေးခဲ့သော ကျောက်တုံးကလေးပင် ဖြစ်နိုင်လေသည်။

နှစ်(၃၀)လုံးလုံး ဒိုင်ဂိုသည်လည်းကောင်း၊ သူ့ဖခင်ကြီး သည်လည်းကောင်း သူတို့ အပြန်အလှန် ပေးခဲ့ကြသော ကျောက်တုံးများအား အမြတ်တနိုး သိမ်းဆည်းထား ခဲ့ကြလေသည်။ ဖခင်အား ဖခင်အဖြစ် သိလိုက်ရသည့် နောက်ဆုံး အာရုံပင်မဟုတ်ပါလား။ ထိုအာရုံရုပ်အား ဒိုင်ဂို သည် နှစ်(၃၀)လုံးလုံး အမှတ်ရ အောက်မေ့နေခဲ့ရလေသည်။ သို့နှင့် ကျောက်တုံးကလေးအား မိကာ၏လက်သို့ အပ်လိုက် လေတော့သည်။

ဒွာရ ကိုးပေါက်အား ပိတ်ဆို့ပြီးသည်နှင့် ဒိုင်ဂိုက သူ့ဖခင်၏ မျက်နှာမှ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်များကို ဖြည်းဖြည်းချင်း ရိတ်ပေးလိုက်သောအခါ ငယ်ရုပ်ပြန်ပေါ် လာလေတော့သည်။ မြစ်ကမ်းပါးတွင် ကျောက်တုံးကလေး ကောက်ပေးခဲ့သော ဖခင်ကြီးသည် နှစ်ပေါင်း၃၀ ကွဲကွာနေခဲ့ရာမှ ယခုအခါ မိမိ၏မျက်စိအောက် ရောက်ရှိနေခဲ့ပေပြီ။

ဒိုင်ဂိုက သူ့ဖခင်ကြီးအား အဝတ်အစား ဝတ်ဆင် ပေးနေရင်းက တရှုတ်ရှုတ်ငိုကြွေးနေလေတော့သည်။ ဖခင်ကြီး ဆုပ်ကိုင်ထားသော ကျောက်တုံးကလေးမှာ ယခုအချိန်တွင်

အေးစက်နေပြီဖြစ်သောကြောင့် မည်သည့်အာရုံကိုမျှ မခံစား ရတော့ပေ။ သို့ပါသော်လည်း နှစ်ပေါင်း (၃၀) ကြာအောင် ကွဲကွာနေသောဖခင်ကြီး၏ အဖြစ်ကို တွေးမိလိုက်သောအခါ ရင်ထဲတွင်စူးနင့်လာပြီး အသည်းကွဲမတတ် ခံစားလာရ လေတော့သည်။

ဒိုင်ဂို၏ပါးပြင်ထက်တွင် ချွေးစများသာမက မျက်ရည် များက စီးဆင်းနေကြလေသည်။ သူ့ချစ်ဇနီးမိကာက လက်ကိုင် ပဝါဖြင့် ထိုမျက်ရည်စများအား ကြင်နာစွာ သုတ်ပေး နေရှာ လေသည်။ သို့ပါသော်လည်း နောက်ထပ် မျက်ရည်ပူများက အဆက်မပြတ် ကျဆင်း လာကြပြန် လေသည်။

ဒိုင်ဂိုက မိကာအားပြန်ကြည့်လိုက်လေသည်။ မိကာက ကျောက်တုံးကလေးအား ပြန်ပေးရန် ကမ်းလိုက်သည်။ ဒိုင်ဂိုက ထိုလက်ကလေးအား အပေါ်မှဆုပ်ကိုင်ကာ ဖောင်းအိနေသော ဗိုက်ကလေးနှင့် ထိတွေ့လိုက်ကြသည်။ ဖခင်ကြီး ဆုပ်ကိုင်ထားသော ကျောက်တုံးကလေးရယ်၊ မိကာရဲ့ လက်ဖဝါးဝါးနုနုကလေးရယ်၊ ထိုလက်ကိုဆုပ်ကိုင်ထားသော ဒိုင်ဂို၏လက်ဖဝါးရယ် မွေးဖွားလာမည့် ရင်သွေးငယ်၏ သန္ဓေသားကလေးရယ်တို့သည် တစ်နေရာတည်းတွင် ဆုံမိ လိုက်ကြလေသည်။ မိမိတို့အတွက် မျိုးဆက်သစ်အဖြစ် ရောက်ရှိ လာတော့မည့် ရင်သွေးငယ်ကလေး၏ အကြောင်းကို တွေးရင်း လင်မယားနှစ်ယောက်မှာ ကြည်နူးစွာ ပြုံးလိုက် ကြလေတော့သည်။

(၂၀၀၉ခုနှစ် ဇွန်လ ၂၉ရက်၊ စာရေးသူ၏ အသက် နှစ်၆၀မြောက် မွေးနေ့ ၁၂း၁၀ နာရီတွင် ဤဝတ္ထုအား မြန်မာ ဘာသာသို့ ပြန်ဆို၍ ပြီးဆုံးခဲ့ပါသည်)

ရဲမြလွင်

+++++

MMCP PDF Creater Group
မှတင်ဆက်သည်။

စာစီစာရိုက်သူ – ဦးအဗျား (abya)

PDF by suuchit

မြန်မာအီးဘုတ်ခ်အဖြစ်
ပထမအကြိမ်
၀၇ ဒီဇင်ဘာ ၂၀၁၂


ACADEMY AWARD® WINNER – BEST FOREIGN LANGUAGE FILM
DEPARTURES
A Film by Yojiro Takita
MASAHIRO MOTOKI
RYOKO HIROSUE
TSUTOMU YAMAZAKI
"★★★★... perfectly framed and evocative... with tremendous emotional impact"
–ROGER EBERT